www.burmeseclassic.com

# ခေတ်ဟောင်းသတင်းစာများကပြောသော
# ၁၂လရာသီ အဖြစ်အပျက်များ

တင်နိုင်တိုး




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များအမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

သူရိယစာအုပ်အမှတ်စဉ် (၄၂)

# တင်နိုင်တိုး

# ခေတ်ပေါင်းသတင်းစာများကပြောသော ၁၂ လရာသီ အဖြစ်အပျက်များ

သူရိယစာပေ
အမှတ်-၄၂(က)၊ အင်းယားမြိုင်လမ်း
ရွှေတောင်ကြား(၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ၁၁၂၀၁၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၅၀၂၉၊ ၀၉ ၅၀၂၁၇၀၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၈၉၇၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၀၉၂၀၀၈

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မတ်လ

**အုပ်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

ဖဲ့ဘွယ်ဇင်

**အတွင်းဖလင်**

"ပုံရိပ်ရှင်"

**စာအုပ်ချုပ်**

ကိုမြင့်

**အတွင်းကွန်ပျူတာစာစီ**

စံတော်ချိန်ကွန်ပျူတာ

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်
၈၀(ခ) သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးမြတ်ဟိန်း "သူရိယစာပေ"
၄၂ (က) အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

**တန်ဖိုး**

၁၅၀၀ ကျပ်


THU RI YA





### တင်နိုင်တိုး

အဘ ဦးညွန့်ထွန်း၊ အမိ ဒေါ်တင်တင်တို့မှ ၂၃ ဖေဖော်ဝါရီ ၁၉၆၃ ခုနှစ်တွင် ပဲခူးတိုင်းအုတ်ဖိုမြို့နယ်အိုးသည်ကုန်းမြို့၌ ဖွားမြင်သည်။ ၁၉၆၉တွင် ဂုံညင်းတန်းကျေးရွာ အလကတွင် စတင်ပညာသင်ကြားခဲ့ပြီး ၁၉၇၂ ခုနှစ် မှ ၁၉၇၅ ခုနှစ်အထိ ထားဝယ်မြို့၌ လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် သာယာဝတီမြို့၌လည်းကောင်း၊ ၁၉၇၇ မှ ၁၉၇၉ ခုနှစ်အထိ တောင်ကြီးမြို့၌လည်းကောင်းနေထိုင်ကာ ပညာဆည်းပူးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို အမှတ်(၄)အထိုးရ အထက်တန်းကျောင်းမှ အင်္ဂလိပ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ ၁၉၈၀ပြည့်နှစ်တွင် အင်းစိန်မြို့ စက်မှုသိပ္ပံ သို့ တက်ရောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်၌ မြို့ပြဘာသာ ဒီပလိုမာကို ရရှိခဲ့သည်။

၁၉၈၄ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန၊ ပဲခူးမြို့၌ လုပ်ငန်းပြု အင်ဂျင်နီယာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့၏။ ယင်းသို့ အမှုထမ်းစဉ်အတွင်း ပဲခူးမြို့နယ်စာပေလုပ်သားအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၉၈၄ ခုနှစ် နိုဝင်ဘာလ တဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဝတ္ထုတို တတိယဆု ကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ စာပေပြိုင်ပွဲတွင် ကဗျာတတိယဆု ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ၁၉၈၆ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လှည်းကူးမြို့၌ အင်ဂျင်နီယာ(ရေ/သန့်) အဖြစ် အမှုထမ်းခဲ့၏။ ထို့နောက် ၁၉၉၀ မှ ၁၉၉၃ ခုနှစ်များအတွင်း မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Permata Estate Project Sdn. Bhd. သို့ သွားရောက် အမှုထမ်းခဲ့သည်။ ၁၉၉၄ ခုနှစ် နောက်ပိုင်းမှစ၍ ဝါသနာပါရာ မြန်မာသမိုင်းသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည်။

ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသော စာမူမှာ (ပန်းမော်ခရိုင်) မဂ္ဂဇင်း (၁၉၉၈)တွင် "ကိုတိုးတိုး(စီမံကိန်း)" ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် "ကုန်းဘောင်ခေတ် ပန်းမော်မြို့ဝန်" ဆောင်းပါးဖြစ်သည်။ ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် "မြန်မာ-အင်္ဂလိပ် ပြက္ခဒိန်(မြန်မာသက္ကရာဇ်-၁-၁၃၆၂၊အေဒီ ၆၃၉-၂၀၀၀)"စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ပြီး ဂျာနယ်၊ မဂ္ဂဇင်း အချို့တွင် သမိုင်းဘာသာရပ်ဆိုင်ရာ ဆောင်းပါးများကို ရေးသားပြုစုလျက်ရှိပါသည်။

သူရိယစာပေ

www.burmeseclassic.com

www.burmeseclassic.com

## သည်စာအုပ်အကြောင်း သတင်းစာဆရာတစ်ဦး၏ စကားဦး

သမိုင်းစာရေးဆရာ တင်နိုင်တိုး ရေးသားသည့် "ခေတ်ဟောင်းသတင်းစာ များက ပြောသော ၁၂ လရာသီ အဖြစ်အပျက်များ" စာအုပ်စာမူ ဖတ်ရ သောအခါ ကျွန်တော်၏ သတင်းခရီးမိုင်တိုင်များကို ပြန်လည်တွေ့ခဲ့ရ၏။ သတင်းခရီး၏ အတိတ်မိုင်တိုင်များ တစ်တိုင်နှင့်တစ်တိုင်အကြား ကျွန်တော် ကိုယ်တိုင် ရေးခဲ့သော သတင်းအဖြစ်အပျက်များစွာကလည်း ကျွန်တော်၏ လက်ရှိ သတင်းသမားဘဝကို နှုပ်ဖြိုစေ၏။ ယခု "စကားဦးအမှာစာ" သည် ဤစာ အုပ်နှင့်အတူ ကာလတစ်ရပ်သတ်မှတ်ချက်အတိုင်း ရှည်ကြာတည်ရှိနေမည် ဖြစ်သောကြောင့် "ဤစကားဦးအမှာစာ" ၌ ကျွန်တော်၏ ဖြောင့်ချက် (Confession) ကိုပါ ထည့်ရေးလိုက်ပါ၏။

ကျွန်တော်သည် ထမင်းစားဖို့ သတင်းသမားဖြစ်လာရခြင်း မဟုတ်မူဘဲ ဝါသနာကြောင့် ၁၉၅၂ ခုနှစ်တွင် ကျောင်းမှခွာ၍ သတင်းသမားအဖြစ် စီးပွားရေးသတင်းစာ၌ စတင်ခဲ့၏။ ဗိုက်ပြဿနာကို ပြည်ထောင်စုအာမခံ စနစ်အဖွဲ့ရုံး၌ အမှုထမ်းရင်း ဖြေရှင်းခဲ့၏။ စီးပွားရေးသတင်းစာ အယ်ဒီတာချုပ် ဦးမြင့်ဦး (စီးပွားရေးမြင့်ဦး)၏ တာဝန်ပေးချက်အရ ကျွန်တော်၏ရုံးမှ ၂-၄-၁၉၅၃ မှ ၁၂-၄-၁၉၅၃ ရက်နေ့အထိ လစာပြည့်ခွင့်(၁၁)ရက် ရယူခဲ့ပြီး အရှေ့မြောက်ပိုင်းနာဂခရိုင် ခန္တီးမြို့၌ ကျင်းပခဲ့သော အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ဝန်ကြီးချုပ်များ ချစ်ကြည်ရေး ကွန်ဖရင့်သို့ သွားရောက်ခဲ့သည်။ အပြန်ခရီးတွင် ချစ်သူရှိရာ နှင်းမှုန်မြို့လေး ပင်လောင်းသို့ ဝင်ရောက်ခဲ့ရာမှာ အိမ်ထောင်ရှင် ဖြစ်သွားကာ ရန်ကုန်သို့ ပြန်မရောက်နိုင်တော့ဘဲ ပင်လောင်းမြို့အစိုးရ အလယ်တန်းကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့ရ၏။ ကျောင်းဆရာပင်ဖြစ်နေလင့်ကစား ရန်ကုန်ရုံးမှာ ဝန်ထမ်းလုပ်စဉ်ကဲ့သို့ပင် ဗမာ့ခေတ်





နှင့်လူထုသတင်းစာနှစ်စောင်တို့၏ ရှမ်းပြည်တောင်ပိုင်း သတင်းထောက် (ကော်လံစား)လုပ်ခဲ့၏။ ယင်းလူထုနှင့် ဗမာ့ခေတ်သတင်းစာတို့သည်တင်နိုင်တိုး သောရေးစာအုပ်တွင် ပါဝင်နေသည်မှာ ကျွန်တော်၏ သမိုင်းမိုင်တိုင် ဖြစ်ပါ၏။

၁၉၅၅ ခုနှစ် ဗမာ့ခေတ်သတင်းစာတွင် လခစားသတင်းထောက် (ကြေးစား)ဖြစ်လာခဲ့ပြီးနောက် တင်နိုင်တိုး၏ "၁၂ လရာသီ အဖြစ်အပျက်များ" ကို ရေးသော သတင်းစာများ၏ သတင်းသမားများထဲ တွင် တစ်ဦးအပါအဝင် ဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ် ပြည်သူပိုင်အက်ဥပဒေအရ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ဟံသာဝတီ၊ ကြေးမုံ၊ ဂါဒီယန် သတင်းစာများကို ပြည်သူပိုင် သိမ်းခဲ့ပြီးနောက် ကျွန်တော်သည် အလွတ်သတင်းသမားနှင့် သတင်းအတွေ့ အကြုံသတင်းဆောင်းပါးများကို ရေးသောသူအဖြစ်မျှသာရှိခဲ့သော်လည်း ကိုယ်ပိုင်အချိန်မှန် စာနယ်ဇင်း များနှင့် စာအုပ်ထုတ်ဝေသူအဖြစ်လည်းကောင်း၊ သတင်းဂျာနယ်၊ သတင်းမဂ္ဂဇင်းများ၏ အယ်ဒီတာချုပ်၊ ကြီးကြပ်အယ်ဒီတာ အဖြစ်လည်းကောင်း ယခုတိုင်ရပ်တည်၍ ထမင်းစားနေဆဲ ဖြစ်သည်။

တင်နိုင်တိုးရေးသည့် "သတင်းစာများကပြောသော" မိုင်တိုင်၊ နာရီ၊ ဂဏန်းများ၌ ကျွန်တော်သည် ၁၉၅၅ မှ ၁၉၆၄ ခုနှစ်အထိ ပါဝင်သူ သတင်းဇာတ်လိုက် ဖြစ်ခဲ့ပါသည်။ သို့ကြောင့်လည်း တင်နိုင်တိုး စာအုပ်အတွက် စကားဦး အမှာစာ ရေးရသည်မှာ လက်သွက်လှပါသည်။

တင်နိုင်တိုးက စုဆောင်းထားခဲ့သမျှ သတင်းစာများပြောသော အဖြစ်အပျက်များကို ခုနှစ်၊ မိုင်တိုင်အလိုက်မစီဘဲ၊ လ အလိုက် နာရီ ဂဏန်း များနှင့်စီစဉ်ထားသည်။ အစောဆုံး ရတနာပုံသတင်းစာ(၁၈၇၄) ခေတ်က မိုင်တိုင်များ ပါလာ၏။ ခေတ်ကာလအားဖြင့် ကုန်းဘောင် (ဘုရင်စနစ်) မြန်မာနိုင်ငံခေတ်၊ စစ်ကြိုဗြိတိသျှကျွန်ခေတ်၊ စစ်ပြီးလွတ် လပ်ရေးကြိုးပမ်းမှု ခေတ်၊ လွတ်လပ်သောမြန်မာနိုင်ငံခေတ်၊ ဆိုရှယ်လစ် တစ်ပါတီစနစ်ခေတ်ဟူ၍ ခွဲခြားပြမထားသော်လည်း ထိုခေတ်များ၌ ထုတ်ဝေခဲ့ကြသော သတင်းစာများ ကပြောခဲ့ကြသည့် ၁၂ လရာသီ အဖြစ်အပျက်များကို သူစုဆောင်းရရှိသမျှ သာကင်းစာများမှ ထုတ်နုတ် ဖော်ပြပေးနိုင်သည်။

သူစုဆောင်းထားသော သတင်းစာများကိုလည်း စာအုပ်တွင် ဖော်ပြ ထား၏။ အများဆုံးမှာ မြန်မာ့အလင်းသတင်းစာများဖြစ်ပြီး ဗမာ့ခေတ်



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ၊ ဟံသာဝတီသတင်းစာ၊ ရန်ကုန်သတင်းစာ၊ အိုးဝေ သတင်း စာ၊ မဏ္ဍိုင်သတင်းစာ၊ ပြည်ထောင်စုသတင်းစာ၊ ထွန်းနေ့စဉ်နှင့် မန္တလေးလူထု သတင်းစာများ ပါဝင်ကြ၏။ ယင်းသတင်းစာများက ပြောသောအဖြစ်အပျက်များကို ဖော်ပြရာတွင် သတင်းစာထုတ်ဝေသော ရက်စွဲများဖော်ပြထားရာ ယင်းရက်စွဲများသည်မည်သည့်အကြောင်းဖြင့်ဖြစ်စေ၊ စာရေးဆရာကိုယ်တိုင်နှင့် တစ်စာရိုက်၊ စာပြင်ဆရာကြောင့်ဖြစ်စေ၊ မမှားယွင်းစေရန် စာမူကိုစတင်စီစဉ် ချိန်မှစ၍ သတိကြီးစွာထားသင့်သည်။ သို့မှသာ ထိုအဖြစ်အပျက်များသည် အားထားယုံကြည်ရသော သမိုင်းအထောက်အကိုးများ ဖြစ်လာမည်။

၁၂ လ ရာသီ အဖြစ်အပျက်များကို ဖော်ပြခဲ့ကြသော သတင်းစာများသည် ခေတ်အလိုက် တည်ဆဲဥပဒေများ၏ ထိန်းကွပ်မှုအောက်၌ ထုတ်ဝေခဲ့ကြသော ပုဂ္ဂလိကသတင်းစာများဖြစ်ကြသလို အာဘော်သတင်းစာနှင့် ပါတီအစွဲ၊ ပုဂ္ဂိုလ်စွဲလောင်းရိပ်များလည်း ရှိနေကြသည့် သတင်းစာများလည်း ပါရှိသည်။ အဖြစ်အပျက်သတင်းကို ရေးရာတွင် လိုလျှင်လိုသလို မလိုလျှင် မလိုသလို ရေးတတ်ကြသည်ကိုလည်း တင်နိုင်တိုး၏ စာအုပ်မှာ အကဲဖြတ်နိုင်ကြမည်။ (ဥပမာ အမေရိကန်ရုပ်ရှင် "ခရမ်းရောင်လွင်ပြင်" ( Purple Plain ) ရုပ်ရှင်မင်းသမီး ဝင်းမင်းသန်း (ရဲဘော်သုံးကျိပ်ဗိုလ်စကြာ၏ဇနီး)ကို အမေရိကန်ဆန့်ကျင်သော လက်ဝဲယိမ်း ပြည်သူ့ဂျာနယ်က "အပြာရောင်မယ်" ဟု ရေးသားချက် အပေါ် ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခဲ့သည့် သတင်းမျိုး)။

ယခု တင်နိုင်တိုး စုစည်းသော ပုဂ္ဂလိကခေတ်သတင်းစာများမှာ (၈) စောင်မျှသာဖြစ်သော်လည်း ၎င်းတို့နှင့် ခေတ်ယှဉ်ဖြစ်ကြသော ပုဂ္ဂလိက သတင်းစာများ ရာနှင့်ချီ၍ ရှိခဲ့သည်ကို စာဖတ်သူတို့ဘက်က သတိချပ်သင့်ပါသည်။ ယခု စုစည်းသော သတင်းအဖြစ်အပျက်များ ပါရှိသည့် ပုဂ္ဂလိက သတင်းစာများသည် မြန်မာပြည်၌ ထင်ရှားသော အဓိကသတင်းစာကြီးများ ဖြစ်ခဲ့ကြသည်ကတော့ ကျွန်တော်ကိုယ်တိုင် အသိ ဖြစ်ပါသည်။

သတင်းများသည် ဘုရားဟောမဟုတ်ပါ။ သတင်းကို သတင်းစာများ၌ ဖော်ပြရုံမျှဖြင့် အတိအကျအမှန်အကန်ဟု မယုံကြည်သင့်သေးပါ။ အမှန်အကန်ဟု ယုံကြည်၍လည်း သုံးသပ်ဆုံးဖြတ်ခြင်းများလည်း မပြုသင့်ပါ။ သတင်းအချို့သည် မီးပုံရှာမတွေ့ဘဲ မြင်ရသော မီးခိုးနှင့်လည်း အလားတူ





ဖြစ်တတ်ပါသည်။ "မီးပုံ" ရှိ၍ "မီးခိုး" ရှိသည်မှာ အမှန်အကန်ဖြစ်ငြားလည်း မီးခိုးလိုသတင်းမျိုးကို သတင်းဖတ်သူတို့ဘက်က ခွဲခြားတတ်ဖို့ သတိပြုအပ်ပါသည်။

ဖိုးသောကြာဖြတ်သန်းခဲ့သော ၁၉၅၅-၁၉၆၄ သတင်းမိုင်တိုင်များ အကြားတွင် ဖိုးသောကြာကိုယ်တိုင်ရေးခဲ့သော သတင်းအဖြစ်အပျက်များကို တင်နိုင်တိုး၏ သတင်းစာသတင်းများစုစည်းမှုအဖြစ်အပျက်များ၌ ပြန်တွေ့ရသောအခါ ပီတိအားရှိခဲ့ပါသည်။ ဖိုးသောကြာ အသေအချာ မှတ်မိနေသော ကိုယ်တိုင်ရေးသတင်းများမှာ "ထိုင်းရုပ်ရှင်ကုမ္ပဏီက မြန်မာရုပ်ရှင်မင်းသမီး (ဒေါ်)ခင်လေးဆွေနဲ့ မြန်မာပြည်မှာ ရုပ်ရှင်ရိုက်မည့်သတင်း၊ အိန္ဒိယရုပ်ရှင် ကုမ္ပဏီ အင်ဒိုဘားမားက "အချစ်ရဲ့မျက်ရည်" အမည်ရသော "ပြားလက်အမ်ဆွမ်း" အိန္ဒိယစကားပြော ရုပ်ရှင်လာရိုက်မည့်သတင်း၊ ယခင်ဆိုဗီယက် ယူနီယံ (ယခုရုရှ)မှ ရုပ်ရှင်ကုမ္ပဏီက ရန်ကုန်ပြိတ်သျှဘားမား(ယခုညွန့်မြန်မာ) ရုပ်ရှင်နှင့် "စစ်သူကြီး မဟာ ဗန္ဓုလ" ရုပ်ရှင်ရိုက်မည့်သတင်းနှင့် ပြည်သူ့ဂျာနယ်ကို ပါပဲလ်ပလိန်း အမေရိကန်ရုပ်ရှင်ဇာတ်ကားမှ မြန်မာမင်းသမီး ဝင်းမင်းသန်းက တရားစွဲသည့် သတင်းများ ဖြစ်ပါသည်။

ယင်းသတင်းများကို ရေးစဉ်က သက်ဆိုင်ရာတို့မှ ရယူရေးသားခြင်းဖြစ်၍ ဖြေရှင်းချက်မထွက်ခဲ့သော်လည်း ယခု "သတင်းစာ ဇရာ" ဖြစ်လာမှ ပြန်ဖတ်ရသောအခါ နောက်ဆက်တွဲ (Follow-Up) သတင်းများ မရေးနိုင်ခြင်း၊ အမှန်တကယ်ပင် (သတင်းကဖော်ပြခဲ့သည့်အတိုင်း) ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကို မရေးခဲ့ခြင်းတို့ကြောင့် ကျွန်တော်ရေးခဲ့သောသတင်းသည် တိုင်းပြည်အတွက် ဆိုသည်ထက် ကြော်ငြာသတင်း (Marketing) ဆန်နေခြင်းများကို ပြန်လည်သုံးသပ်မိသောအခါ ကျွန်တော်သည် အတော်ညံ့ခဲ့သော သတင်းသမားဖြစ်ခဲ့ရပြီဟုလည်း နောင်တရှိလာပါသည်။ ကျွန်တော်သည် သတင်းတစ်ပုဒ်ကို အပေါ်ယံကြောပေါ့ပေါ့လေး ရေးသားခဲ့ခြင်းဖြစ်သည်။ "အသုံးချခံလိုက်ရသော သတင်းသမား" ဟု နောင်တရမိလိုက်ပါသည်။ ဤသို့သော သင်ခန်းစာကို တင်နိုင်တိုးစာအုပ်က ကျွန်တော့်ကိုပေးသော သင်ခန်းစာ ဖြစ်လာပါသည်။ ကျွန်တော်ခံစားလိုက်ရသော နောင်တသင်ခန်းစာကို ယနေ့တက်ကြွလူငယ်ဂျာနယ်လစ်များကို လက်ဆင့်ကမ်းလိုက်ပါသည်။ ဆိုလိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သတင်းသမားတို့သည် ရုံဖန်ရံခါဆိုသလို "သူများမျက်ခုံးမွေးပေါ်စကြိန်လျှောက်နေကြသူများ" ဟု အထင်ရောက်လေ့ရှိတတ်သည်။ "သတင်းထောက်ပဲကွာ ဘာရမလဲ" ဆိုသောသဘောမျိုး။ သို့သော်လည်း သတင်းထောက်ကိုယ်တိုင် "ကတုံးပေါ်ထိပ်ကွက် ခံလိုက်ရသည်များ ရှိတတ်သည် ကို သတိချပ်ရမည်ဖြစ်ကြောင်း တင်နိုင်တိုးစာအုပ်က မီးမောင်းထိုးပြလိုက်သည်ဟု ကျွန်တော် ခံစားရပါသည်။

တင်နိုင်တိုး သက်သေထုတ်ပြသော သတင်းအဖြစ်အပျက်များ သည် ၁၉၅၅ မှ ၁၉၆၄ မိုင်တိုင်နှစ်များအတွင်း ကျွန်တော်စီးမျောခဲ့သော သတင်းပင်လယ်ကြီးထဲမှ လှိုင်းပွက် လှိုင်းတက်ကလေးများ ဖြစ်ပါသည်။ ယင်းလှိုင်းပွက်လှိုင်းတက်များကို အသေအချာစေ့စပ်စွာကြည့်လျှင် မြုပ်နေသော ဂယက်လေးများ၊ လှိုင်းနှင့်အတူ မျောနေသော ရေမြှုပ်များကို ရှာတွေ့နိုင်ပါသည်။ သတင်းများ ဖြစ်ပေါ်သော ခေတ်ကာလ၏ အနံ့အသက်များလည်း ရှူရှိုက်နိုင်ပါသည်။ ယင်းသတင်းအဖြစ်အပျက် ဖြစ်ပေါ်ခဲ့ရာ ကာလသမယ၏ ပန်းချီကားချပ်ကိုလည်း ကိုယ်ဆွဲတတ်သော စုတ်ချက်နှင့်ပုံရိပ်ဟောင်းများကို ဖော်ဆောင် ကြည့်မြင်နိုင်ပါသည်။ ပုဂ္ဂလိကသတင်းစာများ၏ သတင်းများသည် လူ့ဘောင်အတွက် အကောင်းဆုံး၊ အမှန်ကန်ဆုံး သုံးသပ်ချက်များကို ဆွဲထုတ်ပေးနိုင်ပါသည်။ သို့ကြောင့်လည်း သူရိယစာပေသည် တင်နိုင်တိုး၏ "ခေတ်ဟောင်းသတင်းစာများက ပြောသော ၁၂ လရာသီ အဖြစ်အပျက်များ" စာအုပ်ကို ထုတ်ဝေသည်ဟု ဆိုရမည်လားပဲ။

ကျွန်တော်သည် "ခေတ်ဟောင်း" ဆိုသော စကားကိုမူ၊ ပြင်ဆင်ချက်(Revision) တင်သွင်းလိုပါသည်။ "ဟောင်း" ဆိုသော စကား ဝေါဟာရကို ကျွန်တော်မနှစ်သက်ပါ။ ယနေ့ဖြစ်တည်ဆဲ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအဖြစ်များပေါ်တွင် တရားဥပဒေပြဋ္ဌာန်းခြင်း၊ စီရင်ခြင်းတို့သည်၊ ယခင်ကာလများက ဖြစ်ခဲ့ပြီးသော အကြောင်းများနှင့် ပေါင်းစပ်ဆက်နွယ်နေခြင်းသာဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ "ဟောင်း" မသွားပါ။ ပြန်လည်သစ်လွင်လာခြင်းမျိုး ဖြစ်ပါသည်။ ခေတ်ကာလသည် "ဟောင်း" သွားခြင်းထက်၊ လည်ပတ်ပြောင်းလဲနေခြင်းသာဖြစ်သည်ဟု ကျွန်တော်ခံစားမိခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်တော်နှင့် သဘောမမျှ သူများရှိ





ပါမည်။ ကျွန်တော်က "အဆို" တင်သွင်းခြင်း မဟုတ်သောကြောင့် "ကန့်ကွက်ရန်မလိုပါကြောင်း တောင်းပန်အပ်ပါသည်။

ကျွန်တော်ကူးခတ်ခဲ့သော (၁၉၅၅-၆၄) သတင်းပင်လယ်သည် ဧရာဝတီ ဖြစ်ပါသည်။ မြစ်ကြီးချောင်းငယ်များ စီးဝင်နေသောပင်လယ်ဖြစ်ပါသည်။ ရေကန်၊ ရေအိုင်ကဲ့သို့ "ရေသေပင်လယ်" မဟုတ်ပါ။ သို့သော် ကျွန်တော်သည် "သတင်းပင်လယ်" ၌ ယခုစကားဦးအမှာစာရေးနေသည့် အချိန်အထိ ကူးခတ်နေဆဲ၊ ကြေးစားသတင်းသမား ဖြစ်နေဆဲပင်ရှိပါသည်။ ယနေ့ ကျွန်တော်တို့ ကူးခတ်နေသော သတင်းပင်လယ်မှ အဖြစ်အပျက်များသည် နောင်အနာဂတ် သတင်းမိုင်တိုင်များဖြစ်လာလျှင်၊ တင်နိုင်တိုးကဲ့သို့ မိုင်တိုင်စိုက်ထူသူများက၊ သတင်းမိုင်တိုင်များ စိုက်ထူလာကြလျှင်၊ ကျွန်တော်တို့၏ သတင်းမဏ္ဍိုင်များသည်၊ တည်ကြည်ခိုင်ခံ့သော စတုတ္ထမဏ္ဍိုင် သတင်းမိုင်တိုင်များဖြစ်ဖို့တော့ ကျွန်တော်၏ စကား ဦးအမှာစာက တိုက်တွန်းပါသည်။ ဖြစ်မလာလျှင်လည်း၊ ကျွန်တော်တို့ ကိုယ်တိုင်မ, ထားသော " သတင်းကျောက်တုံး" ကို၊ ကျွန်တော်တို့ကိုယ်တိုင် ပစ်ချလိုက်ခြင်းသာ ဖြစ်ပါမည်ဟူ၍။

ဖိုးသောကြာ (ခေတ်+မိုး)



www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏ အတ္ထုပ္ပတ္တိ | (က) |
| | သည်စာအုပ်အကြောင်း သတင်းစာဆရာတစ်ဦး၏ စကားဦး ဖိုးသောကြာ(ခေတ်+မှိုး) | (ခ) |
| ၁။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဇန်နဝါရီလ | ၁ |
| ၂။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဖေဖော်ဝါရီလ | ၃၁ |
| ၃။ | ခေတ်ဟောင်းသတင်းစာများကပြောသော မတ်လ | ၅၆ |
| ၄။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဧပြီလ | ၈၅ |
| ၅။ | ခေတ်ဟောင်းသတင်းစာများကပြောသော မေလ | ၁၀၁ |
| ၆။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဇွန်လ | ၁၃၂ |
| ၇။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဇူလိုင်လ | ၁၅၇ |
| ၈။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဩဂုတ်လ | ၁၈၅ |
| ၉။ | ခေတ်ဟောင်းသတင်းစာများကပြောသော စက်တင်ဘာလ | ၂၁၆ |
| ၁၀။ | ခေတ်ဟောင်းသတင်းစာများကပြောသော အောက်တိုဘာလ | ၂၄၆ |
| ၁၁။ | ခေတ်ဟောင်းသတင်းစာများကပြောသော နိုဝင်ဘာလ | ၂၆၇ |
| ၁၂။ | ခေတ်ဟောင်းသတင်းစာများကပြောသော ဒီဇင်ဘာလ | ၃၀၂ |




# အခန်း (၁)

## ခေတ်ဟောင်းသတင်းစာများက ပြောသော ဇန်နဝါရီ

၁။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ပြန်လည်ဖွင့်လှစ် (၁-၁-၁၉၄၃)

၂။ နဝမအကြိမ်မြောက် လွတ်လပ်ရေးအခမ်းအနားသို့ နောက်ဆုံးဘုရင်ခံဟောင်းတက်ရောက် (၄-၁-၁၉၅၆)

၃။ ဘောလုံးအသင်းနည်းပြဆရာ ပြန်လည်ထွက်ခွာ (၃-၁-၁၉၆၀)

၄။ ရန်ကုန်နှင့်မန္တလေးစကားပြောကြေးနန်းဖြင့် တစ်ပြိုင်နက်ဆက်သွယ်နိုင်ပြီ (၄-၁-၁၉၆၀)

၅။ ရွှေစက်တော်သွားမော်တော်ကားလမ်းသစ်ဖောက်လုပ်နေပြီ (၅-၁-၁၉၆၁)

၆။ ရာဇဝင်ဇာတ်ကားများ၌ ဝတ်စားဆင်ယင်မှုတိကျမှန်ကန်ရေး ကြိုးစားသင့် (၈-၁-၁၉၆၁)

၇။ မင်းကွန်း၌လူ့အိုးရုံ (ဘိုးဘွားရိပ်သာ)ကို စတင်ဆောက်လုပ် (၁၁-၁-၁၉၁၅)

၈။ တရုတ် - မြန်မာလမ်းမကြီး စတင်ဖွင့်လှစ် (၁၀-၁-၁၉၃၉)

၉။ ယိုးဒယားရုပ်ရှင်ဇာတ်ကားတစ်ကား မြန်မာနိုင်ငံ၌ လာရောက်ရိုက်ကူး(၁၅-၁-၁၉၅၆)

၁၀။ နီပေါဘုရင်၏လက်ဆောင် ကြံ့မကလေးမြန်မာနိုင်ငံသို့ရောက်ရှိ (၁၇-၁-၁၉၆၂)



www.burmeseclassic.com

www.burmeseclassic.com



၁၂။ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဝန်းသိုစော်ဘွားကြီးကွယ်လွန်ရှာပြီ (၅-၁-၁၉၆၅)
၁၃။ တောရိုင်းဆင်များအား မေ့ဆေးသေနတ်ဖြင့် ဖမ်းဆီးနည်းသစ်စတင်ပြီ (၁၅-၁-၁၉၆၈)
၁၄။ သီပေါဘုရင်၏သမက်က အင်္ဂလိပ်ဘုရင်ခံကို စိန်ခေါ် (၁၃-၁-၁၉၂၈)
၁၅။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီစတင်တည်ထောင် (၂၁-၁-၁၉၅၉)
၁၆။ ကမ္ဘာတစ်ပတ် ခြေကျင်လှည့်လည်သူ ရန်ကုန်သို့ရောက်ရှိ (၂၀-၁-၁၉၆၀)
၁၇။ မြန်မာနိုင်ငံ၌ အိန္ဒိယဘာသာဖြင့် ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးမည် (၂၂-၁-၁၉၆၂)
၁၈။ လပေါ်မှ ယူဆောင်လာသော ကျောက်တုံးရန်ကုန်မြို့၌ ပြသမည် (၂၃-၁-၁၉၇၀)
၁၉။ ရသေ့ကြီး ဦးခန္တီပျံလွန်တော်မူပြီ(၂၇-၁-၁၉၄၉)
၂၀။ ကမ္ဘာကျော်စာရေးဆရာကြီး ဆမားဆက်မောမ် ရန်ကုန်သို့ရောက်ရှိ (၃၀-၁-၁၉၆၈)
၂၁။ မဟာဗန္ဓုလ၏တပ်သားဟောင်းကြီးဆိုသူ ရန်ကုန်သို့ရောက်ရှိလာ (၁၉-၁-၁၉၆၂)
၂၂။ ကျေးရွာ ၁၀၀ စုပေါင်းရှင်ပြုပွဲကျင်းပ (၂၆-၁-၁၉၆၉)
၂၃။ ရွှေတိဂုံစေတီတော်အတွင်း တံခါးဖွင့်လှစ်ရှင်းလင်း (၂၄-၁-၁၉၇၀)





## ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ပြန်လည်ဖွင့်လှစ်
(၁-၁-၁၉၄၃)

မြန်မာနိုင်ငံသို့ စစ်မီးကူးလာချိန်မှစ၍ စတင်ပိတ်ထားရသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဂျပန်အစိုးရက ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို၁၉၀၆ ခုနှစ်၊ဇန်နဝါရီလတွင် ဝိတိုရိယဘုရင်မကြီး၏ နန်းစံ (၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဝေလမင်းသားနှင့် ကြင်ယာတော်တို့က လာရောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က Victoria Memorial Park and Zoological Garden ဟု အမည်ပေးခဲ့၏။ ပြသသည့် တိရစ္ဆာန်များထဲတွင် သီပေါမင်း၏ ဆင်ဖြူတော်လည်း ပါရှိပြီး ၁၉၁၀ ပြည့်နှစ်အထိ သက်ရှိထင်ရှားခဲ့ပါသည်။ တိရစ္ဆာန်ဥယျာဉ်၏ ကုန်ကျစရိတ်မှာ (၁၉၄၀-၄၁)ခုနှစ် စာရင်းအရ ၁၉၈၆ကျပ်၊ ၉ပဲ၊ ၄ပိုင်ဖြစ်၏။ ဂျပန်ခေတ်တွင် တိရစ္ဆာန်ဥယျာဉ် ကမောက်ကမ ဖြစ်ခဲ့ရ၏။ ဘီအိုင်အေနှင့်အတူပါသော ယိုးဒယားစစ်သားများက ကြံ့ကြီးကို ပစ်သတ်ခဲ့ပြီး အချို့ကို သတ်ဖြတ်စားသောက်ခဲ့ကြသည်။လူတို့အား အန္တရာယ်ပြုနိုင်သော တိရစ္ဆာန်အချို့ကိုလည်း သတ်ဖြတ်ခဲ့ကြ၏။ သို့ဖြစ်၍ တိရစ္ဆာန် ချစ်ခင်မြတ်နိုးသူများက ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ကြသည်။ ဆင်ကြီး နှစ်ကောင်ကို ဘေးလွတ်ရာ ရန်ကုန်တစ်ဖက်ကမ်း အေးရွာသို့ ပို့ထားကြ၏။ ကျား၊ ခြင်္သေ့နှင့်ဝက်ဝံ အပါအဝင်တိရစ္ဆာန် ၂၈ ကောင်ကိုမူ ဥယျာဉ်အစောင့် အဗဒူခါလစ်က ဟင်္သာတဘက်မှ ဦးဘသိန်း ဆိုသူထံ ပို့ထားသည်။ ဂျပန်အစိုးရလက်ထက်တွင်မှ တိရစ္ဆာန်များကို ဟင်္သာတမှ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com





သို့ ပို့ကာ ဦးဘသိန်းနှင့်မစ္စတာပတ်ဇက်တို့က အုပ်ချုပ်ခဲ့ကြ၏။ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလက ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သက်တမ်းမှာ နှစ်(၁၀၀) တိတိ ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

### နဝမအကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ နောက်ဆုံး ဘုရင်ခံဟောင်းတက်ရောက် (၄-၁-၁၉၅၆)

ပြည်ထောင်စု မြန်မာနိုင်ငံ၏ နဝမမြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ၁၉၅၆ ခုနှစ်၊ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဗြိတိသျှအစိုးရလက်ထက် နောက်ဆုံးဘုရင်ခံအဖြစ် အမှုထမ်းခဲ့သူ ဧည့်သည်တော်ဆာဟူးဘတ်ရန့်စ်နှင့်ဇနီးတို့လည်း တက်ရောက်ခဲ့ကြသည်ဟု ဆိုပါသည်။ ဆာဟူးဘတ်ရန့်စ်နှင့်ဇနီးတို့သည် ဒီဇင်ဘာလ ၃၁ ရက်နေ့၊ နံနက်၄နာရီ ၄၅ မိနစ်တွင် ဘီအိုင်အေ လေယာဉ်ဖြင့် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်၏။ ဇန်နဝါရီ လ ၄ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် လွတ်လပ်ရေးနေ့ အခမ်းအနားကို ကျင်းပပြုလုပ်ရာ၌ တပ်မတော်ကြည်း၊ ရေ၊ လေ တပ်မတော်သားများက သမ္မတကြီး ဒေါက်တာဘဦးအား ချီတက်အလေးပြုခဲ့ကြသည်။

ဇန်နဝါရီ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ သတင်းဖော်ပြချက်အရ မြန်မာနိုင်ငံဘုရင်ခံဟောင်း ဆာဟူးဘတ်ရန့်စ် နှင့် ဇနီးတို့သည် ဇန်နဝါရီလ ၇ ရက်နေ့တွင် ယူဘီအေအထူးလေယာဉ် ဖြင့် ဟဲဟိုးမြို့မှ တစ်ဆင့် တောင်ကြီးမြို့သို့လည်းကောင်း ၊ နောက် တစ်နေ့တွင် အင်းလေးဒေသသို့လည်းကောင်း သွားရောက်ခဲ့ကြသည် ဆို၏။ ထို့နောက် အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့၊ မန္တလေးမြို့များ သို့လည်း ဆက်လက်သွားရောက်ခဲ့ကြသည်။ဇန်နဝါရီ ၁၆ ရက်နေ့ ညနေပိုင်းတွင် ဘုရင်ခံဟောင်းအား ဗြိတိသျှသံရုံး အတွင်းဝန်က ဂုဏ်ပြု





ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့၏။ ဆာဟူးဘတ်ရန့်စ်နှင့်ဇနီးတို့သည် မြန်မာနိုင်ငံ၌ ရက်သတ္တသုံးပတ်ကျော်နေထိုင်ခဲ့ကြပြီး ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဗြိတိန်နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

ဆာဟူးဘတ်ရန့်စ်သည် နိုင်ငံတော်အစိုးရက ပေးအပ်သည့် အဂ္ဂမဟာသရေစည်သူဘွဲ့ကို လက်ခံရရှိခဲ့သည်။



မြန်မာပြည်နောက်ဆုံးဘုရင်ခံ ဆာဟူးဘတ်ရန့်စ်



www.burmeseclassic.com

www.burmeseclassic.com



## ဘောလုံးအသင်းနည်းပြဆရာပြန်လည်ထွက်ခွာမည်
(၃-၁-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို သင်ကြားပြသပေးရန် ယူဂိုစလားဗီးယားနိုင်ငံမှ ငှားရမ်းထားသည့် နည်းပြဆရာ မစ္စတာမစ်ထရိုဗစ်ချ်သည် တာဝန်ထမ်းဆောင်ချိန် ပြီးဆုံးပြီဖြစ်သဖြင့် နေရင်းဒေသသို့ ပြန်လည်ထွက်ခွာတော့မည်ဖြစ်ကြောင်းသတင်း တစ်ပုဒ် ဖော်ပြပါရှိ၏။ မစ္စတာမစ်ထရိုဗစ်ချ်ကို ၁၉၅၇ခုနှစ်၊ ဇန်နဝါရီ လ မှ စတင်ငှားရမ်းခဲ့ရာ တစ်လလျှင်ငွေ ၂၀၀၀ ကျပ် အပြင်၊ နေအိမ်နှင့်ကား တစ်စီး စီစဉ်ပေးခဲ့ရသည်ဆို၏။

နည်းပြဆရာမစ္စတာမစ်ထရိုဗစ်ချ်ရောက်ရှိခဲ့သည့် ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာပွဲများအဖြစ် အိန္ဒိယညွှန့်ပေါင်း၊ အစ္စရေး၊ ချက်ကြယ်နီ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ယိုးဒယား၊ မလေးရှား၊ အိန္ဒိယလက်ရွေးစင်၊ ပါကစ္စတန်၊ ရုရှားအသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရ၏။ နိုင်ငံတကာပွဲပေါင်း ၂၁ ပွဲ ယှဉ်ပြိုင်ကစားရာတွင် ၁၀ ပွဲ အနိုင်ရရှိခဲ့သည်။ ပြည်ပနိုင်ငံများဖြစ်သော မလေးရှား၊ ယိုးဒယား၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံ အသင်းများနှင့် ပြည်ပ၌ ကစားခဲ့ရာတွင် မလေးရှားကို (၅း၂)ဂိုးဖြင့် ရှုံးနိမ့်ကာ ယိုးဒယားကို (၆း၁)ဂိုးဖြင့် အနိုင်ရရှိပြီး အင်ဒိုနီးရှားကို (၄း၂) ဂိုး၊ အိန္ဒိယကို (၃း၂)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရ၏။

မြန်မာ့လက်ရွေးစင်အသင်းအတွက် နည်းပြထပ်မံခေါ်ယူရေးကို မဆုံးဖြတ်သေးဘဲ နည်းပြပယ်ရီဒွေး၊ ဦးဘာဘာ၊ ဦးဝေလင်း၊ မစ္စတာပတ်စ်လေ၊ ဦးသန်းဝင်းတို့က ဆက်လက်သင်ကြားပြသသွားရန် စီစဉ်ထားကြောင်း သတင်း၌ ဖော်ပြပါရှိသည်။





## ရန်ကုန်နှင့် မန္တလေး စကားပြောကြေးနန်းဖြင့် တစ်ပြိုင်နက်ဆက် သွယ်နိုင်ပြီ
(၄-၁-၁၉၆၀)

၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အကြား လူ ၁၂ ဦး တစ်ပြိုင်နက် ဆက်သွယ်နိုင်ရန် စကားပြောကြေးနန်း (တယ်လီဖုန်း) လိုင်းကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။

ယင်းသို့လူ ၁၂ ဦး တစ်ကြိမ်တည်းပြောဆို အသုံးပြုနိုင်သော ကယ်ဒီရာခေါ် စက်ပစ္စည်းကို နိုင်ငံတော် ကြေးနန်းဌာနမှ ၁၉၅၉ ခုနှစ်အတွင်း အောင်မြင်စွာတပ်ဆင်ပြီးစီးခဲ့ပြီး ၁၉၆၀ ပြည့်နှစ် လွတ်လပ်ရေးနေ့မှ စတင်ကာ ပြည်သူလူထုအသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ ပထမအဆင့် အနေဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိသာ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး မကြာမီ ၂၄ နာရီ အသုံးပြုရန် ဆက်လက် စီစဉ်လျက်ရှိသည် ဆို၏။

ရန်ကုန်မြို့မှ မန္တလေးမြို့သို့ တိုက်ရိုက် ဆက်သွယ်နိုင်ကြပြီး လမ်းမကြီး တစ်လျှောက်ရှိ အခြားသော မြို့များသို့ ဆက်သွယ်ရန်ကိုမူ ယခင်က အတိုင်း (ရီဂျင့်)မှ တစ်ဆင့် ခေါ်ယူဆက်သွယ်နိုင်ကြောင်း သတင်းဖော်ပြပါရှိသည်။

## ရွှေစက်တော်သွား မော်တော်ကားလမ်းသစ် ဖောက်လုပ်နေပြီ
(၅-၁-၁၉၆၁)

၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ထုတ် ခေတ်သစ္စာသတင်းစာတွင် ရွှေစက်တော်သွား မော်တော်ကားလမ်းသစ် တစ်လမ်းကို ဖောက်လုပ်နေပြီဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိသည်။ ယင်းလမ်းသစ်မှာ စကုမြို့မှ ရွှေစက်တော်ဘုရားသို့ တိုက်ရိုက်ဖောက်လုပ်မည့် အလယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖြစ်ပြီး စကုမြို့ အနောက်ဘက် လှည်းလမ်းတစ်လျှောက် ကျေးရွာများကို ဖြတ်သန်းသွားမည်ဖြစ်သည်ဟုဆိုပါသည်။ စကုမြို့မှ ယခင်သွားနေကျဖြစ်သော တောင်လမ်း၊ မြောက်လမ်းများထက် ခုနစ်မိုင်ခန့် ခရီးပိုတိုမည်ဖြစ်ပြီး ရွာစဉ်တစ်လျှောက် ခရီးစခန်းဆက် ကောင်းသည့်အပြင် စရိတ်လည်းသက်သာမည်ဖြစ်သည်ဆို၏။

စကုရွှေစက်တော်ကားလမ်းသစ်ကို တပ်မတော်တပ်ရင်း ၂၁ စကုမြို့ နယ်လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးစံလှပေါ်က ဦးစီး၍ တပ်မတော်သားများနှင့် ကျေးရွာလူထုပါ ပူးပေါင်းဖောက်လုပ်နေကြခြင်းဖြစ်သည်။ စကုမြို့မှ လက်ခုပ်ပင်၊ ညောင်တုန်း၊ ပေကုန်း၊ ပေါင်းရွာ၊ ကသက်၊ အိုင်မ၊ သပြေပင်စခန်းတို့ကို ဖြတ်သန်းသွားမည်ဖြစ်ပြီး လမ်းပြီးစီးသွားပါက ဘုရားဖူးများအတွက်သာမက အငှားကားများ အတွက်ပါ အဆင်ပြေစွာ သွားရောက်နိုင်ကြလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

## ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ၌ ဝတ်စားဆင်ယင်မှု တိကျမှန်ကန်ရေး ကြိုးစားသင့်
## (၈-၁-၁၉၆၁)

၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြန်မာရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသကြရာ၌ ဝတ်စားဆင်ယင်မှုကို တိကျမှန်ကန်ရန် ကြိုးစားသင့်ကြောင်း သတင်းဆောင်းပါးတစ်ပုဒ် ဖော်ပြပါရှိသည်။ ရုပ်ရှင်ထုတ်လုပ်သူများ ရုပ်ရှင်သမားများအနေဖြင့် ရာဇဝင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ကြရာ၌ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်အကြောင်းပင် ဖြစ်လင့်ကစား မှတ်ယူဖွယ်၊ အတုယူဖွယ်၊ သင်ခန်းစာရဖွယ်အချက်အလက်၊ အကြောင်းချင်းရာများ ရှိနေသဖြင့် အထူးဂရုပြုသင့်ကြသည်ဆို၏။ ရာဇဝင် ဇာတ်ကား အများဆုံးရိုက်ကူးနေသည့် အောင်မင်္ဂလာရုပ်ရှင် အပါအဝင် ရုပ်ရှင်ကုမ္ပဏီများအနေဖြင့် နယ်ပရိသတ်က ရာဇဝင်ဇာတ်ကားများ





နှစ်သက်အားပေးနေဆဲဖြစ်ရာ သတိချပ်သင့်ကြောင်း ဖော်ပြပါ ရှိ၏။

မကြာမီက ပြသသွားသည့် မြန်မာရုပ်ရှင် ဇာတ်ကားတစ်ကားတွင် မင်းသမီးဘေဘီနွဲ့အား ကာလီယိုပါထရာဇာတ်ကားမှ မင်းသမီး အဲလစ်ဇဘက် တေလာဝတ်ဆင်ထားသည့်အတိုင်း တစ်သဝေမတိမ်း ဝတ်စားပြင်ဆင်ထားသည်မှာ အကြည့်ရဆိုးလှပြီး မြန်မာ့သမိုင်းတွင် မည်သည့်ခေတ်အခါကမျှ ကာလီယိုပါထရာကဲ့သို့ အီဂျစ်အဝတ်အစားမျိုးကိုအသုံးမပြုခဲ့ကြောင်း၊ မြန်မာနာမည်ကြီး မင်းသားတစ်ဦး အား ရှေးခေါ်မခေတ် ဂလယ်ဒီယေတာ သူ့ရဲကောင်း အဝတ်အစားဝတ်ပေးပုံမှာလည်း မသင့်လျော်ကြောင်း၊ ထို့အပြင် ရာဇဝင်ဇာတ်ကား၌ မင်းသမီးများဆင်ယင် ထုံးဖွဲ့ရာတွင် ထိုင်မသိမ်းအင်္ကျီ၌ ရင်ခံကို ခေတ်ပေါ်ပုံဆင်မြန်းထားခြင်းမှာလည်း မဖြစ်သင့်ကြောင်း ဖော်ပြထားသည်။

## မင်းကွန်း၌လူ့အိုရုံ(ဘိုးဘွားရိပ်သာ)ကို စတင်ဆောက်လုပ်
## (၁၁-၁-၁၉၁၅)

မြန်မာနိုင်ငံ၌ ဘိုးဘွားရိပ်သာများကို စတင်တည်ဆောက်ခဲ့သော ဒေါ်ဦးဇွန်းသည် ၁၉၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့၌မင်းကွန်း လူ့အိုရုံ (ဘိုးဘွားရိပ်သာ)ကို စတင်တည်ဆောက်ခဲ့သည်။ မူလစတင်စဉ်က အဘိုးတစ်ဦးနှင့် အဘွားနှစ်ဦး၊ စုစုပေါင်းသုံးဦးသာ ရှိပါသည်။ယင်းအဘိုး၊ အဘွားသုံးဦးမှာ အသက် ၉၅ နှစ် အရွယ်ရှိ ဘိုးဆင့်၊ အသက် ၉၈ နှစ် အရွယ်ရှိ ဘွားစိုးနှင့် အသက် ၈၅ နှစ်အရွယ်ရှိ ဘွားမယ်တို့ ဖြစ်ကြသည်။ဒေါ်ဦးဇွန်းသည် ရန်ကုန်သို့ရောက်ရှိစဉ်က စတော့ကိတ်လမ်း(သိမ်ဖြူလမ်း)၌ ခရစ်ယာန်ဗရင်ဂျီဂိုဏ်း ဘုန်းတော်ကြီးဘိဂင်ဒစ်တည်ထောင်သော လူ့အိုရုံ ကိုတွေ့ရှိသွားရာမှ ယင်းသို့ တည်ထောင်ရန် အကြံဉာဏ်ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဒေါ်ဦးဇွန်းသည် မန္တလေးသို့ ပြန်လည်ရောက်ရှိလာပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် အဘိုးအို၊ အဘွားအိုများအား ပြုစုစောင့်ရှောက်ရန် အကြံအစည်ကို စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင်ဆရာတော်ကြီး ထံလျှောက်ထားခဲ့သည်။ ထို့နောက် မင်းကွန်းခေါင်းလောင်းကြီးအနီး အေးချမ်းသာယာသည့်မြေနေရာတွင် ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းကာ ကမ္ဗဍာန်းကျောင်းသုံးကျောင်းကို ဆောက်လုပ်ခဲ့သည်။ ပြီးစီးသောအခါ လူအိုရုံ (ဘိုးဘွားရိပ်သာ)ကို ဆက်လက် ဆောက်လုပ်ခဲ့သည်။ မူလက ဘိုးဘွားသုံးဦးဖြင့်သာစတင်ခဲ့သော်လည်း ၁၉၁၈ ခုနှစ်တွင် ဘိုးဘွား ၂၀ ဦးရှိလာခဲ့၏။ ထိုနှစ်များအတွင်း ကုန်ကျစရိတ်ကို ဒေါ်ဦးဌွန်းတစ်ဦးတည်းသာ ကျခံခဲ့၏။ ဒေါ်ဦးဌွန်းသည် ပိုးကုန်သည် မိဘနှစ်ပါးကွယ်လွန်သွားရာမှ ရရှိသောအမွေများကို ဘိုးဘွားရိပ်သာအတွက် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ထို့နောက် လုပ်ငန်းချဲ့ထွင်နိုင်ရန် ဦးဘချမ်း၊ ဦးမောင်ကြီး (BIA) တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မင်းကွန်းလူအိုရုံအတွက် ရန်ပုံငွေ တစ်ရပ်ကို တည်ထောင်ခဲ့သော်လည်း အားပေးမည့်သူ နည်းပါး လှသဖြင့် ရှစ်နှစ် အတွင်း ရန်ပုံငွေကျပ် ၈၀၀၀ သာ ရရှိခဲ့သည်။ သို့သော် ဒေါ်ဦးဌွန်း၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုကြောင့် မင်းကွန်းလူအိုရုံမှာ ဘိုးဘွား ၂၅၀ ဦးထိ တိုးချဲ့လက်ခံနိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့သည်။ ဒေါ်ဦးဌွန်းသည် မကြာမီ သထုံ၊ ပေါင်းတည်နှင့် ရန်ကုန်မြို့နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့ကိုလည်း ဆက်လက်တည်ထောင်ခဲ့၏။ ဒေါ်ဦးဌွန်းကို ၂၃ ဇူလိုင် ၁၈၆၈ ခုနှစ် တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ပိုးကုန်သည် ဦးအိ၊ ဒေါ်မျှင်တို့ ဖြစ်ကြသည်။ မိဘများကွယ်လွန်သွားပြီးနောက် ပိုးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရင်း ဘိုးဘွားရိပ်သာများအား ထူထောင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၆၀ အရွယ်တွင် လူဝတ်ကြောင်ဘဝမှ သီလရှင်ဘဝသို့ ကူးပြောင်းသွား၏။ ၁၁-၅-၁၉၄၄ ခုနှစ်တွင် ဒေါ်ဦးဌွန်းခေါ် သီလရှင် ဘွားသုမာလာ ကွယ်လွန်ပါသည်။





## တရုတ်-မြန်မာလမ်းမကြီးစတင်ဖွင့်လှစ်
## (၁၀-၁-၁၉၃၉)

တရုတ်နိုင်ငံ ကူမင်းမြို့နှင့် မြန်မာနိုင်ငံ လားရှိုးမြို့တို့ကို ဆက်သွယ် ဖောက်လုပ်ထားသော တရုတ်-မြန်မာလမ်းမကြီးကို ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းလမ်းကြီးမှာ ကမ္ဘာကျော်လမ်းမကြီးဖြစ်ပြီး Burma(Myanmar) Road ဟူ၍ ထင်ရှားပါသည်။ ယင်းလမ်းမကြီးကို ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ရာ အလုပ်သမားသုံးသိန်းခန့်၏ လုပ်အားကို အသုံးပြုခဲ့ရသည်။ ကူမင်းမြို့မှ လားရှိုးမြို့အထိ ၇၁၆ မိုင် ရှည်လျားပြီး ကုန်ကျစရိတ်မှာ စုစုပေါင်း စတာလင် ပေါင် ၃၇၅၀၀၀ ခန့် ဖြစ်သည်ဟု ဆိုပါသည်။

တရုတ်-မြန်မာလမ်းမကြီး စတင်ဖောက်လုပ်ချိန်သည် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ စစ်ဖြစ်ပွားနေချိန်ဖြစ်သည်။ ယင်းတရုတ်-ဂျပန်စစ်တွင် တရုတ်နိုင်ငံကို စစ်လက်နက်ပစ္စည်းများအား ကူညီထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် ဗြိတိသျှအစိုးရကလမ်းမကြီးကို ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတရုတ်-မြန်မာလမ်းမကြီးမှတစ်ဆင့် အင်္ဂလန် နှင့် အမေရိကန်တို့က တရုတ်နိုင်ငံသို့ စစ်သုံးမော်တော်ကားများ၊ စစ်လက်နက်ပစ္စည်းများ၊ ဓာတ်ဆီများ တင်ပို့ခဲ့သည်။ တရုတ်-ဂျပန်စစ်ပွဲတွင် အရေးပါလှသော ယင်းလမ်းမကြီးအားပိတ်ပေးရန် ဂျပန်အစိုးရက ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့သကဲ့သို့ မြန်မာတို့ကလည်း လမ်းမကြီးကို စစ်ပွဲအတွက် အသုံးချခဲ့သဖြင့် မကျေမနပ်ဖြစ်ကာ ကန့်ကွက်ခဲ့သည်။ သို့ဖြင့် ဗြိတိသျှအစိုးရက သုံးလမျှ ယာယီပိတ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com





မိုင်ပေါင်း ၇၁၆ မိုင် ရှည်လျားသော တရုတ်-မြန်မာလမ်းမကြီး





## ယိုးဒယားရုပ်ရှင် ဇာတ်ကားတစ်ကား မြန်မာနိုင်ငံ၌ လာရောက် ရိုက်ကူး (၁၅-၁-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့ ထုတ် မြန်မာ့ အလင်း သတင်းစာတွင် ယမန်နေ့နံနက်က ယိုးဒယားကော်မာရှယ်ဖလင် ကုမ္ပဏီမှ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့သည် တီစီအေစီလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာကြကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ယိုးဒယား ရုပ်ရှင်အဖွဲ့ဝင် ကိုးဦး လိုက်ပါလျက် ခွန်ဓဝိုင်ဆိုသူက ဦးဆောင်လာရောက်ခဲ့ခြင်းဖြစ်သည်။ ယိုးဒယား-မြန်မာ ချစ်ကြည်ရေး ဇာတ်ကားကို အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးတင်မောင်နှင့် တွဲဖက်ရိုက်ကူးကြမည်ဆို၏။

ယိုးဒယားရုပ်ရှင် ဇာတ်ကားတွင် ရုပ်ရှင်မင်းသားနိုကျုံလတ်နှင့် တွဲဖက်လျက် ရုပ်ရှင်မင်းသမီးခင်လေးဆွေ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ဆေးရောင်စုံ ရိုက်ကူးသွားမည်ဟုလည်း သိရှိရသည်။ ရုပ်ရှင်ဇာတ်ကားတွင် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ အခမ်းအနားနှင့် မြန်မာနိုင်ငံမှ သဘာဝရှုခင်းများကိုလည်း ထည့်သွင်းရိုက်ကူးသွားမည် ဆိုပါသည်။ ယိုးဒယား-မြန်မာချစ်ကြည်ရေး ဇာတ်ကားကို တစ်လအတွင်း အပြီးရိုက်ကူးကာ ဘန်ကောက်မြို့၌ ပြန်လည်ပြသမည် ဖြစ်ကြောင်း သတင်းဖော်ပြပါရှိ၏။

## နီပေါဘုရင်၏လက်ဆောင် ကြံ့မကလေး ရန်ကုန်ရောက်ရှိ (၁၇-၁-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက်နေ့ထုတ် ပြည်ထောင်စု သတင်းစာတွင် ယမန်နေ့က နီပေါဘုရင်၏ လက်ဆောင် ကြံ့မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ရန်ကုန်တိရစ္ဆာန်ရုံတွင် ယခင်က ကြံ့တစ်ကောင်ရှိခဲ့ဖူးသော်လည်း ၁၉၄၂ခုနှစ် ဂျပန်များ ဝင်ရောက်ချိန်၌ ပစ်သတ်ခဲ့သဖြင့် ကြံ့သတ္တဝါဟူ၍ လုံးဝမရှိတော့ကြောင်း ဆိုပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ကြံ့ကို အနှစ် ၂၀ ကြာ မမြင်မတွေ့ကြရာမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် နီပေါဘုရင်က လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်၏။

ကြံ့မလေးသည် ၁၇-၁-၁၉၆၂ရက်နေ့မွန်းလွဲ ၁နာရီတွင် ယူဘီအေ လေကြောင်းခရီးဖြင့် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး မော်တော်ကားဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ပေးခဲ့ကြ သည်။ ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကြံ့ဝယ်ယူလိုကြောင်း မေးမြန်းရာမှ ယခုကဲ့သို့ လက်ဆောင်အဖြစ် ပေးအပ်လိုက်ကြောင်း သတင်း၌ ဖော်ပြပါရှိ၏။ ဇန်နဝါရီလ ၂၂ရက် နေ့ထုတ် ပြည်ထောင်စုသတင်းစာတွင်လည်း နီပေါနိုင်ငံမဟိန္ဒရာဘုရင်၏ လက်ဆောင်တော် ကြံ့မလေးအား ခင်ဝေဝေ ဟု အမည်ပေးထားကြောင်း ဖော်ပြထားပါသည်။

## နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဝန်းသိုစော်ဘွားကြီး ကွယ်လွန်ရှာပြီ (၅-၁-၁၉၆၅)

နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် သည် ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ်သတင်းစာများ၌ သတင်းဖော်ပြပါရှိပါသည်။ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် ကွယ်လွန်ချိန်၌ အသက် ၁၀၃ နှစ်ရှိပြီ ဖြစ်ပါသည်။ ဝန်းသိုစော်ဘွားကြီးကို ၁၈၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၌ စော်ဘွား ဦးရွှေသားနှင့် ဒေါ်ခွေးဖြူ တို့မှ





ဖွားမြင်ခဲ့ခြင်းဖြစ်ပြီး မွေးချင်းများမှာ မောင်အောင်မြတ်၊ မသူဇာ၊ မောင်ရွှေသိုက်၊ မမူ၊ မဖန်၊ ခွန်ကျယ်နှင့် ခွန်ဆိုင်တို့ ဖြစ်ကြောင်း သိရှိရ၏။

ဝန်းသိုစော်ဘွားကြီးသည် သီပေါမင်းပါတော်မူသွားပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို ဦးဆောင်ဆင်နွှဲခဲ့သူဖြစ်သည်။ သူသည် ကင်းဝန်မင်းကြီး ဦးကောင်း၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရသူ ဖြစ်သော်လည်း ကင်းဝန်မင်းကြီးကိုယ်တိုင် ဝန်းသို သို့ လာရောက်၍ လက်နက်ချရန် ပြောကြားစဉ်က လက်မခံခဲ့ပေ။ သီပေါမင်း လက်ထက်တွင် မဟာဝံသသီရိဇယသိုဟ်ဘွားဘွဲ့ခံ ဝန်းသိုစော်ဘွားကြီးသည် နယ်ချဲ့အင်္ဂလိပ်တို့အား ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခဲ့သူဖြစ်ပြီး အသက်အရွယ်ရလာသောအခါ တောင်ကြီးမြို့၌ နေထိုင်ခဲ့သည်။

ဝန်းသိုစော်ဘွားကြီးသည် စကားစော်ဘွားသမီးနှင့် မှန်နန်းအပျိုတော် စောရွှေကြည်နှင့် စုံဖက်ကာ သားသမီးခြောက်ဦး ဖွားမြင်ခဲ့၍ စော်ဘွားကြီးတွင် ဒေါ်စီဆိုသူ အခြားဇနီးတစ်ဦးလည်းရှိသေးကြောင်း သိရှိရ၏။



နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်
(၁၈၆၂-၁၉၆၅)



www.burmeseclassic.com

www.burmeseclassic.com



## တောဆင်ရိုင်းများအား မေ့ဆေးသေနတ်ဖြင့် ဖမ်းဆီးနည်းသစ် စတင်ပြီ
(၁၅-၁-၁၉၆၈)

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးကြီးလှအောင် ဦးဆောင်သောအဖွဲ့တစ်ဖွဲ့သည် တောဆင်ရိုင်းများအား မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသော နည်းသစ်ကို အောင်မြင်စွာလုပ်ဆောင် နိုင်ကြပြီဖြစ်ကြောင်း ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ထုတ်၊ မြန်မာ့အလင်း သတင်းတစ်ပုဒ်၌ ဖော်ပြပါရှိ ပါသည်။ ဆင်ရိုင်းများအား မေ့ဆေးသေနတ်ဖြင့် စမ်းသပ်ပစ်ခတ်ဖမ်းဆီးရေး အဖွဲ့သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မရမ်းကျေးရွာအနီးကြံခင်းများကို တောဆင်ရိုင်းများ ဖျက်ဆီးလျက်ရှိသဖြင့် ၁၅-၁၂-၁၉၆၇ မှ ၅-၁-၁၉၆၈ ရက်နေ့အထိ လက်တွေ့စမ်းသပ် ဖမ်းဆီးခဲ့ကြ၏။

ဒီဇင်ဘာလ ၁၅ ရက်နေ့က မရမ်းရွာမှ နှစ်မိုင်အကွာ တောစပ်တွင် အရပ် ၅ ပေ ၃ လက်မခန့်ရှိ ဆင်မကလေးကို မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့၌ အရပ် ၆ ပေ ၇ လက်မရှိ စွယ်စုံဆင်ထီးတစ်ကောင်ကို ဖမ်းဆီးရမိခဲ့ကြပြန်၏။ ထို့နောက် ဇန်နဝါရီလ ၅ ရက်နေ့တွင် အရပ် ၆ ပေ ၄ လက်မရှိဆင်မ တစ်ကောင်ကို ထပ်မံဖမ်းဆီး ရမိခဲ့သည်။ ဆင်ရိုင်းသုံးကောင်မှာ ကျန်းမာရေးအခြေအနေ အထူးကောင်းမွန်လျက်ရှိပြီး ပထမဆုံးအကြိမ် ပစ်ခတ်ဖမ်းဆီးမိသည့် “မချော”ဟု အမည် ပေးထားသော ဆင်မကလေးကိုမူ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့ရန် စီစဉ်လျက်ရှိသည် ဟုဆို၏။

မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးနိုင်ခြင်းအားဖြင့် ကျုံးသွင်းဖမ်းဆီးသကဲ့သို့ ငွေကုန်လူပန်းပြီး ဆင်၏ကျန်းမာရေးအခြေအနေဆိုးဝါးမှုကို ကာကွယ်နိုင်သည်ဟု ဆိုပါသည်။ ဗိုလ်မှူးကြီး လှအောင်သည် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးနည်းကို သစ်တောဌာနမှ ဝန်ထမ်း





၁၈ ဦး နှင့် သစ်လုပ်ငန်းဌာနမှ ၂၄ ဦး၊ တိရစ္ဆာန်ဆေးကုဌာနမှ သုံးဦးတို့အား လက်တွေ့ သင်ကြားပြသပေးခဲ့၏။

## သီပေါဘုရင်၏ သမက်က အင်္ဂလိပ်ဘုရင်ခံကို စိန်ခေါ်
(၁၃-၁-၁၉၂၈)

၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် နေ့ထုတ်၊ ဝံသာနုသတင်းစာတွင် သီပေါဘုရင်၏ သမက်ဖြစ်သူ ဒုတိယသမီးတော်ထိပ်စုမြတ်ဖုရားလတ်၏ ခင်ပွန်း ဦးခင်မောင်လတ် ခေါ် လတ်သခင်က အင်္ဂလိပ်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာအား နှစ်ဦးသဘောတူ ခုတ်သတ်ကြရန် စိန်ခေါ်မှုတစ်ရပ်ပြုခဲ့ကြောင်း သတင်းဖော်ပြပါရှိပါသည်။ ဤသတင်းသည် ဦးခင်မောင်လတ်၏ အင်္ဂလိပ်ဘာသာဖြင့် အိန္ဒိယဘုရင်ခံချုပ်ထံ ပေးပို့ခဲ့သော ၂၇-၁၂-၁၉၂၇ ရက်စွဲပါစာကို အကိုးအကားပြုလျက် ဖော်ပြထားခြင်းဖြစ်ပါသည်။

ရတနာဂီရိ၌ ၁၀-၁၀-၁၉၁၆ခုနှစ်တွင် လက်ထပ်ခဲ့ခြင်းဖြစ်ပြီး ဇနီးမောင်နှံနှစ်ဦး ကလင်ပုံမြို့၌ နို့စားနွားမများမွေးမြူကာအသက်မွေးလျက် နေထိုင်ခဲ့ကြသည်။ ရန်ကုန်မြို့သို့ သွားရောက်နေထိုင်သူ မိဖုရားခေါင်ကြီး စုဖုရားလတ် ကံတော်ကုန်သွားပြီးနောက် ရတနာဂီရိမှ သီပေါမင်း၏ ရုပ်ကလာပ်ကို ရန်ကုန်သို့ပေးပို့ပြီး တစ်စုတစ်ပေါင်းတည်း သင်္ဂြိုလ်ရန် ဦးခင်မောင်လတ်တို့ ဇနီးမောင်နှံက သက်ဆိုင်ရာ ဗြိတိသျှအရာရှိတို့ထံတင်ပြခဲ့၏။ သို့သော် မြန်မာပြည် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ယင်းတင်ပြချက်ကို လက်မခံသဖြင့် ဇနီးမောင်နှံနှစ်ဦးက မတရားဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် ၃၁-၁၂-၁၉၂၅ တွင် ကလင်ပုံမြို့မှ မြန်မာနိုင်ငံသို့ ခြေကျင်လျှောက်ပြန်ကြရန် ထွက်ခွာခဲ့ကြသည်။ သို့သော် ကန္ဒီမြို့သို့ ရောက်ရှိစဉ် ၁၅-၃-၁၉၂၆ ၌ ဒုတိယသမီးတော်၏ ကျန်းမာရေးအခြေအနေကြောင့် အစီအစဉ်ကို ရပ်နားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်လတ်သည် တိုင်တားမင်းကြီး ဦးဘိုး၏ မြစ်တော်စပ်သူ ဖြစ်ပြီး စိတ်ဓာတ်ပြင်းထန်သူ တစ်ဦးလည်းဖြစ်ပါသည်။ သို့ဖြင့် မြန်မာပြည် ဘုရင်ခံဘတ္တလာအား စိန်ခေါ်လိုက်ကြောင်း စာတစ်စောင်ကို အင်္ဂလိပ် ဘာသာဖြင့် ရေးသားကာ အိန္ဒိယဘုရင်ခံချုပ်ထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ဝံသာနုသတင်းစာပါ ဦးခင်မောင်လတ်၏ စာမှာ သမိုင်းဝင်စာတစ်စောင် ဖြစ်၍ လေ့လာနိုင်ရန် မူရင်းအတိုင်း တင်ပြအပ်ပါသည်။



သီပေါမင်း၏ ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလတ်နှင့် ကြင်ရာတော်လတ်သခင် (ဦးခင်မောင်လတ်) တို့ ဇနီးမောင်နှံ





## နှစ်ဦးသဘောတူ ထိုးခုတ်သတ်ဖြတ်ရန်

နတ်ရွာစံလွန်တော်မူသော အရှင်နန်းမတော်ဘုရား၏ မသာတော် အရေးကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရတနာဂီရိမြို့၌ နတ်ရွာစံလွန်တော်မူသော သီပေါမင်းနှင့် မိဖုရားတို့၏ အလောင်းတော်များကို မြန်မာပြည်သို့ ဆောင်ကျဉ်းရန် အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆာဟာကုတ်ဘတ္တလာ အလွန်အမင်းမတရားပြုသည့်အတွက် အလောင်းတော်များကို ဘုံဘိုင်မြို့မှ မြန်မာပြည်သို့ တိုက်ရိုက်စစ်သင်္ဘောဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်တကွ မြန်မာလူမျိုးများနှင့် တိုင်ပင်၍ ဆောင်ကျဉ်း စေလိုသည်။ ဗြိတိသျှအစိုးရက အလောင်းများကို အထက်ပါနည်းအတိုင်း ငွေကုန်ကြေးကျခံ၍ မယူဆောင်နိုင်လောက်အောင် သနားကြင်နာခြင်းကင်းမဲ့လျှင် ကျွန်ုပ်တို့ခွင့်ပြုသော သူများ၏ရှေ့တွင် အရိုးများကို ထုတ်ယူပြီးသကာလ ကျွန်ုပ်တို့နှင့် မြန်မာလူမျိုးများထံသို့ ပါဆယ်ပြုလုပ်၍ ပေးပို့စေလိုပါသည်။

ကျွန်ုပ်တို့ တောင်းဆိုချက်များကို မတရားသဖြင့် စီမံပြုလုပ်သွားသော ဆာဟာကုတ်ဘတ္တလာ နှင့် ကျွန်ုပ်ခင်မောင်လတ်သခင်တို့ နှစ်ဦးသဘောတူသတ်ဖြတ်ထိုးခုတ်ရန် ခွင့်ပြုစေလိုပါသည်။ ကျွန်ုပ်တို့ ဆုံးဖြတ်ထားသည်ကိုလည်း ဘုရင်ခံချုပ်နှင့် အစိုးရတို့ သဘောတူလိမ့်မည်ဟု မျှော်လင့်သည်။

အကယ်၍ နှစ်ဦးသဘောတူ သတ်ဖြတ်ရန်သဘောတူပါက မည်သည့် လက်နက်ကိုကြိုက်သည်။ မည်သည့်နေရာကိုရွေးမည်။ မည်ကဲ့သို့ သတ်ဖြတ်မည်။ မည်သည့်အချိန်တွင် သတ်ဖြတ်ထိုးခုတ်မည် အစရှိသည်တို့ကို ဆာဟာကုတ်ဘတ္တလာနှင့် တွေ့ဆုံဆုံးဖြတ်မည်။ ကျွန်ုပ်မှာ ဟိမဝန္တာတောင်တွင်သုံးသော လေးနှင့်မြားရှိသည်။ ဆာဟာကုတ်ဘတ္တလာမှာ ကြိုက်ရာရွေးပါစေ၊ ဆာဟာကုတ်ဘတ္တလာက ၎င်းလက် နက်ကို မကြိုက်လျှင် သေနတ်ကိုအသုံးပြုနိုင်သည်။ ကျွန်ုပ်သည် သေနတ်နှင့်ပင် တိုက်ခိုက်ပါမည်။ တိုက်ခိုက်ရန် နေရာအတွက် ကာလကတ္တားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကလင်ပုံ တစ်မြို့မြို့ကို ရွေးချယ်စေလိုပါသည်" ဟူ၍ ဖြစ်ပါသည်။

## မြန်မာကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီစတင်တည်ထောင်
## (၂၁-၁-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် ဇန်နဝါရီလ ၂၁ ရက်နေ့၌ မြန်မာကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီကို တည်ထောင်လိုက်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ယင်းနေ့ ညနေ ၆ နာရီအချိန်တွင် ရန်ကုန်မြို့ ကမ္ဘောဇဟိုတယ်၌ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပရာ၌ ဒုတိယ ဗိုလ်မှူးကြီး ညွန့်လွင်၊ အစိုးရရေကြောင်း ကုမ္ပဏီမန်နေဂျာ အိုင်အီးအိုလန်နှင့် ဒုတိယဒါရိုက်တာမစ္စတာပီလယ်ဝပ်ဆင်တို့က သတင်းစာဆရာတို့၏ မေးမြန်းချက်များကို ပြန်လည် ပြောကြားခဲ့သည်။


မြန်မာကြယ်ငါးပွင့်ကုမ္ပဏီကို မတည်ငွေ ၁၂ သိန်းဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၅၉ ခုနှစ်၊ မတ်လ မှ စတင်ကာ မြန်မာ-ဂျပန် ရေကြောင်းခရီးကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းများမှာ ရန်ကုန်၊ စင်ကာပူ၊ ဘန်ကောက်၊ ဆိုင်ဂုံ၊ ဟောင်ကောင်၊ ကိုဘေတို့ဖြစ်ကြောင်း တာဝန်ရှိသူတို့က ရှင်းလင်း ပြောကြားခဲ့ကြ၏။

မြန်မာကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီအနေဖြင့် မြန်မာ-ဂျပန် ရေကြောင်းခရီးစဉ်ကို လစဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရ၏။ နောက်တစ်နှစ်အကြာ ၂၅-၁-၁၉၆၀ ထုတ် ဟံသာဝတီသတင်းစာ၌လည်း ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီအနေဖြင့် ကုန်တင်ကုန်ချ လုပ်ငန်းများလုပ်ဆောင်ရာ၌ အထူးအောင်မြင်လျက်ရှိကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သတင်းဖော်ပြရာတွင် ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီအနေဖြင့် ၁၉၆၀ ပြည့်နှစ် မတ်လမှစ၍ တောင်အာဖရိကတိုက်မှ ကျောက်မီးသွေးများကို သယ်ဆောင်ကာ မြန်မာနိုင်ငံအတွင်း ရောင်းချ





သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။



မြန်မာကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီပိုင် သင်္ဘောတစ်စီးကိုတွေ့ရစဉ်

## ကမ္ဘာတစ်ပတ် ခြေကျင်လှည့်လည်သူ ရန်ကုန်မြို့သို့ ရောက်ရှိ
## (၂၀-၁-၁၉၆၀)

ကမ္ဘာတစ်ပတ် ခြေကျင်လှည့်လည်သူ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှ ကျောင်းသားတစ်ဦးဖြစ်သော မစ္စတာဆူဂျိနိုဂျိန်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာကာ ဇန်နဝါရီလ ၂၀ ရက်နေ့ညတွင် အင်ဒိုနီးရှားသံရုံးမှ အရာရှိ မစ္စတာအမ်အေဟာမစ်က သံရုံးတွင် ဖိတ်ကြားဧည့်ခံခဲ့ကြောင်း ဇန်နဝါရီလ ၂၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ယင်းနေ့ည၌ သတင်းစာဆရာများအားလည်း ဖိတ်ကြားကာ မိတ်ဆက်ပွဲ တစ်ရပ်ကို ကျင်းပခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဆူဂျိုနိုဂျိန်က ပြောကြားရာတွင် သူသည် ၁၉၅၄ ခုနှစ်မှ စ၍ ဂျကာတာမြို့မှ မိတ်ဆွေနှစ်ဦးနှင့်အတူ ထွက်ခွာလာခဲ့ပြီး လမ်းတစ်လျှောက်တွင် စွန့်စားသွားလာခဲ့ရသည်ဆို၏။ အများအားဖြင့် ခြေကျင်ဖြင့်သာ ကမ္ဘာပတ်ခဲ့ပြီး အချို့နေရာများ၌ စက်ဘီး၊ သင်္ဘော၊ လေယာဉ်တို့ဖြင့် ခက်ခဲစွာသွားလာခဲ့ရကြောင်း ဆိုပါသည်။ ရန်ကုန်မြို့အရောက်မိုင် ၄၀၀၀၀ ကျော် ခရီးပေါက်ခဲ့ပြီဖြစ်ပြီး လာမည့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်ကြောင်း၊ ထို့နောက် မိမိနေ့ရပ်ဌာနီကို လွမ်းဆွတ်လှသည့်အလျောက် ဂျကာတာမြို့တော်သို့ ပြန်တော့မည်ဖြစ်ကြောင်း သတင်းစာဆရာများအားပြောကြားခဲ့သည်။

## မြန်မာနိုင်ငံ၌ အိန္ဒိယဘာသာဖြင့် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးမည်

(၂၂-၁-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာတွင် အင်ဒိုဘားမားဖလင်းမှ အိန္ဒိယဘာသာဖြင့် ‘ပြားကားအမ်ဆွမ်း” (အချစ်ရဲ့မျက်ရည်) ဟူသော ဇာတ်ကားတစ်ကားကို မြန်မာနိုင်ငံအတွင်း ရိုက်ကူးမည့်အကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ အိန္ဒိယဒါရိုက်တာနှင့် မြန်မာဒါရိုက်တာ ကိုသိန်းဟန်က ပူးတွဲရိုက်ကူးမည်ဖြစ်ပြီး အဓိကဇာတ်ဆောင်မင်းသမီးမှာ အေမွန်အမည်ရှိ အိန္ဒိယမြန်မာကပြား အမျိုးသမီးကလေးဖြစ်ကြောင်း ဆိုပါသည်။

အိန္ဒိယဘာသာဖြင့် ရိုက်ကူးမည့် “အချစ်ရဲ့မျက်ရည်” ဇာတ်ကားကို ကော်ပီ ၁၆ ခု ကူးလျက် နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်း သတင်း၌ဖော်ပြထား၏။

■





## လပေါ်မှ ယူဆောင်လာသော ကျောက်တုံး ရန်ကုန်မြို့၌ ပြသမည်

(၂၃-၁-၁၉၇၀)

လွန်ခဲ့သည့်နှစ် ဇူလိုင်လက လပေါ်သို့ ဆင်းသက်ခဲ့ကြသည့် အမေရိကန်အာကာသယာဉ်မှူး နီးလ်အမ်စထရောင်းနှင့် အက်ဒွင်အောလ်ဒရင့်တို့ သယ်ဆောင်လာသော လပေါ်မှကျောက်တုံး တစ်တုံးကို ဇန်နဝါရီလ ၂၄ ရက်နေ့မှစ၍ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အင်ဗွိုင်းခန်းမ (ယခု တပ်မတော်ခန်းမ)၌ အများပြည်သူများ ကြည့်ရှုနိုင်ရန် ပြသထားမည် ဖြစ်ကြောင်း ၂၃-၁-၁၉၇၀ ထုတ် ရန်ကုန်သတင်းစာ၌ သတင်းဖော်ပြပါရှိ၏။ ယင်းလကျောက်တုံးမှာ အလေးချိန် ၂၁. ၃၈ ဂရမ်ရှိပြီး သက်တမ်းကို ရေဒီယိုအက်တစ်နည်းဖြင့် စမ်းသပ်ကြည့်ရာ နှစ် သန်းပေါင်း ၃၅၀၀ ခန့်ရှိပြီဟု သိရှိရကြောင်း ဆိုပါသည်။

အပိုလို (၁၁) အာကာသယာဉ်မှူး နှစ်ဦးအနေဖြင့် လွန်ခဲ့သည့်နှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်စဉ်ပထမဦးစွာ ကျောက်တုံးအချို့ကို ပလတ်စတစ်အိတ်အတွင်းသို့ကောက်ယူထည့်သွင်းထားကြ၏။ အရေးအကြောင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက ကျောက်တုံးအချို့ သယ်ဆောင်လာနိုင်စေရန် ယင်းသို့ဦးစွာ ကောက်ယူသိမ်းဆည်းရကြောင်းဆို၏။ ဘူမိဗေဒ ပညာရှင်များအတွက် အသုံးဝင်နိုင်မည့် လကျောက်တုံးတွင် သံဓာတ်နှင့် ပိုတက်စီယမ်ဓာတ်များ အများအပြားပါရှိသည် ဆိုပါသည်။ ယင်းလကျောက်တုံးကို မြန်မာနိုင်ငံ၌ ပြသပြီးစီးပါက အမေရိကန် အာကာသနှင့် အမျိုးသားလေကြောင်း အုပ်ချုပ်ရေးဌာန (နာဆာ)သို့ သိပ္ပံစမ်းသပ်မှုများ ပြုလုပ်နိုင်ရန် ပြန်လည်ယူဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရသေ့ကြီး ဦးခန္တီ ပျံလွန်တော်မူပြီ
## (၂၇-၁-၁၉၄၉)

မြန်မာနိုင်ငံ အနှံ့အပြား၌ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်ပြုပြင်မွမ်းမံခဲ့သည့် ရသေ့ကြီး ဦးခန္တီသည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ညတွင် ပျံလွန်တော်မူပြီ ဖြစ်ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ရသေ့ကြီး ဦးခန္တီသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် စစ်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် မိမိ၏ ကုသိုလ်ကောင်းမှုများကို အသစ်ပြန်လည်မွမ်းမံပြင်ဆင်ရင်း အဆောက်အအုံအသစ်များကိုလည်း ထပ်မံဆောက်လုပ်ရန်စီစဉ် နေဆဲ လေငန်းရောဂါဝေဒနာကြောင့် ကိုယ်တစ်ခြမ်းသေသကဲ့သို့ ဖြစ်ခဲ့ရ၏။ ရသေ့ကြီးသည် ပျံလွန်ချိန်၌ အသက် ၈၁ နှစ်အရွယ် ရှိပြီဖြစ်ပါသည်။

ရသေ့ကြီး ဦးခန္တီကို ၁၈၆၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ရမည်းသင်းမြို့ အနောက်တောင်ဘက် ရွာသာရွာ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးရွှေလှ၊ ဒေါ်ခိုဥတို့ဖြစ်ကြပြီး ရသေ့ကြီး၏ ငယ်နာမည်မှာ မောင်ဖိုးမောင် ဖြစ်ပါသည်။ ရသေ့ကြီးလောင်းလျာ မောင်ဖိုးမောင်ကို ဖွားမြင်ချိန်၌ အထက်မြန်မာနိုင်ငံရတနာပုံနေပြည်တော်တွင် မင်းတုန်းမင်း ထီးနန်းစိုးစံလျက်ရှိပြီဖြစ်သည်။ ထို့ကြောင့် အချို့စာအုပ်များတွင် ရသေ့ကြီး ဦခန္တီကို မင်းတုန်းမင်း ဝင်စားသူဟု ရေးသားကြသည်မှာ အဓိပ္ပာယ်မဲ့လွန်းလှ၏။

ဦးခန္တီသည် ၁၈၈၇ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ရဟန်း ၁၂ ဝါအရတွင် ရသေ့အဖြစ်သို့ ကူးပြောင်းကာ မန္တလေးမြို့၌ ကမ္မဋ္ဌာန်းအားထုတ်နေခဲ့သည်။ ထိုစဉ် တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးက ရသေ့ကြီး ဦးခန္တီအား "သာသနဒ္ဓဟိတဇေနာယက" ဘွဲ့တံဆိပ်တော် ချီးမြှင့်ပေးအပ်ခဲ့သည်။ ဦးခန္တီသည် ၁၉၀၀ ပြည့်နှစ်တွင် ပျဉ်းမနားမြို့ ဆင်ဖြူတောင်သို့ ကြွရောက်ကာ ဘာသာရေး အဆောက်





အအုံများကို ဆောက်လုပ်ခဲ့၏။ ၁၉၁၃ ခုနှစ်တွင် ရန်ကင်းတောင်ဘုရားဂူများကို ပြုပြင်ခဲ့သည်။ ရသေ့ကြီးဦးခန္တီ၏ ကုသိုလ်ကောင်းမှုများမှာ များပြားလှပြီး ထိုခေတ်ကာလတန်ဖိုးအားဖြင့် သန်း ၂၀ ကျော်ခန့် ရှိမည်ဟု မှန်းဆကြ၏။ အနှစ် ၄၀ အတွင်း မြို့ ၂၀၊ ဌာန ၄၇ ဌာနတို့၌ အဆောက်အအုံများကို တည်ဆောက်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။ အထူးသဖြင့် မန္တလေးတောင်ကို မွမ်းမံပြုပြင်ခဲ့သဖြင့် မန္တလေးတောင် ရသေ့ကြီး ဟု အမည်ထင်ရှားခဲ့၏။



မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အအုံများကို တည်ဆောက်ပြုပြင်ခဲ့သည့် ရသေ့ကြီး ဦးခန္တီ (၁၈၆၇-၁၉၄၉)



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော် စာရေးဆရာကြီး ဆမားဆက်မောမ် ရန်ကုန်သို့ ရောက်ရှိ (၃၀-၁-၁၉၆၀)

ကမ္ဘာကျော်စာရေးဆရာကြီး ဆမားဆက်မောမ် (Somerset Maug) သည် ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ဆမားဆက်မောမ်သည် ယင်းနေ့ နံနက် ၁၁ နာရီအချိန်တွင် ရန်ကုန်မြို့ စထရင်းဟိုတယ်၌ စာရေးဆရာ၊ သတင်းစာဆရာများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပ ခဲ့သည်။ စာရေးဆရာကြီးက ရန်ကုန်မြို့သို့ အထူးရည်ရွယ်ချက် မရှိဘဲ ရောက်ရှိလာကြောင်း၊ လွန်ခဲ့သော ၃၅ နှစ်ခန့်ကလည်း၊ မန္တလေးသို့ မြစ်ကြောင်းခရီးမှ ဆန်တက်သွားရောက်ကာ "ပန်းခြံထဲက လူကြီးလူကောင်း" စာအုပ်ကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဆိုပါသည်။

စာရေးဆရာကြီးက ဆက်လက်ပြောကြားရာတွင် မိမိရေးသားသော စာအုပ်တစ်အုပ်ကို ရုရှားဘာသာပြန်ဆိုပြီး မော်စကိုမြို့၌ ထုတ်ဝေခဲ့ရာ ရသင့်ရထိုက်သော ချီးမြှင့်ငွေကို လာရောက်လက်ခံယူပါရန် အကြောင်းကြားသော်လည်း ရုရှားသို့မသွားလိုသဖြင့် ငြင်းပယ်ခဲ့ကြောင်း ဆို၏။ စာရေးဆရာကြီးမှာ ထင်ပေါ်ကျော်ကြားသူ ဖြစ်သဖြင့် မည်သို့ ခံစားရကြောင်း မေးမြန်းရာ၌မူ ဤအချက်ကို မိမိမပြောတတ်ကြောင်း ပြန်ကြားခဲ့၏။ စာရေးဆရာကြီး ဆမားဆက်မောမ်သည်စာအုပ် ၂၈ အုပ်၊ ဝတ္ထုတို ၁၁၀၊ ပြဇာတ် ၂၄ ခု ရေးသားပြီးဖြစ်ကာ နောက်ဆုံး ရေးသား ပြုစုခဲ့သည့် စာအုပ်မှာ "ထင်မြင်ယူဆချက်" ဟူသော စာအုပ်ဖြစ်ကြောင်း သိရှိရ၏။

■





## မဟာဗန္ဓုလ၏ တပ်သားဟောင်းကြီးဆိုသူ ရန်ကုန်သို့ ရောက်ရှိလာ (၁၉-၁-၁၉၆၂)

ဘကြီးတော်မင်းလက်ထက်၊အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း ဓနုဖြူခံတပ်၌ ကျဆုံးသွားသူ စစ်သူကြီး မဟာဗန္ဓုလ၏ တပ်သားဟောင်းကြီးတစ်ဦး ဖြစ်သည်ဆိုသော ဘိုးဘိုး ဦးတောင်ကြီးခေါ် ဦးခမ်းဦးသည် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် နိုင်ငံတော် အစိုးရ၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း နောက်တစ်နေ့ထုတ် သတင်းစာများ၌ သတင်းဖော်ပြပါရှိပါသည်။ ဦးခမ်းဦး သည် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ဇာကောလုံရွာတွင် နေထိုင်သူ ဖြစ်ပြီး ထိုစဉ်က အသက် ၁၂၄ နှစ်ရှိပြီ ဆို၏။

ဘိုးဘိုးဦးတောင်ကြီးအား ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က တပ်မတော်အရာရှိ ရှင်ဇာငုံဆိုသူက ဇာကောလုံရွာ၌ သွားရောက်တွေ့ဆုံခဲ့ရာမှ အသက်အလွန်ရှည်သူ အဘိုးအိုတစ်ဦးအဖြစ် သိရှိခဲ့ကြခြင်းဖြစ် သည်။ ဘိုးဘိုးဦးတောင်ကြီး (ခေါ်) ဦးခမ်းဦး၏ အမည်အရင်းမှာ တီမုန်းဖြစ်ပြီး ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့၌ အဘ ကျိုင်းခ နှင့် အမိအိနွန်တို့က ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ မွေးနေ့ အမှတ်အသားကို ၁၁၇၂ ခုနှစ်၊ ဒုတိယဝါဆို လဆုတ် ၄ ရက် (၁၉ ဇူလိုင် ၁၈၁၀) ဟူ၍ တွေ့ရှိရ၏။ ယင်းမွေးနေ့ အမှတ်အသားအရ အသက် ၁၅ နှစ်အရွယ်ခန့်တွင် စစ်သူကြီး မဟာဗန္ဓုလထံတွင် အမှုထမ်းခဲ့ရခြင်း ဖြစ်ပေမည်။ ဦးခမ်းဦးသည် မဟာဗန္ဓုလအား ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့ရကြောင်း ဆိုပါသည်။

ဦးခမ်းဦး၏ သူငယ်ချင်းဖြစ်သူ ဗိုလ်ခန်းကြီးမှာ အင်္ဂလိပ်-မြန်မာ ပထမ စစ်ပွဲကာလအတွင်း ကမာဆိုင်တိုက်ပွဲ၌ ကျဆုံးသွားကြောင်း ပြောပြခဲ့၏။ ဘားအံမြို့၊ ဇွဲကပင်တောင်ပေါ် ဘုရားထီးတင်ပွဲတွင် ကြေးခေါင်းလောင်းကြီးကို တောင်ပေါ်သို့ ထမ်းတက်ခဲ့ရဖူးကြောင်းလည်း ပြောပြခဲ့၏။ ဘားအံမြို့ အရှေ့ပိုင်းတွင်နေထိုင်သူ အသက် ၉၀ ကျော်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ ဦးကျော်မြဆိုသူ အဘိုးတစ်ဦးက သူတို့ငယ်စဉ်ကာလကပင် ဦးခမ်းဦးမှာ အသက်အတော်ကြီးပြီဖြစ်ကြောင်း ထောက်ခံပြောဆိုခဲ့၏။ အလားတူ ဖာပွန်မြို့အနီး ကူဆိပ်ရွာမှ ဦးခမ်ဆွမ်း ဆိုသူ သက်ကြီးရွယ်အို တစ်ဦးကိုလည်း တပ်မတော်အရာရှိများက ဦးခမ်းဦး အကြောင်းသွားရောက်မေးမြန်းခဲ့သေး၏။ ဦးခမ်ဆွမ်းသည် ဒုတိယဇနီးမှ ဖွားမြင်သူ သားများဖြစ်ကြသော အသက် ၈၀ အရွယ်ရှိ ဦးစိန်၊ အသက် ၇၀ ကျော်အရွယ်ရှိ ဦးပဏ္ဍဝ တို့နှင့်အတူ နေထိုင်သူဖြစ်ပြီး သူက ဦးခမ်းဦးမှာ မိမိထက်အသက် ၁၅ နှစ်ခန့် ကြီးသူ ဖြစ်ကြောင်းဆိုပါသည်။ ဦးခမ်းဦး၏ ဇနီးမှာ အသက် ၈၈ နှစ်အရွယ်ရှိ ဒေါ်စောနန်းမေ ဖြစ်သည်။



စစ်သူကြီးမဟာဗန္ဓုလ၏ တပ်သားဟောင်းကြီးတစ်ဦး ဖြစ်သည်ဆိုသော ဘိုးဘိုးဦးတောင်ကြီး ခေါ် ဦးခမ်းဦး





## ကျေးရွာ ၁၀၀ စုပေါင်းရှင်ပြုပွဲကျင်းပ
## (၂၆-၁-၁၉၆၉)

၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ မယင်းလက်ပံခုံကျေးရွာအုပ်စု၌ ကျေးရွာပေါင်း ၁၀၀ စုပေါင်း၍ ရှင်ပြုပွဲကျင်းပခဲ့ကြောင်း နောက်တစ်နေ့ထုတ် သတင်းစာများတွင် သတင်းဖော်ပြပါရှိခဲ့သည်။ သတင်းဖော်ပြချက်အရ ယင်းကျေးရွာမှ တောင်သူလယ်သမား ဦးကြီးများအနေဖြင့် လယ်ယာလုပ်ငန်းများဖြစ်သော ရာကျော်စပါး၊ ဂုန်လျှော်၊ သီးထပ်စိုက်ပျိုးမှုနှင့် ခြံထွက်သီးနှံများ အောင်မြင်ခဲ့မှုကြောင့် ယခုကဲ့သို့ ကျေးရွာ ၁၀၀ စုပေါင်းရှင်ပြုပွဲကို လုပ်ဆောင်ခဲ့ရကြောင်း သိရှိရ၏။

စုပေါင်းရှင်ပြုပွဲကို ရလက ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဇနီးတို့ ဦးဆောင်ခဲ့ကြပြီး ရှင်လောင်းလှည့်လည်ရာ၌ သုံးမိုင်အကွာရှိ ဇီးကုန်းမြို့အထိ သွားရောက်လှည့်လည်ခဲ့ကြရာ ပရိသတ်အင်အားမှာ နှစ်မိုင်မျှရှည်လျားခဲ့သည်ဟု ဆိုပါသည်။ ရှင်ပြုပွဲသို့ ကျေးရွာပေါင်း ၁၀၀ မှနေထိုင်သူများသာမက မြို့များကပါ လာရောက်ကြရာ ဧည့်သည်ပရိသတ် ၈၀၀၀ ကျော် ရှိခဲ့သည်ဆို၏။ ရှင်ပြုအလှူပွဲသို့ လာရောက်ကြသူ ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး သံဃာတော်အပါး ၃၀ ကျော်ကိုလည်း ဆွမ်းနှင့်တကွ လှူဖွယ်ဝတ္ထုများ ကပ်လှူခဲ့ကြသည် ဆို၏။

## ရွှေတိဂုံစေတီတော်ဆံတော်တွင်း တံခါးဖွင့်လှစ်ရှင်းလင်း
## (၂၄-၁-၁၉၇၀)

၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ ဆံတော်တွင်းတံခါးအား ဂေါပကအဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများ ကြီးကြပ်လျက် ဖွင့်လှစ်ကာ ဆံတော်တွင်းဝရှိ ပစ္စည်းများကို ဆယ်ယူရှင်းလင်းကြကြောင်း နောက် တစ်နေ့ထုတ် ရန်ကုန်သတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းသို့ဆယ်ယူ ရှင်းလင်းရာ၌ ရဟန်းရှင်လူတို့ လှူဒါန်းထားသော ငွေများနှင့်အတူ ငွေစလွယ်တစ်ခု၊ ခြောက်လုံးပြူးအပျက်တစ်လက်၊ ဇာတာများ၊ အင်္ဂလိပ် ဓာတ်လုံးများ၊ ကြေးပြားအင်းများ ရရှိခဲ့သည်ဆို၏။ ပစ္စည်းများကို ဆယ်ယူပြီးနောက် နေ့လယ်ပိုင်းတွင် ဆံတော် တွင်းကို ပြန်လည်ပိတ်ခဲ့ကြောင်း ဆိုပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အနေဖြင့် စေတနာရှင်တို့ လှူဒါန်းထားသော ငွေကြေးနှင့် ပစ္စည်းများ နှစ်ကြာရှည်လျှင် ပျက်စီးသွားမည်စိုးသဖြင့် ယင်းသို့ မကြာခဏ ဆယ်ယူသိမ်းဆည်းရကြောင်း သိရှိရ၏။



# အခန်း (၂)

## ဆောင်းသတင်းစာများက ပြောသော ပဖော်ဝါရီ

၁။ ဖေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ (၆-၂-၁၉၂၀)

၂။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပြုလုပ်မည့် လိုဏ်ဂူတော် အဆောက်အအုံ အုတ်မြစ်ချ (၄-၂၁၉၅၃)

၃။ ရာဇဓာတုကလျာ၏ ကျောက်ပျဉ်ကိုတွေ့မြင်ရာမှ အမျိုးသမီးတစ်ဦး ထူးဆန်းစွာ ငိုကြွေး (၉-၂-၁၉၅၄)

၄။ ဂျပန်စစ်လျော်ကြေးအဖြစ် မီးရထားတွဲ ၁၁၃ တွဲပေးပို့ (၂-၂-၁၉၅၇)

၅။ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ကြီး ဆာဦးသွင်ကွယ်လွန် (၂-၂-၁၉၆၇)

၆။ စောင်းဆရာကြီး ဒေဝဣန္ဒာမောင်မောင်ကြီးကွယ်လွန် (၉-၂-၁၉၂၇)

၇။ ခရမ်းရောင်လွင်ပြင်ဇာတ်ကားများမှ ရုပ်ရှင်မင်းသမီးက ပြည်သူ့ဂျာနယ်အား တရားစွဲဆို (၁၆-၂-၁၉၅၇)

၈။ ဝိတိုရိယဘုရင်မရုပ်တု သံလွင်မြစ်အတွင်းသို့ပစ်ချမည် (၁၀-၂-၁၉၅၈)

၉။ ဂြိုလ်ကြီးရှစ်လုံးပူးချိန် မြန်မာနိုင်ငံမြို့ကြီးများ၌ ပရိတ်ရွတ် (၅-၂-၁၉၆၂)

၁၀။ ပြဒါးလင်းဂူ လေ့လာရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ (၅-၂-၁၉၆၉)



www.burmeseclassic.com

www.burmeseclassic.com



၁၁။ ရက်သတ္တ (၁)ပတ်အတွင်း ယာဉ်တိုက်မှု (၁၉)မှုဖြစ်ပွား (၁၅-၂-၁၉၅၅)

၁၂။ ပညာမင်းကြီးဦးကောင်း ကာလကတ္တားမြို့၌ ကွယ်လွန် (၂၀-၂-၁၉၅၇)

၁၃။ ဗီယက်နမ်သမ္မတကြီး ဟိုချီမင်း မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာ (၁၄-၂-၁၉၅၈)

၁၄။ မြန်မာ့လက်ရွေးစင်တောင်တက်သမားများကို ဟိမဝန္တာ တောင်တက်ကျောင်းသို့ပို့မည် (၁၈-၂-၁၉၆၀)

၁၅။ မြန်မာနိုင်ငံမှ တီထွင်သောစက်ရုပ်အား ပြည်ထောင်စုပွဲတော်၌ ပြသထား (၁၂-၂-၁၉၈၆)

၁၆။ ပထမဆုံးအကြိမ် ယိုးဒယား-မြန်မာ ချစ်ကြည်ရေး အပြေးပြိုင်ပွဲကျင်းပပြုလုပ် (၂၄-၂-၁၉၅၈)

၁၇။ အဖိုးတန် မြန်မာ့သစ်ခွပန်းများ နိုင်ငံခြားသို့ တင်ပို့ရောင်းချမည် (၁၇-၂-၁၉၆၀)

၁၈။ မန္တလေးပြတိုက်မှ နန်းတွင်းပစ္စည်းအချို့ အခိုးခံရ (၂၈-၂-၁၉၆၀)

၁၉။ အင်းဝမြို့တော် နှစ် ၆၀၀ ပြည့် အခမ်းအနားကျင်းပမည် (၂၇-၂-၁၉၆၁)

၂၀။ ကျောက်ရောဂါ လုံးဝကင်းရှင်းပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ (၂၆-၂-၁၉၇၂)

၂၁။ သဘော်နစ်မြုပ်မှုကို အခွင့်ကောင်းယူ၍ လိမ်လည်သူအား ဖမ်းဆီးရမိ (၂၆-၂-၁၉၇၃)





## ဖေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိ (၆-၂-၁၉၂၀)

၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အင်္ဂလန်နိုင်ငံသို့ သွားရောက် အရေးဆိုကြသော ဖေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။ ဖေပုရှိန်အဖွဲ့တွင် ဦးဘဖေ၊ ဦးပုနှင့် ဦးထွန်းရှိန်တို့ သုံးဦးပါဝင်ကြပြီး ၇-၇-၁၉၁၉ တွင် အင်္ဂလန်သို့ ထွက်ခွာသွားခဲ့ကြခြင်းဖြစ်၏။

၁၉၁၉ ခုနှစ်တွင် ဗြိတိသျှအစိုးရက အိန္ဒိယအက်ဥပဒေကို ထုတ်ပြန်ကာ အိန္ဒိယနိုင်ငံအား အုပ်ချုပ်ရေး အဆင့်အတန်း တိုးမြှင့်ပေးလိုက်၏။ သို့သော် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့သဖြင့် ဂျီစီဘီအေခေါ် နိုင်ငံရေးအသင်းချုပ်ကြီးက အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ယင်းသို့ အပြင်းအထန် ကန့်ကွက်နေစဉ်အတွင်း မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က "ကရက်ဒေါက်စီမံကိန်း"ကို ထုတ်ပြန်ခဲ့သည်။ သို့သော်ယင်းစီမံကိန်းမှာလည်း မြန်မာပြည်သူတို့အတွက် သင့်တော်ခြင်းမရှိသဖြင့် တစ်နိုင်ငံလုံးက ကန့်ကွက်ခဲ့ကြသည်။ သို့ဖြင့် ၁၉၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ သုံးဦးအား အင်္ဂလန်သို့ စေလွှတ် အရေးဆိုကြရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဖေပုရှိန် ကိုယ်စားလှယ်အဖွဲ့မှ ဦးထွန်းရှိန်သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက် လအနည်းငယ်အကြာ၌ ကွယ်လွန် သွားပါသည်။ သို့ဖြစ်၍ နောက်တစ်ကြိမ်ထပ်မံစေလွှတ်သော ကိုယ်စားလှယ်အဖွဲ့၌ ဦးသိမ်းမောင်ကို အစားထိုးလိုက်ပါစေခဲ့ရသဖြင့် ဖေပုမောင် အဖွဲ့ဟု ခေါ်ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ဦးထွန်းရှိန်၊ ဦးဘဖေ၊ ဦးပု (ဖေ၊ ပု၊ ရှိန်)


## ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပြုလုပ်မည့် လိုဏ်ဂူတော် အဆောက် အအုံ အုတ်မြစ်ချ (၄-၂-၁၉၅၃)

ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပြုလုပ်မည့် လိုဏ်ဂူတော် အဆောက်အအုံအုတ်မြစ်ချပွဲ ကို ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက် ၈ နာရီအချိန်၌ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ကျင်းပခဲ့၏။





ယင်းအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ခဲ့ပြီး လိုဏ်ဂူတော်နှင့်အတူ ကျောင်းဆောင်ကြီးလေးဆောင်ကိုလည်း ဆောက်လုပ်ရန် လျာထားသတ်မှတ်ခဲ့ကြ၏။ လိုဏ်ဂူတော်မှာ အပြင်ဘက်၌ အလျား ၄၅၅ ပေ၊ အနံ ပေ ၃၇၀ ရှိပြီး အတွင်း၌ အလျား ပေ ၂၂၀၊ အနံပေ ၁၄၀ ရှိပါသည်။ ခြောက်ကြိမ်မြောက် သင်္ဂါယနာပွဲကို ရည်စူး၍ ဝင်ပေါက် ခြောက်ပေါက်၊ တိုင်ကြီး ခြောက်တိုင် ထားရှိ၏။



မဟာပါသာဏလိုဏ်ဂူတော်

လိုဏ်ဂူတော် အဆောက်အအုံကို အုတ်မြစ်ချပြီးနောက် စတင်တည်ဆောက်ခဲ့ရာ ၃၉၆ ရက်အကြာ ၁၀-၅-၁၉၅၄ ခုနှစ်၌ တည်ဆောက် ပြီးစီးခဲ့သည်။ ယင်းအဆောက်အအုံကြီးကို အမှုထမ်း၊ အရာထမ်းများ အပါအဝင် လုပ်သားအင်အားများစွာနှင့် တည်ဆောက်ခဲ့ကြရာ စုစုပေါင်း ငွေသိန်း ၉၀ ကျော် ကုန်ကျခဲ့သည် ဆိုပါသည်။ လိုဏ်ဂူတော် အပြင်ဘက်တွင် သံဃာတော်များသီတင်းသုံးနိုင်ရန် ပုဗ္ဗဝိဒေဟာ၊



www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗူဒီပ၊ အပရဂေါယာနရ ဥတ္တရကုရုနှင့် ကုရုအမည်ရှိ ကျောင်းဆောင်ကြီး လေးဆောင်ကိုလည်း ဆောက်လုပ်ခဲ့၏။ ကျောင်းဆောင်များကို ကျွန်း ကြီးလေးကျွန်း အမည်ပေးလျက် ဆောက်လုပ်ထားပြီး အလျား ပေ ၂၀၀ မှ ပေ ၂၈၀ အထိရှိသော သုံးထပ်အဆောက်အအုံများ ဖြစ်ကြ၏။

## ရာဇဓာတုကလျာ၏ကျောက်ပျဉ်ကိုတွေ့မြင်ရာမှ အမျိုးသမီးငယ် တစ်ဦး ထူးဆန်းစွာငိုကြွေး (၉-၂-၁၉၅၄)

၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပဲခူးမြို့၊ ရွှေမော်ဓော ဘုရားရင်ပြင်ထက်ရှိ ပြတိုက်၌ ပြသထားသော ရာဇဓာတုကလျာ၏ ကျောက်ပျဉ်ကို တွေ့မြင်ရာမှ အမျိုးသမီးငယ်တစ်ဦး ထူးဆန်းစွာ ငိုကြွေးခဲ့ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ အမျိုးသမီးငယ်က ကျောက်ပျဉ်မှာ မိမိ၏ သခင်မ ရာဇဓာတုကလျာ၏ ပစ္စည်းဖြစ်ကြောင်း၊ မိမိသည်ဘဝတစ်ခုတွင် အပျိုတော် ဖြစ်ခဲ့ပြီး ယင်းကျောက်ပျဉ်အား ဦးခေါင်းဖြင့်ရွက်၍ သခင်မ ထံပေးပို့ခဲ့ ရကြောင်း ဂေါပကအဖွဲ့ဝင်များအား ရှင်းလင်းပြောကြား ခဲ့သည်ဆို၏။ ထိုစဉ်က အစိုးရရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ ဦးဘသက်တင်လည်း ပြတိုက် အတွင်း၌ ရှိနေခဲ့ကြောင်း ဆိုပါသည်။

ပဲခူးမြို့တွင် ၄-၅-၁၉၃၀ က လျှင်ပြင်းထန်စွာ လှုပ်ခဲ့သဖြင့် ပဲခူးရွှေမော်ဓောစေတီခေါင်းလောင်းပုံ အပါအဝင် အထက်ပိုင်းမှာ အရှေ့ တောင်ထောင့်ရင်ပြင်ထက်သို့ ပြိုကျခဲ့ရ၏။ ယင်းစေတီပျက်ကို အနှစ် ၂၀ နီးပါးကြာ ပြုပြင်မှုမရှိဘဲ ၂၄-၁-၁၉၄၈ တွင်မှ ပြုပြင်တည်ဆောက် ရေးလုပ်ငန်းများ စတင်ခဲ့ရာ စေတီခြေရင်းပတ်လည်၌ ကျားကန် သံချောင်းများ စိုက်ရန် ကျင်း ၃၂ ကျင်းတူးစဉ် ကျောက်ပျဉ်တစ်ချပ်





တူးဖော်ရရှိခဲ့၏။ ကျောက်ပျဉ်မှာ မူလက ရွှေရည်သုတ်လိမ်း ထားခဲ့ဟန် တူသည်။

## ဂျပန် စစ်လျော်ကြေးအဖြစ် မီးရထားတွဲ ၁၁၃ တွဲ ပေးပို့ (၂-၂-၁၉၅၇)

၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ထုတ် ဗမာ့ခေတ် သတင်း စာတွင် ဂျပန်အစိုးရက စစ်လျော်ကြေးအဖြစ် မီးရထားတွဲ ၁၁၃ တွဲ ပေးပို့လိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါ၏။ ယင်းမီးရထား တွဲများအား တန်ချိန် ၅၀၀၀ရှိ ဂျပန်သင်္ဘောတစ်စင်းဖြစ်သော အတာ ဂိုမားရူး သင်္ဘောဖြင့် တိုကျိုမြို့ဆာကီဆိပ်ကမ်း မှ တင်ပို့လိုက် ကြောင်း ဆိုပါသည်။ ဂျပန်တို့ စစ်ရှုံးသွားပြီးနောက် မြန်မာနိုင်ငံသို့ စစ်လျော်ကြေး ဒေါ်လာ သန်း ၂၅၀ ပေးအပ်ရန်ရှိရာတွင် ယခင်နှစ် မတ်လမှစ၍ စစ် လျော်ကြေးပစ္စည်းများ တင်ပို့ခဲ့၏။

ယခုနှစ် လျာထားချက်အရ ဒေါ်လာ ၃၆ သန်းတန် ပစ္စည်းများ ပေးပို့ ရန်ရှိရာ မီးရထားတွဲ ၁၁၃ တွဲ မှာ ၎င်းလျော်ကြေးငွေ၏ တစ်စိတ် တစ်ဒေသ ဖြစ်ကြောင်း သိရှိရ၏။

## မြန်မာ့စီးပွားရေး လုပ်ငန်းရှင်ကြီး ဆာဦးသွင်ကွယ်လွန် (၂-၂-၁၉၆၇)

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးအဖြစ် ထင်ရှားသူ ဆာဦးသွင်သည် အသက် ၈၈ နှစ်အရွယ် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ် သတင်းစာများ၌ သတင်းဖော်ပြပါရှိ၏။ ဆာဦးသွင်သည် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံရေးအသင်းကြီးဖြစ်သော မြန်မာပြည် သဟာယ အသင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို စတင်တည်ထောင်သူဖြစ်ပြီး ယင်းအသင်းကြီး၏ ပထမဆုံး ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ဦးသွင်သည် ဗြိတိသျှတို့၏ အကျိုးအတွက် ကျိုးနွံစွာထမ်း ဆောင်ခဲ့ဖူးသူ မဟုတ်သော်လည်း တိုင်းသူပြည်သားများ၏ အားထားယုံ ကြည်မှုကို ခံယူရခြင်း၊ သစ္စာသမာဓိနှင့် ပြည့်စုံခြင်း၊ အဂတိ တရားလေးပါး မလိုက်စားခြင်းစသည့် ဂုဏ်ပုဒ်များကြောင့် ဗြိတိသျှ အစိုးရက ဆုတံဆိပ်ပေးအပ်ခြင်းကို ခံခဲ့ရ၏။

၁၉၄၁ ခုနှစ်တွင် ဗြိတိသျှအစိုးရက ပေးအပ်ချီးမြှင့်ခဲ့သော ဆုတံဆိပ်ကို ရရှိခဲ့သကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၀ ပြည့်နှစ် တွင် သတိုးသီရိသုဓမ္မဘွဲ့ကို ရရှိခဲ့သည်။ ဆာဦးသွင်သည် ဆဋ္ဌသင်္ဂါ ယနာဖြစ်မြောက် ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနကောင်စီ၊ တိပိဋက ဓရ ရွေးချယ်ရေးအဖွဲ့တို့၌ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရ၏။

စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီးကွယ်လွန်

(၉-၂-၁၉၂၇)



ဒေဝဣန္ဒာမောင်မောင်ကြီး (၁၈၅၄-၁၉၂၇)





ရတနာပုံခေတ်တွင် ထင်ရှားခဲ့သည့် နန်းတွင်းစောင်းဆရာကြီး တစ်ဦးဖြစ်သူ ဒေဝဣန္ဒာဘွဲ့ခံ ဦးမောင်မောင်ကြီး ကွယ်လွန်သွား ကြောင်းကို ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ထုတ် သူရိယ သတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ဒေဝဣန္ဒာမောင်မောင် ကြီးကို ၁၈၅၄ ခုနှစ်တွင် လွှတ်တော်စာရေးကြီး မောင်မောင်ဖိုးနှင့် ဧနီးတို့မှ ဖွားမြင်ခဲ့ခြင်းဖြစ်ပြီး မွေးချင်းခြောက်ဦးအနက် တတိယသား ဖြစ်သည်။ မောင်မောင်ကြီးသည် မင်းတုန်းမင်းလက်ထက် အသက် ၁၃ နှစ်သားအရွယ်ကပင် ကွမ်းရေတော်အဖြစ် စတင်အမှုထမ်းရွက်ကာ စောင်းတီးဖျော်ဖြေခဲ့ရ၏။ အသက် ၂၂ နှစ်အရွယ် ၁၈၇၆ ခုနှစ်တွင် စစ်ကိုင်းဓမ္မိကချောင်၌ ရဟန်းဝတ်ခဲ့ပြီး သီပေါမင်းလက်ထက်၌ အမိန့် တော်ဖြင့် ပြန်လည်မင်းမှုထမ်းခဲ့ရသည်။ သီပေါမင်း ပါတော်မူသွားပြီး နောက် ရတနာဂီရိ၌ တိုက်သစ်တက် မင်္ဂလာပွဲပြုလုပ်စဉ် သွားရောက် ဖျော်ဖြေခဲ့ရသေး၏။ မန္တလေးသို့ ပြန်လည်ရောက်ရှိပြီးနောက် ရဟန်း ဝတ်သွားရာမှ ရဟန်းဝတ်ဖြင့် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ သူရိယ သတင်းစာပါ သတင်းဖော်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဒေဝဣန္ဒာဘုန်းတော်ကြီး စစ်ကိုင်းမြို့တွင် ပျံတော်မူခြင်း

မန္တလေးမြို့တည် နန်းတည်ဝိဇ္ဇမသင်္ဂါယနာတင်ဘုရင် မင်းတုန်း မင်း တရားကြီးလက်ထက်နှင့် သားတော်သီပေါမင်းတရားကြီး လက်ထက် မင်းနှစ်ဆက်တိုင် စောင်းအတတ်ဖြင့် အသုံးတော်ခံခဲ့ဖူးသော ဒေဝဣန္ဒာ ဘွဲ့ရ ဦးမောင်မောင်ကြီးသည် မကြာမီက ဘုန်းတော်ကြီးအဝတ်နှင့် ပျံလွန်တော်မူကြောင်း၊ ၎င်းဘုန်းတော်ကြီး ပျံလွန်တော်မူသော သတင်းကို ချက်ချင်းမရဘဲ အတန်ငယ်ကြာမှရသည့်အတွက် ဝမ်းနည်းဖွယ်ရာ ကောင်းကြောင်း။

ယခင်က စောင်းအတတ်နှင့် ဘုရင်နှစ်ဆက်တိုင်တိုင် အသုံး



www.burmeseclassic.com

www.burmeseclassic.com



တော်ခံပြီး မြန်မာပြည်တွင် သဘင်ပညာ၌ အကျွမ်းကျင်ဆုံးဖြစ်သော ပုဂ္ဂိုလ်တစ်ဦး ရှိသေးသည်။ တရားသံဝေဂရ၍ ရဟန်းဘောင်သို့ ဝင်နေသော ဒေဝက္ကန္ဒာကြီး ရှိသေးသည်ဟု ညွှန်ပြပြောဆိုနိုင်ကြသော်လည်း ယခုအခါမှာ ထိုကဲ့သို့ပင် ညွှန်ပြပြောဆိုနိုင်ရန် ပုဂ္ဂိုလ်ကြီးမရှိသည့် အကြောင်းကို မြန်မာပြည်ရှိလူတိုင်းပင် ကြားရလျှင် ဝမ်းနည်းကြမည်မှာ မလွဲဖြစ်ကြောင်း၊ ထိုမျှအရေးကြီးသော သတင်းကို အရေးမကြီးဟု မှတ်ထင်ကာ ဆိတ်ဆိတ်နေနိုင်ရက်ကြသည်ကို များစွာပင် ဝမ်းနည်းပြီးဖြစ်ရကြောင်းနှင့် မိတ်ဆွေတစ်ဦးက ရေးသားလိုက်ကြောင်းဟူ၍ ဖြစ်ပါသည်။

## ခရမ်းရောင်လွင်ပြင်ဇာတ်ကားမှရုပ်ရှင်မင်းသမီးက ပြည်သူ့ ဂျာနယ်အား တရားစွဲဆို (၁၆-၂-၁၉၅၇)

၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ၁၆ ရက်နေ့ထုတ် ဗမာ့ခေတ် သတင်းစာတွင် နာမည်ကျော် အမေရိကန် ဇာတ်ကားဖြစ်သော The Purple Plain (ခရမ်းရောင် လွင်ပြင်) ဇာတ်ကား၌ မင်းသားကြီး ဂရီဂိုရီပက် (Gregory Peck)နှင့် တွဲဖက်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခဲ့သူ ဝင်းမင်းသန်းက ပြည်သူ့ဂျာနယ် အယ်ဒီတာအပေါ် အသရေဖျက်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ဒေါ်ဝင်းမင်းသန်းက ပြည်သူ့ဂျာနယ် (၂-၂-၁၉၅၇)၊ အတွဲ (၅)၊ အမှတ် ၁၂၊ စာမျက်နှာ ၁၁ ပါ ငရဲမင်းနေ့စဉ် သတင်းစာကဏ္ဍမှ "မပြေးသော်ကန်ရာရှိပါလို့" ခေါင်းစဉ်ဖြင့် ဆောင်းပါးဖော်ပြရာတွင် မိမိအား အပြာရောင်မယ်ဟု ရည်ညွှန်းခဲ့ရုံမျှမက မိမိ၏ခင်ပွန်းကို ထိခိုက်ရေးသားခဲ့သည်ဆို၏။ သို့ဖြစ်၍ ပြည်သူ့ဂျာနယ် အယ်ဒီတာအား အသရေဖျက်မှု (ပုဒ်မ ၅၀၀)ဖြင့် အရေးယူပေးပါရန် တရားရုံးသို့ လျှောက်ထားခဲ့သည်။





ရန်ကုန်အရှေ့ပိုင်းနယ်ပိုင် ရာဇဝတ်တရားသူကြီးရုံး၌ အမှုရင်ဆိုင်ရာတွင် ဒေါ်ဝင်းမင်းသန်းက မိမိသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပြီး ဦးကျော်စိန်၏သမီးဖြစ်ကြောင်း၊ သီရိစကြာနှင့် စကြာကုမ္ပဏီများ၏ မန်နေဂျင်းဒါရိုက်တာ ဗိုလ်စကြာ၏ ဇနီးဖြစ်ကြောင်း၊ ယင်းဂျာနယ်၌ သစ္စာမဲ့သူ ဖြဲခုန်လေ့ရှိသူ အမျိုးသမီးတစ်ဦးအဖြစ် စွပ်စွဲရေးသားထားသဖြင့် အိမ်ထောင်ရေး၊ စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေးများကို ထိခိုက်စေနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အမှုကို အကြိမ်ကြိမ် ဆက်လက်ချိန်းဆိုခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက်ညှိနှိုင်းကာ အမှုကျေအေးခဲ့ကြကြောင်း သိရှိရ၏။



ခရမ်းရောင်လွင်ပြင်ဇာတ်ကား၌ မင်းသားကြီး ဂရီဂိုရီပက်နှင့် တွဲဖက်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခဲ့သူ ဝင်မင်းသန်း



www.burmeseclassic.com

www.burmeseclassic.com



## ဝိတိုရိယဘုရင်မရုပ်တု သံလွင်မြစ်အတွင်းသို့ ပစ်ချမည်
(၁၀-၂-၁၉၅၈)

မော်လမြိုင်မြို့ ပြည်တော်သာ ပန်းခြံအတွင်းရှိ ဝိတိုရိယဘုရင်မကြီး၏ ကျောက်ရုပ်တုအား မော်လမြိုင်မြို့ မြူနီစပါယ်အဖွဲ့က သံလွင်မြစ် အတွင်းသို့ပစ်ချရန် ၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ အစည်းအဝေးက ဆုံးဖြတ်လိုက်ကြောင်း ၂၇-၂-၁၉၅၈ ထုတ် ထွန်းနေ့စဉ် သတင်းစာ၌ သတင်းဖော်ပြပါရှိ၏။

၎င်းဘုရင်မကြီး ကျောက် ရုပ်ကြီးမှာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး အင်္ဂလိပ်တို့ မော်လမြိုင်မြို့ မြူနီစပါယ် အဆောက်အဦရှေ့တွင် အင်္ဂလိပ်စစ်သားများက စိုက်ထူခဲ့ကြခြင်းဖြစ်သည်။ ယင်းကျောက်ရုပ်တုအား အကြောင်းပြု၍ ရုံးရှေ့မြေကွက်လပ်ကို ဘုရင်မ ပန်းခြံဟု ခေါ်ဆိုခဲ့ကြသည်။

ဂျပန်ခေတ်တွင် ဂျပန်တပ်သားများက ဘုရင်မ ကျောက်ရုပ်အား ချိုးဖျက်ပစ်ခဲ့ကြပြီးနောက် အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာချိန်တွင် ယင်းရုပ်တုကို ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ကြသည်။ ထို့နောက် လွန်ခဲ့သည့် ၆ လခန့်ကမှစ၍ ဘုရင်မ ရုပ်တုမှာ ဖျက်ဆီးခံခဲ့ရပြီး ဦးခေါင်းပိုင်းမှာလည်း ရှာမတွေ့တော့ဟု ဆိုပါသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်က ဗြိတိသျှ သံအမတ်ကြီးနှင့် မနသဟာယ သံအမတ်များ သံဖြူဇရပ်စစ် သချိုင်းသို့ သွားရောက်ကြည့်ရှုစဉ် မြူနီစပါယ်ဥက္ကဋ္ဌ ဦးရွှေသွင်အား တွေ့ဆုံကာ အမြင် မသင့်တော်သဖြင့် ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံခဲ့ ကြသည်ဆို၏။ သို့ဖြင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ အစည်းအဝေးတွင် ဦးရွှေသွင်က တင်ပြဆွေးနွေးရာ သံလွင်မြစ်တွင်းသို့ ပစ်ချကြရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်လေသည်။

■





## ဂြိုဟ်ကြီးရှစ်လုံး ပူးချိန်မြန်မာနိုင်ငံမြို့ကြီးများ၌ ပရိတ်ရွတ်
(၅-၂-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၄-၂-၁၉၆၂ တွင် ဂြိုဟ်ကြီးရှစ်လုံးပူးချိန် မြန်မာနိုင်ငံမြို့ကြီးများ၌ ပရိတ်ရွတ်မေတ္တာပို့သကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့်ကိတ်ဂြိုဟ် ရှစ်လုံးသည် မကာရ ရာသီ၌ ပူးယှဉ်ခဲ့ပြီး နေကြတ်မှု၊ လကြတ်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ ဂြိုဟ်ရှစ်လုံးပူးမှုမှာ နှစ်ပေါင်း ၁၀၀၀ အတွင်း ခုနစ်ကြိမ်သာ ဖြစ်ပေါ်ခဲ့ပြီး ဘေးအန္တရာယ်ဆိုးများ မကျရောက်နိုင်စေရေးအတွက် ပရိတ်ရွတ်မေတ္တာပို့ကြသည်ဆို၏။

ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်စောစောတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ရန်ကုန်ခရိုင်လုံးဆိုင်ရာ အမိဋ္ဌာန်အဖွဲ့ ပရိတ်ရွတ်ဆိုခဲ့ကြသည်။ အလားတူ မန္တလေးမြို့တွင်လည်း ဖေဖော်ဝါရီလ ၃ ရက်နေ့ နေ့လယ်ပိုင်းမှ စတင်ကာ ရပ်ကွက်ဓမ္မာရုံများ၊ ဘုရားဇရပ်များ၌ ပရိတ်တရားတော်ရွတ်ဖတ် ပူဇော်ခဲ့ကြ၏။ ညဘက်တွင်လည်း တစ်ညလုံး ဘတ်စ်ကားများ၌ မီးထွန်းကာ အသံချဲ့စက်ဖြင့် လှည့်လည်ကာ မေတ္တာပို့ကြ၏။ အချို့ရပ်ကွက်များတွင် ဆွမ်းတောင့်၍ သံဃာတော်များကို ပင့်ဖိတ်လျက် ပရိတ်ရွတ်ကြပြီး မန္တလေး ရုံးပေါင်းစုံ ဗုဒ္ဓဝေယျာဝစ္စအသင်းကလည်း သံဃာတော် ၁၅ ပါး ပင့်ဖိတ်ကာ အရေးပိုင်ရုံး ဓမ္မာရုံ၌ ဆွမ်းကပ်လှူလျက် ပရိတ်ရွတ်ခဲ့ကြသည်။ မန္တလေးမြို့ စံကင်းဆရာတော်ကြီးကမူ ဂြိုဟ်ရှစ်လုံးပူး၍ ဘာမျှမဖြစ်၊ လူအများ စိတ်ကောင်းထားရန်သာ လိုသည်ဟု မိန့်ကြားခဲ့၏။

■



www.burmeseclassic.com

www.burmeseclassic.com



## ပြဒါးလင်းဂူ လေ့လာရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ တစ်ရပ် ကျင်းပ
(၅-၂-၁၉၆၉)

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ ညောင်ကြပ်ရွာ၏ အရှေ့မြောက်ဘက် (၄)မိုင်အကွာ၊ ရေပုပ်ရွာဟောင်း အနောက်ဘက် (၁)မိုင် အကွာရှိ ပြဒါးလင်းဂူနှင့် ပတ်သက်၍ လေ့လာရေး အဖွဲ့တစ်ဖွဲ့က သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ (၆)မိုင်ရှိ ရှေးဟောင်းသုတေသနခွဲရုံးခန်း၌ပြုလုပ်ခဲ့၏။ ရှေးဦးစွာ ယဉ်ကျေးမှုဌာနအတွင်းဝန် ဒုတိယဗိုလ်မှူးကြီး အေးကျော်က မိတ်ဆက်စကားပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့ခေါင်းဆောင် ရှေးဟောင်းသုတေသနဌာနခွဲ၊ ညွှန်ကြားရေးဝန် ဦးအောင်သော်က အတွေ့အကြုံများကို ရှင်းလင်းပြော ကြားခဲ့၏။

ယင်းသို့ ရှင်းလင်းပြောကြားချက်များအရ ဂူများသည် ပေ ၁၀၀၀ ကျော်မြင့်သော တောင်တန်းအပေါ်၌ ရှိကြပြီး ဂူနှစ်ဂူအနက် အရှေ့ဘက်ဂူမှာ အဝပေ (၈၀)ကျော်ပြီး အတွင်းသို့ ပေ (၄၀)ခန့် ရှည်လျားကြောင်း သိရှိရ၏။ ဂူအလယ်ပိုင်း အမိုးနံရံတွင် ပန်းချီများ ဆွဲထားသည်ကို တွေ့ရှိရ၏။ ဂူနံရံထက်မှ ပန်းချီများကို မြေပြင်အထက် (၁၀)ပေမှ (၁၂)ပေ အမြင့်တွင် နီညိုရောင် ဆေးဖြင့် ရေးဆွဲထားသည်ဆို၏။ ပုံပေါင်း (၁၂)ပုံအနက် (၉)ပုံသာလျှင် အမည်ခန့်မှန်း သိရှိနိုင်ရာ နေပုံ၊ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ လက်ဝါးပုံ၊ သမင်ပုံ စသည့် တိရစ္ဆာန်ပုံများသာ ဖြစ်သည်။ ပြဒါးလင်းဂူမှ ကျောက်ခေတ်ယဉ်ကျေးမှုဆိုင်ရာ တွေ့ရှိချက်သည် အရှေ့တောင်အာရှအတွက်သာမက ကမ္ဘာ့ကျောက်ခေတ်နှင့် လူ့သမိုင်းအတွက်ပါ များစွာ အထောက်အကူပြုနိုင်ကြောင်း ညွှန်ကြားရေးဝန်က ရှင်းလင်းပြောကြားခဲ့သည်။

■





## ရက်သတ္တ(၁)ပတ်အတွင်း ယာဉ်တိုက်မှု (၁၉)မှုဖြစ်ပွား
(၁၅-၂-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် ရန်ကုန်မြို့၌ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ၁၃ရက်နေ့အတွင်း ယာဉ်တိုက်မှုပေါင်း ၁၉ မှု ဖြစ်ပွားခဲ့ကြောင်း ယာဉ်ထိန်းရဲဌာန၏ အစီရင်ခံစာအားရည်ညွှန်းလျက် သတင်းတစ်ပုဒ် ဖော်ပြထား၏။ သတင်း ဖော်ပြအချက်အရ ယာဉ်တိုက်မှုကြောင့် အရပ်သူအရပ်သား ၁၁ ဦး ဒဏ်ရာရရှိကာ နှစ်ဦးသေဆုံးခဲ့ရသည်ဟုဆိုပါသည်။

ဖေဖော်ဝါရီ လ ၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် နောက်ဆုံးယာဉ်တိုက်မှုမှာဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း)နှင့် ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)ထိပ်အနီး မြန်မာညွှန့်ကုမ္ပဏီရှေ့၌ ကိုယ်ပိုင်ကားအမှတ် ယ-၃၈၆၈ နှင့် ယ-၁၉၁၆တို့ဝင်တိုက်မိခဲ့ကြခြင်း ဖြစ်သည်။ယင်းနေ့၌ပင် လမ်းသွားလမ်းလာတစ်ဦးအား မော်တော်ယာဉ်တစ်စီးက ဝင်တိုက်ခဲ့ပြီး စက်ဘီးတစ်စီးက အစောင့်ရဲသားတစ်ဦးအား တိုက်ခိုက်မှုလည်း ဖြစ်ပွားခဲ့သည်ဆို၏။ ယာဉ်ထိန်းရဲဌာနအနေဖြင့် ရန်ကုန်မြို့တွင်း၌ ယာဉ်တိုက်မှုများ လျော့နည်းသွားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးသွားလုပ်သားပြည်သူများ အနေဖြင့်လည်း ဘေးအန္တရာယ်ကို ရှောင်ကွယ်နိုင်ရန် အလေးဂရုပြုကြရေးအတွက် နှိုးဆော်ထားကြောင်း ဆိုပါသည်။

## ပညာမင်းကြီး ဦးကောင်း ကာလကတ္တားမြို့၌ ကွယ်လွန်
(၂၀-၂-၁၉၅၇)

၁၉၅၇ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် သတ္တမတန်းစာမေးပွဲ မေးခွန်းများအား လုံခြုံစိတ်ချရန်အတွက် ကာလကတ္တားမြို့၌ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပုံနှိပ်ရေးတာဝန်ယူခဲ့သူ ပညာမင်းကြီးဦးကောင်းသည် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကာလကတ္တားမြို့၌ ယာဉ်တိုက်မှု ဖြစ်ပွားကာ ဆေးရုံသို့ တက်ရောက်ကုသနေရာမှ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ကွယ်လွန်သွားကြောင်း၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရုပ်ကလာပ်ကို ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လည်သယ်သူလာမည်ဖြစ်ကြောင်း၊ ယင်းနေ့ထုတ် ဗမာ့ခေတ်သတင်းစာ၌ သတင်းဖော်ပြပါရှိ၏။

အမှုဖြစ်ပွားပုံမှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ညက ဦးကောင်းသည် ယူနက်စကိုအဖွဲ့ ဒါရိုက်တာတစ်ဦး၏ကားဖြင့် ကာလကတ္တားမြို့တွင်းသို့စီးနင်းလိုက်ပါလာစဉ် ကားမှာ မရိုးလမ်းနှင့်ချောင်ရင်ဂီလမ်းထောင့် မြူနှင်းများအကြား လမ်းဘေးသံတိုင်ကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိခဲ့၍ ကားမောင်းသူ ကိုယ်စားလှယ်မှာ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သော်လည်း ဦးကောင်းမှာမူ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့၏။ ဦးကောင်းသည် နံရိုးသုံးချောင်းကျိုးသွားသဖြင့် ဆေးရုံသို့တင်ပို့ကုသစေရ၏။ယင်းသို့ ကုသထားစဉ်အတွင်း ရန်ကုန်မြို့နေ မိသားစုများအား ကြေးနန်းဖြင့်ခေါ်ယူသဖြင့် ဇနီး ဒေါ်သိန်း၊ ပညာရေးဌာနအတွင်းဝန် ဦးဘကျော်နှင့်တူဖြစ်သူ ရဲမင်းကြီးဟောင်း ဦးဘအေးတို့လိုက်ပါ သွားကြ၏။ သို့သော်ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် ဖေဖော်ဝါရီလ ၁၉ရက်နေ့တွင် ကွယ်လွန်သွားပါသည်။

ပညာမင်းကြီးဦးကောင်းမှာ မြန်မာ့ငွေကြေးဘုတ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပြီး ၁၉၅၀ပြည့်နှစ်မှစတင် ထုတ်ဝေသော မြန်မာပြည်သုံးငွေ စက္ကူများထက်၌ မောင်ကောင်းဟု လက်မှတ်ရေးထိုးခဲ့ရသူဖြစ်သည်။ ပညာမင်းကြီးဦးကောင်း၏သားကြီး ဦးသော်ကောင်းမှာ နောင်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် ထင်ရှားလာခဲ့သည်။

■





## ဗီယက်နမ်သမ္မတကြီး ဟိုချီမင်း မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာ (၁၄-၂-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဟိုချီမင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိလာကြောင်း နောက်တစ်နေ့ထုတ် ထွန်းနေ့စဉ် သတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိသည်။ ဧည့်သည်တော် ဗီယက်နမ်သမ္မတကြီးအား မြန်မာနိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က လေဆိပ်မှ ဆီးကြိုနှုတ်ဆက်ခဲ့၏။

ဗီယက်နမ်သမ္မတကြီးသည် မွန်းတည့် ၁၂ နာရီအချိန်တွင် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ အဲယားအိန္ဒိယ အထူးလေယာဉ်ဖြင့် ရောက်ရှိလာစဉ် အမြောက် ၂၁ ချက် ပစ်ဖောက်ကြိုဆိုခဲ့၏။

ဖေဖော်ဝါရီ ၁၅ ရက်နေ့ ညနေပိုင်းတွင် ဗီယက်နမ်သမ္မတကြီးသည် သတင်းစာဆရာများနှင့်တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ထူးခြားချက်တစ်ရပ်မှာ သမ္မတကြီးဒေါက်တာဟိုချီမင်းက ဗီယက်နမ်စကားဖြင့်သာပြောဆိုပြီး စကားပြန်ဖြစ်သူက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရ၏။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဧည့်သည်တော်ဗီယက်နမ်သမ္မတကြီး ပြန်လည်ထွက်ခွာသွားသည်။



ဗီယက်နမ်သမ္မတကြီး မစ္စတာဟိုချီမင်း



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့လက်ရွေးစင် တောင်တက်သမားများကို ဟိမဝန္တာတောင်တက်ကျောင်းသို့ ပို့မည် (၁၈-၂-၁၉၆၀)



ဟိမဝန္တာတောင်တက်လေ့ကျင့်ရေးကျောင်းကိုတွေ့ရစဉ်

၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၈ရက်နေ့ မြန်မာ့လက်ရွေးစင် တောင်တက်သမားများကို အိန္ဒိယပြည် ဒါဂျီလင်မြို့ရှိ ဟိမဝန္တာတောင်တက်လေ့ကျင့်ရေးကျောင်းသို့ တောင်တက်လုပ်ငန်းများ သင်ကြားလေ့လာရန် စေလွှတ်မည်ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ အိန္ဒိယပြည် ဒါဂျီလင်မြို့ ဟိမဝန္တာတောင်တက် လေ့ကျင့်ရေးကျောင်းတွင် မြန်မာ့လက်ရွေးစင် တောင်တက်သမားများအနေဖြင့် (၂)လကြာ လက်တွေ့သင်ကြားရမည်ဆို၏။ ယင်းသင်တန်းတွင် ဒါဂျီလင်မြို့မှ ရက်သတ္တပတ် ခရီးပြင်းချီတက်မှုလည်းပါဝင်ပြီး ရေခဲနှင့်ကျောက်များအတိ လွှမ်းမိုးလျက်ရှိကာ အမြင့်ပေနှစ်သောင်းခန့်ရှိသော တောင်တန်းများကို လက်တွေ့





တက်ရောက် လေ့ကျင့်ရမည်ဖြစ်ပါသည်။

မြန်မာတောင်တက်သမားများသည် ဒါဂျီလင်မြို့ ဟိမဝန္တာတောင်တက်လေ့ကျင့်ရေးကျောင်းမှ ပြန်ရောက်လာကြပါက လာမည့်ဧပြီလတွင် ခရီးဝေးလမ်းလျှောက်ခြင်းအပါအဝင် ကလေးမြို့အနီး၌ ပေ ၆၀၂၀ မြင့် ဆင်တောင်သို့ တက်ရောက်ကြမည် ဖြစ်၏။ ထို့ပြင် ၁၉၆၂ ခုနှစ်တွင် တိဘက်-မြန်မာနယ်စပ်ရှိ အမြင့်ဆုံး ခါကာဘိုရာဇီတောင်နှင့် ဒုတိယအမြင့်ဆုံး ဂန်မလိုင်ရာဇီတောင်တို့ကို တက်ရောက်ကြရမည်ဖြစ်သည်ဆိုပါသည်။

## မြန်မာနိုင်ငံမှ တီထွင်သောစက်ရုပ်အား ပြည်ထောင်စုပွဲတော်၌ ပြသထား (၁၂-၂-၁၉၈၆)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် တီထွင်ခဲ့သည့် စက်ရုပ်အား ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲအတွင်း ပညာရေးဝန်ကြီးဌာနပြခန်း၌ ပြသထားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ယင်းစက်ရုပ်ကို ၁၉၈၅ ခုနှစ်အတွင်းက အောင်ဆန်းစက်မှုလက်မှုကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကြည်က ကျောင်းရှိဝန်ထမ်းများ၏ အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့သည်ဟုဆိုပါသည်။စက်ရုပ်ကို ၆ လ ကြာမျှ အချိန်ယူလုပ်ဆောင်ခဲ့ရပြီး ကုန်ကျစရိတ်အားလုံးအား ပညာရေးဝန်ကြီးဌာနက ကျခံခဲ့ကြောင်း သိရှိရ၏။

ဦးကြည်သည် ၁၉၅၄ခုနှစ်က အင်းစိန်စက်မှုလက်မှုသိပ္ပံမှ မြို့ပြဒီပလိုမာဘွဲ့ ရရှိပြီး စက်မှုလက်မှုကျောင်းများ၌ နည်းပြဆရာ၊ လက်ထောက် ကထိကရာထူးများဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။ ထို့နောက် ၁၉၈၀ ပြည့် နှစ်မှ စတင်ကာ အောင်ဆန်းစက်မှုလက်မှု ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ဦးကြည်သည် စက်ရုပ်ကို ကိုယ်တိုင်ပုံစံထုတ် တီထွင်ခဲ့ပြီး သူ၏ စက်ရုပ်အား ဆေးမှုတ်လုပ်သား အဖြစ်အသုံးပြုနိုင်မည်ဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## ပထမဆုံးအကြိမ် ယိုးဒယား-မြန်မာ ချစ်ကြည်ရေး အပြေးပြိုင်ပွဲ ကျင်းပပြုလုပ်
(၁၄-၂-၁၉၅၈)

ယိုးဒယား-မြန်မာ အပြေးပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့၌ စတင်ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် ထွန်းနေ့စဉ်သတင်းစာ၌ သတင်းဖော်ပြပါရှိ၏။ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ယင်းပြိုင်ပွဲမှာ ချစ်ကြည်ရေးပွဲဖြစ်ပြီး အထူးတန်းကိုသာ ဝင်ကြေးယူလျက် ပြား ၃၀ တန်းကို မည်သူမဆိုအခမဲ့ ကြည့်ရှုနိုင်အောင် စီစဉ်ထားသည်ဆို၏။ ယိုးဒယားအားကစားအဖွဲ့တွင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ငါးဦး အပြင် ဘက်စကက်ဘော အဖွဲ့ဝင် ၁၄ ဦးနှင့် ခေါင်းဆောင်လူကြီး ခြောက်ဦးတို့လိုက်ပါလျက် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မွန်းလွဲ၂နာရီတွင် အားကစားပွဲများ စတင်ကျင်းပရာ၌ မြန်မာပြေးခုန်ပစ်သမားများက မီတာ ၄၀၀ အလံကိုင်ပြေးပွဲမှအပ ပြေးခုန်ပစ်ပြိုင်ပွဲ ၁၂ ပွဲ ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြ၏။ ယိုးဒယား ပြေးခုန်ပစ် ကစားသမားများက မီတာ၁၀၀၊ မီတာ၂၀၀၊ မီတာ၄၀၀နှင့် အလံကိုင်ပြေးပွဲလေးပွဲတို့တွင် အနိုင်ရရှိကြောင်း သိရှိရသည်။ မီတာ ၁၀၀ ပြေးပွဲတစ်ပွဲတွင် မြန်မာအမျိုးသမီး အားကစားမယ် ဂရေစီကားက ပထမဆု ရရှိဆွတ်ခူးသွား၏။

## အဖိုးတန်မြန်မာ့သစ်ခွများ နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်
(၁၇-၂-၁၉၆၀)

၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင်မြန်မာနိုင်ငံထွက် သစ်ခွပန်းများကို နိုင်ငံရပ်ခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချမည် ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။





မြေ-ကျေး- ရှင်း(ARDC) ဌာနအနေဖြင့် မြန်မာတောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်နေသည့် အဖိုးတန်သစ်ခွပန်းများကို တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားငွေ ရရှိစေရေးအတွက် နိုင်ငံခြားတိုင်းပြည်များသို့ နှစ်စဉ်တိုးချဲ့ရောင်းချသွားရန် ရည်ရွယ်ထားသည်ဟုဆိုပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကာလက မေမြို့(ပြင်ဦးလွင်)အစိုးရဥယျာဉ်တွင် အမျိုးအစားကောင်းမွန်သည့် သစ်ခွပင်များကို ပြုစုစိုက်ပျိုးကာ နိုင်ငံခြားသို့တင်ပို့ရောင်းချခဲ့သည်ဆို၏။ စစ်ပွဲကာလအတွင်း၌ သစ်ခွပင် အများအပြား ပျက်စီးခဲ့သည့်အလျောက် စစ်ပြီးခေတ်တွင် ပြန်လည် ပျိုးထောင်ပြုစုနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်လုပ်ဆောင်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် သစ်ခွမျိုးစိတ်ပေါင်း ၃၀၀၀ ခန့်ရှိပြီး ဇန်းမော်၊ မြစ်ကြီးနားနှင့် မိုးများသည့် တနင်္သာရီတိုင်းတို့၌ အထူးများပြား လှသည်ဆို၏။ ချင်းတောင်သစ်ခွပန်းအချို့မှာ လိပ်ပြာပုံသဏ္ဌာန်ရှိပြီး တစ်ကြိမ်ပွင့်လျှင် သုံးလခန့် ခံသည်ဆိုပါ၏။

## မန္တလေးပြတိုက်မှ နန်းတွင်းပစ္စည်းအချို့ အခိုးခံရ
(၂၈-၂-၁၉၆၀)

မန္တလေးမြို့အနောက်ကျုံးလမ်းရှိ နိုင်ငံတော်ပြတိုက်ကို ဖေဖော်ဝါရီလ ၂၈ရက် တနင်္ဂနွေနေ့၌ ပိတ်ထားစဉ်အတွင်း ညဘက်တာဝန်ကျ လုံခြုံရေးမှူးက အောက်ထပ်သံဆန်ခါပျက်စီးနေသည်ကို မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၂၉ရက်နေ့၊ နံနက်ပိုင်း၌ ပြတိုက်မှူးအား တိုင်ကြားခဲ့သည်။ ပြတိုက်မှူးသည် ရဲအရာရှိများနှင့်အတူ ပြတိုက်ဖွင့် လှစ်စစ်ဆေးရာ၌ နန်းတွင်းသုံး ရွှေခေတ်ငွေဟင်းပန်းကန် နှစ်လုံးနှင့် မင်းတုန်းမင်းတရားကြီးလက်ထက်သွန်းလုပ်ခဲ့သည့် ငွေဒေါင်းဒင်္ဂါး ၁၂ ကျပ်တို့ ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသည်ဆို၏။ နိုင်ငံတော်




www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်မှ ဖောက်ထွင်းခိုးယူမှုနှင့် ပတ်သက်၍ အရေးယူစုံစမ်းလျက်ရှိကြောင်း သိရှိရ၏။

## အင်းဝမြို့တော် နှစ် ၆၀၀ ပြည့် အခမ်းအနားကျင်းပမည် (၁၇-၂-၁၉၆၁)



အင်းဝမျှော်စင်

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် အင်းဝမြို့တော် နှစ် ၆၀၀ ပြည့် အခမ်းအနားကျင်းပရေးအတွက်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်အစိုးရယဉ်ကျေးမှုဝန်ကြီးဌာနက သက်ဆိုင်ရာဌာနသို့ ညွှန်ကြားလိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ပဏာမအနေဖြင့် အင်းဝမြို့ဟောင်း တည်ရှိရာ ကျောက်ဆည်ခရိုင်မှ ခရိုင်ဝန် ဦးစိန်လှိုင်က အင်းဝမြို့တော် နှစ် ၆၀၀





ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပရေးအတွက် တံတားဦးမြို့ လူမှုဝန်ထမ်းအရာရှိများအား လိုအပ်သည့် အချက်အလက်များကို စုဆောင်းလေ့လာကြရန် ပြောကြားခဲ့၏။ ရာဇဝင်နှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းရာ၌ အင်းဝမြို့တော်တွင် ဆက်လက်နေထိုင်လျက်ရှိသော ရှေ့မီနောက်မီ ဘိုးဘွားများထံသို့လည်း မေးမြန်းစုံစမ်းရန် ပြောကြားခဲ့သည်။

ကျောက်ဆည်ခရိုင်ဝန်အနေဖြင့် ဆရာတော်ကြီးများနှင့် ရာဇဝင် သုတေသီတို့ထံမှလည်း လေ့လာသင့်ကြောင်း အကြံပြု ပြောကြားခဲ့သည်။ အင်းဝမြို့တော်ကို ရှေးစာပေတို့၌ 'အဝ'ဟုခေါ်ဆိုကြပြီး ပန်းလောင်မြစ်၊ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စမုံစမာမြစ်တို့ဆုံရာ၌ တည်ရှိသဖြင့် ယင်းသို့ ခေါ်တွင်ကြောင်း အဆိုရှိကြ၏။ အင်းဝကို သတိုးမင်းဖျားဘုရင်က ၁၃၆၅ ခု ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

## ကျောက်ရောဂါ လုံးဝကင်းရှင်းပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ (၂၆-၂-၁၉၇၂)

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ကျန်းမာရေးဌာနက မြန်မာနိုင်ငံတွင် ကျောက်ရောဂါလုံးဝ ကင်းရှင်းပြီးဖြစ်ကြောင်း ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့သည်ဟု နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါ၏။ ဒုတိယကမ္ဘာစစ် မဖြစ်မီက ကျောက်ရောဂါကြောင့် နှစ်စဉ်အသက်ဆုံးရှုံးမှုများရှိခဲ့ပြီး စစ်ပြီးခေတ်တွင် ပိုမိုတိုးတက် များပြားလာသည်ဟု ဆိုပါသည်။

၁၉၄၈ခုနှစ်မှ ၁၉၆၃ခုနှစ်အထိ ကျောက်ရောဂါကြောင့် သေဆုံးသူ ၁၁၇၀၀ ကျော်ရှိခဲ့၏။ သို့သော် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှ စ၍ တစ်စစနည်းပါးလာခဲ့သည်။ ၁၉၆၄ခုနှစ် ကျောက်ရောဂါတိုက်ဖျက်ရေး စီမံကိန်းစတင်ချိန်မှ ၁၉၇၀ပြည့်နှစ်အတွင်း ကျောက်ရောဂါဖြစ်ပွားသူ ၁၇၀ ကျော်ရှိခဲ့ရာ ၁၇ ဦးသာ သေဆုံးမှုရှိခဲ့၏။သို့သော် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်း နှစ်နှစ်ကြာ သေဆုံးမှုမရှိသဖြင့် ကျောက်ရောဂါကင်းရှင်းသွားပြီဟု ဆိုနိုင်ကြောင်းဖော်ပြထား၏။

## သဘော်နစ်မြုပ်မှုကို အခွင့်ကောင်းယူ၍ လိမ်လည်သူအား ဖမ်းဆီးရမိ (၂၆-၂-၁၉၇၃)

တိုးအေးသဘော်နစ်မြုပ်သည့်ကိစ္စကို အခွင့်ကောင်းယူလျက် ထောက်ပံ့ကြေးငွေလာထုတ်သူ ဒုက္ခသည်အယောင်ဆောင် အမျိုးသမီးဒေါ်ဝင်းအား ၁၉၇၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဖမ်းဆီးအရေးယူခဲ့ရကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါ၏။

အသက် ၃၄ နှစ်အရွယ်ရှိ၊ ဒေါ်ဝင်းသည် မဝင်း၊ မနီ၊ မနန်း၊ မညွန့် အမည်များဖြင့် ဇိမ်မယ်တစ်ဦးအဖြစ် အသက်မွေးနေသူဖြစ်သည်ဆို၏။ ဖေဖော်ဝါရီလ ၂၁ရက်နေ့ တိုးအေးသဘော်နစ်မြုပ်စဉ်က အနီးရှိလှေပေါ်၌ နိုင်ငံခြားသားတစ်ဦးနှင့် အတူရှိနေ၏။ သဘော်သားပြန်သွားပြီးနောက် သမ္ဗာန်ဖြင့် ကူးခတ်ပြန်လာစဉ် သမ္ဗာန်သမားက သဘော်နစ်၍ ရုတ်ရုတ်သဲသဲ ဖြစ်နေကြောင်း မိမိပါသည်ဟုပြောပြီး ကယ်ဆယ်ရေးဌာနမှ ငွေထုတ်ယူလျှင် ကျပ်ငါးရာခန့် ရမည်ဖြစ် ကြောင်း အကြံပေးပြောဆိုခဲ့သည်။ သို့ဖြင့် မိမိကိုယ်ကို ရေစိုရွှဲအောင် လုပ်ကာ သရုပ်တူစေရန်အတွက် သမ္ဗာန်သမားအား လှော်တက်ဖြင့် နှစ်ချက်ရိုက်စေခဲ့သည်ဆို၏။ ထို့နောက် ဒလကမ်းသို့ ကူးခတ်ပြီး ရေနစ်ဟန်အော်ဟစ်အကူအညီ တောင်းခံခဲ့သည်။





ဒေါ်ဝင်းသည် ခင်ပွန်းရဲကြပ်ကြီး မြတင်နှင့် ညီမ မညွန့်ရီအပါအဝင်သားကလေးဇော်ဇော်နှင့်သမီးမဝါတို့ သဘော်နှင့်အတူ နစ်မြုပ်သွားကြောင်း လုပ်ကြံပြောဆိုကာ ငွေထုတ်ယူရန် ကြိုးပမ်းခဲ့သည်ဆို၏။ ဒေါ်ဝင်း၏ ဟန်ဆောင်ကောင်းမှုကြောင့် ဒလကြက်ခြေနီ အသင်းနှင့် စေတနာရှင်များက ဝိုင်းဝန်းကျွေးမွေးထောက်ပံ့ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### ခေတ်ဟောင်းသတင်းစာများကပြောသော မတ်လ

၁။ ရွှေတိဂုံစေတီတော်အင်္ဂါထောင့်သို့ ကျားတစ်ကောင်တက်ရောက် (၂-၃-၁၉၀၃)

၂။ ရုပ်ရှင်မင်းသားမြင့်စိုးနှင့် အခြားသုံးဦး မီးရထားပေါ်၌ ရုပ်ရှင်ရိုက်ကူးရာမှ ဒဏ်ရိုက်ခံရ (၃-၃-၁၉၅၇)

၄။ သံတွဲမြို့အနီး၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား (၄-၃-၁၉၆၀)

၅။ ပျူကခြေသည်ရုပ်များ ပြတိုက်အတွင်းမှ အခိုးခံရ (၆-၃-၁၉၆၇)

၆။ ဂျာမန်-မြန်မာအဘိဓာန် ပြုစုရေးကော်မတီဖွဲ့စည်း (၂-၃-၁၉၆၈)

၇။ ကင်းဝန်မင်းကြီးကောင်းမှု သာကဝန်ကျောင်းတော်ချိုးဖျက်ခံရ (၁-၃-၁၉၆၉)

၈။ မြန်မာပြည်စစ်မျက်နှာတိုက်ပွဲများတွင် သံချပ်ကာကား စတင်အသုံးပြုပြီ (၇-၃-၁၉၄၂)

၉။ ကျပ်ပြားစနစ်လွယ်ကူစွာ အသုံးပြုနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိ (၅-၃-၁၉၅၄)

၁၀။ လှေငယ်တစ်စင်းနှင့် ကမ္ဘာလှည့်နေသူ မြိတ်မြို့သို့ ဝင်ရောက်လာ (၁၁-၃-၁၉၅၇)

၁၁။ ရန်ကုန်ရောက်ဗြိတိသျှရေငုပ်သင်္ဘောပေါ်သို့ သတင်းစာဆရာများအား ဖိတ်ခေါ်ပြသ (၈-၃-၁၉၆၀)





၁၂။ ရန်ကုန်မြို့ပတ်မီးရထားလမ်းဆက်မိတော့မည် (၁၅-၃-၁၉၅၅)

၁၃။ ကောင်းကင်မြေတိုင်းလုပ်ငန်း စတုရန်းမိုင် ရှစ်သောင်းကျော်ပြီးစီး (၁၀-၃-၁၉၅၄)

၁၄။ ဘုရင်ခံဟောင်းဆာဂျေအေမောင်ကြီးကွယ်လွန် (၉-၃-၁၉၅၅)

၁၅။ ကမ္ဘာအေးကုန်းမြေအနီး၌ ငလျင်တိုင်းထွာစက်ကြီး ဆောက်လုပ်တပ်ဆင်မည် (၁၃-၃-၁၉၆၀)

၁၆။ စစ်တောင်းတံတားသစ်ကြီး ဖွင့်လှစ်ပြီ (၂၃-၃-၁၉၆၃)

၁၇။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ကွယ်လွန်ခဲ့သူစစ်သားတစ်ဦး တောင်တွင်းကြီး၌ လူဝင်စားဖြစ်လာ (၁၈-၃-၁၉၆၃)

၁၈။ ကမ္ဘာ့ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှသွားရောက်ပြသ (၁၅-၃-၁၉၇၀)

၁၉။ မြန်မာတိုင်းရင်းဆေးပညာရှင်များ အစွမ်းကြောင့် ၁၀ နှစ်တိုင်စကားမပြောနိုင်သူ စကားပြန်လည်ပြောဆိုနိုင်ပြီ (၁၄-၃-၁၉၅၄)

၂၀။ နိုင်ငံတော်အလံကို အလေးမပြုသူ ရုပ်ရှင်သရုပ်ဆောင်နှစ်ဦးအား အရေးယူမည်။(၃၁-၃-၁၉၅၇)

၂၁။ ဒီဆူဇာကုမ္ပဏီ နှစ် ၈၀ ပြည့်အခမ်းအနား၌ မြန်မာလူမျိုးတစ်ဦးထံလုပ်ငန်းများ လွှဲပြောင်းပေးအပ် (၂၅-၃-၁၉၅၉)

၂၂။ ဓနုဖြူမြို့၌ မဟာဗန္ဓုလကြေးရုပ်ဖွင့်ပွဲကျင်းပ (၂၇-၃-၁၉၆၂)

၂၃။ အပိုလို ၁၂ အာကာသယာဉ်မှူးများ ရန်ကုန်သို့အလည်အပတ်ရောက်ရှိလာ (၁၇-၃-၁၉၇၀)



www.burmeseclassic.com

www.burmeseclassic.com



## ရွှေတိဂုံစေတီတော်အင်္ဂါထောင့်သို့ ကျားတစ်ကောင်တက်ရောက်
(၂-၃-၁၉၀၃)

၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ရွှေတိဂုံစေတီတော် အင်္ဂါထောင့်သို့ ကျားတစ်ကောင်တက်ရောက်လာသဖြင့် ပစ်သတ်ခဲ့ရကြောင်း သတင်း မှတ်တမ်းတစ်ပုဒ်ကို နောက်တစ်နေ့ထုတ် သတင်းစာအချို့၌ သတင်းမှတ်တမ်းအဖြစ် တွေ့ရှိရသည်။ဖြစ်ပျက်ပုံ အသေးစိတ်မှာ ယင်းနေ့နံနက် ၄ နာရီအချိန်၌ အရုဏ်ဆွမ်းချက်နေကြစဉ် အင်္ဂါထောင့် (အရှေ့တောင်ဘက်) မှ ရေစိုနေသော ကျားတစ်ကောင်စေတီတော်သို့ ဖြတ်ပြေးသွားသဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွား သည်ဆို၏။ ကျားသည် စေတီတော်ခေါင်းလောင်းပုံ အောက်နှုတ်ခမ်းထက်၌ ဝပ်နေပြီး နံနက် ၈ နာရီထိုးသည်အထိ မလှုပ်မယှက်ရှိနေသည်ဟု ဆိုပါသည်။

ကျားသည် ရွှေတိဂုံစေတီတော်အနီး တောအုပ်အတွင်းမှ တစ်ဆင့် မဟာရံတံတိုင်းကို ကျော်လျက် ရောက်ရှိလာခြင်းဖြစ်ပြီး အယူသီးသူအချို့က နတ်ကျားဟုဆိုကာ အခြေအနေကိုစောင့်ကြည့်နေကြလေသည်။ထို့နောက် ဘုရားလူကြီးဦးဝိုင်းက ဘုရားဖူးခရီးသည်များအား အန္တရာယ်ပြုနိုင်သည်ဟု ယူဆလျက် ရွှေတိဂုံစေတီတော် အနောက်မုခ်ရှိ ဂေါ်ရာတပ်ကို အကူအညီတောင်းလျက် သေနတ်ဖြင့်ပစ်ခတ် ဖမ်းဆီးစေခဲ့သည်။ သို့ဖြင့် သေနတ်ကျည်ဆန်သည် ကျား၏ဘယ်ဘက်လက်ဖမိုးကိုထိမှန်ကာ ပြုတ်ကျသေဆုံးသွားလေသည်။ ရက်အနည်းငယ်အကြာတွင် တောင်ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ကမ္ပည်းစာတမ်းချိတ်ဆွဲစိုက်ထူထားခဲ့သော်လည်း ဒုတိယကမ္ဘာစစ်မဖြစ်မီက ယင်းကမ္ပည်းစာတမ်းကို ပြတိုက်အတွင်းသို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။





## ရုပ်ရှင်မင်းသားမြင့်စိုးနှင့် အခြားသုံးဦး မီးရထားပေါ်၌ ရုပ်ရှင်ရိုက်ကူးရာမှ ဒဏ်ရိုက်ခံရ
(၃-၃-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သုခုမရုပ်ရှင်မှ "နှောင်ကြိုးကိုငင်ပါ့မယ်" ဇာတ်ကားရိုက်ကူးစဉ် မင်းသား မြင့်စိုးနှင့်အခြားသုံးဦးတို့ မန္တလေးရထားနှင့်လိုက်ပါသွားသော အခန်းကို ရိုက်ကူးခဲ့ကြသည်။ ရထားအထွက်တွင် ရုပ်ရှင်ရိုက်ကူးပြီးနောက် အထက်တန်းတွဲ၌ ဆက်လက်လိုက်ပါသွားကြစဉ် လက်မှတ်စစ်များ စစ်ဆေးသည့်အခါ ရိုးရိုးတန်းလက်မှတ်သာ ပါရှိကြသဖြင့် ပဲခူးဘူတာ၌ ဖမ်းဆီးပြီးတစ်ဦးလျှင် ဒဏ်ငွေ ၉ ကျပ်၊ ပြား ၅၀ ဒဏ်ရိုက်ခဲ့သည်။

မင်းသားမြင့်စိုးအနေဖြင့် နိုင်ငံကျော် ရုပ်ရှင်မင်းသားတစ်ဦးဖြစ်သော်လည်း အထက်တန်းတွဲ၌ ရိုးရိုးလက်မှတ်ကိုသာ ကိုင်ဆောင်စီးနင်းခဲ့သဖြင့် ယခုကဲ့သို့ ဒဏ်ရိုက်ခံခဲ့ရကြောင်း ဆိုပါသည်။

## သံတွဲမြို့အနီး၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား
(၄-၃-၁၉၆၀)

ရခိုင်ပြည်နယ်(ယခင်ရခိုင်တိုင်း)သံတွဲမြို့မှ ခန့်မှန်းခြေ မိုင် ၂၀၊ ၂၅ မိုင်ခန့်ကွာဝေးသော သံတွဲနှင့်ကျောက်ဖြူမြို့အကြားရှိ မီး တောင်ပေါက်ကွဲမှုသတင်းကို ၁၉၆၀ ပြည့်နှစ် မတ်လ ၄ ရက်နေ့ထုတ် နေ့စဉ်သတင်းစာအချို့၌ ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ မီးတောင်သည် ယမန်နေ့ ည ၇ နာရီခွဲခန့်တွင် ပြင်းထန်စွာ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး သံတွဲ၊ ဂွ၊ မာန်အောင်ကျွန်းတို့မှ ကောင်းကင်တစ်ခုလုံး ထိန်လင်းသွား သည်ကို ကောင်းစွာမြင့်တွေ့ရသည်ဟု ဆိုပါ သည်။ လွန်ခဲ့သော ၁၉၀၈ ခုနှစ်မှ ၁၉၁၁ခုနှစ်အတွင်း မီးတောင်များ မကြာခဏပေါက်ကွဲ မှုကြောင့်သံတွဲသို့



www.burmeseclassic.com

www.burmeseclassic.com



သဘော်အသွားအလာ ရပ်ဆိုင်းခဲ့ရဖူးသည်ဟုလည်း ဆိုပါသည်။

မီးတောင်ပေါက်ကွဲရာသို့ တိုင်းမင်းကြီး၊ သစ်တောဝန်နှင့် သံတွဲခရိုင်ရဲဝန်တို့က သွားရောက်စစ်ဆေးခဲ့ကြသည်။ယင်းမီးတောင်မှာ မင်းဘူးရှိ မီးတောင်များနှင့်နှိုင်းယှဉ်လျှင် များစွာကြီးမားလှပြီး နဂါးလူး အိုင်ခေါ် တွင်းဝမှာလည်း တောင်ထိပ်ထက်၌ ပေ၃၀၀ နီးပါး ကျယ်ပြန့် သည်ဟုဆို ပါသည်။ နဂါးဆင်းလမ်း (ချော်ရည်စီးကြောင်း) မှာ ပေ၅၀ မျှ ကျယ်သည် ဆိုသည်။ ဒေသခံတို့က ကျွန်းသာယာခေါ် ယင်းမီးတောင် နယ်မြေ၏ တစ်ဝက်ကို နဂါးက ပိုင်ဆိုင်ပြီး စကားအပြောအဆို အတိမ်း အစောင်းမခံကြောင်း ဆိုကြသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မြေကြီး များကွဲအက်ကာ ပေတစ်ရာအတွင်း၌ သစ်ပင်ကြီးငယ်များလည်း လောင် ကျွမ်းခဲ့ရပြီး အချို့အပင်များမှာ မြေကြီးများဖုံးအုပ်သွားကြောင်း သတင်း စာ၌ ဖော်ပြထားသည်။

ပျူကခြေသည်ရုပ်များ ပြတိုက်အတွင်းမှ အခိုးခံရ(၆-၃-၁၉၆၇)

၁၉၆၇ခုနှစ်၊ မတ်လ၆ ရက်နေ့ ညက မော်ဇာမြို့ရှိ သရေခေတ္တ ရာ ရှေးဟောင်းသုတေသနပြတိုက် အတွင်း၌ပြသထားသော ပျူပန်တျာ ကြေးရုပ် ငါးရုပ်အနက် လေးခုမှာ ပျောက်ဆုံးခဲ့ကြောင်း သတင်းမှတ် တမ်းတစ်ခု၌ တွေ့ရှိရသည်။ ကြေးရုပ်ငါးခုအနက်တစ်ခုမှာ ပြတင်း ပေါက်ဘောင်ပေါ်၌ ကျန်ရစ်သဖြင့် ပြန်လည်သိမ်းဆည်းခဲ့ရသည်။ ယင်းပျူကခြေသည် ကြေးရုပ်ကလေးများမှာ ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်းက သရေခေတ္တရာမြို့ဟောင်း၊ ဘုရားမာဘုရားကြီး အနီးရှိ မော်ဇာအမှတ် (၈) ကုန်းမှတူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

ကြေးရုပ်ငါးခုမှာ ကခုန်နေဟန်၊ဗုံတီးနေဟန်၊ ပလွေမှုတ်နေ ဟန်၊ စည်တီးနေဟန်နှင့် အထုပ်ငယ်တစ်ခုအား ကျောတွင်ပိုးထားဟန် ပုကွကွလူပြက်ပုံသဏ္ဍာန်များ ဖြစ်ကြပြီး အမြင့်တစ်ပေ၊ အဝကျယ်





ရှစ်လက်မခန့်ရှိ ကြေးခေါင်းလောင်းငယ်တစ်ခုအတွင်းမှ တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ အရွယ်အစားသေးငယ်သော်လည်း လက်ရာမြောက်လှသည့် အလျောက် မော်ဇာမြို့၌ ရှေးဟောင်းသုတေသနပြတိုက်အတွင်း အများ ပြည်သူကြည့်ရှုရန် ခေတ္တပြသထားစဉ် ညဘက်၌ခိုးယူခံရခြင်းဖြစ်သည်။

၎င်းကြေးရုပ်ငယ်လေးခုကို ၁၆ နှစ်အကြာတွင် နယူးယောက် မြို့ ရှေးဟောင်းပစ္စည်းများ စုဆောင်းသူ မစ္စတာရောဗတ် အယ်လ်စဝပ် သ်က သက်ဆိုင်ရာသံရုံးမှတစ်ဆင့် မြန်မာနိုင်ငံရှေးဟောင်းသုတေသန ဦးစီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ၁၈-၁၁-၁၉၈၃ ခုနှစ် တွင် ဝမ်းပန်းတသာပြန်လည်လက်ခံရရှိခဲ့ကြောင်း သိရှိရသည်။



၁၉၆၇ ခုနှစ်က ပျောက်ဆုံးပြီးနောက် ပြန်လည်ရရှိလာသော ပျူခေတ်ပန်တျာကြေးရုပ်များ

ဂျာမန်-မြန်မာအဘိဓာန် ပြုစုရေးကော်မတီ ဖွဲ့စည်း(၂-၃-၁၉၆၈)

၁၉၆၈ခုနှစ်၊ မတ်လ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ တွင် ဂျာမန်-မြန်မာ၊ မြန်မာ-ဂျာမန် အဘိဓာန်ပြုစုရေးအတွက် နှစ်နိုင်ငံ ပူးတွဲကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။ ယင်းအဖွဲ့တွင် ဦးဝန်(မင်းသုဝဏ်)က ဥက္ကဋ္ဌအဖြစ်ပါရှိမည်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဦးတင်လှ၊ ဒေါက်တာ ကိုကိုကြီးနှင့် ဂျာမန်ပြည် ထောင်စု သမ္မတနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦး တို့ပါရှိကြမည်ဖြစ်သည်။ အဖွဲ့၏ အတွင်းရေးမှူးကိုမူ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေ ရေးဌာနမှ လက်ထောက်စာတည်း ဒေါ်အေးကြည်အား ခန့်အပ်ခဲ့သည်။

ဂျာမန်-မြန်မာ အဘိဓာန်ပြုစုရေးအစီအစဉ်ကို (၁-၃-၁၉၆၈) တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည့် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့၏ ခရီးစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။


## ကင်းဝန်မင်းကြီး၏ကောင်းမှု သာကဝန်ကျောင်းတော် ချိုးဖျက်ခံရ (၁-၃-၁၉၆၉)

၁၉၆၉ ခုနှစ် မတ်လ ၁ ရက် နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နှစ်ပေါင်း ၉၀ သက်တမ်းကြာမြင့်ခဲ့ပြီး ဖြစ်သော မန္တလေးမြို့ အနောက်ပြင် ရွှာဟိုင်းဈေး၊ ရွှေတစ်ချောင်းချောင်း အနောက်ဘက်ရှိ ကင်းဝန်မင်းကြီး၏ ကောင်းမှုသာကဝန်ကျောင်းမှာ မကြာမီကချိုးဖျက် ခံခဲ့ရကြောင်းသတင်း တစ်ပုဒ်ဖော်ပြပါရှိ၏။ယင်းကျောင်းကြီးကို မြန်မာ သက္ကရာဇ် ၁၂၄၁ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၇၉ ခုနှစ်တွင် ငွေရှစ်သောင်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာဗိသုကာ ပညာရှင် များက ဥရောပဗိသုကာပုံစံဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ကျောင်းကြီးတွင် ရှေးလက်ရာများဖြစ်သော ပန်းပုလက်ရာ အချို့ကို မသိနားမလည်သူများက ချိုးဖျက်ယူငင်ကြသဖြင့် သက်ဆိုင်ရာ က တားမြစ်ပေးသင့်ကြောင်းကိုလည်း ဖော်ပြထား၏။







ကင်းဝန်မင်းကြီးကောင်းမှု သာကဝန်ကျောင်း

## မြန်မာပြည် စစ်မျက်နှာတိုက်ပွဲများတွင် သံချပ်ကာကားစတင် အသုံးပြုပြီ (၇-၃-၁၉၄၂)

မြန်မာပြည်စစ်မျက်နှာ တိုက်ပွဲများတွင် ဂျပန်တို့၏တိုက်စစ် ကို ခုခံကာကွယ်တိုက်ခိုက်ရာ၌ ဗြိတိသျှတပ်များအနေဖြင့် သံချပ်ကာ ကား (တင့်ကား) များကို မတ်လ ၇ ရက်နေ့တွင် စတင်သုံးပြုပြီဖြစ် ကြောင်း ၁၉၄၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့ထုတ် မန္တလေး သူရိယသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သတင်းဖော်ပြချက်အရ ရန်ကုန်မြို့မှ ၅၄ မိုင် ကွာဝေးသော ပဲခူးမြို့ဝန်းကျင် မီးရထားလမ်းနှင့် မော်တော်ကား လမ်းဆုံနေရာ၌ ဗြိတိသျှအမြောက်တပ်များနှင့်အတူ အသစ်ရောက်ရှိလာ သည့် သံချပ်ကာကားများဖြင့် ဂျပန်တို့အား တိုက်ခိုက်ခဲ့ရာ ဂျပန်စစ်သား အမြောက်အမြား ကျဆုံးခဲ့သည်ဆို၏။ စစ်တောင်းတိုက်ပွဲတွင် အကျ အဆုံးများပြားပြီး ကစဉ့်ကလျားတပ်ပျက်ခဲ့ရသည့် ဗြိတိသျှတို့၏ အမှတ် (၁၇) အိန္ဒိယခြေလျင် တပ်မမှတပ်များ ပဲခူးမြို့တွင် အခြေချပြီး ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



စုရုံးနေစဉ် အမှတ်(၇)သံချပ်ကာ တပ်မဟာကိုဘုရားကြီးနှင့် ဝေါ တစ်ဝိုက်၌ ထိန်းသိမ်းထားရှိရန် တာဝန်ပေးခဲ့သည်။

သံချပ်ကာကားများအား မြန်မာပြည်စစ်မြေပြင်၌ စတင် အသုံးပြုရန် စဉ်းစားဆုံးဖြတ်ခဲ့သူမှာ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဝေဗယ် ဖြစ်သည်ဆို၏။ ဝေဗယ်သည် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်နေ့၌ ကျိုက်ထိုရှိ အမှတ်(၁၇) ခြေလျင်တပ်မဌာနချုပ်အား သွားရောက်စစ်ဆေးရာမှ အကြံဉာဏ်ရရှိကာ အာရှအလယ်ပိုင်းမှ မလေးရှားသို့ သယ်ဆောင်လာသည့် အမှတ်(၇) သံချပ်ကာတပ်ကို မြန်မာပြည်သို့ ပို့ဆောင်ပေးရန် ညွှန်ကြားခဲ့သည် ဆိုပါသည်။ ယင်းသံချပ်ကာ ကားများသည် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည်။ထို့နောက် ၄၈ နာရီအတွင်း ဘုရားကြီးသို့အရောက် တပ်စွဲစေခဲ့ကာ ဂျပန်တိုက်စစ်အား ခုခံကာကွယ်စေခဲ့ ခြင်းဖြစ်၏။သို့သော် ဗြိတိသျှတပ်များအနေဖြင့် ဂျပန်တို့၏ ထိုးစစ် ကြောင့် မတ်လ ၇ ရက် နေ့၌ပင် ရန်ကုန်မြို့တော်တပ် ပြည်မြို့သို့ဆုတ် ခွာခဲ့ရသည်။ အိန္ဒိယ အမျိုးသားစစ်ပြေးဒုက္ခသည်များမှာလည်း ပြည်မြို့မှ တစ်ဆင့် တောင်ကုတ် တောင်ကြားကို ဖြတ်ကျော်ကာ ရခိုင်ဒေသ မှ အိန္ဒိယသို့ ထွက်ခွာခဲ့ကြရ၏။

## ကျပ်ပြားစနစ် လွယ်ကူစွာအသုံးပြုနိုင်စေရန် စီမံဆောင်ရွက် လျက်ရှိ (၅-၃-၁၉၅၄)

၁၉၅၄ ခုနှစ် မတ်လ ၅ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အင်္ဂလိပ်သုံးငွေ ပဲစေ့၊ မတ်စေ့နှင့် မူးစေ့များအား လည်းကောင်း၊ ပြည်ထောင်စု သုံးပဲစေ့၊ မတ်စေ့၊ မူးစေ့များအားလည်းကောင်း ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ၃၁ ရက်နေ့မှစတင်၍ နိုင်ငံတော်အစိုးရက တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းပြီး ဖြစ်သော်လည်း မြန်မာနိုင်ငံနေရာ ဒေသ အနှံ့အပြား၌ ဆက်လက်သုံးစွဲနေကြဆဲဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြ





ပါရှိ၏။ ယင်းပဲစေ့၊မတ်စေ့နှင့် မူးစေ့များကို ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး ငွေတိုက်၊ စာတိုက်နှင့် ဘဏ်တို့၌ လဲလှယ်နိုင်ကြောင်းကိုလည်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဟံသာဝတီခရိုင်၊ ကျောက်တန်းမြို့ပိုင် ဦးကျော်က ပြောကြားရာတွင် သုံးစွဲရာ၌ လွယ်ကူစေရန် ကျပ်ပြားစနစ်ကို တီထွင်ထားရှိပြီးဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦးသိနားလည်မှုဖြင့် ဆက်လက်သုံးစွဲနေဆဲ ဖြစ်သည်ဆိုပါသည်။

မြို့ပိုင်ဦးကျော်အနေဖြင့် မိမိအုပ်ချုပ်ရာ နယ်မြေဒေသတွင်ရှိ ကျေးရွာလူကြီးနှင့် ကျေးရွာခေါင်းဆောင်တို့က မူးစေ့၊မတ်စေ့များဖြင့် လာရောက်ဈေးဝယ်ယူသည့်အခါ လက်ခံ၍ ပြန်အမ်းသည့်အခါ၌မူ ကျပ်ပြားတို့ဖြင့်သာ အသုံးပြုနိုင်ရန် စီစဉ်ပေးကြရန် လိုအပ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။ အလားတူ မတ်လ ၉ ရက်နေ့ထုတ် သတင်းစာများ၌လည်း ပဲခူးခရိုင်ဝန်စည်သူ ဦးမောင်မောင်က မူးစေ့၊ မတ်စေ့များကို တရားဝင် ရုပ်စဲထားပြီးဖြစ်သဖြင့် ဆက်လက်အသုံးမပြုကြရန် ပြောကြားခဲ့၏။ယင်း ပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့များမှာ အိန္ဒိယနှင့် မြန်မာခြသေ့်တံဆိပ်ပါ အကြွေများဖြစ်ကြ၏။

## လှေငယ်တစ်စင်းဖြင့် ကမ္ဘာလှည့်နေသူ မြိတ်မြို့သို့ ဝင်ရောက်လာ (၁၁-၃-၁၉၅၇)

နှစ်ပေါင်း ၃၅ နှစ်တိုင် ကမ္ဘာကိုစွန့်စားလှည့်လည်သွားလာကာ ဗဟုသုတရှာမှီးနေသူ ရုရှားလူမျိုး မစ္စတာ ဒီပီနာပီလော့ (အသက်၅၁ နှစ်) သည် လှေငယ်တစ်စင်းဖြင့် လှည့်လည်ရာမှ မြိတ်မြို့သို့ဝင်ရောက်လာကြောင်း မတ်လ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ရုရှားအမျိုးသား မစ္စတာဒီပီနာပီလော့သည် မြိတ်မြို့ဆိပ်ကမ်းတွင် အထူးစုံစမ်းစစ်ဆေးရေး အရာရှိ ဦးအောင်ကျော်၊ လူဝင်လူထွက်(လူဝင်မှုကြီးကြပ်ရေး)အရာရှိ ဦးဘထွန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိနစ်၃၀ကြာ တွေ့ဆုံဆွေးနွေးခဲ့၏။ ထို့နောက် အချိန်နှစ်နာရီကြာမျှ မြိတ်မြို့ဆိပ်ကမ်းကို လှည့်လည်လေ့လာခဲ့သည်။

ကမ္ဘာလှည့် ရုရှားအမျိုးသားသည် အနီးဝန်းကျင်နေရာဒေသများကိုလှည့်လည်ကြည့်ရှုပြီးနောက် ဓာတ်ဆီလေးဂါလန် ဝယ်ယူကာ မြိတ်မြို့ ပြည်တော်သာတံတားဆိပ်မှ ထွက်ခွာသွား၏။ ခရီးစဉ်တွင် ထားဝယ်နှင့် မြိတ်မြို့များသို့လည်း ဝင်ရောက်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။ ကမ္ဘာလှည့်ရုရှားအမျိုးသား၏ လှေအတွင်း၌ မြေပုံများ၊ ပင်လယ်ခရီးသွား အိမ်မြှောင်တစ်ခုနှင့် စားသောက်ဖွယ်ရာအနည်းငယ်ပါဝင်ကြောင်း သိရှိရ၏။

## ရန်ကုန်ရောက် ဗြိတိသျှရေငုပ်သင်္ဘောပေါ်သို့ သတင်းစာဆရာများအား ဖိတ်ခေါ်ပြသ (၈-၃-၁၉၆၀)

၁၉၆၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းရောက် ဗြိတိသျှရေငုပ်သင်္ဘောပေါ်သို့ အကြီးအကဲဗိုလ်မှူးဂစ်ဆင် Maj: C.E Gibson က သတင်းစာဆရာကြီးများအား ဖိတ်ကြားပြသခဲ့ကြောင်း နောက်တစ်နေ့ထုတ်နေ့စဉ် သတင်းစာအချို့၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ ရေငုပ်သင်္ဘောမှာ သီဟိုဠ်(သီရိလင်္ကာ)မှ စင်ကာပူရေတပ်စခန်းသို့ အသွား ရန်ကုန်မြို့သို့ချစ်ကြည်ရေးခရီးအဖြစ် ခေတ္တဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ရေငုပ်သင်္ဘော၏အမည်မှာ "အမ်တာက်တစ်ရှင်း" ဖြစ်ပြီး အရာရှိ ခြောက်ဦး၊ သင်္ဘောသား ၅၅ ဦးပါရှိသည်ဟု ဆိုပါသည်။ ယင်းသင်္ဘောမှာ ၁၉၄၂ ခုနှစ်မှ စတင်အသုံးပြုခဲ့ရာ ယခုအခါ ပင်လယ်ပြင်၌ သက်တမ်း ၁၈ နှစ်ရှိပြီ ဆိုပါ၏။ ရန်ကုန်မြို့၌ သင်္ဘောဆိုက်ကပ်ထားစဉ်အတွင်း သင်္ဘောသားများသည် မြန်မာ့တပ်မတော်ရေတပ်သားများနှင့် ဘောလုံး၊ ဟော်ကီ စသဖြင့် ကစားခဲ့ကြရာ မြန်မာ့တပ်မတော်က





ပင် အနိုင်ရရှိခဲ့သည်။

ရေငုပ်သင်္ဘောဦးစီးမှူးသည် ရန်ကုန်မြို့သို့ရောက်ရှိစဉ်အ တွင်း ရန်ကုန်မြို့တော်ဝန်နှင့်လည်း သွားရောက်တွေ့ဆုံခဲ့ပြီး မတ်လ ၉ ရက်နေ့နံနက်တွင် ယင်းရေငုပ်သင်္ဘောမှာ စင်ကာပူသို့ ဆက်လက်ထွက်ခွာသွားသည်။

## ရန်ကုန်မြို့ပတ်မီးရထားလမ်းဆက်မိတော့မည် (၁၅-၃-၁၉၅၉)



ဒညင်းကုန်းဘူတာနှင့် မင်္ဂလာဒုံဘူတာအကြား ဆက်သွယ်ဖောက်လုပ်နေသည့် မြို့ပတ်ရထားလမ်းအပိုင်း

ရန်ကုန်မြို့တွင် နေထိုင်ကြသည့် လုပ်သားပြည်သူများ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် မြို့ပတ်မီးရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ ဒညင်းကုန်းဘူတာနှင့် မင်္ဂလာဒုံဘူတာအကြား ဆက်သွယ်ဖောက်လုပ်နေသည့် မြို့ပတ်မီးရထားလမ်းအပိုင်းပြီးစီး



www.burmeseclassic.com

www.burmeseclassic.com



လုပြီးဖြစ်ကြောင်း ၁၉၅၉ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင်ထုတ်ဝေသည့် သတင်းမှတ်တမ်းတစ်စောင်၌ တွေ့ရှိရ၏။ ရက်အနည်းငယ်အတွင်း မြို့ပတ်ရထားလမ်း ဆက်စပ်မိသွားမည်ဖြစ်ပြီး မီးရထားလမ်းဖောက်လုပ်ပြီးစီးပါက မြို့ပတ်ရထားများပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်းလည်း သတင်း၌ ဖော်ပြပါရှိပါသည်။ မြို့ပတ်ရထားလမ်း ဖောက်လုပ်မှုအစီအစဉ်သည် ၁၉၅၉ ခုနှစ်၊ မတ်လအတွင်း ပြီးစီးသွားပြီး မြို့ပတ်ရထားစတင်ပြေးဆွဲမှုကိုမူ ၁၉၅၉ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင်ခဲ့ကြောင်းလည်း သိရှိရ၏။

မြို့ပတ်ရထားလမ်း၏ အရှည်သည်စုစုပေါင်း ၂၈. ၅မိုင်ရှိပြီး စတင်ပြေးဆွဲစဉ်က မိနစ်သုံးဆယ်လျှင် တစ်စင်းကျ မောင်းနှင်ပေးခဲ့ကြောင်း ၊ စက်ခေါင်းတွဲများကို အရှေ့နှင့်အနောက်၌ ချိတ်ဆက်တပ်ဆင်ထားကြောင်းဆိုပါသည်။ မြို့ပတ်ရထား တစ်ပတ်ပတ်မောင်းနှင်ရန်ကြာချိန်မှာ သုံးနာရီခန့်ဖြစ်ကြောင်းသိရှိရ၏။

## ကောင်းကင်မြေတိုင်းလုပ်ငန်း စတုရန်းမိုင်ရှစ်သောင်းကျော်ပြီးစီး
## (၁၀-၃-၁၉၅၄)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ယခင်က တစ်ကြိမ် တစ်ခါမျှ မပေါ်ပေါက်ဖူးခဲ့သော ကောင်းကင်မှလေယာဉ်ဖြင့် ဓာတ်ပုံရိုက်ယူ မြေတိုင်းထွာသောစနစ်မှာ ယခုအခါ စတုရန်းမိုင် ရှစ်သောင်းကျော်ပြီးစီးပြီးဖြစ်ကြောင်း ကောင်းကင်မြေတိုင်းဌာနမှ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ၁၉၅၄ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ ဖော်ပြပါရှိ၏။

ကောင်းကင်ဓာတ်ပုံ မြေတိုင်းလုပ်ငန်းသည် ဓာတ်သတ္တုရှာဖွေရေး၊ စိုက်ပျိုးရေး၊ မြေကျောက်အနေအထား အမျိုးအစားခွဲခြားရေး သစ်တောလုပ်ငန်းများ၊ ဆည်မြောင်းတာတမံတည်ဆောက်ရေး လုပ်ငန်း





များနှင့် စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို အထူးပင် အထောက်အကူပြုနိုင်လိမ့်မည် ဖြစ်ကြောင်း သတင်းစာ၌ ဖော်ပြပါရှိပါသည်။

## ဘုရင်ခံဟောင်းဆာဂျေအေမောင်ကြီးကွယ်လွန်
## (၉-၃-၁၉၅၅)

၁၉၅၅ ခုနှစ်၊ မတ်လ ၉ ရက် ည ၁၁ နာရီအချိန်တွင် မြန်မာနိုင်ငံဘုရင်ခံဟောင်း ဆာဂျိုးဇက်ဩဂတ်စတပ်စ်မောင်ကြီး (အသက် ၈၄ နှစ်) သည် ရွှေတောင်ကြားလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း နောက်တစ်နေ့ထုတ် နေ့စဉ်သတင်းစာများ၌ သတင်းဖော်ပြပါရှိပါသည်။

ဦးမောင်ကြီးကို ၁၈၇၁ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ငယ်စဉ်က ရန်ကုန်မြို့ စိန်ပေါကျောင်း၌ ပညာသင်ယူခဲ့၏။ထို့နောက် ဘိလပ်၌ ဝတ်လုံတော်ရ စာမေးပွဲကို ဖြေဆိုအောင်မြင်ကာ မြန်မာပြည်သို့ပြန်လာပြီး တစ်နှစ်ကျော်ကြာ အမှုလိုက်ခဲ့သေး၏။ မကြာမီထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အင်္ဂလိပ်သစ်ကုမ္ပဏီကြီးတစ်ခုက ခေါ်ယူသဖြင့် ဥပဒေအတိုင်ပင်ခံအဖြစ် ၁၄ နှစ်ကြာ သွားရောက်အမှုထမ်းခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဘုရင်ခံ၏ အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့သို့ အစိုးရခန့်အမတ်တစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ဒိုင်အာခီ အုပ်ချုပ်ရေးရရှိပြီးနောက် ဆာဂျေအေမောင်ကြီးသည် ရန်ကုန်အရှေ့ ပိုင်းရပ်ကွက်မှ ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့ရသည်။ သို့သော် အထူးခုံရုံးမှ ကန့်ကွက်သဖြင့် အနိုင်ရရှိကာ ဒိုင်အာခီအမတ် အဖြစ်မှ သစ်တောဝန်ကြီးဖြစ်လာခဲ့သည်။

ဆာဂျေအေမောင်ကြီးသည် သစ်တောရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး ရာထူးများအပြင် ခေတ္တဘုရင်ခံရာထူးကိုပင် ခန့်အပ်ခံခဲ့ရသော မြန်မာလူမျိုးထဲမှ ပထမဆုံးဘုရင်ခံဖြစ်သည်။ဆာဂျေအေမောင်ကြီး သည် ပသျှူးခေါင်းပြတ်ခေါ် ဖရီးမေဆင်(Free Mason)အသင်း၏ ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



သောလူကြီးတစ်ဦး ဖြစ်သကဲ့သို့ စေတီယင်္ဂဏအသင်း၏ ရာသက်ပန် အသင်းဝင်တစ်ဦးလည်းဖြစ်ပါသည်။ ဇနီး ဒေါ်မမှာ ဂျပန်ခေတ်က ကွယ်လွန်ခဲ့ပြီး တစ်ဦးတည်းသောသမီး ဒေါ်ခင်မြင့် (ဆရာဝန် ဦးသိန်းမောင် ကတော်) ကျန်ရစ်ပါသည်။

## ကမ္ဘာအေးကုန်းမြေအနီး၌ လျှော်တိုင်းထွာစက်ကြီး ဆောက်လုပ် တပ်ဆင်မည် (၁၃-၃-၁၉၆၀)

၁၉၆၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကျပ်တစ်သိန်းခွဲတန် လျှော်တိုင်းထွာစက်ကြီးအား ကမ္ဘာအေးကုန်းမြေအနီး၌ ဆောက်လုပ်တပ်ဆင်တော့မည် ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။မြန်မာနိုင်ငံတွင် လျှော်များလုပ်ခဲ့ဖူးရာ လျှော်ကို ကြိုတင်ကာကွယ် လေ့လာမှုပြုလုပ်နိုင်ရေး အတွက် မိုးလေဝသဌာနမှ အရာရှိ ဦးစိန်ရွှေဦးသည် သင်တန်းတက်ရောက်ရန် မတ်လ ၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ထွက်ခွာသွားပြီဖြစ်၏။ သင်တန်းမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး အာသံပြည်နယ်ရှိ ရှီလောင်မြို့၌ စာတွေ့ လက်တွေ့သင်ယူရမည်ဖြစ်သည်။ ဦးစိန်ရွှေဦး မြန်မာနိုင်ငံသို့ ရောက်ရှိလာပါက အသစ်တပ်ဆင်မည့် လျှော်တိုင်းထွာစက်ကြီးအား ကြီးကြပ် အုပ်ချုပ်နိုင်မည်ဖြစ်သည်ဆို၏။

## စစ်တောင်းတံတားသစ်ကြီး ဖွင့်လှစ်ပြီ (၂၃-၃-၁၉၆၃)

၁၉၆၃ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စစ်တောင်းတံတားသစ်ကြီး ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ် နေ့စဉ်သတင်းစာ





များ၌ သတင်းဖော်ပြထားပါသည်။ စစ်တောင်း တံတားသစ်ကြီးသည် အလျားပေ ၂၃၁၀ ရှိပြီး မော်တော်ကားလမ်းနှင့် မီးရထားလမ်းများ အပါအဝင် ကုန်ကျစရိတ် ၅၇၂ သိန်းကျော်ကုန်ကျခဲ့သည်ဆိုပါသည်။ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော အထင်ကရ တံတားကြီးတစ်ခုဖြစ်သည့် စစ်တောင်းတံတားကြီးကို အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်၌ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ငါးနှစ်ကျော်ကြာအောင် တည်ဆောက်ခဲ့ကြရခြင်း ဖြစ်ပါသည်။ တံတားကြီးတွင် အခြေခံတိုင်မကြီး ခုနစ်ခု၊ အလတ်စား တစ်ခု၊ ပေ ၃၅၀ ရှိသော တံတားသံပေါင်ကြီး ခြောက်ခုတို့ပါဝင်ကြောင်း သိရှိရ၏။

မူလစစ်တောင်းတံတားဟောင်းသည် ဗြိတိသျှအစိုးရလက်ထက်က တည်ဆောက်ခဲ့သော်လည်း ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ပြန်လည်ဆုတ်ခွာစဉ် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသည်။ ဂျပန်ခေတ်တွင် ဂျပန်အစိုးရက စစ်တောင်းတံတားကြီးအား စစ်အောင်နိုင်ရေးအတွက် အရေးပေါ် ပြန်လည်ပြုပြင်ခဲ့ကြသည်။ ယင်းတံတားပြုပြင်ရေးလုပ်ငန်းများကို ဂျပန်ပြည်၊ ဝါဆေဒါတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သူ ဦးကာဆိုသူ မြန်မာအမျိုးသားတစ်ဦးအား တာဝန်ပေးအပ်ခဲ့သည်။ ဗြိတိသျှတပ်များ ပြန်လည် ဝင်ရောက်လာချိန်တွင် ဂျပန်တို့အားကူညီခဲ့သူ ဦးကာအား အကျဉ်းချထားခဲ့သည်။ ဗြိတိသျှအစိုးရသည် ၁၉၄၆ ခုနှစ်တွင် စစ်တောင်းတံတားသစ်ဆောက်လုပ်ရန် စီမံဆောင်ရွက်ခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက်မြန်မာနိုင်ငံအစိုးရက ဆက်လက်ဆောက်လုပ်ခဲ့ရာတွင် ၁၉၄၉ ခုနှစ်၌ ပြည်တွင်းသောင်းကျန်းသူများကြောင့် ရပ်ဆိုင်းခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း ကွယ်လွန်သွားခဲ့သူ စစ်သားတစ်ဦး တောင်တွင်းကြီး၌ လူဝင်စားဖြစ်လာ
## (၁၈-၃-၁၉၆၉)

၁၉၆၉ ခုနှစ် မတ်လ ၁၈ ရက်နေ့က တောင်တွင်းကြီးမြို့၊ ရွှေအင်းတောင်ဘုရားပွဲသို့ ဖခင်ဦးအောင်သိန်းနှင့်အတူ လာရောက်သူ ခုနစ်နှစ်အရွယ် သမီးငယ်အား နယ်မြေသတင်းထောက်ကမေးမြန်းခဲ့ရာ လူဝင်စားတစ်ဦးဖြစ်ကြောင်း ၁၉၆၉ ခုနှစ်၊ မတ်လ ၂၃ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ခင်စန်းတင့် ဆိုသူ ကလေးမလေးမှာ မိမိ၏အမည်မှာ မောင်စိန်ဖြစ်ကြောင်း၊ အင်္ဂလိပ်အတက်၊ ဂျပန်အဆုတ်တွင် အိန္ဒိယလွတ်မြောက်ရေးတပ်နှင့် ပြန်ပါလာပြီး၊ မကွေးနယ်ရွာသာတိုက်ပွဲ၌ သေနတ်ထိမှန် ကျဆုံးခဲ့ရကြောင်း ပြောဆိုခဲ့သည်ဆို၏။

ခင်စန်းတင့်သည် ရန်ကုန်သို့သွားလိုသည်ဟူ၍ အကြိမ်ကြိမ် ပြောဆိုနေပြီး ယခင်ဘဝက ရန်ကုန် ကန်တော်ကလေး၌ မုန့်ဆီကြော်များ လှည့်လည်ရောင်းချရကြောင်း၊ ဖခင်မှာ ကုလားလူမျိုး ဦးဘိုးလှဖြစ်ပြီး မိခင်မှာ ဗမာလူမျိုး ဒေါ်ဖြူဖြစ်ကြောင်းပြောပြခဲ့၏။ မွေးချင်း အစ်မခြောက်ဦး၏ အမည်ကိုလည်း ရွတ်ဆိုပြပြီး အသက် ၁၈ နှစ် အရွယ်၌ စစ်ထဲလိုက်ခဲ့ပုံ၊ သေနတ်ထိမှန်ကာ မေ့မြောသွားပုံများကိုလည်း အသေးစိတ်ပြောပြခဲ့၏။ ထို့နောက် ၁၅ နှစ်ကြာ မည်သို့မည်ပုံဖြစ်ပွားခဲ့သည်ကို မသိရဘဲ ၁၉၆၂ ခုနှစ်တွင် ရွာသာရွာ၌ တောင်သူဦးညီလေး၊ မလှရင်တို့ထံ ဝင်စားခဲ့သည် ဆို၏။ အတိတ်ဘဝမှ အစ်မဖြစ်သူ မတင်အေး၊ မတင်လှ၊ မကြည်စိန်၊ မလှစိန်၊ မသန်းကြည်၊ မထားနွဲ့တို့အား သူ့ကိုဆက်သွယ်ပါရန်လည်း ပြောကြားခဲ့သည်။

■





## ကမ္ဘာ့ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ သွားရောက်ပြသ
## (၁၅-၃-၁၉၇၀)



အိုဆာကာပြပွဲမှ ဂုဏ်ယူဖွယ်မြန်မာ့ပြခန်း မြင်ကွင်း

၁၉၇၀ပြည့်နှစ် မတ်လ ၁၅ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် ဂျပန်နိုင်ငံ အိုဆာကာမြို့အနီးမှ အိတ်စပို့ ၇၀ ကမ္ဘာ့ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်းဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ယင်းပြပွဲ၌ ကမ္ဘာ့နိုင်ငံပေါင်း ၇၇ နိုင်ငံမှ ပြခန်းများ လာရောက်ပြသခဲ့ကြရာ မြန်မာနိုင်ငံပြခန်းတစ်ခန်းလည်း အပါအဝင် ဖြစ်သည်။ ၈၁၅ ဧက ကျယ်ဝန်းသော ပြပွဲကြီးအတွင်း မြန်မာပြခန်းမှာ အလျားပေ ၁၁၀၊အနံပေ၈၀ကျယ်ဝန်းသည့် ရေကန်ထက်၌ နဂါးနှစ်ကောင်က,သောဖောင်တော်ဖြင့် တည်ဆောက်ထားရှိ၏။ ပင်မဝင်ပေါက်သို့တံ တားဖြင့် ဖြတ်ကျော်ဝင်ရောက်ရပြီး အခြားတစ်ဖက်တံတားမှ ပြန်လည် ထွက်ခွာနိုင်အောင် စီစဉ်ထားသည်ဟု ဆိုပါသည်။

မြန်မာပြခန်းအတွင်း၌ သုံးထပ်သား၊ ကျွန်းသားပန်းပုလိုက် ကာ၊ ကြာဖူး ကြာငုံလက်ရာများဖြင့် တန်ဆာဆင်ထားပြီး မြန်မာ့ ကျောက်မျက်ရတနာအမျိုးမျိုး၊ ကျောက်စိမ်းဆင်းတုတော်နှစ်ဆူ၊ လယ်ယာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်တောထွက်ပစ္စည်း၊ ချည်ထည်ပိုးထည်များ၊ ယွန်းထည်၊ ငွေ ထည်များ စသည်ဖြင့်စုံလင်စွာပြသထားသည်ဆို၏။ ခေတ်ဆန်၍ကြီး မားလှသည့် ပြခန်းကြီးများအလယ်တွင် ဘုံခုနစ်ဆင့်ပြာသာဒ် စုလစ် မွန်းချွန်များနှင့် မြန်မာမှု လက်ရာပီသစွာဆောက်လုပ်ထားသော မြန်မာပြခန်းကို ဂျပန် အိမ်ရှေ့မင်းသားအာကီဟီတိုနှင့် မင်းသမီးမိချီကို၊ မီကဆာမင်းနှင့် ကြင်ရာတော်၊ နီပေါဘုရင်မဟိန္ဒြရာနှင့် မိဖုရားစသူတို့က ကြည့်ရှုအား ပေး ချီးမွမ်းစကား ဆိုခဲ့ကြကြောင်း သိရှိရ၏။

## မြန်မာတိုင်းရင်းဆေးပညာရှင်များ အစွမ်းကြောင့် ၁၀ နှစ်တိုင် စကားမပြောနိုင်သူ စကားပြန်လည်ပြောဆိုနိုင်ပြီ (၁၄-၃-၁၉၅၄)

၁၉၅၄ ခုနှစ်၊ မတ်လ ၁၄ ရက် နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်မြို့မှ မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ၏ အစွမ်း ကြောင့် ၁၀ နှစ်ကြာ စကားမပြောနိုင်သူ ဦးမြဘူး ဆိုသူမှာ စကား ပြန် လည်ပြောဆိုင်နိုင်ပြီ ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ ဖြစ် စဉ်မှာ ရန်ကုန်မြို့၊ မျူနီစပါယ်ရုံးကြီး၌ စာရင်းကိုင်ချုပ်အဖြစ် အလုပ် လုပ်ကိုင်နေသူ ဦးမြဘူးသည် ၁၉၄၃ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း တာဝန်ထမ်းဆောင်နေစဉ် အပြင်းဖျားရာမှ အဖျားပြတ်သွားသောအခါ စကားလုံးဝမပြောနိုင်တော့ဟု ဆိုပါသည်။

ဦးမြဘူးသည် ထိုစဉ်ကာလမှစ၍ ခေတ်မီ ဆရာဝန်များ၊ ဘုန်းတော်ကြီးများ၊ ပယောဂဆရာများဖြင့် နည်းအမျိုးမျိုးနှင့် ကုသမှု ခံယူခဲ့သော်လည်း မပျောက်ကင်းခဲ့ပေ။ ရန်ကုန်ဆေးရုံကြီး၌လည်း တက်ရောက် ကုသခဲ့ဖူးသည်ဆိုပါသည်။ ၁၉၅၄ ခုနှစ် နှစ်စပိုင်းတွင် ပြည်မြို့၌ မေတ္တာဖြင့် ကုသပေးနေသည်ဆိုသော မြန်မာတိုင်းရင်း ဆေး ပညာရှင်များ အဖွဲ့ရှိသည်ဆို၍ သွားရောက်ဆေးကုသခံယူခဲ့၏။ ယင်း





ဆရာများအဖွဲ့က ဆရာ ဦးမောင်ငယ် ဦးဆောင်၍ တာဝန်ယူကုသပေး ခဲ့ရာ ငါးရက်အကြာတွင် စကားစတင်ပြောဆိုလာနိုင်ပြီး ၁၈ ရက်အ တွင်း ပုံမှန်ပြန်လည်ဖြစ်လာခဲ့သည်ဆို၏။ မြန်မာတိုင်းရင်းဆေးပညာ ရှင်များက ယင်းသို့ ကုသပေးရာ၌ ငွေကြေးလုံးဝမယူဘဲ မေတ္တာသက် သက်ဖြင့်သာ ကုသပေးခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သတင်းစာ၌ ဖော် ပြပါရှိပါသည်။

## နိုင်ငံတော်အလံကို အလေးမပြုသူ ရုပ်ရှင်သရုပ်ဆောင်နှစ်ဦးအား အရေးယူမည် (၃၁-၃-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်း စာတွင် ရုပ်ရှင်ရုံအတွင်း နိုင်ငံတော်အလံပြသစဉ် မတ်တပ်ရပ်၍ အ လေးမပြုခဲ့သော ရုပ်ရှင်သရုပ်ဆောင် အမျိုးသမီးနှစ်ဦးအား အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ သတင်း အပြည့်အစုံမှာ လွန်ခဲ့သည့် မတ်လ ၂၂ ရက်နေ့ ပွဲတွင် မန္တလေး ရုပ်ရှင် လီမိတက်မှ ရုပ်ရှင်သရုပ်ဆောင် အမျိုးသမီးနှစ်ဦးဖြစ်သော နွဲ့နွဲ့အေးနှင့် ကြည်ကြည်ဝေတို့ နှစ်ယောက်သည် အလံတော်ပြသစဉ် အလေးပြုခြင်း မရှိကြောင်း ရဲဝန်ထောက် ဦးဘတင်က စစ်ဆေးတွေ့ရှိရသဖြင့် စံပြ ယိုးဒယားဈေး ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဌာနာအုပ်ဦးချစ်ကိုကိုက ရုပ်ရှင်သရုပ်ဆောင်နှစ်ဦးအပေါ် ပြည် ထောင်စုအလံတော်ကို မရိုသေမှု အလံတော်အက်ဥပဒေပုဒ်မ (၄) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ရုပ်ရှင် သရုပ်ဆောင်နှစ်ဦးက ဌာနာအုပ်အား ပြန်လည်ရှင်းပြပြောဆိုရာ၌မူ မိမိတို့အနေဖြင့် ပြည်ထောင်စုအလံတော်ကို မရိုသေ၍ မဟုတ်ဘဲ တစ်ဦး နှင့်တစ်ဦးစကားပြောဆိုနေကြသဖြင့်သာ မတ်တပ်ရပ် အလေးမပြုခဲ့ ကြောင်း ပြောကြားခဲ့သည်ဆိုပါသည်။

www.burmeseclassic.com



## ဒီဆူဇာကုမ္ပဏီ နှစ် ၈၀ ပြည့်အခမ်းအနားၖ မြန်မာလူမျိုးတစ်ဦးထံ လုပ်ငန်းများလွှဲပြောင်းပေးအပ်

(၂၅-၃-၁၉၅၉)

၁၉၅၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် ယမန်နေ့က အီးအမ်ဒီဆူဇာကုမ္ပဏီ၏ အနှစ် ၈၀ မြောက် အခမ်း အနားကို ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ ဗဟိုတိုက်ကြီး၌ ကျင်းပပြုလုပ်ရာတွင် မစ္စက်ဒီဆူဇာက လက်ရှိမန်နေဂျင်းဒါရိုက်တာ ဦးခင်ဇော်၏ လက်သို့ လွှဲပြောင်းပေးအပ်ခဲ့၏။ မစ္စက်ဒီဆူဇာသည် အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့နေ ကွယ်လွန်သူ ဒီဆူဇာသူဌေးကြီး ဒေါက်တာအယ်လက်ဇာ၏ ဇနီးဖြစ်ပြီး မြန်မာမန်နေဂျင်းဒါရိုက်တာအား ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ လွှဲပြောင်းပေးအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဒီဆူဇာကုမ္ပဏီ၏ ပျော်ပွဲရွှင်ပွဲများကို မတ်လ ၃၁ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းကာလအတွင်း ဆေးဝယ်လာသူများအား အောင်ပွဲမင်္ဂလာယပ်တောင် ကမ်းလှမ်းပေးမည့် အပြင် ပျော်ပွဲ၊ ရွှင်ပွဲကိုလည်း ပါဝင်ဆင်နွှဲခွင့်ပြုလိမ့်မည် ဖြစ်ကြောင်း သိရှိရ၏။

## နေပြည်တော်မြို့၌ မဟာဗန္ဓုလကြေးရုပ် ဖွင့်ပွဲကျင်းပ

(၂၇-၃-၁၉၆၂)

နေပြည်တော်မြို့မဟာဗန္ဓုလ ကြေးရုပ်ဖွင့်ပွဲအခမ်းအနားကို ၁၉၆၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၌ နေပြည်တော်မြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် ရန်ကုန်သတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်းကြေးရုပ်ဖွင့်ပွဲကို တော်လှန်ရေးကောင်စီဝင် တောင်ပိုင်းတိုင်းမှူးက ဖွင့်လှစ်ပေးခဲ့ပြီး ကောင်းကင်ယံမှ ဟယ်လီကော်ပတာ ရဟတ်ယာဉ်ဖြင့်လည်း ဝဲပျံအလေးပြုခဲ့သည် ဆိုပါသည်။ အခမ်းအနားသို့ ယဉ်ကျေးမှု ဝန်ကြီး





ဌာနအတွင်းဝန် ဦးသိန်းညွှန့်၊ ညွှန်ကြားရေးဝန်ဟောင်း ဦးသာမြတ်၊ ဧရာဝတီတိုင်းမင်းကြီး ဦးကဲရော့၊ မအူပင်ခရိုင်ဝန် ဦးသန်းအောင်နှင့် စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြ၏။

မဟာဗန္ဓုလရုပ်တုအမြင့်မှာ ကိုးပေကျော်ရှိပြီး တန်ချိန်သုံးတန်နီးပါးရှိကာ ကုန်ကျစရိတ်မှာ ငါးသောင်းကျော် ဖြစ်ပါသည်။ ယင်း ရုပ်တုကို ၁၉၆၀ ပြည့်နှစ်မှစတင်ကာ ပန်းချီဆရာကြီး ဦးစောအောင် နှင့် ဦးမြသောင်းတို့က ပုံဖော်ခဲ့ကြပြီး ၁၅-၈-၁၉၆၁ တွင် စတင်သွန်းလုပ်ခဲ့၏။ ကြေးရုပ်တုကို (၁၇)ကြိမ်မြောက် တပ်မတော်နေ့၌ ဖွင့်လှစ်ခဲ့ရာတွင် ပရိသတ် ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

## အပိုလို ၁၂ အာကာသယာဉ်မှူးများ ရန်ကုန်သို့အလည်အပတ် ရောက်ရှိလာ

(၁၇-၃-၁၉၇၀)

၁၉၇၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့တွင် အပိုလို ၁၂ အာကာသယာဉ်မှူးသုံးဦး မြန်မာနိုင်ငံရန်ကုန်မြို့သို့ အလည်အပတ် ရောက်ရှိလာခဲ့ကြောင်းသတင်းကို နောက်တစ်နေ့ထုတ် နေ့စဉ်တင်းစာများ၌ ဖော်ပြထားပါသည်။ အာကာသယာဉ်မှူးသုံးဦးမှာ ချားလ်စ်ကွန်ရက် (Charles Conrad)၊ ရစ်ချတ်ဒ် ဂေါ်ဒွန် (Richard Gordon) နှင့် အယ်လင်ဘင်း (Alan Bean) တို့ဖြစ်ကြပြီး မင်္ဂလာဒုံလေဆိပ်သို့ မွန်းလွဲ ၁၂ နာရီ၊ ၃၅ မိနစ်အချိန်တွင် ရောက်ရှိလာကြပြီးနောက် အင်းလျားလိတ်ဟိုတယ်၌ သတင်းစာ ရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ကြ၏။

အာကာသယာဉ်မှူးများသည် အာဇာနည်ဗိမာန်သို့ သွားရောက်ကာ ဗိုလ်ချုပ်အောင်ဆန်းအုတ်ဂူ၌ လွမ်းသူ့ပန်းခွေချဂုဏ်ပြုခဲ့ကြပြီး ရွှေတိဂုံစေတီတော်သို့လည်း တက်ရောက်ကြည်ညိုခဲ့ကြလေသည်။ ထို့နောက် စေတီတော်ခြေရင်းမုခ်ဦးအနီး၌ မြန်မာပရိသတ်ကြီးအား ၄၅ မိနစ်ကြာ နှုတ်ခွန်းဆက်ခဲ့ကြ၏။ ရန်ကုန်ရောက် အာကာသယာဉ်မှူးများ




www.burmeseclassic.com

www.burmeseclassic.com



အနက် ချားစ်ကွန်ရက်က ပြောကြားရာတွင် မိမိတို့အာကာသထဲ ရောက်သွားသည့်အခါ ကမ္ဘာသည် အလွန်သေးငယ်သွားပြီး မှုန်ဝါးသွားကြောင်း၊ သို့ဖြစ်၍ ဤကမ္ဘာဟူသော မြေကြီးကလေးထက်၌ ဝေမျှနေထိုင်ကြရသူများ အချင်းချင်း ရန်ပြုတိုက်ခိုက်နေကြခြင်းကို ရပ်တန့်သင့်ပြီဟု မေတ္တာရပ်ခံလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အာကာသယာဉ်မှူးများအဖွဲ့သည် နောက်တစ်နေ့၌ ရန်ကုန်မြို့မှ ပြန်လည်ထက်ခွာသွားပါသည်။



အပိုလို ၁၂ အာကာသယာဉ်မှူးသုံးဦး ရန်ကုန်မြို့အတွင်း လှည့်လည်လာစဉ်





## သီပေါမင်းလက်ထက် မြို့တော်ဝန် ရွှေလုံဗိုလ် ကွယ်လွန်
## (၂၇-၃-၁၉၁၃)

၁၉၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ည ၈ နာရီခွဲအချိန်တွင် သီပေါမင်းလက်ထက်၌ ထင်ရှားခဲ့သည့် ရွှေလုံဗိုလ်မြို့ဝန်မင်း ကွယ်လွန်သွားကြောင်း သူရိယသတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ရွှေလုံဗိုလ်သည် မန္တလေးမြို့၊ ဟေမာဇလရပ်၌ နေထိုင်စဉ်အတွင်း အသက် ၇၁ နှစ်အရွယ်တွင် ဒူလာပါဒရက် သွက်ချာပါဒရောဂါစွဲ ကပ်လျက် ကွယ်လွန်သွားကြောင်း၊ မြန်မာဘုရင် သီပေါမင်းလက်ထက်တွင် ကြည်းတပ်စစ်ဗိုလ်ချုပ်ကြီးအရာဖြင့် အမှုတော်ထမ်းရွက်ခဲ့ဖူးပြီး ဗြိတိသျှအစိုးရတို့ မန္တလေးမြို့ကို သိမ်းပိုက်စဉ် ကျောက်ဖြူ မြို့နယ်သို့ နှင်ထုတ်ခံခဲ့ရကြောင်း နောင် အခြေအနေများ အေးချမ်းတည်ငြိမ်သွားသော အခါမှ မန္တလေးမြို့သို့ ပြန်လည်ခေါ်ယူခြင်းခံရကြောင်း သတင်းစာ၌ ဖော်ပြပါရှိပါသည်။

ရွှေလုံဗိုလ် ခေါ် ရွှေလုံမြို့ဝန်မင်း၏ အမည်ရင်းမှာ ဦးချက် ဖြစ်ပြီး မင်းပေးဘွဲ့အမည်မှာ ရွှေလုံဗိုလ်ကောလင်းမြို့စား မင်းကြီးမဟာ မင်းခေါင်နော်ရထာဖြစ်သည်။ ရွှေလုံဗိုလ်သည် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်၏ အဘိုးတော်စပ်သူလည်း ဖြစ်ပါသည်။

## အိန္ဒိယ-မြန်မာ တယ်လီဖုန်းလိုင်း စတင်ဖွင့်လှစ်
## (၂၄-၃-၁၉၅၅)

၁၉၅၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ ညနေ ၅း၀၅ နာရီတွင် အိန္ဒိယ- မြန်မာတယ်လီဖုန်းလိုင်းပိုင်း စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်း တစ်ပုဒ်ဖော်ပြပါရှိပါသည်။ ယင်းသို့ ရေဒီယိုတယ်လီဖုန်းဖြင့် ဆက်သွယ် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



သည့် အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့ရှိ နိုင်ငံတော် ဝန်ကြီးချုပ်ရုံး၌ ကျင်းပခဲ့ရာ ဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ်နေရုံးထံ ပြောကြားဆက်သွယ်ခြင်းဖြင့် စတင်ခဲ့၏။ ၎င်းအခမ်းအနားသို့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီး မစ္စတာဆက်ဆီးနားတို့ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးချုပ်နှစ်ဦး ရေဒီယိုတယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်စကား ပြောကြားရာတွင် ယခုကဲ့သို့ ပထမဆုံးအကြိမ် ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်၍ ဝမ်းမြောက်ကြောင်း၊ အိန္ဒိယနိုင်ငံမှ စက်မှုလက်မှုကျွမ်းကျင်ပညာရှင်များက လုပ်ငန်းအောင်မြင်ထမြောက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသဖြင့်လည်း အထူးကျေးဇူး တင်ရှိကြောင်း၊ အီဂျစ်ပြည်မှ ဗိုလ်ချုပ်ကြီးနာဆာ ရန်ကုန်သို့ ဝင်ရောက်လည်ပတ်မည်ကို သိရှိရ၍ အထူးဝမ်းမြောက်မိပါကြောင်း စသဖြင့် ပြောကြားခဲ့ကြ၏။ ဝန်ကြီးချုပ်နှစ်ဦး၏ ရေဒီယိုတယ်လီဖုန်း ဆက်သွယ်မှုကို တက်ရောက်လာကြသော သတင်းစာဆရာများ လေ့လာနိုင်စေရန်အနီး၌ အသံချဲ့စက်ပါချထားစီစဉ်ထားခဲ့ကြောင်း သိရှိရသည်။

## အိန္ဒိယ-မြန်မာ ဖက်စပ်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနေပြီ
## (၂၅-၃-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်း စာတွင် အိန္ဒိယ-မြန်မာ ဖက်စပ်ရုပ်ရှင်ဇာတ်ကားတစ်ကားကို မြန်မာ နိုင်ငံ၌ ရိုက်ကူးလျက်ရှိကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းရုပ်ရှင်ဇာတ်ကား၏ အမည်မှာ Chabbi(ရွှေရုပ်လွှာ)ဖြစ်ပြီး ကာလကတ္တားမြို့မှ အိန္ဒိယလူမျိုးဒါရိုက်တာ မစ္စတာလာဟီရီ၊ ရုပ်ရှင် မင်းသား အရစ်ရှိကူမာ၊ မင်းသမီး မာလာဆင်ဟာ၊ မြန်မာဘက်မှ ရုပ်ရှင် မင်းသမီး ဆွေဆွေလှဲ၊ မင်းသားညွန့်တင်တို့ ပူးတွဲပါဝင်ကြကြောင်း သိရှိရ၏။





အိန္ဒိယ-မြန်မာ ရုပ်ရှင်ဇာတ်ကားကို ရွှေမြင်းမိုရ်ရုပ်ရှင်ကုမ္ပဏီက အိန္ဒိယ-မြန်မာ နှစ်ဘာသာဖြင့် အိန္ဒိယပညာရှင်များနှင့် ပူးတွဲရိုက်ကူးထားပြီး ဇာတ်ရံများအဖြစ် မေဇင်၊ အဆိုတော် မယ်ဒဂုန်မြင့်တို့လည်း ပါဝင်ကြကြောင်း သိရှိရ၏။

ဝတ္ထုဇာတ်လမ်းမှာ ဘင်္ဂါလီစာရေး ဆရာကြီး ဆာရတ် ချန္ဒရာဂျတ္တာဂျီ၏ ဇာတ်လမ်းဖြစ်ပြီး မြန်မာလူမျိုးမောင်ဘသင်းနှင့် မရွှေ တို့ ဇနီးမောင်နှံ၏ ချစ်ခြင်းမေတ္တာကို အခြေခံ၍ ရိုက်ကူးထားကြောင်း သိရှိရ၏။ ဤဇာတ်ကားတွင် မင်းသားအရစ်ရှိကူမာအား မြန်မာအဝတ်အစားများနှင့် မြန်မာဟန်အတိုင်း တွေ့မြင်ကြရမည်ဆိုပါသည်။



ရွှေရုပ်လွှာရုပ်ရှင်ဇာတ်ကားမှ အိန္ဒိယရုပ်ရှင်မင်းသား အရစ်ရှိကူမာနှင့် မြန်မာရုပ်ရှင်မင်းသမီး ဆွေဆွေလှဲ



www.burmeseclassic.com

www.burmeseclassic.com



## အာလိန်ငါးဆင့်ဘုံမြင့်စေတီ လေယာဉ်လမ်းကြောင်းမလွတ်၍ မီးနီပြထားပေးရန် ညွှန်ကြား
(၂၃-၃-၁၉၆၀)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ရှိ အာလိန်ငါးဆင့်ဘုံမြင့်စေတီကို နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က ၁၉၅၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်၊ အုတ်မြစ်ချတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းစေတီတော်၏ အာလိန်ငါးဆင့်ဘုံမြင့်မှာ အောက်ခြေအုတ်ခုံမှ ထီးတော်အထိ ၁၀၃ ပေ မြင့်မားပြီး လက်ရာမှာလည်း ခိုင်ခံ့ကောင်းမွန်လှ၏။ သို့သော် ယင်းဘုံမြင့်စေတီမှာ လေယာဉ်လမ်းနှင့် မလွတ်သဖြင့် နိုင်ငံတော်လေကြောင်းဌာနက ကန့်ကွက်မှုများ ပြုလုပ်ခဲ့၏။ သက်ဆိုင်ရာမှ လေ့လာစစ်ဆေးခဲ့ပြီးနောက် ကမ္ဘာ့လေယာဉ်ကြီးများ မင်္ဂလာဒုံလေဆိပ်သို့ ဆင်းသက်ရာတွင် အန္တရာယ်ကင်းရှင်းမှုရှိစေရန် ဘုံမြင့်ထက်၌ မီးအနီတစ်လုံးထွန်းပြထားရန်ညွှန်ကြားခဲ့သည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သက်ဆိုင်ရာမှ ညွှန်ကြားထားသည့်အတိုင်း မီးလုံးနီတပ်ဆင်ပြီးဖြစ်ကြောင်းနှင့် ပွဲတော်ကိုလည်း တန်ခူးလဆန်း ၁၀ ရက်နေ့မှ လပြည့်နေ့အထိ စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းဖော်ပြပါရှိ၏။

## ပင်စင်ယူရမည့်အသက်ကို ၅၅ နှစ်မှ ၆၀ နှစ် သို့ တိုးမြှင့်လိုက်ပြီ
(၂၂-၃-၁၉၆၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်အစိုးရသည် ပြည်သူ့ဝန်ထမ်းများအား အငြိမ်းစားယူရမည့်အသက်ကို လက်ရှိ ၅၅ နှစ်မှ ၆၀ နှစ်သို့တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း၊ အငြိမ်းစားခံယူနိုင်သည့်





ဝန်ထမ်း သက်တမ်းကိုလည်း ၂၅ နှစ်မှ ၃၀ နှစ်သို့ တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ကို နောက်တစ်နေ့ထုတ်သတင်းစာများ၌ ဖော်ပြထားပါသည်။ ယင်းဆုံးဖြတ်ချက်မှာ ၁၉၆၉ ခုနှစ် မတ်လ ၁၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထား၏။

ယေဘုယျအားဖြင့် ပြည်သူ့ဝန်ထမ်းများ အငြိမ်းစား ယူရမည့်အသက်ကို ပြောင်းလဲလိုက်သော်လည်း ကာယဉာဏအင်အားကို ပင်ပန်းကြီးစွာ စိုက်ထုတ်လုပ်ကိုင်ရသည့် အလုပ်များအတွက် အငြိမ်းစားယူနိုင်သည့် ဝန်ထမ်းသက်တမ်းကို လျှော့ပေါ့၍ သီးခြားပြဋ္ဌာန်းပေးမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။ အလားတူ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝစွာ အသုံးပြုရမည့် လုပ်ငန်းများအတွက်ကိုလည်း သီးခြားစဉ်းစား ပြဋ္ဌာန်းပေးမည် ဆိုပါသည်။

## သမ္မတဟိုတယ် စတင်ဖွင့်လှစ်ပြီ
(၂၀-၃-၁၉၇၂)

ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတရုပ်ရှင်ရုံနှင့် ကပ်လျက်တွင် ရှိသော သမ္မတဟိုတယ်သစ်ကို ၁၉၇၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံနက် ၁၁ နာရီတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ် ရန်ကုန်သတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်းဟိုတယ်ကို ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးစန်းဝင်းက ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံခြားသတင်းဌာနများနှင့် ပြည်သူပိုင် စာနယ်ဇင်းများမှ တက်ရောက်ခဲ့ကြသည်။

တည်းခိုခများမှာ တစ်ယောက်အိပ်ခန်း ရေပန်းနှင့် ရေချိုးခန်း အပါအဝင်ဆိုပါက တစ်ည ကျပ် ၂၀၊ တစ်ယောက်အိပ်ခန်း ရေချိုးခန်း



www.burmeseclassic.com

www.burmeseclassic.com



ကြွေအင်တုံ့ အပါအဝင်ဆိုပါက ၂၂ ကျပ်၊ နှစ်ယောက်အိပ်ခုတင်ဖြင့် ရေပန်းရေချိုးခန်း အပါအဝင်ဆိုလျှင် ၃၆ ကျပ် အသီးသီးဖြစ်ကြ၏။ သမ္မတဟိုတယ်ကို လာရောက်တည်းခိုသူ ကမ္ဘာလှည့်ခရီးသည် ရှစ်ဦး ဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရှိရသည်။



## အခန်း (၄)

### ခေတ်ဟောင်းသတင်းစာများက ပြောသော ဧပြီလ

၁။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စတင်ထူထောင် (၄-၄-၁၉၄၃)
၂။ အထူးမင်းကြီး ဗိုလ်မှူးစိန်မှန် လေယာဉ်ထက်၌ ကျည်သင့်ကျဆုံး (၈-၄-၁၉၄၉)
၃။ အိန္ဒိယအမျိုးသား စက်ဘီးပညာရှင် ရန်ကုန်မြို့သို့လာရောက် အစွမ်းပြ (၆-၄-၁၉၅၅)
၄။ မြန်မာ့ဆေးဝါးထုပ်လုပ်ရေးလုပ်ငန်းမှ မြွေဆိပ်ဖြေဆေးထုတ်လုပ် နိုင်ပြီ (၂၂-၄-၁၉၆၂)
၅။ တောင်သမန်တံတား ပြင်ဆင်ဆောက်လုပ်ပြီ (၁၈-၄-၁၉၆၇)
၆။ သီပေါမင်း၏ ဒုတိယသမီးတော်ကွယ်လွန် (၄-၄-၁၉၅၆)
၇။ သင်္ချာပါရမီရှင် အိန္ဒိယအမျိုးသမီး ရန်ကုန်မြို့သို့ ရောက်ရှိလာ (၁-၄-၁၉၅၈)
၈။ နန်းမတော်မယ်နု၏ ချိတ်ထဘီ တောင်တွင်းကြီး ပြတိုက်သို့လာ ရောက်လှူဒါန်း (၃-၄-၁၉၆၀)
၉။ ခန္တီးခရိုင်အတွင်း ကျောက်စိမ်းတောင်ငယ်တစ်ကောင်တွေ့ရှိ (၈-၄-၁၉၆၇)
၁၀။ နှစ်သစ်ကူးကာလ ဆုတောင်းပွဲ အခမ်းအနားသို့ ဘာသာပေါင်း စုံမှပုဂ္ဂိုလ်များတက်ရောက် (၁၆-၄-၁၉၄၇)
၁၁။ မြန်မာပန်းချီဆရာကြီးတစ်ဦး ဥရောပနိုင်ငံများသို့ လေ့လာရေး ခရီး ထွက်ခွာ (၁၈-၄-၁၉၅၂)



www.burmeseclassic.com

www.burmeseclassic.com



၁၂။ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ နောင်တော်ကြီးစေတီထီးတော်သစ် လှူ ဒါန်း (၂၆-၄-၁၉၅၈)

၁၃။ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ခေတ်မီမီးမောင်းကြီးများ တပ်မည် (၂၅-၄-၁၉၆၀)

၁၄။ သင်္ကြန်ရေ ဖြန်းတီးမှုကြောင့် ကုက္ကိုင်းရေလှောင်ကန် ရေနည်းပါး (၂၀-၄-၁၉၆၂)

၁၅။ အစောဆုံးတွေ့ရှိရသည်ဟု ယူဆရသည့် ခါးပိုက်နှိုက်သတင်း (၂၉-၄-၁၉၁၃)





## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စတင်ထူထောင် (၄-၄-၁၉၄၃)




၁၉၄၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာ

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ကို ၁၉၄၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဒေါ်ဦးဇွန်းက စတင်ထူထောင်ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ဒေါ်ဦးဇွန်းသည် လူအိုရုံများကို မိမိပိုင်ငွေဖြင့် မတည်ဖွင့်လှစ်ခဲ့ရာ ၁၉၁၆ ခုနှစ်တွင် မင်းကွန်းလူအိုရုံ၊ ၁၉၂၇ ခုနှစ်တွင် မြသပိတ်တောင်ခြေလူအိုရုံ၊ ၁၉၂၈ ခုနှစ်တွင် ပေါင်းတည် မြို့လူအိုရုံ၊ ၁၉၄၃ ခုနှစ်တွင် နှင်းဆီကုန်းလူအိုရုံ (ဘိုးဘွား ရိပ်သာ) တို့ကို ထူထောင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသည် ဒုတိယကမ္ဘာစစ်အတွင်း စစ်ဒဏ်ကြောင့် ဖရိုဖရဲဖြစ်ကာ ပြိုကွဲခဲ့စဉ် ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား မြန်မာ့အလင်းဦးတင်က စုစည်းကာစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရ၏။ မြန်မာ့အလင်း ဦးတင်သည် ၁၉၇၈ ခုနှစ် ကွယ်လွန်ချိန်အထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ လိုအပ်သောလုပ်ငန်း ဟူသမျှကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သူဖြစ်သည်။ ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအတွက် ကုသိုလ်ရေးဆိုင်ရာ အလုပ်များအပြင် နှစ်စဉ် နိုဝင်ဘာလ ၁ ရက်နေ့ကိုလည်း ဘိုးဘွားများနေ့ဟု သတ်မှတ်ကာ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရှိရ၏။

## အထူးမင်းကြီး ဗိုလ်မှူးစိန်မှန် လေယာဉ်ထက်၌ ကျည်သင့်ကျဆုံး (၈-၄-၁၉၄၉)

၁၉၄၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် သောင်းကျန်းမှုတိုက်ခိုက်နှိမ်နင်းရေးဆိုင်ရာ အထူးမင်းကြီး ဗိုလ်မှူးစိန်မှန် လေယာဉ်ထက်၌ ကျည်သင့်ကျဆုံးသွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်၌ တွေ့ရှိရ၏။ ဗိုလ်မှူးစိန်မှန်သည် သောင်းကျန်းသူများ သိမ်းပိုက်ထားရာ သာယာဝတီမြို့ကိုလေကြောင်းမှ စစ်ဆင်ရေးလုပ်ရာ၌ လိုက်ပါသွားစဉ်အတွင်း သောင်းကျန်းသူများပစ်ခတ်လိုက်သော သေနတ်ကျည်ထိမှန် ကျဆုံးခဲ့ရခြင်းဖြစ်သည်။ ဗိုလ်မှူးစိန်မှန်သည် ဧပြီလ ၇ ရက်နေ့ကလည်း ခေတ္တလေတပ်ဦးစီးချုပ် ဗိုလ်မှူးကြီးအက်စ်ခင်နှင့်အတူ လေယာဉ်ငယ်သုံးစီးဖြင့် သွားရောက်တိုက်ခိုက်ခဲ့ရာ လေယာဉ် သုံးစင်းစလုံး သေနတ်ထိမှန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပေ။

ဧပြီလ ၈ ရက်နေ့ စစ်ဆင်ရေးတွင်လည်း အထူးမင်းကြီး ဗိုလ်မှူးစိန်မှန်သည် ဒုတိယလေယာဉ်မှူးထိုင်ခုံ၌ စီးနင်းလိုက်ပါရင်း ကွပ်ကဲစီမံနေစဉ် ကျည်ဆန်ထိမှန်ခဲ့သည်။ ဗိုလ်မှူးစိန်မှန်သည် သာယာဝတီခရိုင်၊





သုံးဆယ်မြို့အပိုင် ဆိုင်းစုရွာဇာတိဖြစ်ပြီး ဖဆပလအစိုးရ လက်ထက်၌ ကာကွယ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်ဖြစ်လာ ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အထူးမင်းကြီးအဖြစ် ခန့်အပ်ခံရပြီးနောက် လက်ပံတန်းနယ်၊ ကျွန်းကလေး ချောင်းကူးတံတားတိုက်ပွဲ၊ ဝက်ကော်ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲတို့ကို အောင်မြင်စွာ တိုက်ခိုက်ဆင်နွှဲနိုင်ခဲ့သူ ဖြစ်၏။



အထူးမင်းကြီးဗိုလ်မှူးစိန်မှန်

## အိန္ဒိယအမျိုးသား စက်ဘီးပညာရှင် ရန်ကုန်မြို့သို့လာရောက် အစွမ်းပြ (၆-၄-၁၉၅၅)

၁၉၅၅ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့ မှ ရန်ကုန်မြို့သို့ ရောက်ရှိနေသော အိန္ဒိယစက်ဘီးပညာရှင် ကေမိုဟီဒင်က သိမ်ဖြူဘောလုံးကွင်းအတွင်း၌ စက်ဘီးစီးကာ အစွမ်းပြသခဲ့ကြောင်း ဧပြီလ ၁၁ ရက်နေ့ထုတ် အိုးဝေသတင်းစာ၌ သတင်းဖော်ပြပါ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေမိုဟီဒင်သည် အသက် ၂၈ နှစ်အရွယ်ရှိပြီး ဧပြီလ ၆ ရက်နေ့ ညနေ ၅ နာရီ မှ စတင်ကာ ဧပြီလ ၁၀ ရက်နေ့ ညနေ ၄ နာ ရီ အထိ နာရီ ၈၀ ကြာ မရပ်မနား စက်ဘီးစီးနင်းပြသခဲ့သည်ဆို၏။ ယင်းအစွမ်းပြပွဲသို့ ပရိသတ်ငါးထောင်ကျော်လာရောက်ကြည့်ရှုခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်လတ် ကိုယ်တိုင် လာရောက်အားပေးခဲ့သည်ဟု ဆိုပါသည်။

ကေမိုဟီဒင်သည် စက်ဘီးစီးနေစဉ်အတွင်း အားရှိစေသော အရည်မျိုးကိုသာ သောက်လျက် ရေချိုးခြင်း၊ အဝတ်အစား လဲလှယ်ခြင်းများကိုလည်း စက်ဘီးမရပ်ဘဲ ပြုလုပ်ပြသခဲ့သည်။ ယင်းသို့ အစွမ်းပြအပြီး မြူနီစီပါယ် ဘဏ္ဍာရေးချယ်ယာမင် ဦးဘအေးက ငွေဖလားကြီး တစ်လုံး ချီးမြှင့်ခဲ့သည်။ ပြည်သူလူထုထံမှလည်းစေတနာအလျောက် လှူဒါန်းငွေ ၃၃၅၆ ကျပ် ၆၆ ပြားရရှိခဲ့ကြောင်း သိရှိရ၏။ စက်ဘီးဝိဇ္ဇာ ကေမိုဟီဒင်၏ ၁၉၅၄ ခုနှစ် အိန္ဒိယစံချိန်မှာ နာရီ ၁၂၀ ဖြစ်သည်ဟု ဆိုပါသည်။

## မြန်မာ့ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ပြီ
## (၂၂-၄-၁၉၅၅)

မြန်မာပြည်ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း (ဘီပီအိုင်) မှ မြွေဆိပ်နိုင် ထိုးဆေးပုလင်းပေါင်း လစဉ်ပုလင်း ၂၀၀၀ ထုတ်လုပ်နိုင်ပြီဖြစ်ပြီး၊ ဆေးရုံနှင့် ဆေးကုဌာနများသို့ ကောင်းစွာထောက်ပံ့နိုင်ပြီ ဖြစ်ကြောင်း ၁၉၆၂ ခုနှစ် ဧပြီ ၂၂ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြ ပါရှိ၏။ ဆေးပုလင်းတစ်ပုလင်းလျှင် မြွေဟောက် အဆိပ်နိုင်ဆေး ၅ စီစီနှင့် မြွေပွေးအဆိပ်နိုင်ဆေး ၅ စီစီ (စုစုပေါင်း ၁၀ စီစီ) ပါဝင်သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မြွေဘေးဖြင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိရာ မြွေဆိပ်ဖြေဆေးများက ကောင်းစွာ ကာကွယ်နိုင်တော့မည် ဆို၏။





မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန်အတွက် မြင်းငါးကောင်ပါအစု နှစ်စု ခွဲခြားထားပြီး မြင်းတစ်ကောင်လျှင် ထိုးဆေး ၁၂ လီတာခန့်ထုတ်ယူနိုင်မည်ဆိုပါသည်။ မြင်းများအား တစ်လစီခြား၍ အနားယူစေကြောင်း သိရှိရ၏။ ထိုးဆေးများကို ပုလင်းတွင်းသို့ မသွတ်သွင်းမီ ခိုင်မာ(?)ကျာများအား စမ်းသပ်ခဲ့ကြောင်း သက်ဆိုင်ရာပုဂ္ဂိုလ်များက ဆိုပါသည်။

## တောင်သမန်တံတား ပြင်ဆင်ဆောက်လုပ်ပြီ
## (၁၈-၄-၁၉၆၇)

၁၉၆၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှ စတင်လျက် မန္တလေးခရိုင်၊ အမရပူရမြို့နယ်ရှိ တောင်သမန်တံတားကြီးကို ပြင်ဆင်ဆောက်လုပ်လျက် ရှိပြီဖြစ်ကြောင်း ဧပြီလ ၂၁ ရက်နေ့ထုတ် လုထုသတင်းစာ၌ သတင်းဖော်ပြထားပါသည်။ တိုင်ပေါင်း ၁၀၈၆ တိုင်ရှိ ယင်းတံတားကြီးကို ၁၈၄၈ ခုနှစ်၊ မတ်လတွင် မြို့စာရေးဦးပိန်ဆိုသူက စတင်ဆောက်လုပ်ခဲ့ပြီး ၁၈၅၀ ပြည့်နှစ် မတ်လ၌ အပြီးသတ်ခဲ့သည်ဆို၏။ မြို့စာရေး ဦးပိန်က ကြီးကြပ်ဆောက်လုပ်ခဲ့သဖြင့် ဦးပိန်တံတားဟူ၍လည်း အမည်တွင် ပါသည်။

တောင်သမန်တံတားကို အထက်မြန်မာပြည်တွင် အရှည်ဆုံး သစ်သားတံတားဟု အသိအမှတ်ပြုကြ၏။ တံတားပြုပြင်ရာ၌ တောင်သမန်ကျေးရွာ၊ ထန်းတောကျေးရွာနှင့် အိုးဘိုကျေးရွာတို့မှ ကျေးရွာနေလူထုအင်အား ခြောက်ရာခန့်က လုပ်အားပေးပြုပြင်ကြမည် ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် နိုင်ငံတော် အစိုးရကလည်း နှစ်စဉ် ငွေ ကျပ်ငါးသောင်းကို တံတားပြင်ဆင်စရိတ်အဖြစ် သုံးစွဲခွင့်ပြုသွားမည် ဖြစ်ကြောင်း ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သီပေါမင်း၏ ဒုတိယသမီးတော်ကွယ်လွန်
## (၄-၄-၁၉၅၆)



သီပေါမင်း၏ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလတ်

၁၉၅၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ ၁၁ နာရီခွဲအချိန်တွင် သီပေါမင်း၏ ဒုတိယသမီးတော် ကာလကတ္တားမြို့၊ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ဧပြီလ ၇ ရက်နေ့တွင် ဗမာ့ခေတ်သတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ဧပြီလ ၈ ရက်နေ့ထုတ် သတင်းစာတွင် သတင်းအပြည့်အစုံဆက်လက်ဖော်ပြရာ၌ ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလတ်သည် ဘန်ကာပြည်နယ်၊ ကလင်ပုံမြို့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ဒုတိယသမီးတော်သည် ၇၅ နှစ်အရွယ်ပြီး





ခင်ပွန်းလတ်သခင်မှာ ယမန်နှစ်ကပင် ကွယ်လွန်ခဲ့ကြောင်း၊ ဒုတိယ သမီးတော်နှင့် လတ်သခင်တို့သည် ၃၅ နှစ်ကြာမျှ ပေါင်းသင်း နေထိုင်ခဲ့ကြပြီး မွေးစားသားတစ်ဦး ကျန်ရစ်ကြောင်း ဖော်ပြပါရှိ၏။

ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလတ်ကို ၁၈၈၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့ပြီး သီပေါမင်း ပါတော်မူစဉ်က အသက်နှစ်နှစ်ကျော် အရွယ်သာ ရှိပါသေးသည်။ ဒုတိယသမီးတော်သည် ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံသို့ လုံးဝပြန်လည်မရောက် ရှိတော့ကြောင်း သိရှိရ၏။

## သင်္ချာပါရမီရှင် အိန္ဒိယအမျိုးသမီး ရန်ကုန်မြို့သို့ ရောက်ရှိ
## (၁-၄-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် လျှပ်စစ်သင်္ချာစက်ကပင် အရှုံးပေးရသော သင်္ချာပါရမီရှင် အိန္ဒိယအမျိုးသမီး သကုန္တလာဒေဝီ ရန်ကုန်မြို့သို့ ရောက်ရှိနေကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ သကုန္တလာဒေဝီသည် အသက် ၂၇ နှစ် အရွယ်ရှိပြီး အပေါင်းအနုတ်အမြှောက်အစား မှန်သမျှကို လျှပ်တစ်ပြက်အတွင်း အဖြေမှန်ရရှိအောင် တွက်ချက်နိုင်သည် ဆိုပါသည်။ သူသည် အသက် ၆ နှစ်အရွယ် ၁၉၃၇ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၊ မိုက်ဆိုနယ် တက္ကသိုလ်၌ သင်္ချာပါမောက္ခများနှင့် ကျောင်းသူကျောင်းသားများ မေးသမျှ မေးခွန်းပုစ္ဆာများကို ဖြေကြားခြင်းဖြင့် စတင်အစွမ်းပြခဲ့၏။ သို့သော် သင်္ချာပညာရပ်တွင်သာထူးချွန်သဖြင့် အခြားဘာသာရပ်များကို သာမန်မျှသာ သင်ယူနိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် လန်ဒန်မြို့တော်က ဖိတ်ခေါ်သဖြင့် သွားရောက်အစွမ်းပြခဲ့ရ၏။ ထို့နောက် အမေရိကန်နိုင်ငံသို့ လှည့်လည်သွားရောက်အစွမ်းပြခဲ့သည်။ နယူးယောက်



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်တွင် လျှပ်စစ်သချ်ာအဖြေပေးစက်နှင့် ယှဉ်ပြိုင်တွက်ချက်ပြ ရာ၌ သင်္ချာလဒေဝီက ၆ စက္ကန့်စော၍ အနိုင်ယူခဲ့သည်။ သင်္ချာလ ဒေဝီအနေဖြင့် ရန်ကုန်မြို့တွင် ရက်သတ္တနှစ်ပတ်ကြာနေထိုင်ကာ အစွမ်းပြသွားမည်ဖြစ်ပြီး၊ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်သို့လည်း သွားရောက်လည်ပတ်လိုကြောင်း ပြောကြားခဲ့၏။ ရန်ကုန်မြို့တွင်နေထိုင်စဉ်အတွင်း အမှတ် ၁၃၂ ဝင်ဒါမီယာလမ်းနေ ယူနိုက်တက်ကော်မာရှယ်ဘဏ် မန်နေဂျာအိမ်၌ တည်းခိုမည် ဖြစ်ကြောင်းသိရှိရသည်။

## နန်းမတော်မယ်နု၏ ချိတ်ထဘီ
## တောင်တွင်းကြီးပြတိုက်သို့ လာရောက် လှူဒါန်း
## (၃-၄-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၃ ရက်နေ့ ညနေပိုင်းတွင် အသက် ၇၀ အရွယ်ရှိ ဒေါ်ရင်တောင်းဆိုသူ အမျိုးသမီးကြီးက နန်းမတော်မယ်နု၏ ချိတ်ထဘီအား တောင်တွင်းကြီးပြတိုက်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း ဧပြီ ၆ ရက်နေ့ အိုးဝေသတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။

ဒေါ်ရင်တောင်းသည် မုံရွာမြို့တွင် နေထိုင်သူဖြစ်ပြီး တောင်တွင်းကြီးမြို့နေ ညီမဒေါ်ဒေါ်ငံဆိုသူထံ လာရောက်လည်ပတ်ရာမှ ယင်းကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်၏။ ချိတ်ထဘီမှာ ကြက်သွေးရောင်ဖဲပေါ်တွင် ကြက်ဥနှစ်ရောင်အချိတ်များ ဖောက်ရက်ထားခြင်းဖြစ်ပြီး ဂန္ဓာလရာဇ် (တရုတ်နိုင်ငံ)မှ လက်ဆောင်ဟု ဆိုပါသည်။ ဒေါ်ရင်တောင်းသည် အဘိုးဖြစ်သူ သံတော်ဆင့် ဦးဘိုးအိုထံမှ တစ်ဆင့်ချိတ်ထမဘကို လက်ခံရ ရှိခဲ့ပြီး အဘိုးမှာ မော်လမြိုင်မြို့ ဇာတိဖြစ်ကြောင်း၊ ပြောကြားခဲ့သည် ဆို၏။





## ခန္တီးခရိုင်အတွင်း ကျောက်စိမ်းတောင်ငယ် တစ်တောင်တွေ့ရှိ
## (၈-၄-၁၉၆၇)

၁၉၆၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ထုတ် လူထုသတင်းစာတွင်ခန္တီးခရိုင်အတွင်း၌ အမြင့်ပေ ၃၀ ခန့်ရှိ ကျောက်စိမ်းတောင်ငယ်တစ်တောင်ကို တွေ့ရှိကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ယင်းတွေ့ရှိချက်မှာ မြန်မာနိုင်ငံကျောက်စိမ်းလောကတွင် မကြုံဖူးသေးသော အတွေ့အကြုံတစ်ရပ်ဖြစ်ပြီး မြေတိုင်းနှင့်ဓာတ်သတ္တုပစ္စည်း ရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း ညွှန်ကြားရေးဝန်ချုပ် ဗိုလ်မှူးကြီး လှအောင်နှင့် အဖွဲ့ကရှာဖွေတွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီး လှအောင်နှင့် အမှတ် (၅၂) ခြေလျင်တပ်ရင်းမှ တပ်မတော်သားများသည် ခန္တီးခရိုင်အတွင်း လေးရက်ကြာမျှ သွားရောက်ရှာဖွေစူးစမ်းစဉ် ယင်းသို့တွေ့ရှိခဲ့ရခြင်းဖြစ်၏။

ကျောက်စိမ်းတောင်မှာ အောက်ခြေပတ်လည် ပေ ၈၀ ကျော်ရှိပြီး မြေပေါ်တွင်ပေါ်လျက်ရှိသော အပိုင်းမှာ တန်ချိန်နှစ်ထောင်ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ဓာတ်သတ္တုပစ္စည်းရှာဖွေထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ လွန်တူးစက်များဖြင့် စနစ်တကျ စမ်းသပ်သွားမည်ဟု သိရှိရသည်။ မြေအောက်တွင်လည်း မြေပေါ်ထက် အဆမတန်ကြီးမားသော ကျောက်စိမ်းထု တည်ရှိနိုင်ကြောင်း ခန့်မှန်းကြ၏။

## နှစ်ကူးကာလ ဆုတောင်းပွဲအခမ်းအနားသို့
## ဘာသာပေါင်းစုံမှ ပုဂ္ဂိုလ်များတက်ရောက်
## (၁၆-၄-၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ဆုတောင်းပွဲအခမ်းအနားတစ်ရပ်ကျင်းပခဲ့ရာ ဘာသာပေါင်းစုံမှ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ အခမ်းအနားကို နံနက် ၈ နာရီ၌ စတင်ကျင်းပရာ သာသနာ့လင်္ကာရ ဆရာတော်ကြီး ကြီးမှူးသော ဗုဒ္ဓဘာသာရဟန်း ၂၇ ပါး၊ ခရစ်ယာန်ဂိုဏ်းအုပ်ဘိရှော့ဝက်(စ်)၊ တရုတ်ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးခုနစ်ပါး၊ တရုတ် ဗုဒ္ဓဘာသာ သီလရှင်ခုနစ်ပါး၊ ခရစ်ယာန်ဂိုဏ်းသုံးဂိုဏ်းမှ ဂိုဏ်းအုပ်ဆရာကြီး၊ ဟိန္ဒူသူတော်စင်များ၊ ဂျိမ်းစ်ဘာသာဝင်များ၊ မွတ်စလင်မော်လဝီဆရာများ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ငါးပါးသီလ ပေးကာ ပရိတ်တော်များ ရွတ်ဆိုသရဇ္ဈာယ်ခဲ့ပြီး ခရစ်ယာန်ဂိုဏ်းအုပ်ဘိရှော့ဝက်ခ်က မေတ္တာပို့ဝတ်ပြုခြင်း၊ အခြား ဟိန္ဒူသူတော်စင်၊ ဂျိမ်းစ်ဘာသာဝင်နှင့် မွတ်စလင်ဘာသာဝင် မော်လဝီဆရာတို့ကလည်း ဆုတောင်း မေတ္တာ ပို့သခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရ၏။

## အလောင်းမင်းတရားကြီး၏ ဗုဒ္ဓရုပ်ပွားတော် ရန်ကုန်သို့ပင့် ဆောင်ရောက်ရှိလာ (၂၅-၄-၁၉၄၈)

၁၉၄၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ဘုရားတော် ၆ ပေနီးပါးရှိသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ အမရပူရမှ ရန်ကုန်သို့ ပင့်ဆောင်ရောက်ရှိလာကြောင်း သတင်းတစ်ပုဒ်ကို ဧပြီလ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ ဖော်ပြထား၏။ အလောင်းမင်းတရားကြီး ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ကြီးမှာ သက်န်းနက်သားဖြင့် ထုလုပ်ထားပြီး ရွှေချထားကြောင်း၊ ပုဂံမြို့ အာနန္ဒာဘုရားတွင်းရှိ ဆင်းတုတော်ပုံသဏ္ဌာန်ရှိကြောင်း သတင်းများက ဆိုပါသည်။

ယင်းဗုဒ္ဓရုပ်ပွားတော်ကြီးမှာ နန်းတွင်းမှ မင်းစဉ်မင်းဆက် ကိုးကွယ်ခဲ့ကြပြီးနောက် အမရပူရမြို့သာသနာပိုင်ဆရာတော်ထံ ရောက်





ရှိခဲ့ကြောင်း ထိုမှတစ်ဆင့် နန်းရင်းဝန်ဦးစောက ဆရာတော်၏ခွင့်ပြုချက်ဖြင့် ရန်ကုန်သို့ ပင့်ဆောင်လာကာ ရွှေတိဂုံစေတီတော်ပြတိုက်သို့ လှူဒါန်းခဲ့ကြောင်း သတင်း၌ ဖော်ပြထား၏။

## မြန်မာပန်းချီဆရာကြီးတစ်ဦး ဥရောပနိုင်ငံများသို့ လေ့လာရေး ခရီးထွက်ခွာ (၁၈-၄-၁၉၅၂)

၁၉၅၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့ နံနက် ၁၁ နာရီအချိန်က ပန်းချီကားများ ရေးဆွဲနိုင်ရေးအတွက် ပန်းချီဆရာကြီး ဦးငွေကိုင်သည် အထောက်အထားများ ရှာဖွေလေ့လာရန် ဥရောပနိုင်ငံများသို့ ထွက်ခွာသွားကြောင်း သတင်းတစ်ပုဒ်ကို ဧပြီလ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားပါသည်။ ဦးငွေကိုင်သည် အင်္ဂလန်၊ ပြင်သစ်နှင့် ရောမနိုင်ငံများသို့ သွားရောက်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံရှိ ပြတိုက်တွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသော ရှေးဟောင်းပစ္စည်းများကို လေးလကြာမျှ ကူးယူလေ့လာမည် ဖြစ်သည်ဆို၏။

ဦးငွေကိုင်သည် ပြင်သစ်နှင့် ရောမနိုင်ငံရှိ ပန်းချီကျောင်းများ ပြတိုက်များသို့လည်း သုံးလကြာမျှ လှည့်လည် ကြည့်ရှုမည်ဖြစ်ပြီး ယင်းသို့ ဗဟုသုတရှာမှီးနိုင်ရန်အတွက် ဗဟိုပန်းချီကောင်စီ၏ ဆောင်ရွက်မှုကြောင့် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးခဲ့ကြောင်း သတင်း၌ ဖော်ပြပါရှိ ပါသည်။

## ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ နောင်တော်ကြီးစေတီ ထီးတော်သစ် တင်လှူမည် (၂၆-၄-၁၉၅၈)

ရွှေတိဂုံစေတီတော်ရင်ပြင်၊ အရှေ့မြောက်ထောင့်ရှိ နောင်တော်ကြီး စေတီတော်အား ထီးတော်သစ် ပြန်လည်တင်လှူမည် ဖြစ်ကြောင်း ၁၉၅၈ ခုနှစ် ဧပြီလ ၂၆ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



၌ သတင်းဖော်ပြ ပါရှိပါသည်။ ယင်းနောင်တော်ကြီး စေတီတော်ကို ၁၈၇၅ ခုနှစ်၊ ဗြိတိသျှအစိုးရ လက်ထက်၌ မော်လမြိုင်မြို့၊ ကတိုးရွာမှ နေမျိုးရာဇာသင်္ခရာဘွဲ့ရ သူဌေး ဦးမွန်ထော်က ထီးတော်သစ်တင်လှူခဲ့ဖူးပြီး ယောင်းနွမ်းပျက်စီးစပြုပြီ ဖြစ်သဖြင့် ဦးမွန်ထော်၏ မြေးမြစ်များက အသစ်တဖန် တင်လှူကြမည် ဖြစ်ကြောင်း သိရှိရ၏။ ထီးတော်သစ်ကို ကဆုန်ညောင်ရေသွန်းပွဲနေ့၊ နံနက် ၅နာရီခွဲအချိန်၌ စေတီတော်ရင်ပြင်ထက်တွင် လှည့်လည်ကာ အပူဇော်ခံမည် ဖြစ်သည်ဟု ဆိုပါသည်။



၁၃၆၈ ခုနှစ် မြန်မာ့နှစ်သစ်တွင် ရွှေတိဂုံစေတီတော်နှင့် နောင်တော်ကြီးစေတီအား ဖူးတွေ့ရစဉ်





## အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ခေတ်မီ မီးမောင်းကြီးများ တပ်မည် (၂၅-၄-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်း၌ အရှေ့တောင်အာရှ ကျွန်းဆွယ် အိုလံပစ်ပွဲတော်အမီ ခေတ်မီမီးမောင်းကြီးများ တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ ခေတ်မီ လျှပ်စစ်မီးမောင်းများကို ဂျပန်ကုမ္ပဏီက တာဝန်ယူတပ်ဆင်မည်ဖြစ်ပြီး ဂျပန်အင်ဂျင်နီယာများ ကိုယ်တိုင်လာရောက် မြေစမ်းသပ်ပြီးဖြစ်ကြောင်း၊ မီးမောင်းစင် စုစုပေါင်း ရှစ်ခုထားရှိမည်ဖြစ်ရာ ပုံစံများပင် ရောက်ရှိနေပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြထားပါသည်။

ခေတ်မီ မီးမောင်းများကို နှစ်မကုန်မီ ဒီဇင်ဘာလအတွင်း အပြီးသတ်တပ်ဆင်နိုင်ရန် လျာထားလျက်ရှိပြီး လျှပ်စစ်ဂဏန်းပြ ကိရိယာကြီးတစ်ခုကိုပါ အောင်ဆန်းကွင်း၌ တပ်ဆင်သွားမည်ဆို၏။ မီးမောင်းအားလုံး တပ်ဆင်ပြီးပါက တိုင်းဘောလုံးပွဲများကို ညဘက်၌ပါ ပြုလုပ်နိုင်တော့မည် ဖြစ်သည်ဟုသတင်း၌ ဖော်ပြပါရှိပါသည်။

## သင်္ကြန်ရေ ဖြုန်းတီးမှုကြောင့် ကုက္ကိုင်းရေလှောင်ကန် ရေနည်းပါး (၂၀-၄-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် သင်္ကြန်ကာလ၌ ရေဖြုန်းတီးမှုကြောင့် ကုက္ကိုင်းရေလှောင်ကန်အတွင်း ရေပျှမ်းမျှအမြင့် ၁၇ ပေခွဲရှိရာ ဧပြီလ ၁၉ ရက်နေ့တွင် ၁၄ ပေခွဲသို့ ကျဆင်းသွားရကြောင်း သတင်းဖော်ပြပါရှိပါသည်။ ရေလှောင်ကန်အတွင်း ရေနည်းပါးသွားမှုကြောင့် အချို့ရပ်ကွက်များ၌ ရေလွှတ်ပေးသည့် အင်အားလျော့နည်းသွားရသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာမှ ကုက္ကိုင်းရေကန်အတွင်း ပုံမှန်ထားရှိမြဲဖြစ်သော ရေအမြင့် ၁၇ ပေခွဲ ပြန်လည်ရရှိနိုင်ရေးအတွက် ဧပြီလ ၁၉ ရက်နေ့ ညတွင် ဂျိုးဖြူကန်မှ ရေများထည့်သွင်းပေးရန် စီစဉ်လျက်ရှိသည်ဆို၏။ ရေပြန်လည် ဖြည့်သွင်းပြီးစီးပါက ရန်ကုန်မြို့ပေါ် ရပ်ကွက်များသို့ ယခင်ကအတိုင်း ရေလုံလောက်စွာပေးလွှတ်နိုင်မည် ဖြစ်ကြောင်း သတင်း၌ ဖော်ပြထား၏။

## အစောဆုံးတွေ့ရှိရသည်ဟု ယူဆရသည့် ခါးပိုက်နှိုက်သတင်း (၂၉-၄-၁၉၁၃)

မောင်ဘိုးဆင်ဆိုသူ ခရီးသွားတစ်ဦး လမ်းလျှောက်သွားရင်း ခါးပိုက်နှိုက်ခံရသော သတင်းတစ်ပုဒ်ကို ၁၉၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ထုတ် သူရိယသတင်းစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ယင်းသတင်းမှာ မြန်မာနိုင်ငံမှုခင်းလောကတွင် အစောဆုံးတွေ့ရှိရသည်ဟု ယူဆရသည့် ခါးပိုက်နှိုက်မှု သတင်းဖြစ်ဟန်ရှိပါသည်။ သတင်း အပြည့်အစုံမှာ အောက်ပါ အတိုင်းဖြစ်သည်။

### ခါးပိုက်နှိုက်ခြင်းအကြောင်း

အင်္ဂါနေ့နံနက်အချိန်တွင် မောင်ဘိုးဆင်ဆိုသူတစ်ယောက်သည် ရန်ကုန်မြို့၊ ၂၃ လမ်းထဲသို့ လမ်းလျှောက်သွားရာ ရန်ကနားဆိုသူ ကုလားတစ်ယောက်သည် အနီးသို့ချဉ်းကပ်၊ ၎င်းမောင်ဘိုးဆင် အိတ်ထဲမှ ပြင်သစ်စိန် နှင့် ကျောက်ထုပ်ကလေးကို ခါးပိုက်နှိုက်၍ ယူပြေးလေကြောင်း၊ ခရီးဝေးစွာ မရောက်ခင်ပင် မောင်ဘိုးဆင်က အော်ဟစ်၍ လိုက်ရာ လမ်းစောင့်ပုလိပ် တစ်ယောက်က ဆီး၍ဖမ်းဆီးလေကြောင်း၊ အဆိုပါ ပြင်သစ်စိန်နှင့် ကျောက်ထုပ်ကလေးကို ပြန်၍ရရှိကြောင်း" ဟူ၍ ဖြစ်ပါသည်။





# အခန်း (၅)

## ခေတ်ဟောင်းသတင်းစာများကပြောသော မေလ


၁။ မြန်မာနိုင်ငံ၌ ပထမဆုံးမီးရထားလမ်း စတင်ဖွင့်လှစ် (၁-၅-၁၈၇၇)

၂။ သီပေါမင်း၏ သမက်ဖြစ်သူက ဘိုကပြား အမျိုးသမီးတစ်ဦးနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ တိုင်ကြား (၂-၅-၁၉၂၂)

၃။ မဟာမိတ်တပ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာ (၃-၅-၁၉၄၅)

၄။ နိုင်ငံတော်လုပ်ကြံမှုကြီးကို ဦးစီးဦးဆောင်ပြုခဲ့သူ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ကြိုးဒဏ်စီရင် (၈-၅-၁၉၄၈)

၅။ ရွှေတိဂုံစေတီတော်သမိုင်း စီနီမာစကုတ်ဇာတ်ကား ရိုက်ကူးပြီ (၄-၅-၁၉၅၈)

၆။ မြန်မာသူနာပြု ဆရာမကြီး ဖလွှော့ရင့် နိုက်တင်ဂေး ဆုရရှိ (၁၂-၅-၁၉၉၃)

၇။ စာဆိုတော် ရှင်ဥတ္တမကျော်၏ အရိုးအိုးဂူ ရှာဖွေတွေ့ရှိပြီ (၅-၅-၁၉၅၅)

၈။ ရုပ်ရှင်မင်းသမီး မေရီမြင့် ကွယ်လွန် (၆-၅-၁၉၅၇)

၉။ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့၏ ပထမဆုံး ပိဋကတ်မြန်မာပြန်စာမေးပွဲ ကျင်းပပြုလုပ် (၉-၅-၁၉၆၅)

၁၀။ စစ်တွေနှင့် ကျောက်ဖြူမြို့တို့တွင် လေပြင်းမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ် (၉-၅-၁၉၆၈)




www.burmeseclassic.com

www.burmeseclassic.com



၁၁။ မိုင်တစ်ရာကျော် စက်ဘီးစီးပြိုင်ပွဲ ကျင်းပ (၁၈-၅-၁၉၆၉)

၁၂။ ကမ္ဘာ့ကျန်းမာရေးဆု (ဆာဆာကာဝါဆု)ကို မြန်မာနိုင်ငံ၊ အရာတော်မြို့နယ်မှ ရရှိ (၅-၅-၁၉၈၆)

၁၃။ ပဲခူးမြို့၌ မြေငလျင် ပြင်းထန်စွာလှုပ်၍ ရွှေမော်ဓောစေတီ ပြိုကျပျက်စီး (၅-၅-၁၉၃၀)

၁၄။ ကမ္ဘာကျော် မျက်မမြင်စာရေးဆရာမကြီး ရန်ကုန်သို့ရောက်ရှိ (၁၂-၅-၁၉၅၅)

၁၅။ ပထမဆုံးအကြိမ် လေထီးသင်တန်းကျောင်းဆင်းပွဲ (၁၄-၅-၁၉၅၇)

၁၆။ အာရှ အိုလံပစ်အားကစားပွဲတော် ကာလအတွင်း တိုကျို-မြန်မာ တယ်လီဖုန်း ဆက်သွယ်စကားပြောဆိုနိုင် (၃၀-၅-၁၉၅၈)

၁၇။ ဆေးပညာဘွဲ့လွန်သင်တန်း ပြည်တွင်း၌စတင်ဖွင့်လှစ် (၂၅-၅-၁၉၇၁)

၁၈။ စာရေးဆရာကြီး ဒဂုန်ရွှေမျှားကွယ်လွန် (၂၈-၅-၁၉၈၂)

၁၉။ စာရေးဆရာကြီး ဦးလတ်ကွယ်လွန်ပြီ (၂၀-၅-၁၉၂၁)

၂၀။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက စတာလင်ဆုငွေ တစ်ဝက်ကျော်ကို ပြန်လည်လှူဒါန်း (၂၂-၅-၁၉၅၅)

၂၁။ ရုရှား-မြန်မာ ဖက်စပ်ရုပ်ရှင်ဖြစ်သော မဟာဗန္ဓုလ အသံထွက်ဇာတ်ကားရိုက်ကူးရန်ဆွေးနွေး (၁၇-၅-၁၉၅၇)

၂၂။ ၁၉၅၉ ခုနှစ် မေလအတွင်း မှုခင်းများလျော့ကျသွား (၃၀-၅-၁၉၅၉)

၂၃။ ပညာရေးတက္ကသိုလ်မှ ကိုယ်တိုင်ယူစားစနစ်စမ်းသပ်အောင်မြင် (၁၈-၅-၁၉၅၉)

၂၄။ ဆရာတော်ဦးဥတ္တမ၏ လက်ရေးစာမူနှင့် ဂုဏ်ပြုဆောင်းပါး ဓာတ်ပုံများ အမျိုးသားစာကြည့်တိုက်၌ ပြသမည် (၂၁-၅-၁၉၆၉)





၂၅။ ပျဉ်းမနား-တောင်တွင်းကြီး မီးရထားလမ်းသစ် ဖွင့်လှစ် (၂၅-၅-၁၉၅၅)

၂၆။ မန္တလေးမြို့၌ နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပပြုလုပ် (၂၉-၅-၁၉၅၉)

၂၇။ ဘိုးတော်အောင်မင်းခေါင်ဆိုသူ ပြန်ပေးဆွဲခံရ (၃၁-၅-၁၉၆၁)

၂၈။ ကျိုက္ကဆံစေတီတော်၌ ရောင်ခြည်တော်ကွန့်မြူးလျက်ရှိရာ မယုံကြည်သူများအား လက်တွေ့တက်ရောက် စစ်ဆေးခွင့်ပြု (၁၁-၅-၁၉၆၉)




www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံ၌ ပထမဆုံး မီးရထားလမ်း စတင်ဖွင့်လှစ်
(၁-၅-၁၈၇၇)



ပထမဆုံးမီးရထားလမ်းဖြစ်သော ရန်ကုန်-ပြည် မီးရထားလမ်း စတင်ဖွင့်လှစ်
(၁-၅-၁၈၇၇)

၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံး မီးရထားလမ်းဖြစ်သော ရန်ကုန်-ပြည် မီးရထားလမ်းကို စတင်ဖွင့်လှစ်လိုက်ကြောင်း မေ ၅ ရက်နေ့ထုတ် လောကီသုတပညာ သတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ သတင်းစာပါ ဖော်ပြချက်အရ စတင်ဖွင့်လှစ်သောနေ့တွင် ရထားတွဲ ၁၂ တွဲပါ မီးရထားသည် နံနက် ၆ နာရီအချိန်မှစ၍ ရန်ကုန်မြို့၊ ကွမ်းခြံဘူတာကြီးမှ အင်းစိန်သို့ ခုတ်မောင်းခဲ့ပြီး အင်းစိန်မှတဖန် ရန်ကုန် ဘူတာကြီးသို့ ပြန်လည်ခုတ်မောင်းခဲ့၏။ လမ်း





ခရီးတွင် ကြည့်မြင်တိုင် ဘူတာနှင့် သမိုင်းဘူတာတို့၌သာ ခေတ္တရပ်နားခဲ့သည်။

မီးရထားတွဲထက်တွင် အောက်မြန်မာနိုင်ငံ မဟာမင်းကြီး အက်ရှ်လီ အီဒင် ကိုယ်တိုင်လိုက်ပါလာခဲ့ပြီး ၉ မိုင်ကွာဝေးသည့် ရန်ကုန်-အင်းစိန် မီးရထားလမ်းထက်၌ အသွားအပြန် ခုတ်မောင်းခဲ့ရသည့်အတွက် ည ၈ နာရီထိုးမှ ရန်ကုန်ဘူတာကြီးသို့ ပြန်လည်ရောက်ရှိခဲ့ကြလေသည်။ မီးရထားစက်ခေါင်းအင်ဂျင်မှာ ၁၈ တန်အလေးချိန်ရှိပြီး ပေါင်ချိန် ၃၈၅၇ ပေါင် ဆွဲအားရှိကြောင်း သိရှိရ၏။ လောကီသုတပညာ သတင်းစာတွင် “ မေလဆန်း တစ်ရက်၊ နှစ်သစ်မင်္ဂလာ၊ သာယာချောင်၊ ကောင်းချီးသံမစဲ၊ သဘင်ပွဲဖြင့်၊ အမြဲစီမံ၊ အလံဖြူ အလံနီ၊ မဟီမြေကွဲလောက်အောင်၊ မီးရထား ရုံတော်၌၊ သင့်လျော်အောင်ခင်းကျင်း၍၊ သတင်းကျေညာ၊ မီးရထားကို ဖွင့်လှစ်တော်မူရာ” စသဖြင့် ကာရန်နဘေများဖြင့် သတင်းရေးသားဖော် ပြထားပါသည်။

## သီပေါမင်း၏သမက်ဖြစ်သူက ဘိုကပြားအမျိုးသမီးတစ်ဦးနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ တိုင်ကြား
(၂-၅-၁၉၂၂)

၁၉၂၂ ခုနှစ်၊ မေလ ၂ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ရန်ကုန်မြို့၊ ချာချီလမ်း (ယခုကိုယ့်မင်းကိုယ်ချင်းလမ်း) အိမ်အမှတ် ၂၄ နေ သီပေါမင်း၏သမက် ကိုကိုနိုင်က အလံပြဘုရားလမ်းနေ ဘိုကပြားအမျိုးသမီးတစ်ဦးနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ တိုင်ကြားထားကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သတင်းဖော်ပြချက် အရ မစ္စလက္ကာစတင်းဆိုသူ အလံပြဘုရားလမ်းနေ ဘိုကပြား အမျိုးသမီးတစ်ဦးသည် မိမိထံမှရောင်းပေးရန် စိန်နားကပ်တစ်ရံကို ယူဆောင်သွားသည်မှာ ကိုးလခန့် ကြာပြီဖြစ်သော်လည်း ပြန်လည်ပေးအပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ကြောင်း ဆိုပါသည်။ သို့ဖြစ်၍ ဗဟန်းဌာန (ရဲစခန်း)က ရာဇသတ်ပုဒ်မ ၄၀၆ အရ စစ်ဆေးလျက် ရှိကြောင်း သတင်း၌ဖော်ပြ ထားပါသည်။

## မဟာမိတ်တပ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာ
(၃-၅-၁၉၄၅)



ဗြိတိသျှအမှတ် (၂၆) အိန္ဒိယတပ်မှ တပ်မဟာ လှိုင်မြစ်ကို ဖြတ်ကာ ရန်ကုန်သင်္ဘောဆိပ်သို့ ဆိုက်ကပ်လာစဉ်

၁၉၄၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဗြိတိသျှအမှတ် (၂၆) အိန္ဒိယတပ်မမှ တပ်မဟာသည် ညအချိန်တွင် လှိုင်မြစ်ကိုဖြတ်ကာ ရန်ကုန်သင်္ဘောဆိပ်သို့ ဝင်ရောက်လာခဲ့ကြောင်းကို သတင်းမှတ်တမ်းတစ်ပုဒ်၌ တွေ့ရှိရ၏။ ဗြိတိသျှလေတပ်များအနေဖြင့် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နှင့် ၂ ရက်နေ့များကပင် ရန်ကုန်မြို့ပေါ်သို့ ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီး ဗြိတိသျှအမှတ် (၁၄)တပ် မှာ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် ပဲခူးမြို့မှတစ်ဆင့် ချီတက်လာခဲ့ကြ၏။ မွန်းလွဲပိုင်းတွင် ဗြိတိသျှအမှတ် (၂၂၁) လေတပ်အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ဆောင်းဒါး (Lt. Col.





Sounder)သည် ဗုံးကြဲလေယာဉ်ဖြင့် ရန်ကုန်မြို့ပေါ်သို့ အနိမ့်ပျံသန်းပြီး ဖက်ဆစ်ဂျပန်တို့၏ အခြေအနေကို အကဲခတ်ခဲ့၏။ ထို့နောက် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ဆင်းသက်ခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး ဆောင်းဒါးသည် မင်္ဂလာဒုံလေယာဉ်ကွင်းမှ ရန်ကုန်ထောင်ကြီးသို့ ခြေကျင်လျှောက်သွားပြီး စစ်သုံ့ပန်းများနှင့် တွေ့ဆုံမေးမြန်းခဲ့၏။ ဂျပန်တပ်များ ဆုတ်ခွာသွားကြောင်း သိရှိရမှ မြစ်ကြောင်းအတိုင်း သမ္ဗာန်ဖြင့် သန်လျက်စွန်းသို့ သွားရောက်ကာ ဗြိတိသျှတပ်များထံ သတင်းပို့ခဲ့သည်။ ဤသို့ဖြင့် ဗြိတိသျှတပ်များ ပန်းဆိုးတန်းဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြ၏။

## နိုင်ငံတော်လုပ်ကြံမှုကြီးကို ဦးစီးဦးဆောင်ပြုခဲ့သူ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ကြိုးဒဏ်စီရင်
(၈-၅-၁၉၄၈)

ဗိုလ်ချုပ်အောင်ဆန်းအပါ အဝင် နိုင်ငံတော်ခေါင်းဆောင်ကြီးများအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ရာ၌ ဦးစီးဦးဆောင်ပြုခဲ့သူ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့အား ၁၉၄၈ခုနှစ်၊ မေလ ၈ ရက်နေ့ တွင် ကြိုးဒဏ်စီရင်လိုက်ကြောင်းသတင်းကို နောက်တစ်နေ့ထုတ် သတင်းစာများ၌ ဖော်ပြထားပါသည်။ ဂဠုန်ဦးစောသည် (၁၉-၇- ၁၉၄၇) တွင် နိုင်ငံတော်လုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ပြီးနောက် ယင်းညနေ၌ပင် အပေါင်းအပါ တပည့်များနှင့်အတူ ဖမ်းဆီးခြင်းခံခဲ့ရ၏။ မြန်မာပြည်ဘုရင်ခံသည် (၂၀-၉-၁၉၄၇)တွင် အထူးခုံတရား ရုံးတော်ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာလ ၈ ရက်နေ့တွင် အမှုစစ်ဆေးမှုကို စတင်ခဲ့၏။ ဂဠုန်ဦးစောသည် လန်ဒန်မြို့နေ ရှေ့နေမစ္စတာ ဘီအာရ်ဗာတင်းနက်စ်အား ငှားရမ်းခဲ့သည်။

ဂဠုန်ဦးစောသည် ဧပြီလ ၂၇ ရက်နေ့တွင် တရားလွှတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်မှ အယူခံပယ်ချခံရပြီးနောက် နောက်တစ်နေ့၌ပင် အကျဉ်းထောင်အတွင်း၌ ဇနီးဒေါ်သန်းခင်၊ သမီးမေသန်းစောတို့နှင့်အတူ မိုးညင်းသင်္ဂီကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိစ္စထံမှောက်၌ လက္ခဏာရေးသုံးပါး တရားတော်ကို နာယူခဲ့သည်။ မေလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် တရားခံ ခင်မောင်ရင်၊ မောင်နီနှင့် သုခတို့အပေါ် ချမှတ်ထားသော သေဒဏ်အမိန့်ကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲပေးခဲ့ပြီး သော်လည်း မေလ ၈ ရက်နေ့တွင် တရားခံ ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုကြီး၊ စိန်ကြီးနှင့် ရန်ကြီးအောင် တို့အား ကြိုးဒဏ်စီရင်ခဲ့သည်။

## ရွှေတိဂုံစေတီတော်သမိုင်း စီနီမာစကုတ်ဇာတ်ကား ရိုက်ကူးပြီ
## (၄-၅-၁၉၅၈)

၁၉၅၈ ခုနှစ်၊ မေလ ၄ ရက်နေ့ထုတ် ဘွင်းဘွင်းသတင်းစာတွင် ရွှေတိဂုံစေတီတော်သမိုင်း ဇာတ်လမ်းစီနီမာစကုတ်ခေါ် မြင်ကွင်းကျယ်အသံထွက်ဇာတ်ကားအဖြစ် ဆွေဗမာဖလင်ကုမ္ပဏီမှ ရိုက်ကူးလျက်ရှိပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ စီနီမာစကုတ်မှာ မြင်ကွင်းကို ရိုးရိုး ထက်နှစ်ဆပိုမို ရှုမြင်ကြရမည်ဖြစ်ပြီး အခက်အခဲများစွာအကြားမှ မြန်မာ ပညာရှင်များက ကြိုးစားရိုက်ကူးနေကြောင်း သိရှိရ၏။ ရွှေတိဂုံသမိုင်း ရုပ်ရှင်ဇာတ်ကားကို ကြီးကျယ်ခမ်းနားစွာ ရိုက်ကူးကြရာ၌ ဇာတ်ကောင်များစွာ ပါဝင်ပြီးရှုမျှော်ခင်းများကိုလည်း နှစ်လိုဖွယ်တွေ့မြင်ကြရမည် ဖြစ်သည်ဟု ဆိုပါသည်။

ဇာတ်ဝင်ခန်းပါ ဥတည်ဘွား၏ နန်းတော်ကြီးကို စတူဒီယိုအတွင်း၌ အလျားပေ ၉၀၊ အနံပေ ၅၀ ခန့်ဖြင့် ခမ်းနားထည်ဝါစွာ ဆောက်လုပ်ထားပြီး တရုတ်ဘာသာတတ် တရုတ်အမျိုးသားများ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်း၌ ဖော်ပြပါရှိ၏။





## မြန်မာသူနာပြုဆရာမကြီး ဖလောရင့်နိုက်တင်ဂေးဆု ရရှိ
## (၁၂-၅-၁၉၉၃)

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ နှစ်နှစ်လျှင် တစ်ကြိမ်ကျ ချီးမြှင့်လျက်ရှိသည့် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို မြန်မာနိုင်ငံ၊ မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်အမ်(မ်) ယောနမ်ကရရှိကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ယင်း ဆုတံဆိပ်ကို ၁၉၉၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ၃၄ ကြိမ်မြောက် ဆုချီးမြှင့်ရေးအစီအစဉ်အရ ဂျီနီဗာမြို့တော်၌ ရွေးချယ်ခဲ့ရာမှ သူနာပြုဆရာမကြီးက ရရှိခဲ့ခြင်း ဖြစ်ပါသည်။

သူနာပြုဆရာမကြီး ဒေါ်အမ်(မ်)ယောနမ်သည် ၁၉၈၆-၈၇ ခုနှစ်များ၌ မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်စဉ် အတွင်း တပ်မတော်နှင့် သောင်းကျန်းသူတို့အကြား တိုက်ပွဲဖြစ်ပွားရာ၌ မိမိအသက်ကို ပမာနမထားဘဲ ဒဏ်ရာရရှိသူ လူနာ ၅၀၀ ကျော်တို့အား ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ နေ့ညမအား ပြုစုစောင့်ရှောက်ပေးခဲ့၏။ သူနာပြုဆရာမကြီးသည် လိုအပ်နေသောသွေးကို မိမိကိုယ်တိုင်ပေးလှူခဲ့ရုံမျှမက အနီးဝန်းကျင်ကျေးရွာများမှ လူနာများကို တိုက်ပွဲဖြစ်ပွားနေသည့်ကြားမှ သက်စွန့်ဆံဖျား သွားရောက် ကုသပေးခဲ့သည်။ ထို့ပြင် တိုက်ပွဲဖြစ်ပွားနေစဉ် အတွင်း ကောင်းခါးကျေးရွာမှ မိခင်တစ်ဦးသည် အမွှာကလေးနှစ်ဦးအား မွေးဖွားပြီး ကွယ်လွန်သွားရာ ဆရာမကြီးက အခက်အခဲများကြားမှ မွေးစားပြီး စောင့်ရှောက်ထားခဲ့သည်။

ဆရာမကြီး ဒေါ်အမ်(မ်)ယောနမ်၏ စွမ်းဆောင်မှုများကြောင့် ၁၉၉၃ ခုနှစ် အတွက် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ထိုက်ထိုက်တန်တန် ရရှိခဲ့လေသည်။ ဆရာမကြီး ဒေါ်အမ်(မ်)ယောနမ် ဆုရရှိခြင်းမှာ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမဆုံးဆုချီး မြှင့်ခံခဲ့ရသူမှာ ဆေးတပ်ဗိုလ်မှူး ဒေါ်ခင်အုန်းမြဖြစ်ကြောင်း သိရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com



## စာဆိုတော် ရှင်ဥတ္တမကျော်၏ အရိုးအိုးဂူကို ရှာဖွေတွေ့ရှိပြီ
(၅-၅-၁၉၅၅)

၁၉၅၅ ခုနှစ်၊ မေလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပေလေးပင်ရှင်လေးပါးအပါအဝင် စာဆိုတော်ကြီး ရှင်ဥတ္တမကျော်၏ အရိုးအိုးဂူကို တောင်တွင်းကြီးမြို့၊ နတ်မှီတောရရှိ ဗုဒ္ဓတက္ကသိုလ်၏ ကုန်းမြင့် တစ်နေရာ၌ တူးဖော်ရရှိပြီဖြစ်ကြောင်း သတင်းဖော်ပြထားပါသည်။ ရှင်ဥတ္တမကျော်သည် မြန်မာသက္ကရာဇ် ၈၁၅ ခုနှစ်၊ (ခရစ်နှစ် ၁၄၅၃)တွင် ဖွားမြင်ခဲ့ပြီး သက်တော် ၉၇ နှစ် အရောက် (ခရစ်နှစ် ၁၅၅၀) တွင် ပျံလွန်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရ၏။

ဆရာတော်၏ အရိုးအိုးဂူမှာ နှစ်ပေါင်း ၄၀၀ ကျော်ကြာ ပျောက်ဆုံး နေရာမှ နတ်မှီတောရတွင် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန် ကုန်းမြေကို ခုတ်ထွင်ရှင်းလင်း ဖြိုဖျက်စဉ် ပြန်လည်တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်ဟုဆိုပါသည်။ အရိုးအိုးဂူအတွင်း၌ အရိုးပြာအဖြူနှင့် အနက် နှစ်မျိုးကို အကန့်များနှင့် စနစ်တကျထားရှိသည်ဆို၏။

## ရုပ်ရှင်မင်းသမီးမေရီမြင့် ကွယ်လွန်
(၆-၅-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မေလ ၆ ရက်နေ့ ညနေ ၃ နာရီခွဲအချိန်တွင် နိုင်ငံကျော် ရုပ်ရှင်မင်းသမီး မေရီမြင့် နမိုးနီးယားရောဂါဖြင့် ကွယ်လွန်သွားကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ မေရီမြင့်သည် အူအတွင်း၌ ထူးဆန်းစွာ သန္ဓေတည်သော ရောဂါဖြင့် ဧပြီလ ၂၅ ရက်နေ့က စံပြသားဖွားခန်းသို့ တက်ရောက်ကုသခဲ့ရာ ဒေါက်တာကြည်ပေါက ခွဲစိတ်ကုသပေးခဲ့သည် ဆိုပါသည်။ ထို့နောက် ရက်အနည်းငယ်အတွင်း သက်သာလာသဖြင့် ဆေးကု





ခန်းမှ ဆင်းသက်ရန် ရှိသော်လည်း မေလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် အမောဖောက်လာကာ ကွယ်လွန်သွားခဲ့ကြောင်းသတင်း၌ဖော်ပြထား၏။

မေရီမြင့်၏ ရုပ်အလောင်းကို တပ်မတော် (ရေ)မှကားဖြင့် ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်သို့ ပို့ဆောင်ပေးခဲ့ပြီး မေလ ၇ ရက် နေ့တွင် ရန်ကုန်၊ သရက်တောကျောင်းတိုက်၊ အုတ်လှေကားကျောင်း၌ နိုင်ငံတော် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးမှ ဈာပနအခမ်းအနား ပြုလုပ်မည်ဖြစ်ကြောင်း၊ မေလ ၈ ရက်နေ့တွင် ကြံတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ကြောင်းများကို သတင်း၌ ဖော်ပြထားပါသည်။ ရုပ်ရှင်မင်းသမီး မေရီမြင့်သည် တပ်မတော် (ရေ) မှ ဗိုလ်မင်းဦးခေါ် ကိုလှကြည်၏ ဇနီးဖြစ်ကြောင်း သိရှိရ၏။



မေရီမြင့် ပါဝင်သရုပ်ဆောင်ခဲ့သော မေ့သက်ပိုင် ရုပ်ရှင်ဇာတ်ကား



www.burmeseclassic.com

www.burmeseclassic.com



## တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့၏ ပထမဆုံး ပိဋကတ် မြန်မာပြန်စာမေးပွဲ ကျင်းပပြုလုပ် (၉-၅-၁၉၆၅)



ပထမဆုံးပြုလုပ်သော ပိဋကတ်မြန်မာပြန်စာမေးပွဲတွင် သံဃာတော်များအား အင်းစိန်ဈေးသူဈေးသားများက ဆွမ်းဆက်ကပ်လှူဒါန်းစဉ်

၁၉၆၅ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာ့အဖွဲ့၏ ပထမဆုံးအကြိမ် ပိဋကတ်မြန်မာပြန်စာမေးပွဲကိုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းမှတ်တမ်း တစ်ပုဒ်ကို တွေ့ရှိရပါသည်။ ယင်းစာမေးပွဲကို ပထမဆင့်နှင့် ဂုဏ်ထူးတန်းဆင့်ဟူ၍ အဆင့်နှစ်ဆင့် သတ်မှတ်ထားရာ၌ ပထမအဆင့်တွင် စာစစ်ဌာန ၁၁၂ ခုမှ ရဟန်းရှင်လူသုံးထောင်ခန့် ဖြေဆိုခဲ့ကြကြောင်း သိရှိရ၏။ စာဖြေသံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား ဆိုင်ရာမြို့ရွာများမှ လုပ်သားပြည်သူများက ဆွမ်းကွမ်းစားဖွယ်ကိစ္စ ဟူသမျှကို သဒ္ဓါတရားထက်သန်စွာဖြင့် တာဝန်ယူခဲ့ကြသည် ဆိုပါသည်။





ပိဋကတ်မြန်မာပြန်စာမေးပွဲ ကျင်းပရာ အင်းစိန်စာစစ်ဌာနသို့ သက်ဆိုင်ရာက သွားရောက်လေ့လာကြည့်ရှုရာတွင် ရဟန်း၊ သာမဏေ၊ ၁၆ ပါးနှင့် လူပုဂ္ဂိုလ် ၄ ဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရှိရ၏။ ထူးခြားချက်တစ်ရပ်မှာ စာဖြေလူပုဂ္ဂိုလ်လေးဦးတို့သည် ဂုံနီစက်ရုံ၊ သံပုံးစက်ရုံနှင့် သံဖြူထည်လုပ်ငန်း စသည်တို့မှ ကာယလုပ်သားကြီးများ ဖြစ်နေကြခြင်းပင် ဖြစ်သည်။ ဂုဏ်ထူးတန်းဆင့် စာမေးပွဲများကိုမူ မေလ ၁၁ ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။

## စစ်တွေနှင့် ကျောက်ဖြူမြို့တို့၌ လေမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ် (၉-၅-၁၉၆၈)

၁၉၆၈ ခုနှစ်၊ မေလ ၉ ရက်နေ့ ည ၁၁ နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့၌ ပြင်းထန်သော လေမုန်တိုင်းတစ်ခုတိုက်ခတ်ခဲ့ရာ အသက်အိုးအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ မေလ ၉ ရက်နေ့ညမှ တိုက်ခတ်ခဲ့သော ဆိုက်ကလုန်းမုန်တိုင်းသည် နောက်တစ်နေ့ နံနက် ၈ နာရီခန့်အထိ တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၈၀ နှုန်းအထိ တိုက်ခတ်ခဲ့သည်။ ထို့နောက် နှစ်နာရီခန့်ကြာ ငြိမ်သက်သွားသဖြင့် လေမုန်တိုင်းစဲသွားပြီအထင်နှင့် မြို့သူမြို့သားများက အပျက်အစီးများကို ပြန်လည်ပြုပြင်ရန် ပြင်ဆင်ကြသည်။ ထိုစဉ်အတွင်း နံနက် ၁၀ နာရီခန့်အချိန်တွင် တစ်နာရီလျှင် မိုင် ၁၂၀ ကျော်ဟု ခန့်မှန်းရသော ပြင်းထန်သည့် လေမုန်တိုင်းကြီးတစ်ခု ငါးနာရီကြာမျှ တိုက်ခတ်ခဲ့ပြန်ရာ ပျက်စီးဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ခဲ့ရလေသည်။

လေမုန်တိုင်း ဒဏ်ကြောင့် စစ်တွေဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော Gero Michalas အမည်ရှိ ဂရိဆန်တင်သင်္ဘောကြီး နစ်မြုပ်သွားခဲ့၏။ လေမုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၁၀၃၇ ဦး၊ ကျွဲနွား ကောင်ရေ



www.burmeseclassic.com

www.burmeseclassic.com



၁၇၅၃၇ ကောင်၊ ပျက်စီးသောအိုးအိမ်ပေါင်း ၅၇၆၆၃၊ အိုးအိမ်မဲ့ ၁၀၂၉၅၇ဦးနှင့် လယ်မြေဧကပေါင်း ၄၆၉၀၀၀ မျှ ပျက်စီးခဲ့ ကြောင်း သိရှိရ၏။ မှတ်တမ်းများအရ စစ်တွေဒေသတွင် ၁၈၇၇ ခုနှစ်မှ ၁၉၆၈ ခုနှစ် ကာလအတွင်းပြင်းထန်သော လေမုန်တိုင်းကြီးများ ၅၅ ကြိမ်မျှ ကျရောက်ခဲ့ဖူးသည်ဟု ဆိုပါသည်။

## မိုင်တစ်ရာကျော်စက်ဘီးစီးပြိုင်ပွဲ ကျင်းပ
## (၁၈-၅-၁၉၆၉)

၁၉၆၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ် အချိန်တွင် မြန်မာပြည်လုံးဆိုင်ရာ အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲ၏ ၁၂၅ မိုင် (တာဝေးစီး) စက်ဘီးပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်းပြိုင်ပွဲကို ရန်ကုန်မြို့၊ မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံရှေ့မှ စတင်တာလွှတ်ပြီး ပြည်လမ်းအတိုင်း မိုင်တိုင် ၆၅ မှ ပြန်ကွေ့ကာ ရတနာပုံရုပ်ရှင်ရုံရှေ့တွင် ပြန်လည်ပန်းဝင်ကြရမည်ဖြစ်၏။ ယင်းစက်ဘီးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၂၂ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပထမ ကျော်သန်း-၂ (မြူနီစီပါယ်၊ စံချိန် ၆ နာရီ ၂၃ မိနစ်၊ ၆. ၅ စက္ကန့်)၊ ဒုတိယ ပီတာဆင်း (ကျောင်းသား၊ စံချိန် ၆ နာရီ၊ ၃၂ မိနစ်၊ ၁၃. ၃ စက္ကန့်)၊ တတိယ ရွှေကျွန်း ( ရွှေသမင်စက်ရုံ၊ စံချိန် ၆နာရီ၊ ၃၂ မိနစ်၊ ၁၃. ၅ စက္ကန့်) အသီးသီးတို့ အနိုင်ရရှိကြောင်း သိရှိရ၏။

## ကမ္ဘာ့ကျန်းမာရေးဆု (ဆာဆာကာဝါဆု)ကို
## မြန်မာနိုင်ငံ အရာတော်မြို့နယ်က ရရှိ
## (၅-၅-၁၉၈၆)

၁၉၈၆ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချီးမြှင့်သော ကမ္ဘာ့ကျန်းမာရေးဆု (ဆာဆာကာဝါဆု)ကို ပြည်ထောင်စုမြန်မာနိုင်ငံ





စစ်ကိုင်းတိုင်းရှိ အရာတော်မြို့နယ်မှ ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းမှတ်တမ်း တစ်ပုဒ်ကို တွေ့ရှိရပါသည်။ ၁၉၈၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ဂျီနီဗာမြို့၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကာဆုကြီးကို လက်ခံ ရယူခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကျန်းမာရေးဆုကို ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများအား တီထွင်ကြံဆလုပ်ကိုင်သော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် လူစုလူဝေး စုပေါင်းလုပ်ဆောင်ချက်၊ ပြည်သူ့ကျန်းမာရေး စီမံချက်များအပေါ် ဆုရွေးချယ်ချီးမြှင့်ရန် ဂျပန်နိုင်ငံ သဘော်ာကုမ္ပဏီပိုင်ရှင် မစ္စတာဆာဆာကာဝါ ပေးလှူထားသော ရန်ပုံငွေများမှ ထုတ်နုတ်သုံးစွဲခဲ့ခြင်းဖြစ်သည်။ အရာတော်မြို့နယ် အနေဖြင့် ပြည်သူ့ကျန်းမာရေးစီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဆုချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်ဟု ဆိုပါသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သော ဆာဆာကာဝါဆု




www.burmeseclassic.com

www.burmeseclassic.com



## ပဲခူးမြို့၌ မြေငလျင်ပြင်းထန်စွာလှုပ်၍ ရွှေမော်ဓောစေတီ ပြိုကျ ပျက်စီး (၅-၅-၁၉၃၀)



မြေငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့ရသော ရွှေမော်ဓော စေတီတော်ကြီးအား ဖူးတွေ့ရစဉ်

၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်အချိန်တွင် မြေငလျင်ပြင်းထန်စွာလှုပ်မှုကြောင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကြီး ပြိုကျပျက်စီးခဲ့ရကြောင်းကို သတင်းမှတ်တမ်းတစ်စောင်၌ တွေ့ရှိရပါသည်။ ရွှေမော်ဓောစေတီတော်သည် ငလျင်ဒဏ်ကြောင့် ခေါင်းလောင်းပုံတစ်ခြမ်းထိ အရှေ့တောင်ထောင့် ရင်ပြင်ပေါ်သို့ ပြိုကျပျက်စီးခဲ့ရသည်။ ပဲခူးမြို့ပေါ်ရှိ တိုက်တာ၊ ကျောင်း၊ သိမ်၊ ဇရပ်များမှာလည်း ပြိုကျပျက်စီးခဲ့ရပြီး လူတစ်ရာကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရှိရ၏။ မြေငလျင်မှတ်တမ်းများအရ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ပြိုကျပျက်စီးခဲ့ရသည့် အကြိမ်ပေါင်းမှာ ၃၂ ကြိမ် ရှိခဲ့သည်ဟု ဆိုပါသည်။





ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ရွှေမော်ဓောစေတီတော်ကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးက ပြန်လည်ပြုပြင်တည်ဆောက်ရန် ပန္နက်ချပေးခဲ့သည်ဆို၏။ စေတီတော်ကြီးအား ပြန်လည်ပြင်ဆင်ခဲ့ကြရာ ထိုခေတ်ကာလကုန်ကျ ငွေကျပ်သိန်း ၄၀ ခန့်ရှိခဲ့ပြီး စိန်ဖူးတော်၏ တန်ဖိုးမှာခုနစ်သိန်းခန့်နှင့် ၄ုက်မြတ်နား၏ တန်ဖိုးမှာ ၁၆ သိန်းခန့် ရှိသည်ဆိုပါသည်။

## ကမ္ဘာကျော်မျက်မမြင်စာရေးဆရာမကြီး ရန်ကုန်သို့ ရောက်ရှိ (၁၂-၅-၁၉၅၅)

အမေရိကန်နိုင်ငံသူ ကမ္ဘာကျော် မျက်မမြင်စာရေးဆရာမကြီး ဟယ်လင်ကဲလား (Helen Keller)သည် ၁၉၅၅ ခုနှစ် မေလ ၁၂ ရက်နေ့၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံလေဆိပ်သို့ ကေအယ်လ်အမ်လေယာဉ်ဖြင့် ဆိုက်ရောက်လာကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြထားသည်ကို တွေ့ရှိရ၏။ ဟယ်လင်ကဲလားသည် ဘန်ကောက်မြို့မှ တစ်ဆင့် အဖော်ဖြစ်သူ မေရီသွန်မဆင်နှင့်အတူ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မစ္စကဲလားအား နိုင်ငံခြားရေးရုံးမှ သံတမန်မိတ်ဆက်ဌာနကြီးမှူး ဦးတင်မောင်ကြီးက လေဆိပ်၌ ကြိုဆိုခဲ့သည်။

မစ္စကဲလားသည် မျက်စိမမြင်နားမကြားသူများအား ထောက်ပံ့စောင့်ရှောက်ရေးအတွက် ကမ္ဘာအနှံ့ ခရီးလှည့်လည်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့၌ ရက်သတ္တပတ်ကြာနေထိုင်စဉ်အတွင်း ကြည့်မြင်တိုင်ရှိ စိန်မိုက်ကယ်မျက်မမြင်ကျောင်း၊ တင့်(ခ်)လမ်းရှိ မျက်မမြင်နားမကြားကျောင်းများသို့သွားရောက်လည်ပတ် ကြည့်ရှုခဲ့ကြောင်းသိရှိရ၏။ ထို့ပြင် မေလ ၁၄ ရက်နေ့ညပိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပထမဆုံးအကြိမ် လေထီးသင်တန်းကျောင်းဆင်းပွဲ
## (၁၄-၅-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံး အကြိမ် လေထီးသင်တန်းဆင်းပွဲအခမ်းအနားကို မှော်ဘီတပ်နယ်ရှိ မြန်မာ့တပ်မတော် ၁၀၆ လေထီးတပ်ရင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် သတင်းစာများ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်း အခမ်းအနားသို့ မြန်မာ့တပ်မတော် စစ်သေနာပတိချုပ် ကိုယ်တိုင်တက် ရောက်ခဲ့ပြီး သင်တန်းဆင်း လေထီးတပ်သားများအား လေထီးတံဆိပ် များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရ၏။

လေထီးသင်တန်းဆင်းပွဲသို့ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေး လျ၊ ပြင်သစ်၊ တရုတ်၊ ယူဂိုဆလပ်၊ အိန္ဒိယ၊ ယိုးဒယား စစ်သံမှူးများနှင့် မြန်မာတပ်မတော်လေတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်တို့အပြင် ကြည်း တပ်မတော်အရာရှိများပါ တက်ရောက်ခဲ့ကြသည်။ လေထီးဆင်း အတတ်ပညာကို ၁၉၅၅ ခုနှစ်တွင် နိုင်ငံခြားသို့ ဗိုလ်အကြပ်တပ်သား အချို့အား စေလွှတ်သင် ယူစေခဲ့ပြီးနောက် ၁၉၅၆ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံခြားသား များမပါဘဲ ကိုယ့်ဆရာနှင့် ကိုယ်သင်ပေးနိုင်သော အခြေအနေတွင် ရှိ နေပြီ ဖြစ်ကြောင်း၊ ပထမပတ် သင်တန်းဆင်းဦးရေမှာ တပ်သားတစ်ရာ ကျော်ရှိကြောင်း လေထီးတပ်ရင်း၏ ယာယီတပ်ရင်းမှူး ဗိုလ်ကြီး မောင် မောင်လွင်က သတင်းစာဆရာများအား ပြောကြားခဲ့၏။





## အာရှအိုလံပစ်အားကစားပွဲတော်ကာလအတွင်း တိုကျို-မြန်မာ တယ်လီဖုန်းဆက်သွယ်စကားပြောဆိုနိုင်
## (၃၀-၅-၁၉၅၈)

၁၉၅၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့ထုတ် ဘွင်းဘွင်းသတင်းစာ တွင် အာရှအိုလံပစ်အားကစားပွဲတော် ကာလအတွင်း တိုကျိုနှင့် ရန်ကုန် မြို့ အကြား ရေဒီယိုတယ်လီဖုန်း အဆက်အသွယ်ပြုလုပ်နိုင်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ လွန်ခဲ့သော မေလ ၂၄ ရက်နေ့မှ စတင်၍ လာမည့် ဇွန်လ ၄ ရက်နေ့ အထိ အထူးအစီစဉ် တစ်ရပ် အနေဖြင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်နှင့် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော် တို့အကြား တယ်လီဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုနိုင်ကြမည်ဖြစ် သည်။ ယင်းသို့ ဆက်သွယ်ပြောဆိုရာတွင် ပထမ ၃ မိနစ် အတွက် ငွေ ကျပ် ၅၀ ကျသင့်မည်ဖြစ်ပြီး သုံးမိနစ် ထက်ကျော်လွန်ပါက ၁ မိနစ်ပို သွားတိုင်း ငွေ ၁၇ ကျပ် ပိုမို ပေးဆောင်ရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

အာရှအားကစားပွဲတော်တွင် ဘောလုံးပြိုင်ပွဲ၌ မြန်မာနိုင်ငံ ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ တိုကျိုမြို့နှင့် မြန်မာ နိုင်ငံ ၊ ရန်ကုန်မြို့တို့အကြား အလွယ်တကူသတင်းပေးပို့နိုင်ရန် သက် ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပေသည်။

## ဆေးပညာဘွဲ့လွန်သင်တန်း ပြည်တွင်း၌ စတင်ဖွင့်လှစ်
## (၂၉-၅-၁၉၇၁)

၁၉၇၁ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဆေးပညာဘွဲ့လွန် သင် တန်းသစ်ခုနစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း၌သာ စတင် ဖွင့် လှစ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါရှိပါသည်။ ယင်းဖွင့်ပွဲကို ရန်ကုန်ဆေးတက္ကသိုလ်(၁) ၌ ကျင်းပရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ညီညီ၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာဘသန်းနှင့် တက္ကသိုလ်များမှ ပါမောက္ခများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြောင်း သိရှိရ၏။

အခမ်းအနားဌ် ပညာရေးဒုတိယဝန်ကြီးက ပြောကြားရာတွင် ယခင်က ခေတ်မီဆေးသိပ္ပံပညာရပ်များကို နိုင်ငံရပ်ခြားသို့သာစေလွှတ်သင်ကြားကြရာမှ ယခုအခါ ပြည်တွင်း၌ပင် ကမ္ဘာ့အဆင့်အတန်းမီလေ့လာ ဆည်းပူးနိုင်ကြပြီဖြစ်ကြောင်း ပြောကြားခဲ့၏။ ပါမောက္ခချုပ် ဒေါက်တာဘသန်းက ပြောကြားရာ၌လည်း ဆေးပညာဘွဲ့လွန် သင်တန်းများကို ပြည်တွင်း၌ စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ဘာသာရပ် ခုနစ်မျိုးအတွက် ဘွဲ့လွန်သင်တန်းသား ၂၄ ဦးအား လေ့ကျင့်ပေးသွားမည်ဖြစ်သည်ဟု ဆိုပါသည်။

### စာရေးဆရာကြီး ဒဂုန်ရွှေမျှားကွယ်လွန် (၂၈-၅-၁၉၈၂)



စာရေးဆရာကြီး ဒဂုန်ရွှေမျှား (၁၈၉၅-၁၉၈၂)





၁၉၈၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် အသက် ၈၇ နှစ်အရွယ်ရှိ စာရေးဆရာကြီး ဒဂုန်ရွှေမျှား ကွယ်လွန်သွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ဒဂုန်ရွှေမျှား၏ အမည်ရင်းမှာ ဦးတင် ဖြစ်ပြီး ၁၈၉၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင်၊ ပြည်မြို့၌ ဦးချစ်ထွန်း၊ ဒေါ်စောကလေး တို့မှ ဖွားမြင်ခဲ့သည်။ အသက် ၁၃ နှစ်အရွယ်တွင် မိဘနှစ်ပါး ကွယ်လွန်သွားရာ အစ်ကိုနှင့် မရီးတို့၏ ထောက်ပံ့မှုဖြင့် ခေတ်ပညာကို ဆည်းပူးသင်ယူခဲ့ရ၏။ ပြည်မြို့ အထက်တန်းကျောင်း၌ ပညာသင်ကြားနေစဉ်၌ပင် သူရိယမဂ္ဂဇင်း အမှတ်(၃)၌ ချင်းဗိုလ်မောင်တက်တူ ဝတ္ထုဖြင့် စာပေနယ်သို့ ဝင်ရောက်လာခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ ပါဝင်ရေးသားရာမှ ဒဂုန် ရွှေမျှား ကလောင်အမည်ဖြင့် ထင်ရှားလာခဲ့၏။ သူရိယသတင်းစာနှင့် တိုးတက်ရေးသတင်းစာ သတင်းထောက်၊ ကြည်တော်မူမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ဖူးပြီး လွတ်လပ်ရေးခေတ်တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ စာပြုတစ်ဦးဖြစ်လာခဲ့သည်။ ဒဂုန်ရွှေမျှားသည် ၁၉၅၉ ခုနှစ်တွင် 'ရော်ဘင်ဆင်ကရူးဆိုး'စာအုပ်ဖြင့် စာပေဗိမာန် ဘာသာပြန်ဆု၊ ၁၉၆၃ ခုနှစ်တွင် 'မြို့ဝန်မင်း၏ဘဝခရီး' စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ဘာသာပြန် ဒုတိယဆု၊ ၁၉၇၄ ခုနှစ်တွင် 'မွှန်းတည့်ရန် နှစ်နာရီအလို' ဝတ္ထုဖြင့် စာပေဗိမာန် စာပေဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။ 'စုံထောက်ဦးထင်ကျော်'၊ 'ထောင်မင်းသား ဦးဖိုးထော်' စသည့်ဝတ္ထုများဖြင့် ထင်ရှားခဲ့ပြီး ဘာသာပြန်ဝတ္ထုရှည် ၄၀ ခန့် ရေးသားပြုစုခဲ့၏။

### စာရေးဆရာကြီး ဦးလတ်ကွယ်လွန်ပြီ (၂၀-၅-၁၉၂၁)

ရွှေပြည်စိုးဝတ္ထု၊ စံပယ်ပင်ဝတ္ထုများဖြင့် နာမည်ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီး ဦးလတ်သည် ၁၉၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိရပါသည်။ ဦးလတ်သည် ရာဇဝတ်ဝန်ထောက်ဟောင်းတစ်ဦးလည်း ဖြစ်ပြီး ၁၈၆၆ ခုနှစ်တွင် ရန်ကုန်မြို့ ဘယဆေးတန်းရပ်၌ ငွေပန်းထိမ်ဆရာကြီးဦးမြတ်စံနှင့် ဒေါ်ထွေးတို့မှ ဖွားမြင်ခဲ့သူဖြစ်သည်။ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာစလုံးကို ကျွမ်းကျင်တတ်မြောက်သူ ဖြစ်သည့်အလျောက် ရာဇဝတ်ဌာနတွင် ဝန်ထောက်ရာထူး ခန့်အပ်ခံခဲ့ရ၏။

စံပယ်ပင်ဝတ္ထုသည် ဦးလတ်၏ ပထမဆုံး စာပေလက်ရာ ဖြစ်ပြီး ၁၉၁၂ ခုနှစ်တွင် ပုဇွန်တောင်ဇေယျပူရိန်စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ဦးလတ်သည် နောင်တစ်နှစ်အကြာ ၁၉၁၃ ခုနှစ်တွင် ဒုတိယမြောက် စာပေလက်ရာဖြစ်သော ရွှေပြည်စိုးဝတ္ထုကို ရေးသား ထုတ်ဝေခဲ့ပြန်၏။ ရွှေပြည်စိုးဝတ္ထုမှာ လူကြိုက်များလှသည့်အလျောက် ရွှေပြည်စိုးတံဆိပ် ပဒုမ္မာပိတ်၊ ရွှေပြည်စိုးတံဆိပ် ဖိနပ် စသဖြင့် ကုန်ပစ္စည်း အမှတ်တံဆိပ်များအဖြစ် ထုတ်လုပ်ရောင်းချကြသည်။ ဦးလတ်သည် ဆက်လက်၍ သုံးဘုံ၊ တနန်းပျော်၊ ရင်သွေးတော်ဝတ္ထုများကိုလည်း ရေးသားခဲ့သေး၏။ ဦးလတ်နှင့် ဇနီး ဒေါ်မှင်တို့၏သား ဦးမြင့်နှင့် ဇနီး ဒေါ်သန်းရွှေတို့မှ ဖွားမြင်သူ ဒေါ်လှလှသည် စာရေးဆရာမ ခင်လတ်အဖြစ် ထင်ရှားခဲ့သူဖြစ်၏။

### ဆရာကြီးသခင်ကိုယ်တော်မှိုင်းက<br>စတာလင်ဆုငွေ တစ်ဝက်ကျော်ကို ပြန်လည်လှူဒါန်း<br>(၂၂-၅-၁၉၅၅)

၁၉၅၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့၊ ညနေ ၃ နာရီခွဲအချိန်က ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ဆရာကြီးဦးလွန်း) ၏ ကမ္ဘာ့ငြိမ်းချမ်းရေး စတာလင်ဆုငွေ တစ်သိန်းကျော်မှ ငါးသောင်းကျော်အား ပြန်လည်လှူဒါန်းသော အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ရှားမီးကိတ်မုန့်တိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း မေလ ၂၃ ရက် နေ့ထုတ် အိုးဝေသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်းအခမ်းအနားသို့





တရားရေးဝန်ကြီးဟောင်း ဒေါက်တာအေးမောင်၊ ဆာဦးသွင်၊ ပါမောက္ခဒေါက်တာဦးအောင်လှ၊ ပန်တျာကျောင်းအုပ်ကြီးဦးခင်မောင် နှင့် ဆရာတော်ကြီးများ၊ သတင်းစာဆရာများ တက်ရောက်ခဲ့ကြ၏။

ရှေးဦးစွာဆရာကြီးသခင်ကိုယ်တော်မှိုင်း မိန့်ခွန်းအနည်းငယ်ပြောကြားပြီး ရရှိသောဆုငွေထဲမှ ကျပ် ၇၃၉၀ ကိုလှူဒါန်းငွေအဖြစ်သတ်မှတ်ပြီး ကျပ် ၄၈၆၀၀ ကို ထောက်ပံ့ငွေအဖြစ်သတ်မှတ်ထားကြောင်း၊ လှူဒါန်းငွေကို ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကမ္ဘာအေးစေတီတော်တို့အား ကျပ်ငါးရာစီ၊ ရွှေနတ်တောင်စေတီတော်ဆရာတော် ဦးအဂ္ဂ၊ ဦးပါမောက္ခတို့အား ကျပ် တစ်ထောင်စီ၊ ဦးဒုဿနအား ကျပ်ငါးရာ၊ ဓနုဖြူကျောင်းကျပ်သုံးရာ၊ ရှင်အာဒိစ္စဝံသ၊ သာသနာ့ရိပ်သာ၊ မန္တလေးဦးပဝရ တို့အား ကျပ်ငါးရာစီ လှူဒါန်းကြောင်း ပြောကြားခဲ့၏။

ထို့နောက် ထောက်ပံ့ငွေများကိုဒို့ဗမာအစည်းအရုံး၊ တက္ကသိုလ်ငွေရတုသဘင်၊ မြန်မာ-ဆိုဗီယက်ယဉ်ကျေးမှုအသင်း၊ မြန်မာ-တရုတ်မိတ်ဆွေဖြစ်အသင်း၊ အမျိုးသမီးကယ်ဆယ်စောင့်ရှောက်ရေးဌာန၊ သတင်းစာဆရာအသင်း၊ သတင်းထောက်အသင်း၊ ရန်ကုန်ဆေးရုံကြီး စသည့်အသင်းအဖွဲ့များဌာနများသို့ လှူဒါန်းထောက်ပံ့ပါကြောင်း ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးသခင်ကိုယ်တော်မှိုင်း (၁၈၇၆-၁၉၆၄)

## ရုရှ-မြန်မာ ဖက်စပ်ရုပ်ရှင်ဖြစ်သောမဟာဗန္ဓုလအသံထွက်ဇာတ်ကား ရိုက်ကူးရန် ဆွေးနွေး

(၁၇-၅-၁၉၅၇)

၁၉၅၇ ခုနှစ်၊ မေလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မော်စကိုမြို့၊ ဆိုဗီယက်ယူနီယံ ရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့နှင့် ရန်ကုန်မြို့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတို့ ပူးပေါင်းကာ မြန်မာသူရဲကောင်းစစ်သူကြီး မဟာဗန္ဓုလဇာတ်ကား ရိုက်ကူးထုတ်လုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိသည်။ ယင်း မဟာဗန္ဓုလ၏ အထုပ္ပတ္တိဇာတ်ကားကြီးကို ရုရှား-မြန်မာရုပ်ရှင်ပညာ ရှင်များက အစွမ်းကုန်ကြိုးပမ်းရိုက်ကူးကြမည်ဖြစ်ပြီး၊ မြန်မာအသံထွက် ရုရှဘာသာစာတမ်းထိုးဖြင့် ရိုက်ကူးထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း ဆိုပါသည်။





## ၁၉၅၉ မေလ အတွင်း မှုခင်းများလျော့ကျသွား

(၃၁-၅-၁၉၅၉)

၁၉၅၉ ခုနှစ် မေလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ တစ်လတာကာလအတွင်း ရန်ကုန်မြို့၌ ရာဇဝတ်မှုခင်းကြီးငယ်စုစုပေါင်း ၄၇၃ မှုဖြစ်ပွားခဲ့ရာ ဧပြီလ မှုခင်း ၄၉၈ ခု ထက်စာလျှင် ၂၅ မှု လျော့ကျသွားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့၏။ ဖြစ်ပွားခဲ့သောအမှုများမှာ လူသတ်မှုနှစ်မှု၊ လုယက်မှုတစ်မှု၊ ဖောက်ထွင်းမှုငါးမှု၊ စက်ဘီးခိုးမှု ၂၇ မှု၊ ခါးပိုက်နှိုက်မှု ၂၀ မှုတို့အပြင် အလွဲသုံးစားမှု၊ လိမ်လည်မှုများအားလုံး ၄၁၆ မှု စုစုပေါင်း ၄၇၃ မှု ဖြစ်သည်ဟုဆိုပါသည်။

မေလအတွင်း ဖြစ်ပွားခဲ့သော မှုခင်းများထဲတွင် ရန်ကုန်မြို့ ဗဟန်း ရွှေတောင်ကြားလမ်းနေ နိုင်ငံတော်သမ္မတဟောင်း ဦးဘဦး၏ နေအိမ်၌ ဖြစ်ပွားခဲ့သော ကျပ်ခြောက်သိန်းကျော်တန် စိန်ရွှေရတနာပစ္စည်းများ အနိုကြမ်းစီးခံရမှုတစ်မှုလည်း ပါဝင်ပါသည်။ ယင်းအမှုကို ရန်ကုန်ရဲအဖွဲ့ မှုခင်းဘက်ဆိုင်ရာ လက်ထောက်ရဲမင်းကြီး ဦးမြိုင်နှင့် ဗဟန်းရဲဌာနမှ ရဲအရာရှိကြီးငယ်တို့၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် မေလအတွင်း၌ပင် အမှုမှန်ပေါ်ပေါက်ခဲ့ရာ တရားခံတို့အား ဖမ်းဆီးနိုင်ခဲ့သဖြင့် ရန်ကုန်ရဲအဖွဲ့ကြီးအနေဖြင့် မှတ်တမ်းတင်ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း သတင်းမှတ်တမ်း၌ ဖော်ပြထားပါသည်။

## ပညာရေးတက္ကသိုလ်၌ ကိုယ်တိုင်ယူစားစနစ် စမ်းသပ်အောင်မြင်

(၁၈-၅-၁၉၆၈)

၁၉၆၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ပညာရေးတက္ကသိုလ် ယုဝတီဆောင် (ယခင်မေရီယံဆောင်) ၌ ကျောင်းသူများအား ထမင်းဟင်းကိုယ်တိုင်ယူစားစနစ်ကို စမ်းသပ်စားသောက်ကြည့်ရာ အောင်မြင်မှုရရှိပြီဖြစ်သဖြင့် အခြားကျောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



များ၌ပါ ယင်းစနစ်ကို ကျင့်သုံးသွားရန် စီစဉ်လျက်ရှိပြီဖြစ်ကြောင်း သတင်းဖော်ပြပါရှိသည်။ ကိုယ်တိုင်ယူစားစနစ်ကို ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီးစံမြင့်၏ အစီအမံဖြင့် စတင်စမ်းသပ်ခဲ့ရာ မျှတမှု၊ သန့်ရှင်းမှု၊ အချိန်ကုန်သက်သာမှုနှင့် လုပ်ငန်းခွင်တွင်ကျယ်မှုများ ရရှိခဲ့သည်ဟု ဆိုပါသည်။

## ဆရာတော်ဦးဥတ္တမ၏ လက်ရေးစာမူနှင့် ဂုဏ်ပြုဆောင်းပါး ဓာတ်ပုံများ အမျိုးသားစာကြည့်တိုက်၌ ပြသမည် (၂၁-၅-၁၉၆၉)

၁၉၆၉ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် ရန်ကုန်သတင်းစာတွင် မြန်မာ့လွတ်လပ်ရေး သမိုင်း၌ ပါဝင်ဆောင်ရွက်ခဲ့သည့် ဆရာတော် ဦးဥတ္တမ၏ လက်ရေးစာမူနှင့် ဆရာတော်အား ချီးကျူးဂုဏ်ပြုထားသော ဆောင်းပါးနှင့် ဓာတ်ပုံများကို အများပြည်သူတို့လေ့လာကြည့် ရှုနိုင်စေရန် အမျိုးသား စာကြည့်တိုက်၌ ပြသထားမည်ဖြစ်ကြောင်း သတင်းဖော်ပြပါရှိပါသည်။

ဆရာတော်ဦးဥတ္တမ၏ လက်ရေးစာမူမှာ ဂျပန်နိုင်ငံမှ မစ္စတာကိုဘာရာရှီဆိုသူက နိုင်ငံခြားဘာသာသင်သိပ္ပံကျောင်း ဂျပန်ပါမောက္ခ မစ္စတာအိုနိုတိုရုမှတစ်ဆင့် ဆရာတော်၏နှမဖြစ်သူ ဒေါ်အိမ်စိုးထံ ပေးပို့လိုက်ခြင်းဖြစ်ပြီး နိုင်ငံတော်သမိုင်းကော်မရှင်က တစ်ဆင့်ငှားရမ်း ပြသရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏လက်ရေးစာမူတွင် "ငါလာချင်လို့လာသည်။ ငါ သွားချင်လျှင်သွားမည်။ ဘယ်သူမျှ မတားမြစ်နိုင်" စသဖြင့်ရေးသားထားပြီး ဆောင်းပါးမှာမူ ၁၉၃၉ ခုနှစ်က ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သော "ကိုဘဲ" သတင်းစာပါ ဆောင်းပါးဖြစ်ပါသည်။ ဂျပန်နိုင်ငံနေ မစ္စတာကိုဘာရာရှီအနေဖြင့် ဆရာတော်အား ကြည်ညိုလေးစားသူဖြစ်သည့် အလျောက် ယခုကဲ့သို့ သိမ်းဆည်းထားခဲ့ပြီး ဆရာ





တော်၏နှမထံ အမှတ်တရပေးပို့ပါကြောင်း သတင်း၌ ဖော်ပြပါရှိပါသည်။



ဂျပန်ပြည်ရောက် ဆရာတော်ဦးဥတ္တမ

## ပျဉ်းမနား-တောင်တွင်းကြီး မီးရထားလမ်းသစ် စတင်ဖွင့်လှစ် (၂၅-၅-၁၉၅၅)

၁၉၅၅ ခုနှစ်၊ မေ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနား-တောင်တွင်းကြီး မီးရထားလမ်းသစ်ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ် ကြောင်း မေလ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် သတင်းဖော်ပြပါရှိပါသည်။ ယင်းလမ်းခရီးကို ငါးနှစ်ကျော်ခြောက်နှစ် ကျော်မျှ သောင်းကျန်းသူများ ကြီးစိုးခဲ့ပြီးနောက် ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ တစ်နှစ်ခန့်လုပ်ဆောင်ခဲ့ရသည်ဟု ဆိုပါသည်။ ပျဉ်းမနားမြို့ မြန်မာတပ်မတော် တပ်ရင်း ၁၇ နှင့် တောင်တွင်းကြီးမြို့မှ မြန်မာ့တပ်မတော်တပ်ရင်း ၁၆ တို့က သောင်းကျန်းသူများအား ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားပြီးနောက် ပျဉ်းမနားမြို့ သွားလာပို့ဆောင်ရေး အင်စပက်တော် ဦးဘဌေးနှင့် မြို့မိမြို့ဖများက တောင်ငူခရိုင်အင်ဂျင်နီယာဝန် ဦးခင်မောင် နှင့် ဆက်သွယ်ကာ မီးရထားလမ်းကို ဖွင့်လှစ်နိုင်ရန်ကြိုးပမ်းခဲ့ကြသည်။ မေလ ၂၅ ရက် နံနက် ၇ နာရီအချိန်တွင် တောင်တွင်းကြီးမြို့၌ မီးရထားလမ်းဖွင့်ပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီးနောက် ဘူတာရုံ တွင် သံဃာတော်များအား ဆွမ်းကပ်လှူခဲ့ပြီး ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ကာ မီးရထားကို စတင်ခုတ်မောင်းခဲ့လေသည်။

## မန္တလေးမြို့၌ နှစ်တစ်ရာပြည့်ပွဲတော်ကျင်းပပြုလုပ်
## (၂၉-၅-၁၉၅၉)


၁၉၅၉ ခုနှစ် မေလ ၂၉ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် မန္တလေးမြို့၌ နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပပြုလုပ်သည့် အကြောင်း သတင်းဖော်ပြပါရှိပါသည်။ "အုတ်ကျစ်ကျော်ဇမန္တလေး" ဟူသော အမှတ်အသား လက်ာအရ ၁၂၂၁ ခု (၁၈၅၉ ခုနှစ်) တွင် မန္တလေးမြို့ကို မင်းတုန်းမင်းတရားကြီးက စတင်တည်ထောင်ခဲ့ရာ ၁၉၅၉ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်၏။

မေလ ၂၇ ရက်နေ့ညတွင် မန္တလေးမြို့၌ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းနေသည့်ကြားမှ တစ်မြို့လုံး မီးရောင်စုံများထိန်လင်းစွာထွန်းညှိကြပြီး အလှပြကားများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည်ဟုဆိုပါသည်။ မိုးသည် ညဥ့်ဝက်မျှ ရွာသွန်းခဲ့ပြီးနောက် လရောင် ပြန်လည်ထွက်ပေါ်လာခဲ့ကြောင်း၊ မေလ ၂၇ ရက်နေ့ညတွင် မြနန်းပြာသာဒ် အုတ်ခုံထက်၌ တည်ဆောက်ထားသော ပန်းချီမဏ္ဍပ်ကြီးတွင် ရာပြည့်အခမ်းအနားကို အကြိုပွဲအဖြစ် ဆင်ယင်ကျင်းပခဲ့ကြောင်း၊ ထို့နောက် မေလ ၂၈ ရက်နေ့ နံနက် ၄ နာရီ ၃၁ မိနစ်၊ ၅၉ စက္ကန့် အချိန်တွင် နန်းမြို့တည်ဆောက်ထားသော အချိန်နှင့် အညီ





အမြောက်သုံးချက်ပစ်ဖောက်ကာ အခမ်းအနားဖွင့်လှစ်ခဲ့ကြောင်း ဆိုပါသည်။ အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော်၊ ပေါက်မြိုင်ဆရာတော်၊ ခင်မကန်တိုက်အုပ်ဆရာတော်၊ ဆီးဘန်းနီ ဆရာတော်စသည့်သံဃာတော်အပါး ၁၀၀ တက်ရောက်ကာ သံဃာတော်စင်မြင့်၌ သီတင်းသုံးခဲ့ကြသည်။ အခါတော်ကျရောက်သောအခါတွင် အမြောက်ပစ်ဖောက်ပြီး ပုဏ္ဏားပညာရှိများက အခါတော်ဖတ်ကြားခဲ့ကြသည်။ ထို့နောက် မြူနီစီပါယ်ဥက္ကဋ္ဌ မင်းဘူးဦးမောင်မောင်က မန္တလေးမြို့တော်တည်ထားခဲ့ပုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။



မင်းတုန်းမင်းတည်ခဲ့သော မန္တလေးမြို့ရိုးနှင့် ကျုံးကို နန်းမြို့ပြင်မှ တွေ့ရစဉ်

■



www.burmeseclassic.com

www.burmeseclassic.com



### ဘိုးတော်အောင်မင်းခေါင်ဆိုသူ ပြန်ပေးဆွဲခံရ (၃၁-၅-၁၉၆၁)

၁၉၆၁ ခုနှစ် မေလ ၃၁ ရက်နေ့ နံနက် ၂ နာရီခန့်အချိန်တွင် ကျိုက္ကမီခရိုင်၊ မုဒုံမြို့အပိုင် ကျိုက်ရွဲရွာရှိ ဦးချန်တိတ်ဆိုသူ၏ နေအိမ်၌ ခေတ္တတည်းခိုနေသော ဘိုးတော်အောင်မင်းခေါင်ဆိုသူအား သောင်းကျန်းသူများက ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း နောက်တစ်နေ့ ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ သောင်းကျန်းသူများသည် ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး ဘိုးတော်အောင်မင်းခေါင်ဆိုသူအား သေနတ်ဖြင့်ပစ်ခတ်နိုးကာ ကြိုးဖြင့် တုပ်ချည်လျက် အလှူခံရရှိငွေများတောင်းခံခဲ့ကြသည်ဆို၏။

ဘိုးတော်အောင်မင်းခေါင်ဆိုသူသည် နှုတ်ပိတ်စရဏ (၉) ရက်ဝင် နေရာ (၆) ရက်မြောက်ရှိပြီး ဘိုးတော်စံကွန်းတော် တည်ဆောက်ရန် အလှူရှင်များ၏ ထည့်ဝင်ငွေများကို နေ့ချင်းပင် ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက် ဝယ်ပစ်သဖြင့် လုံးဝမကျန်တော့ကြောင်း ပြောကြားခဲ့သည်ဆိုပါသည်။ သောင်းကျန်းသူများက ဘိုးတော်၏တပည့် ဝိဇ္ဇာကိုလှ၏ အဆိုအရ ဘိုးတော်ထံတွင် ငွေများ အမှန်တကယ်ရှိနေကြောင်း သိရှိရသဖြင့် လာရောက်တောင်းခံခြင်းဖြစ်ကြောင်း၊ ငွေမရှိပါက ဘိုးတော်အား ခေါ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ပြောဆိုလျက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြ၏။ ထို့ပြင် ဘိုးတော်၏တပည့် ဆိုသူများထံမှလည်း လက်ဝတ်လက်စားနှင့် ငွေများလုယူသွားခဲ့ကြသည် ဆိုပါသည်။ ပြည်သူ့ရဲနှင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သောင်းကျန်းသူများအား လိုက်လံတောနင်းရှာဖွေလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ဇွန်လ ၃ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ ဘိုးတော်အောင်မင်းခေါင်အကြောင်း ဆက်လက်ဖော်ပြရာတွင် သောင်းကျန်းသူများဖမ်းဆီးခေါ်ဆောင်သွားသော ဘိုးတော်အောင်မင်းခေါင်သည် ဇွန်လ ၂ ရက်နေ့ညနေပိုင်း၌ မုဒုံနယ် ကျိုက်ရွဲရွာသို့ ပြန်လည်ရောက်ရှိကြောင်း ဖော်ပြရေးသားထားသည်ကို တွေ့ရသည်။





### ကျိုက္ကစံစေတီတော်၌ ရောင်ခြည်တော်များကွန့်မြူးလျက်ရှိရာ မယုံကြည်သူများအား လက်တွေ့တက်ရောက် စစ်ဆေးခွင့်ပြု (၁၁-၅-၁၉၆၉)

၁၉၆၉ ခုနှစ် မေလ ၁၁ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် သယ်န်းကျွန်းဒေသစိတ် အမှတ် ၄ နယ်မြေရှိ ကျိုက္ကစံစေတီတော်မှ မေလ ၇ ရက်နေ့မှစတင်၍ ရောင်ခြည်တော်ကွန့်မြူးလျက်ရှိရာ မေလ ၉ ရက်နေ့ ည ၇ နာရီအချိန်က မယုံကြည်သူအချို့ကို အထက်ပစ္စယံသို့ တက်ရောက် စစ်ဆေးခွင့်ပြုခဲ့ကြောင်း သတင်းဖော်ပြပါရှိ၏။

ဂေါပကလူကြီးများ အနေဖြင့် မယုံကြည်သူ (၁၀) ဦးအနက် သုံးဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဘုရားရဲနှစ်ဦး ကြပ်မတ်စေ၍ အထက်ပစ္စယံသို့ တက်ရောက်စစ်ဆေးခွင့်ပြုခဲ့သည်ဆို၏။ စစ်ဆေးခွင့် ရရှိကြသူ သုံးဦးမှာ ဦးလှမြင့် (လေးထောင့်ကန်)၊ ဦးမြလှိုင် (တောင်ဥက္ကလာ)၊ ဦးတင်အေး (ကျိုက္ကစံအနောက်ပိုင်း) တို့ဖြစ်ပြီး သေချာစွာ တက်ရောက် စစ်ဆေးကြည့်ရှုကြသောအခါ ကြာဖတ်အကြားတွင် အုတ်အင်္ဂတေသာ တွေ့ရှိရကြောင်း၊ လျှပ်စစ်ဓာတ်အား ဆက်သွယ်အသုံးပြုသော ဝိုင်ယာကြိုးများလည်းမရှိဘဲ ရောင်ခြည်တော် ကွန့်မြူးသည်မှာ အစစ်အမှန်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြား ကြည်ညိုခဲ့ကြသည်ဟု ဆိုပါသည်။

ကျိုက္ကစံဟူသော ဝေါဟာရမှာ မွန်ဘာသာအခေါ်ဖြစ်ပြီး၊ ရှစ်ပါးစေတီဟူ၍ အဓိပ္ပာယ်ရသည်။ ရဟန်းရှစ်ပါးတည်ခဲ့သောဘုရားဖြစ်၍ ယင်းသို့ ခေါ်ဝေါ်ခဲ့ကြသည် ဆိုပါသည်။ ကျိုက္ကစံစေတီတော်ကို ကုန်းဘောင်ခေတ်ဦးကာလ ၁၇၇၃ ခုနှစ်ကပင် ယင်းနယ်မြေ တစ်ဝိုက်၌ သတင်းသုံးနေထိုင်သော စကုမြို့ဇာတိဆရာတော်အရှင် သာရကိတ္တိထေရ်က ဦးစီးပြုပြင်ခဲ့သည်။ ထို့နောက် တန်ခိုးကြီးဘုရား တစ်ဆူအဖြစ် ထင်ရှားခဲ့သည့်အလျောက် ခေတ်အဆက်ဆက်တွင် ပြုပြင်မွမ်းမံကာ ကိုးကွယ်ခဲ့ကြကြောင်း သိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ခေတ်ဟောင်းသတင်းစာများကပြောသော ဇွန်လ

၁။ ခေတ်စမ်းစာရေးဆရာကြီးသိပ္ပံမောင်ဝကွယ်လွန် (၆-၆-၁၉၄၂)

၂။ ရန်ကုန်ဘူတာကြီး တည်ဆောက်ပြီးစီး (၅-၆-၁၉၆၄)

၃။ ပုပ္ပါးနယ်တစ်ဝိုက်၌ သစ်ပင်များ ခုတ်လှဲခြင်းမပြုရန် အမိန့်ထုတ်ပြန် (၁-၆-၁၉၅၅)

၄။ ဘုရားဖူးအထူးမီးရထားတွဲ ငှားရမ်းနိုင်ပြီ (၂-၆-၁၉၅၉)

၅။ မြန်မာပြည်မီးရထားရာဇဝင်၌ ပထမဆုံးသော ရထားဝင်ရိုးကျိုးမှုဖြစ်ပွား (၂-၆-၁၉၅၉)

၆။ ပျူအက္ခရာစာတန်းပါ ဘုရားခုနစ်ဆူ တောင်တွင်းကြီး ပြတိုက်သို့ လှူဒါန်း (၆-၆-၁၉၆၂)

၇။ ရွှေတလေးအမည်ခံ ကာတွန်းဦးဘကလေးကွယ်လွန် (၅-၆-၁၉၄၅)

၈။ ပထမဆုံးအမျိုးသမီးတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ် (၁၈-၆-၁၉၅၈)

၉။ စလေဦးပုည၏ နှစ်တစ်ရာ့ငါးဆယ်ပြည့်မွေးနေ့ ကမ္ဘာအရပ်ရပ်၌ ကျင်းပပြုလုပ်မည် (၁၂-၆-၁၉၆၂)

၁၀။ သီပေါမြို့အနီး၌ ဂေါ်ဒန်ကျောက်တန်းကြီးတွေ့ရှိ (၁၃-၆-၁၉၆၈)

၁၁။ အသံနှင့် လက်အာမခံထားရှိရန် ပန်းချီဆရာ၊ ရုပ်ရှင်မင်းသမီးနှင့် အဆိုတော်များ ကမ်းလှမ်း (၂၂-၆-၁၉၆၂)





၁၂။ အင်္ဂလန်နိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရန်ကုန်သို့ရောက်ရှိလာ (၁၂-၆-၁၉၂၉)

၁၃။ စစ်အတွင်းက ကျန်ရစ်သော ဂျပန်သုံးဦးအား ဆယ်နှစ်ကြာမှ ပြန်လည်တွေ့ရှိ (၁၀-၆-၁၉၅၅)

၁၄။ ပထမဆုံးဆေးရောင်စုံ မြန်မာရုပ်ရှင်ဇာတ်ကား စတင်ပြသ (၂၉-၆-၁၉၅၈)

၁၅။ မြင်းခြံမြို့၌ ကွမ်းယာဆိုင်များ ကွမ်းယာရောင်းခြင်းခွင့်မပြု (၂၆-၆-၁၉၅၉)

၁၆။ အောင်တေဇသင်္ဘောကြီး မုန်တိုင်းမိ၍ နစ်မြုပ်သွား (၁၀-၆-၁၉၅၈)

၁၇။ နယ်ချဲ့ ဆန့်ကျင်ရေးခေါင်းဆောင် ဗိုလ်ဗျိုင်းကြီး၊ ဗိုလ်ဗျိုင်းလေးတို့၏ အုတ်ဂူများ ဖယ်ရှားရန် စီစဉ်မှုကို ကန့်ကွက် (၂၆-၆-၁၉၆၂)

၁၈။ မြန်မာပြည် အမျိုးသားအပျော်တမ်း ရဲတစ်ဖွဲ့ စတင်ဖွဲ့စည်း (၂၂-၆-၁၉၂၉)

၁၉။ အလိုအလျောက်မီးတောက်သည့် ကျောက်ခဲအား စမ်းသပ်ရန် ဓာတုဗေဒဌာနသို့ ပေးပို့ (၂၄-၆-၁၉၅၅)

၂၀။ ရန်ကုန်တိုက်ခန်းများအပေါ် ရေမှတာက်မှုကို စစ်ဆေးရာမှ စစ်အတွင်းက ပုံးကျ၍ ရေပိုက်ပေါက်နေသည်ကို တွေ့ရှိ (၂၃-၆-၁၉၅၈)

၂၁။ မင်းတုန်းမင်း၏ နောက်ဆုံးသားတော်ကွယ်လွန် (၁၆-၆-၁၉၆၃)

၂၂။ ရွှေတိဂုံစေတီ၌ ထီးတော်သစ်လှူရမည် (၂၂-၆-၁၉၇၀)

၂၃။ ကမ္ဘာပေါ်တွင် ပထမဆုံးသော လေယာဉ်ပြန်ပေးမှု မြန်မာနိုင်ငံ၌ ဖြစ်ပွား (၂၅-၆-၁၉၅၄)



www.burmeseclassic.com

www.burmeseclassic.com

## ခေတ်စမ်းစာရေးဆရာကြီး သိပ္ပံမောင်ဝ ကွယ်လွန်
## (၆-၆-၁၉၄၂)

၁၉၄၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မြန်မာစာပေလောက၌ ခေတ်စမ်း စာရေးဆရာကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သောသိပ္ပံမောင်ဝအမည်ခံ ဦးစိန်တင် ကွယ်လွန်သွားကြောင်းကို သတင်းမှတ်တမ်းတစ်ပုဒ်၌ တွေ့ရှိရပါသည်။ ဦးစိန်တင်သည် အိုင်စီအက်စ်(I.C.S) ခေါ် အိန္ဒိယပြည်ညာဉ်ဝန်ထမ်း စာမေးပွဲအောင်မြင်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၌လည်း ပညာဆည်းပူးခဲ့သူ ဖြစ်၏။ သို့သော် ၁၉၂၆ ခုနှစ် ဘီအေ စာမေးပွဲကို မြန်မာဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူဖြစ်သည့်အပြင် မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသ ကျောင်းထွက်တစ်ဦးလည်းဖြစ်သည့်အလျောက် မြန်မာစာပေကို ကျွမ်းကျင်နိုင်နင်းသူတစ်ဦး ဖြစ်ပေသည်။

ဦးစိန်တင်သည် သတ္တမတန်း စာမေးပွဲအောင်မြင်ပြီးချိန်မှ စတင်ကာ မြန်မာဘာသာကို အထူးပြုလေ့လာလိုက်စားခဲ့ပြီး မြန်မာသတင်းစာများတွင် 'ဝဇီရာတင့်'အမည်ဖြင့် ဆောင်းပါးများ ဝင်ရောက်ရေးသားခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တစ်ဝိုက်တွင် သူရိယသတင်းစာ၌ သိပ္ပံကျောင်းသား မောင်မြသွင် အမည်ဖြင့် မြန်မာမှုဆောင်းပါးများကို ရေးသားခဲ့၏။ ထို့နောက် နယ်ဘက် အုပ်ချုပ်ရေးတွင် နယ်ပိုင်၊ အရေးပိုင်ရာထူးများဖြင့် အမှုထမ်းနေစဉ်အတွင်း မိမိ၏ဘဝအတွေ့ အကြုံများကို သိပ္ပံမောင်ဝ အမည်ဖြင့် စာအုပ်စာတမ်းများ ရေးသား ပြုစုခဲ့သည်။

အရေးပိုင်ဦးစိန်တင်သည် ဒုတိယကမ္ဘာစစ်အတွင်း၌ စစ်ကိုင်း





တိုင်း ကန့်ဘလူမြို့နှင့် ၁၀ မိုင်ခန့်အကွာရှိ ဝါးဒါးဆည်ကြီးရွာ၌ ခိုလှုံနေထိုင်ခဲ့၏။ ယင်းသို့နေထိုင်စဉ်အတွင်း၌ ၁၉၄၂ ခုနှစ် ဇွန်လ ၆ ရက်နေ့ နံနက် ၅ နာရီ အချိန်တွင် လူဆိုးဓားပြတစ်ရာခန့်က ဝါးဒါးဆည်ကြီးရွာဘိုတဲကို ဝန်းရံကာ သေနတ်များဖြင့် အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် ကွယ်လွန်ခဲ့ရ၏။ စာရေးဆရာကြီး သိပ္ပံမောင်ဝအမည်ခံ အရေးပိုင် ဦးစိန်တင်နှင့်အတူ ကန့်ဘလူ နယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်းနှင့် ဇနီးတို့လည်း သေနတ်ထိမှန်ကွယ်လွန်ခဲ့ကြသည်။ မြန်မာစာပေလောကတွင် ခေတ်စမ်းစာပေကို စတင်ပျိုးထောင်ခဲ့သူ ဦးစိန်တင် (သိပ္ပံမောင်ဝ)ကား အသက် ၄၄ နှစ်အရွယ်၌ပင် ကွယ်လွန်ခဲ့ရသည်။

## ရန်ကုန်ဘူတာကြီးတည်ဆောက်ပြီးစီး (၅-၆-၁၉၅၄)

၁၉၅၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးအား တည်ဆောက်ပြီးစီးခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ယင်းဘူတာကြီးသည် မန္တလေး၊ ပြည်၊ မော်လမြိုင်မြို့များသို့ ဆက်သွယ်ရာလမ်းဆုံဖြစ်သည့်အပြင် မြို့ပတ်ရထားများလည်း အဆက်မပြတ်ဝင်ထွက် သွားလာလျက်ရှိခြင်းကြောင့် အစဉ်အမြဲစည် ကားလျက်ရှိပေသည်။ ရန်ကုန်ဘူတာကြီးကို အောင်ဆန်းအားကစားပြိုင်ကွင်းဘက်သို့ မျက်နှာမူလျက် တည်ဆောက်ထားခြင်းဖြစ်ပြီး မြန်မာဗိသုကာပညာရှင်ကြီး စည်သူဦးတင်၏လက်ရာ ဖြစ်သည်ဟုဆိုပါသည်။ စစ်ကြိုခေတ်အခါကမူ ရန်ကုန်ဘူတာကြီးဝန်းကျင်၌ ကွမ်းခြံလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ကြသည်ကို အစွဲပြု၍ ကွမ်းခြံဘူတာဟူ၍ ခေါ်ဆိုခဲ့ကြ၏။

ရန်ကုန်ဘူတာကြီး၏ မူလအဆောက်အအုံမှာ သာမန်အနောက်တိုင်း ပုံစံမျိုးဖြစ်ပြီး ယခုတည်ဆောက်ထားသည့်ပုံစံမှာ ပြာသာဒ်များ၊ ပန်းဆွဲများ၊ ပန်းခက်များဖြင့် မြန်မာဗိသုကာဟန်များကို ထည့်သွင်းဆောက်လုပ်ထားကြောင်း သတင်းမှတ်တမ်း၌ ဖော်ပြထားပါသည်။




www.burmeseclassic.com

www.burmeseclassic.com



## ပုပ္ပားနယ်တစ်ဝိုက်၌ သစ်ပင်များခုတ်လှဲခြင်း မပြုရန်အမိန့်ထုတ်ပြန်
## (၁-၆-၁၉၅၅)



ပုပ္ပားတောင်ကာလပ်အား တွေ့မြင်ရစဉ်

၁၉၅၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင်၊ မြင်းခြံခရိုင်၊ ကျောက်ပန်းတောင်းနယ်၊ ပုပ္ပားတောင်တစ်ဝိုက်၌ အရပ်ရှည် လေးမျက်နှာအတွင်းရှိ သစ်ပင်များကို ခုတ်လှဲ၊ မီးရှို့၊ ဖျက်ဆီးခြင်းများ မပြုလုပ်ရန် အမိန့်တစ်ရပ်ထုတ်ပြန်လိုက်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ ၁၈၉၂ ခုနှစ် မြန်မာပြည် သစ်တောဥပဒေပုဒ်မ ၃၃ (၂)(၁)နည်းဥပဒေပုဒ်မ (၂၇)အရ ယင်းသို့ပြုလုပ်ခဲ့သော် ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့လယ်ယာလုပ် ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေးကော်ပိုရေးရှင်းနှင့် ရေဝေ ရေလဲ





ပြန့်လည်ထူထောင်ရေး စီမံကိန်းမှ တာဝန်ခံအရာရှိချုပ် စစ်မင်းကြီး သီဟ ဗလဇေယျကျော်ထင် ဗိုလ်မှူးကြီး မြသောင်းက ထပ်ဆင့်အမိန့် ထုတ်ပြန် ခဲ့သည်။

ပုပ္ပားတောင်ကြီးသည် မီးတောင်ဟောင်းကြီးဖြစ်ပြီး ဘီစီ ၄၄၂ ခုနှစ်ခန့်က ပေါက်ကွဲခဲ့ဖူးသည်ဟုအဆိုရှိပါသည်။ ယခုအခါ မီးသေ တောင်အဖြစ် တွေ့ရပြီး ပုပ္ပားတောင်ကြီး မီးတောင်ပေါက်ကွဲခဲ့ဖူးသော နေရာတွင် အနက် ၁၉၆၈ ပေ ရှိချောက်ကြီးကို တွေ့ရှိရသည်ဟုဆို၏။ မိုးခေါင်ရေရှား ရပ်ဝန်းတွင် ကျရောက်လျက်ရှိသော ပုပ္ပားတောင်ပတ် ဝန်းကျင်ဒေသအား ကိုလိုနီခေတ်ဦးကာလကပင် ပတ်ဝန်းကျင်စိမ်း လန်းစိုပြည်စေရေးအတွက် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၀၂ ခုနှစ်ကပင် ပုပ္ပားတောင်ဝန်းကျင်ကို ဘေးမဲ့ တောအဖြစ် သတ်မှတ်ခဲ့၏။

## ဘုရားဖူးအထူးမီးရထားတွဲ ငှားရမ်းနိုင်ပြီ
## (၂-၆-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ တွင် မြန်မာပြည်အနှံ့ မီးရထားဖြင့် ခရီးသွားလာကြလျက် မြန်မာ့ရှု မျှော်ခင်း ဘုရားပုထိုးများကို ဗဟုသုတအလို့ငှာ လိုက်လံကြည့်ရှုလိုသူ များအတွက် အထူးမီးရထားတွဲများ ငှားရမ်းနိုင်ပြီဖြစ်ကြောင်း သတင်း တစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းသို့ အထူးရထားတွဲဖြင့် သွားလာကြ ရာ၌ မိမိလိုရာခရီးသို့ အသွားအပြန် ရထားမပြောင်းဘဲ ၎င်းတွဲဖြင့် တောက်လျှောက်သွားလာ နိုင်ကြမည်ဆိုပါသည်။ ထို့ပြင် မီးရထားပေါ်၌ မိမိတို့စိတ်တိုင်းကျ ချက်ပြုတ် စားသောက်နိုင်ကြရန် မီးဖို၊ ရေချိုးခန်းစ သည်တို့လည်း ပါရှိသည် ဟုဆို၏။

အထူးမီးရထားတွဲများ ငှားရမ်းအသုံးပြုလိုကြသူများသည်



www.burmeseclassic.com

www.burmeseclassic.com



မီးရထားရုံကြီးရှိ ဒုတိယပို့ဆောင်ရေးအရာရှိချုပ်ထံသို့ ဆက်သွယ်နိုင်ကြောင်းဖြင့် မီးရထားဌာနမှ သတင်းထုတ်ပြန်ခဲ့သည်ဟု ဖော်ပြထားပါသည်။

### မြန်မာပြည် မီးရထားရာဇဝင်၌ ပထမဆုံးသော ရထားဝင်ရိုးကျိုးမှုဖြစ်ပွား (၂-၆-၁၉၆၁)

၁၉၆၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် နံနက် ၁၁ နာရီအချိန်တွင် အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ရှန်တိန်စက်ခေါင်းအမှတ် အမ် ၃၇၅သည် ကြည့်မြင်တိုင်ဘူတာ အလံချိုးရုံအနီးအရောက်တွင် ဝင်ရိုးကျိုးမှုဖြစ်ပွားခဲ့ကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ မီးရထားစက် ခေါင်းကို မောင်းနှင်လာသူမှာ ဦးကျော်လှိုင် ဆိုသူဖြစ်ပြီး ဝင်ရိုးကျိုးသွားမှုကြောင့် ရှေ့ဘီးတစ်ဖက်မှာ မျက်မမြင်ကျောင်းဘက်သို့ လွင့်စင်သွားပြီး မီးရထားလမ်းနှင့် ဇလီဖားတုံးများလည်း အနည်းငယ်ပျက်စီးသွားကြောင်း ဆိုပါသည်။

မီးရထားစက်ခေါင်းဝင်ရိုးကျိုးမှုကြောင့် အင်းစိန်မှလာသော လော်ကယ်ရထားများအား အခြားသံလမ်းသို့ ကူးပြောင်းစေပြီး ရန်ကုန်မှ လာသော မြို့ပတ်ရထားများကိုမူ ကြည့်မြင်တိုင်ဘူတာ၌ စောင့်ဆိုင်းပြီးမှ ခုတ်မောင်းစေခဲ့ကြောင်း သိရှိရ၏။ ယင်းမီးရထားစက်ခေါင်းဝင်ရိုးကျိုးမှုမှာ မြန်မာပြည် မီးရထားရာဇဝင်တွင် ပထမဆုံးအကြိမ်ဖြစ်ပွားမှုဖြစ်ကြောင်း ဆိုပါသည်။

■





### ပျူအက္ခရာစာတန်းပါ ဘုရားခုနစ်ဆူ တောင်တွင်းကြီး ပြတိုက်သို့ လှူဒါန်း (၆-၆-၁၉၆၂)

၁၉၆၂ ခုနှစ် ဇွန်လ ၆ ရက်နေ့ထုတ် သတင်းစာတွင် ပျူအက္ခရာစာတန်းပါ ဘုရားခုနစ်ဆူအား တောင်တွင်းကြီးပြတိုက်သို့ လှူဒါန်းလိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းအုတ်ခွက်ဘုရားများမှာ အရွယ်အစားအမျိုးမျိုးရှိပြီး မီးမဖုတ်ရသေးသော အုတ်ဘုရားများလည်း ပါဝင်သည်ဆိုပါသည်။ ဘုရားများကို ရန်ကုန်မြို့ ပြည်ထောင်စုလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ငွေစာရင်းအရာရှိ ဦးမောင်မောင်ကျော်ကပေးပို့ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မင်းဘူးမြို့ စက္ကိန်းတဲဘုရားဌာပနာအတွင်းမှ ရရှိခဲ့ခြင်းဖြစ်သည်ဆို၏။

ထူးခြားချက်တစ်ရပ်မှာ အုတ်ခွက်ဘုရားများ၌ ပျူအက္ခရာစာတန်း များပါရှိနေခြင်းဖြစ်၏။ ယင်းစာတန်းများမှာ ပျူဘာသာစကားလေ့လာသူ သုတေသီများ၊ သမိုင်းပညာရှင်များအတွက် အရေးကြီးသော အက္ခရာစာတန်းများ ဖြစ်ကြောင်းကိုလည်း သတင်း၌ ဖော်ပြထား၏။

### ရွှေတလေး အမည်ခံ ကာတွန်းဦးဘကလေး ကွယ်လွန် (၅-၆-၁၉၄၅)

❧

၁၉၄၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နိုင်ငံကျော်ကာတွန်းဆရာကြီး ဦးဘကလေး ပုသိမ်ခရိုင်၊ ဒေါင့်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သတင်း မှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ဦးဘကလေးသည် ထင်ရှားသော ကာတွန်းဆရာကြီးတစ်ဦး ဖြစ်သကဲ့သို့ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာတစ်ဦးလည်းဖြစ်၏။ ဦးဘကလေးကို ပုသိမ်မြို့၌ ၁၈၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ အထက်တန်း ကျောင်းဆရာကြီး ဦးဘိုးသင်းနှင့် ဒေါ်သဲမှုန်တို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဦးဘကလေးသည် ရန်ကုန်ကောလိပ်၌ ဘီအေအထက်တန်းအထိ ပညာသင်ကြားခဲ့ဖူးပြီး ၁၉၁၆ ခုနှစ်တွင် ဖခင်ကွယ်လွန်သွားပြီးနောက် ပုသိမ်အစိုးရ အထက်တန်းကျောင်း၌ လက်ထောက် ကျောင်းဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

ငယ်စဉ်ကပင် ပန်းချီဝါသနာပါပြီး ၁၉၁၅ ခုနှစ်တွင် ရန်ကုန်တိုင်းမ် အင်္ဂလိပ်သတင်းစာ၌ ကာတွန်းလက်ရာကို ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရ၏။ ထို့နောက် ၁၉၁၇ ခုနှစ်တွင် ရွှေတလေး အမည်ဖြင့် သူရိယ၊ ပညာ့အလင်း၊ ဒီးဒုတ် စသော သတင်းစာ၊ ဂျာနယ်များ၌ ကာတွန်းရေးဆွဲခဲ့သည်။ ဦးဘကလေးသည် ကြော်ငြာကာတွန်းကို စတင်ရေးဆွဲခဲ့သူဖြစ်ပြီး မြန်မာ့အဆွေကုမ္ပဏီ၌ ကြော်ငြာဘက်ဆိုင်ရာ မန်နေဂျာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုစဉ်အတွင်း 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' အပါအဝင် ရုပ်ရှင်ဇာတ်ကား အများအပြားကို ရိုက်ကူးခဲ့၏။ 'အဘရေ' ဇာတ်ကားတွင် ပျော်ပါးတတ်သည့် ဦးရွှေရိုးဆိုသူ အဘိုးကြီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာမှ မြန်မာနိုင်ငံတစ်ဝန်းတွင် ဦးရွှေရိုးအကဟူ၍ ပေါ်ပေါက်လာခဲ့၏။

ဦးဘကလေးသည် မြန်မာ့အဆွေကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၏ သမီး ခင်ခင်နှင့် အကြောင်းပါခဲ့သော်လည်း သဘောထားချင်းမတိုက်ဆိုင်သဖြင့်ကွဲကာ အရေးပိုင်ဦးဖေ၏ သမီးဒေါ်ခင်ထားနှင့် ထပ်မံလက်ဆက်ခဲ့၏။

၁၉၂၈ ခုနှစ်တွင် ရွှေရေးပစ်ချားကော်ပိုရေးရှင်းကို တည်ထောင်ခဲ့ပြီး ကိုယ်တိုင်ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် သရုပ်ဆောင်မင်းသားအဖြစ် ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်ရိုက်ကူးခဲ့သည်။ ဦးဘကလေးသည် ရန်ကုန်မြို့၊ လွစ္စလမ်း (ယခုဆိပ်ကမ်းသာလမ်း) နေအိမ်တိုက်ခန်းနောက်ဖေးဆောင်ပြိုကျရာမှ ဒဏ်ရာရရှိသွားပြီးနောက် ပုသိမ်မြို့သို့ သွားရောက်အနားယူကာ ဆေးဝါးကုသမှုခံယူခဲ့ရ၏။ များမကြာမီကာလအတွင်း ဒေါင့်ကြီးမြို့၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။







နာမည်ကျော်ကာတွန်းဆရာ ဦးဘကလေး ခေါ် ရွှေတလေး
(၁၈၉၃-၁၉၄၅)

## ပထမဆုံးအမျိုးသမီးတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်
(၁၈-၆-၁၉၅၈)

၁၉၅၈ ခုနှစ် ဇွန်လ ၁၈ ရက်နေ နံနက် ၇ နာရီအချိန်တွင် မင်္ဂလာဒုံ၌ တပ်မတော် (ကြည်းတပ်) အမှတ် (၁) လေ့ကျင့်ရေးတပ်ဖ ထမပတ် အမျိုးသမီးတပ်ခွဲကျောင်းဆင်းပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့၌ ဟံသာဝတီသတင်းစာတွင် သတင်းဖော်ပြပါရှိပါ သည်။ အမျိုးသမီးတပ်ခွဲ သင်တန်းဆင်းပွဲကို ဗိုလ်ကြီးဒေါ်ကြင်စီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး သင်တန်းဆင်းအမျိုး သမီး စစ်သမီးပေါင်း ၁၈၈ ဦးရှိသည်ဆိုပါသည်။ ယင်းအခမ်းအနားသို့ မြန်မာ့တပ်မတော် စစ်သေနာပတိကိုယ်စားတက်ရောက်ကာ ထူးချွန်သူစစ်သမီးများအား နာမည်ကောင်း လက်မှတ်ဆုများ ပေးအပ်ခဲ့ကြောင်း ဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



စံပြတပ်သူဆုကို မတင်လှ (မုဒုံ)ကလည်းကောင်း၊ စစ်သည်တော် ကျင့်ဝတ်ထူးခြားစွာ ဖြေဆိုအောင်မြင်ဆုကို မတင်လှ (မုဒုံ)က လည်းကောင်း၊ စည်းကမ်းသေဝပ်ဆုကို မခင်ဆွေဝင်း(မြင်းခြံ) နှင့် သေနတ်ပစ် အတော်ဆုံးဆုကို မလှလှသိန်း (ဗန်းမော်)တို့ကလည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။ အခမ်းအနားအပြီးတွင် စစ်သမီးတပ်ခွဲ၏ ဒုဗိုလ်ဒေါ်လှဌေးက ညှော်ပရိသတ်များအား လိုက်လံပြသခဲ့သည်။ သင်တန်းဆင်းစစ်သူအမျိုးသမီးများအား တပ်မတော် (ကြည်း) အုပ်ချုပ်ရေးဘက်တွင် ၃၁ ဦး၊ မေမြို့အချက်ပြ ဆက်သွယ်ရေးဘက်သို့ ၇၇ ဦး၊ စစ်သူနာပြု ၇ဦးနှင့် စစ်မှတ်တမ်းရုံးသို့ ၇၃ ဦး တာဝန်ပေးအပ်သွားမည် ဖြစ်ပြီး သင်တန်းကာလမှာ ၁၇ ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရ၏။

## စလေဦးပုည၏ နှစ်တစ်ရာ့ငါးဆယ်ပြည့် မွေးနေ့ကမ္ဘာအရပ်ရပ်၌ ကျင်းပပြုလုပ်မည်
(၁၂-၆-၁၉၆၂)

၁၉၆၂ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ထုတ် လူထုသတင်းစာတွင် မြန်မာစာဆိုတော်ကြီး စလေဦးပုည၏ နှစ် ၁၅၀ ပြည့်မွေးနေ့ကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်၌ ကျင်းပလိမ့်မည်ဟု သိရှိရကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ စလေဦးပုည၏ မွေးနေ့ကို နိုင်ငံခြားတိုင်းပြည်များကပါ ကျင်းပရန် စီစဉ်ကြခြင်းမှာ အမျိုးသားအနုပညာသည်ကြီးများ၏ အထိမ်းအမှတ်များကို နိုင်ငံတကာ၌ ကျင်းပခြင်းအားဖြင့် လူသားအချင်းချင်း ချစ်ကြည်ရေးနှင့် သိနားလည်ရေးကိုအထောက်အကူ ပြုစေရုံမျှမက ငြိမ်းချမ်းရေးကိုပါ ထိန်းသိမ်းနိုင်သည်ဟု ယုံကြည်၍ ကမ္ဘာ့ငြိမ်းချမ်းရေး ကော်မတီက ယင်းသို့ ကျင်းပပြုလုပ်ကြရန် ဆော်ဩထားသောကြောင့် ဖြစ်သည်ဆိုပါသည်။

ပြီးခဲ့သည့် စတော့ဟုမ်း ငြိမ်းချမ်းရေးကောင်စီ အစည်းအဝေး၌





ယင်းကဲ့သို့သောအထိမ်းအမှတ်မျိုးကို ယခုနှစ်၌ကျင်းပရန် ဆွေးနွေးကြရာ မြန်မာနိုင်ငံမှ စာဆိုတော်ကြီး စလေဦးပုည၏ နှစ် ၁၅၀ ပြည့် မွေးနေ့၊ တရုတ်နိုင်ငံမှစာဆို ယူဖူး၏ နှစ် ၁၂၅၀ ပြည့်မွေးနေ့နှင့် ရိုမေနီးယားပြဇာတ်ဆရာကြီး လူတာကာဒယ်ဂျယ် ကွယ်လွန်သောနှစ် ၅၀ မြောက်နေ့ များကျင်းပကြရန် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးသို့ ညွှန်ကြားခဲ့သည်ဟု သိရှိရ၏။ မြန်မာနိုင်ငံတွင် စလေ ဦးပုည၏ မွေးနေ့ကို ဇွန်လနောက်ဆုံးပတ်အတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြ၏။

## သီပေါမြို့အနီး၌ ဂေါ်ဒန်ကျောက်ကြောကြီးတွေ့ရှိ
(၁၃-၆-၁၉၆၇)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ် မန်နိုင်နောင်သကြားကျေးရွာအနီး၌ ဂေါ်ဒန်ကျောက်ကြောကြီးကို တွေ့ရှိခဲ့ရပြီးနောက် တူးဖော်သယ်ယူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ၁၉၆၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့က သက်ဆိုင်ရာ ပုဂ္ဂိုလ်များ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းမှတ်တမ်း တစ်ပုဒ်ကို တွေ့ရှိရပါသည်။ ယင်းဆွေးနွေးပွဲကို သီပေါမြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရုံးခန်း၌ ကျင်းပပြုလုပ်ရာတွင် စက်မှုလက်မှုဌာန မြေထည်ကြွေထည် လုပ်ငန်းစု အတွင်းရေးမှူး၊ ဘိလပ်မြေစက်မှ ဒုတိယမန်နေဂျာနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြ၏။ ဂေါ်ဒန်ကျောက်သည် ဘိလပ်မြေ ထုတ်လုပ်ရေးလုပ်ငန်း၌ မရှိမဖြစ်လိုအပ်သော ပစ္စည်း ဖြစ်ပြီး လက်ရှိတူးဖော်ရန်စီစဉ်နေသော ဂေါ်ဒန်ကျောက်ကြောကြီးမှာ အလျားပေ ၃၀၀ ကျော်ရှိကြောင်း သိရှိရ၏။ အလားတူဂေါ်ဒန် ကျောက်ကြောကြီးတစ်ခုကိုလည်း မိုးစောတိုက်နယ် မော်တော်ကားလမ်းအနီး၌ တွေ့ရှိကြရသည်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အသံနှင့်လက်အာမခံထားရှိရန် ပန်းချီဆရာ ရုပ်ရှင်မင်းသမီးနှင့် အဆိုတော်များကမ်းလှမ်း

(၂၂-၆-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ထုတ် လူထုသတင်းစာတွင် ပြည်ထောင်စုအာမခံအဖွဲ့သည် ယခင်က လူကိုသာ အာမခံထားလေ့ရှိသော်လည်း ယခုအခါ အသံနှင့်လက်တို့ကို အာမခံထားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိသည်။ ယခုအစီအစဉ်မှာ ပန်းချီဆရာများ၏ လက်နှင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ အဆိုတော်များ ၏ အသံများပျက်လျှင် အာမခံပေးမည် ဖြစ်သည်ဟုဆို၏။

ယင်းအစီအစဉ်သည် မြန်မာနိုင်ငံ၌ ပထမဆုံးအာမခံစနစ်ဖြစ်ပြီး ပန်းချီဦးငွေကိုင်၊ ဦးဘကြည်နှင့် ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေး၊ အဆိုတော် မေလှမြိုင်တို့က မိမိတို့လက်နှင့် အသံများကို အာမခံထားကြရန် ကမ်းလှမ်းထားကြသည်ဆိုပါသည်။

## အင်္ဂလန်နိုင်ငံမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရန်ကုန်သို့ရောက်ရှိလာ

(၁၂-၆-၁၉၂၉)


၁၉၂၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရန်ကုန်ဆိပ်ကမ်းသို့ အက်စ်အက်စ်ဟီရားဖို့ဒ်ရှိုင်းယားသင်္ဘောဖြင့် ဆိုက်ရောက်လာကြောင်း သတင်းတစ်ပုဒ်ကို တွေ့ရပါသည်။ ယင်းရုပ်ပွားတော်မှာ ကိုလိုနီခေတ်ဦးကာလက မြန်မာနိုင်ငံမှ ခိုးယူသွားခဲ့ဟန်ရှိပြီး ၁၉၂၉ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် လန်ဒန်မြို့နေ မာရီအီးအီးရစ်ချတ်ဆန် (Mary E.E.Richardson)ဆိုသူက ရွှေတိဂုံစေတီတော် ဂေါပကလူကြီးများထံ စာရေးဆက်သွယ်ခဲ့သည်ဆို၏။

ဗုဒ္ဓရုပ်ပွားတော်ကို ပေါလ်ဟောအာမခံနှင့် ပို့ဆောင်ရေး





ကုမ္ပဏီလီမိတက်မှတစ်ဆင့် ရန်ကုန်သို့ပေးပို့ခဲ့ပြီး ရန်ကုန်သို့ရောက်ရှိစဉ် ဘဏ္ဍာတော်ထိန်းအဖွဲ့က ၂၁ ကျပ်၊ ၂ ပဲဖြင့် ရွေးယူခဲ့ရ၏။ ဘိလပ်ပြန်ရုပ်ပွားတော်ကို ဘုရားဒကာသူဌေး ဦးကျော်နှင့်ဒေါ်လှကြီးတို့က ကျိုက္ကလဲ့စေတီကုန်းတော်၌ လိုဏ်ဂူစေတီတည်ကာ ကိန်းဝပ်စေတော်မူခဲ့ကြောင်း သိရှိရ၏။



ဘိလပ်ပြန် ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူသည့် ကျိုက္ကလဲ့စေတီတော်

■



www.burmeseclassic.com

www.burmeseclassic.com



## စစ်အတွင်းက ကျန်ရစ်သော ဂျပန်သုံးဦးအား ဆယ်နှစ်ကြာမှ ပြန်လည်တွေ့ရှိရ (၁၀-၆-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ဒုတိယကမ္ဘာစစ် အတွင်းက အသက်မသေဘဲ ကျန်ရစ်သည့် ဂျပန်လူမျိုးသုံးဦးအား မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ကဲပါရွာ၌ခိုအောင်းနေရာမှ ပြန်လည်တွေ့ရှိကြရကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ၎င်းဂျပန်သုံးဦးသည် ၁၉၄၅ ခုနှစ်ခန့်ကာလဂျပန်များ မြန်မာပြည်မှ ဆုတ်ခွာသွားချိန်တွင် အရှေ့အာရှဌာနစိတ် ပြောက်ကျားတာဝန်ခံများအဖြစ် ကဲပါရွာသို့ ရောက်ရှိလာကာ ရွာတွင်း၌လှည့်လည် ပုန်းအောင်း နေထိုင်ခဲ့ကြသည်ဆို၏။ မုံရွာခရိုင်သို့ အမှတ် (၁၄) အင်္ဂလိပ်စစ်တပ်ဝင်ရောက်လာမှသာ စစ်ပြေးများမှန်း သိကြရသည်ဆိုပါသည်။

ရွာသူ၊ ရွာသားများသည် ဂျပန်သုံးဦးနှင့် ခင်မင်ရင်းနှီးနေကြပြီဖြစ်သဖြင့် အင်္ဂလိပ်ကက်စ်ဘီ စစ်အုပ်ချုပ်ရေးလက်ထက် တစ်လျှောက် ဂျပန်များအကြောင်း သတင်းပေါက်ကြားမှုမရှိစေရန် သိုဝှက်ထားခဲ့ကြ၏။ ဂျပန်တို့ကလည်း မိမိတို့တတ်ကျွမ်းရာလုပ်ငန်းတို့ကို လုပ်ဆောင်ပေးခဲ့ကြသည်။

၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် ယင်းနယ်မြေမှာ သောင်းကျန်းသူများ လက်တွင်းသို့ ကျရောက်သွားသဖြင့် မုံရွာမြို့နှင့် အုပ်ချုပ်ရေးအဆက်ပြတ်သွား၏။ သောင်းကျန်းသူများက ဂျပန်သုံးဦးအား ခေါ်ယူသော်လည်း ၎င်းတို့ကမလိုက်လိုကြောင်း ငြင်းဆိုခဲ့ကြသည်။ အရပ်လူကြီးများကလည်း ဝင်ရောက်တောင်းပန်ပေးကြသဖြင့် အတင်းအကျပ်ခေါ်ယူခြင်းမရှိခဲ့ဟု ဆိုပါသည်။ အုပ်ချုပ်ရေးကင်းမဲ့စဉ် ကာလက ဂျပန်များကပင် ရပ်ရွာလုံခြုံရေး တာဝန်ယူခဲ့ကြသည်ဆို၏။ သုံးဦးစလုံးတောင်ယာလုပ်ကိုင်ကြပြီး ဆံပင်ညှပ်အလုပ်၊ အနှိပ်သည်အလုပ်များ





ဖြင့်လည်း အပိုဝင်ငွေရရှိအောင် ရှာဖွေခဲ့ကြသည်ဆို၏။ ၁၉၅၅ ခုနှစ်တွင်မှ မုံရွာရဲအဖွဲ့က နယ်မြေရှင်းလင်းရင်းတွေ့ရှိသဖြင့် ရဲဌာနချုပ်သို့ အကြောင်းကြားကာ ရန်ကုန်သို့ပို့ဆောင်ပေးခဲ့ရသည်ဆို၏။



ဒုတိယကမ္ဘာစစ်အတွင်းက အသက်မသေဘဲ ကျန်ရစ်ခဲ့သည့် ဂျပန်သုံးဦး (ဝဲမှယာ)၊ မာအိုးခါးဝ (မောင်ဟန်)၊ နဲမိုတိုးမဆ (မောင်ဆောင်း)၊ အိုဇာဝါကီရိုးရှိ (ပွကြီး)

## ပထမဆုံး ဆေးရောင်စုံ မြန်မာရုပ်ရှင်ဇာတ်ကားစတင်ပြသ (၂၉-၆-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့၊ နံနက် ၈နာရီတွင် ပထမဆုံးဆေးရောင်စုံမြန်မာရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့၌ အထူးပွဲအဖြစ် သတင်းစာဆရာများအား ဖိတ်ကြားကာ ပြသခဲ့ကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် သတင်းဖော်ပြပါရှိပါသည်။ ယင်း ဇာတ်ကားမှာ ရန်ကုန်ရုပ်ရှင်မှ ဒါရိုက်တာရွှေဘော် ရိုက်ကူးသော 'ချစ်ခဲ့တာအမှန်ပါပဲ' ဇာတ်ကားဖြစ်သည်။

'ချစ်ခဲ့တာအမှန်ပါပဲ' ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်ရုပ်ရှင်မှ စီမံအုပ်ချုပ်သူ ဦးမြဟန်နှင့် ညီအစ်ကိုတစ်စုက ဘုံဘေမြို့သို့သွားရောက်ရိုက်ကူးခဲ့ပြီး ကြည်ကြည်ဌေး၊ မြင့်အောင်၊ ဖိုးပါကြီးတို့ ဦးဆောင်ပါဝင်ကြကာ ဇူလိုင်လ ၄ ရက်နေ့တွင် အများပြည်သူကြည့်ရှုနိုင်ရန် စတင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



တင်ပြသမည် ဖြစ်ကြောင်း သတင်း၌ ဖော်ပြထား၏။

## မြင်းခြံမြို့၌ ကွမ်းယာဆိုင်များ ကွမ်းယာရောင်းခြင်းခွင့်မပြု
## (၂၆-၆-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မြင်းခြံမြို့၌ မြို့တော်သန့်ရှင်းသာယာရေးအတွက် ကွမ်းယာဆိုင်များအား ကွမ်းယာရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ မြင်းခြံမြို့သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ရင်နှင့် အဖွဲ့ဝင်များက စနေနေ့တိုင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး တိုင်ပင်ဆုံးဖြတ်ကြရာတွင် လမ်းဘေးဈေးဆိုင်များကို စနစ်တကျ လျှောက်လွှာခေါ်ယူလျက် ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး မြို့တော်သန့်ရှင်းသာယာစေရေးအတွက် ဖြစ်စေနိုင်သော ကုန်ပစ္စည်းများကို ရောင်းဝယ်ခွင့်ပြုလိမ့်မည် ဖြစ် ကြောင်း သိရှိရ၏။

မြင်းခြံသန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မြို့တွင်း၌ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံ ရေးလုပ်ငန်းများ၊ ထူးခြားအောင်မြင်ခဲ့ရာ မြို့လူထုအနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာရှိကြကြောင်းလည်း သတင်း၌ ဖော်ပြပါရှိပါသည်။

## အောင်တေဇသင်္ဘောကြီး မုန်တိုင်းမိ၍ နစ်မြုပ်သွား
## (၁၀-၆-၁၉၆၁)

၁၉၆၁ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့၊ ညဂနာရီ မိနစ် ၅၀ တွင် မော်လမြိုင်မြို့မှ ထားဝယ်မြို့ဘက်သို့ ထွက်ခွာသွားသော အောင်တေဇ သင်္ဘော ကြီး မုန်တိုင်းမိကာ နစ်မြုပ်သွားကြောင်း ဇွန်လ ၁၀ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ သင်္ဘောကြီး





သည် ရန်ကုန်နှင့်မော်လမြိုင်တို့မှ ခရီးသည် ၈၄ ဦးနှင့် ကုန်တန်ချိန် ၄၀၀ တင်ဆောင်ကာ စင်ကာပူသို့ သွားရောက်ခဲ့ခြင်း ဖြစ်ပြီး ရန်ကုန်မြို့မှ ဇွန်လ ၅ ရက်နေ့ ညနေက ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ ခရီးစဉ်မှာ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်မှ စင်ကာပူအထိ ဖြစ်သည်ဆိုပါသည်။

အောင်တေဇသင်္ဘောသည် ဇွန်လ ၆ ရက်နေ့တွင် မော်လမြိုင်သို့ ကောင်းမွန်စွာရောက်ရှိခဲ့ပြီး မော်လမြိုင်၌ ခရီးသည် ၁၉ ဦး ဆင်းသွားကာ ထားဝယ်သို့လိုက်ပါမည့် ခရီးသည် ၂၃ ဦး တက်ရောက်ခဲ့သည်ဆို၏။ ထို့နောက် ဇွန်လ ၇ ရက်နေ့၊ နံနက် ၉ နာရီတွင် ဆက်လက်ထွက်ခွာလာရာ ရေးမြစ်၏အနောက်မြောက်ဘက် ၁၇ မိုင် အကွာ ကုလားကုတ်ကျွန်းအနီး (ကမ်းခြေနှင့် ၁၂ မိုင်ကွာ) နေရာ၌ မုန်တိုင်းမိ၍ နစ်မြုပ်ခဲ့ရ၏။ သင်္ဘောထက်၌ သင်္ဘောသား ၄၀ ဦး လိုက်ပါလာခဲ့ကြရာ ၂၇ ဦးမှာ ဇွန်လ ၉ ရက်နေ့တွင် ခရီသွားစက်လှေနှင့် တွေ့ရှိကာ မော်လမြိုင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

သင်္ဘောနစ်မြုပ်ကြောင်း ကြားသိလျှင်သိရခြင်း ရေတပ်သင်္ဘောများကသွားရောက်ကယ်ဆယ်ခဲ့ကြ၏။ ပင်လယ်အတွင်းမျောနေသော ခရီးသည်နှင့် သင်္ဘောသား ၁၀ ဦးအား မြိတ်မှလာသော စက်လှေတစ်စင်းက ဆယ်ယူခဲ့သကဲ့သို့ အခြားခရီးသည် ၂၀ ဦးကို လည်း အခြားခရီးသွားစက်လှေ တစ်စင်းက ဆယ်ယူရရှိခဲ့၏။ ပျောက်ဆုံးနေသော အင်ဂျင်နီယာချုပ် အာအိုင်ဝါဆာကီနှင့် ၁၅ ဦးမှာမူ ကုလားကုတ်ကျွန်းထက်သို့ ရောက်ရှိခဲ့ကြသည်ဆိုပါသည်။

အောင်တေဇသင်္ဘောကို ၁၉၆၀ ပြည့်နှစ်က ဂျပန်နိုင်ငံမှ စစ်လျော်ကြေးငွေဖြင့်ဝယ်ယူခဲ့ပြီး တန်ဖိုး ၁၄ သိန်းတန်ကြောင်း၊ သင်္ဘောဆောက်လုပ်သည့်ကုမ္ပဏီနှင့် နှစ်နှစ်အာမခံ စာချုပ်ချုပ်ဆိုထားရာ၌ စာချုပ်ပြည့်ရန် နှစ်လကျော် လိုသေးကြောင်း၊ ပထမအကြိမ် ပြည်တော်သာသင်္ဘောပြီးလျှင် ဒုတိယအကြိမ်မြောက် နစ်မြုပ်မှုဖြစ်ကြောင်း ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့က ပြောကြားခဲ့သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်လေးတို့၏ အုတ်ဂူများဖယ်ရှားရန် စီစဉ်မှုကိုကန့်ကွက် (၂၆-၆-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့က မင်းဘူးခရိုင် ထောက်ပံ့ရေးအရာရှိရုံးဝင်းအတွင်းရှိ အုတ်ဂူနှစ်လုံးအား မော်တော် ကားထားရန် ဂိုထောင် ဆောက်လုပ်ရေးအတွက် ဖယ်ရှားမည့် အစီအစဉ်ကို သတင်းထောက် ဦးညွန့်မောင်နှင့် မြို့နေလူထုအချို့ ကန့်ကွက်ခဲ့ကြကြောင်း ဇွန်လ ၃၀ရက် ,နေ့ထုတ် လူထုသတင်းစာ၌ သဟင်းဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ လွန်ခဲ့သောမေလအတွင်းက ခရိုင်ထောက်ပံ့ရေးအရာရှိ မော်တော်ကားထားရှိရန် ဂိုထောင် ဆောက်လုပ်ရေးအတွက် အုတ်ဂူနှစ်လုံးအား ဖျက်သိမ်းလိုကြောင်း နယ်ပိုင်ရုံးသို့ လျှောက်ထားခဲ့သည်ဆို၏။

အုတ်ဂူများမှာ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ဗိုလ်ချုပ်ကြီးနှင့် ဗိုလ်ချုပ်လေးတို့၏ အုတ်ဂူများ ဖြစ်ကြပြီး ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း ဇွန်လ ၂၂ ရက်နေ့တွင် တရားဝင်ကန့်ကွက်လွှာ တင်သွင်းခဲ့ကြ၏။ မြို့နေလူထုအချို့အနေဖြင့် တိမ်မြုပ်နေသော သမိုင်းအထောက်အထားများကို ဆက်လက်ကြိုးပမ်းရှာဖွေသွားပြီး အုတ်ဂူများအား ထိန်းသိမ်းမွမ်းမံရေးနှင့် ဖျက်သိမ်းမည့်အစီအစဉ်အား ပျက်ပြားသွားစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြပါရှိပါသည်။

## မြန်မာပြည်အမျိုးသား အပျော်တမ်းရဲတပ်ဖွဲ့စတင်ဖွဲ့စည်း (၂၂-၆-၁၉၂၉)

အမျိုးသားရဲတပ်ခေါ် မြန်မာပြည်အမျိုးသား အပျော်တမ်းရဲတပ်ဖွဲ့ကို ၁၉၂၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၌ ဆာမောင်ကြီးက စတင်





ဖွဲ့စည်းခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ အပျော်တမ်းရဲတပ်ဖွဲ့ ၏ ရဲတပ်ဗိုလ်ချုပ်မှာ ဦးမောင်ကြီးပင်ဖြစ်ပြီး နယ်ချဲ့အင်္ဂလိပ်တို့၏ သတ်မှတ်ထားသော စည်းကမ်းဘောင်အတွင်းမှာပင် ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ အားကစားနည်းများနှင့် မီးသတ်ပညာတို့ကို လေ့ကျင့်ခဲ့ကြ၏။

အမျိုးသား အပျော်တမ်းရဲတပ်ဖွဲ့တွင် လက်နက်မဲ့ အခြေခံစစ်ပညာကိုလည်း သင်ကြားပေးကာ ကျေးရွာ၊ ရပ်ကွက်များ သာမက အမျိုးသား ကျောင်းများ၌ပင် ဖွဲ့စည်းခဲ့ကြပြီး အစိမ်းရောင်တူညီဝတ်စုံဝတ်ဆင်ကြသောကြောင့် Green Army ဟုလည်း ခေါ်ဆိုကြသည်။ ယင်းတပ်ဖွဲ့မှာ ကိုလိုနီခေတ်ကာလတွင် အပျော်တမ်းတပ်ဖွဲ့ ဖြစ်ပါသည်။

## အလိုအလျောက်မီးတောက်သည့် ကျောက်ခဲအားစမ်းသပ်ရန် ဓာတုဗေဒဌာနသို့ ပေးပို့ (၂၄-၆-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ကျောက်ဖြူမြို့ဆိပ်ကမ်းမှ အလိုအလျောက်မီးတောက်သည့် ကျောက်ခဲတစ်ခဲအား ကျောင်းသားလူငယ်တစ်ဦးက တွေ့ရှိခဲ့ရာမှ ဓာတုဗေဒဌာနသို့ စမ်းသပ်ရန် ပေးပို့လိုက်ရကြောင်း သတင်းတစ်ပုဒ်ကို ဒိုးဝေသတင်းစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ဖြစ်ပွားပုံမှာ ကျောက်ဖြူမြို့၊ သမ္မာန်ချောင်းရပ်နေ ကျော်ဟိန်းဆိုသူ ကျောင်းသားကလေးသည် ဗလီရှေ့ဆိပ်ကမ်းမှ မီးခိုးများထွက်နေသော ကျောက်ခဲတစ်ခဲကိုတွေ့ရှိခဲ့ရာ ကျောက်ခဲမှာလှိုင်းရေနှင့်ထိသည့်အခါ မီးခိုးထွက်ပြီး ရေလွတ်သွားသောအခါ မီးတောက်လောင်နေကြောင်း တွေ့ရှိ ရသည်ဆိုပါသည်။

ကျောင်းသားကလေးသည် ကျောက်ခဲကို လက်ဖြင့်ထိကိုင်ကြည့်ရာ အပူလောင်ကာလက်တွင် ဒဏ်ရာရရှိသွားခဲ့၏။ ထို့နောက် လုံချည်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထည့်ယူမ္မယူမည်လုပ်ရာ လုံချည်တွင် မီးစွဲလောင်ကာ အပေါက်ဖြစ်သွားပြန်သည်ဆိုသည်ဆို၏။ ကျောင်းသားကလေးသည် ကျောက်ခဲကို ခက်ခဲစွာ အိမ်သို့ ယူဆောင်ဆောင် သွားပြီး ဖခင်အာမက်ဒူလာနှင့် အဖော်နှစ်ဦးအား ပြသကြည့်ရာ မီးမှု မီးခိုးများ၊ မီးတောက်မီးလျှံများ တောက်လောင်လျက်ရှိ နေဆဲဖြစ်သည်ဟုညည်ဆိုပါသည်။ တစ်စစလာရောက် ကြည့်ရှုသူများပြား လာသည့်အလျောက်လျောက် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ ကျောက်ဖြူခရိုင် ရဲဝန် ဦးခ-ဦးခင်မောင်ကြီး လာရောက်ကြည့်ရှုကာ အန္တရာယ်ရှိသည့် အလျောက် သိမ်း သိမ်းယူခဲ့သည်ဆို၏။ ကျောက်ခဲမှာ ၄၀ ကျပ်သားခန့်ရှိပြီး ထူးဆန်းလှသည်သည့်အလျောက် ရခိုင်တိုင်း (ယခု ရခိုင်ပြည်နယ်) ဆိုင်ရာ ရဲမင်းကြီးမှ တစ်ဆင့်တစ်ဆင့် ရန်ကုန် ဓာတုဗေဒဌာနသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သ သတင်းတွင် ဖော်ပြထားပါသည်။

## ရန်ကုန်တိုက်ခိုက်ခန်းများပေါ်သို့ ရေမတက်မှုကိုစစ်ဆေးရာမှ စစ်အတွင်းက ဗုံးကျ၍ ရေပိုက်ပေါက်နေရာကို တွေ့ရှိ (၂၄-၆-၁၉၅၈)

၁၉၅၈ ၅၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ပေါ်ရှိ တိုက်ခန်းများ ရေမတာမတက်မှုကို လေ့လာစစ်ဆေးရာ ဒုတိယကမ္ဘာစစ်အ တွင်းက ဗုံးဒဏ်ကြောင့် ဂင့် ရေပိုက်ပေါက်နေသောနေရာကို တွေ့ရှိခဲ့ရ ကြောင်း ဇွန်လ ၂၅ ရက်ရက်နေ့ထုတ် လူထုသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ဂိုးဖြူချေါဖြူရေလှောင်ကန်မှ ရေလွှတ်သော ရေပိုက်ကြီးတွင် ရေကြည်ရေနောက်ခွဲခြားခြားသောနေရာ၌ ဗုံးကျပေါက်ကွဲမှု ကြောင့် နေ့စဉ်ရေဂါလန်ငါးသန်းခန့် ယိုယိုဖိတ်လျက်ရှိကြောင်းကို ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ချုပ်မှ သန့်ရှင်းရေး ၊ ရုံး အင်ဂျင်နီယာများကစစ်ဆေးတွေ့ရှိခဲ့ကြပြီးနောက် မြို့အဖွဲ့သို့ ဆက်ဆက်လက်အကြောင်းကြားခဲ့ကြောင်း ဆိုသည်။





## မင်းတုန်းမင်း၏ နောက်ဆုံးသားတော်ကွယ်လွန် (၁၆-၆-၁၉၆၃)



ပျဉ်းမနား မင်းသားကြီး (၁၈၇၂-၁၉၆၃)

မင်းတုန်းမင်း၏ သားတော်များအနက် နောက်ဆုံးအသက်ရှင်ကျန်ရစ်သည့် ပျဉ်းမနားမင်းသားကြီး သတိုးမင်းရဲမင်းခေါင်သည် အသက် ၉၁ နှစ်အရွယ် ၁၉၆၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ပျဉ်းမနားမင်းသားကြီးကို မင်းတုန်းမင်းနှင့် ကြေးမြင့်မိဖုရားတို့မှ ၁၈၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ သီပေါမင်း ပါတော်မူစဉ်က ရှင်သာမဏေဝတ်နေခဲ့ပြီး နောက်ခရစ်ယာန်ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကောလ်ဘက်၏ သိတဲကျောင်းတွင်ပညာသင်ယူခဲ့၏။

ပျဉ်းမနားမင်းသားကြီးသည် ၁၈၈၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ကာ ဒေရဒွန်းဘုရင့်သစ်တော ကောလိပ်ကျောင်းကို တက်ရောက်ခဲ့သည်။ ကောလိပ်ကျောင်းမှ အောင်မြင်ပြီးနောက် သစ်တောဝန်ထောက်၊ ရဲဝန်ထောက်အဖြစ် အမှုထမ်းခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်နေထိုင်ခဲ့သည်။ မင်းသားကြီးသည် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်တတ်မြောက်ပြီး စာအလွန်ဖတ်သူလည်းဖြစ်၏။ ပျဉ်းမနားမင်းသားကြီးသည် Nation သတင်းစာကို အမြဲဖတ်ရှုလေ့ရှိပြီး ဆာအာသာကိုနင်ဒွိုင်း (Sir Arthur Conan Doyle)၏ Brigadier Gerard ဝတ္ထု (ရွှေဥဒေါင်းက 'ဂျမဒါကိုကိုကြီး' အမည်ဖြင့် မြန်မာပြန်ဆို) ကို အထူးနှစ်သက်သည်ဆိုပါသည်။ ပျဉ်းမနားမင်းသားကြီးမှာ မင်းတုန်းမင်း၏ သားတော်များထဲတွင် နောက်ဆုံး ကွယ်လွန်ခဲ့သူဖြစ်ကြောင်းသိရှိရ၏။

## ရွှေတိဂုံစေတီတော် ထီးတော်သစ်တင်လှူမည်
## (၂၂-၆-၁၉၇၀)

၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ရွှေတိဂုံစေတီတော်၌ ထီးတော်သစ် တင်လှူတော့မည်ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ 'အောက်ကငြမ်းဆင် ထီးတော်တင်' ဟူသော လင်္ကာအရ မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၃ ခုနှစ် (ခရစ်နှစ် ၁၈၇၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်နေ့)တွင် တင်လှူခဲ့သော ဘုံခုနစ်ဆင့်ပါ ထီးတော်မှာ ဟောင်းနွမ်းယိုယွင်းလာပြီဖြစ်သဖြင့် 'အောင်စည်ဆော်စိုး ထီးတော်မိုး'ဟူသော လင်္ကာဖြင့် ၁၃၃၃ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)တွင် အများ ပြည်သူပိုင် ဘုံထီးသစ်ကိုတင်ထားကိုးကွယ်ရန် စီစဉ်လျက်ရှိသည် ဆိုပါသည်။





ထီးတော်သစ်ကို အသစ်ပြုလုပ်ပြီးသောအခါ မတင်လှူမီ စေတီယင်္ဂဏ အသင်း၌ ကိန်းဝပ်လျက် အများပြည်သူတို့ အပူဇော်ခံရန်နှင့် မင်းတုန်းမင်းတရားကြီး ထီးတော်ဟောင်းကိုလည်း ထိန်းသိမ်းထားရှိ ရန် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းအဖွဲ့ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်ဆို၏။ ဆင်ဖြူရှင်မင်းလက်ထက် ၁၁၃၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၇၇၅ ခုနှစ် မတ်လ ၅ ရက်) ကတင်လှူခဲ့သည့် ထီးတော်ဟောင်းကို မင်းတုန်းမင်းလက်ထက်တွင်ချကာ ထီးတော်သစ်တင်လှူခဲ့စဉ်က ထီးတော်ဟောင်းမှ ပစ္စည်းအားလုံးကို တနင်္ဂနွေထောင့်ရှိ နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်းအတွင်း ရုပ်ပွားတော်များအောက် ပလ္လင်တွင်း၌ ဌာပနာထားခဲ့၏။ သို့သော် ယခုတစ်ကြိမ် မင်းတုန်းမင်းတရားကြီး၏ ထီးတော်ဟောင်းကို ချထားပြီးပါက ရွှေတိဂုံစေတီတော်ပြတိုက်တွင် သီးခြားပြသ ထားရှိရန် စီစဉ်ခဲ့ကြသည်ဆိုပါသည်။

## ကမ္ဘာပေါ်တွင် ပထမဆုံးသော လေယာဉ်ပျံပြန်ပေးမှု မြန်မာနိုင်ငံ၌ ဖြစ်ပွား
## (၂၅-၆-၁၉၅၄)

၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌သာမက ကမ္ဘာတွင်ပါ ပထမဆုံးသော လေယာဉ်ပြန်ပေးမှုတစ်ရပ် မြန်မာနိုင်ငံ ဧရာဝတီတိုင်း၌ ဖြစ်ပွားခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ဖြစ်ပွားပုံမှာ ၁၉၅၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့၊ နံနက် ၆ နာရီ ၁၀ မိနစ်အချိန်က မြန်မာ့လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ (ယူဘီအေ) ပိုင် စက်နှစ်လုံးတပ် ဒါကိုတာ လေယာဉ်အမှတ် (XYACT) သည် စစ်တွေ၊ ကျောက်ဖြူမြို့များသို့ ဦးတည်ပျံသန်းခဲ့၏။ ကောင်းကင်ယံ၌ ခေတ္တခဏပျံသန်းပြီးစဉ် ခရီးသည်ဟန်ဆောင်လာသော သောင်းကျန်းသူသုံးဦးက အသင့်လျှို့ဝှက်ယူဆောင်လာသည့် ခြောက်လုံးပြူးတစ်လက်၊ လက်ပစ်ဗုံးနှစ်လုံးတို့နှင့်အတူ လေယာဉ်ဦးပိုင်းစက်ခန်းသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခြိမ်းခြောက်ကာ ၎င်းတို့ယူဆောင်လာသော မြေပုံညွှန်းဖြင့် လေယာဉ်အား မြေပြင်သို့ဆင်းသက်ခိုင်းခဲ့သည်။ ထို့နောက် သောင်းကျန်းသူများသည် လေယာဉ်ထက်မှ ငွေသေတ္တာလေးလုံးကို ချခိုင်းပြီး လေယာဉ်အား ပြန်လွှတ်လိုက်၏။ ဤကဲ့သို့ လေယာဉ်အပိုင်စီး ပြန်ပေးဆွဲခံရမှုမှာ ကမ္ဘာ့လေကြောင်းနှင့် မြန်မာ့လေကြောင်း သယ်ယူပို့ဆောင်ရေးသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ လေယာဉ်ပျံသည် မင်္ဂလာဒုံလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် လေယာဉ်ကပ္ပတိန် အေအီးဟဲနှင့် ငွေသေတ္တာတာဝန်ခံ ခရိုင်ထောက်ပံ့ရေးအရာရှိ ဦးကျော်ထွန်းက လေယာဉ်ပျံမည်သို့မည်ပုံ အပိုင်စီး ပြန်ပေးဆွဲခံခဲ့ရကြောင်းကို သတင်းစာဆရာများအား ရှင်းလင်းပြောကြားခဲ့၏။



# အခန်း(၇)
## ခေတ်ဟောင်းသတင်းစာများကပြောသော ဗွီလိုင်လ


၁။ မြန်မာသတင်းစာပါ မင်းလက်ဝါးသတင်း (၅-၇-၁၈၇၂)
၂။ တစ်နာရီရေဂါလန်တစ်ထောင်ကျော်ထွက်သော အဝီစိတွင်း ရန်ကုန်၌ တူးဖော်အောင်မြင် (၂-၇-၁၉၅၆)
၃။ သီပေါမင်းနှင့် ကျောင်းနေဖက် ဆရာတော်ကြီးအပါအဝင် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ (၂၇-၇-၁၉၅၈)
၄။ နှစ် ၅၀ အတွင်း ရဲအုပ်သင်တန်းသို့ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများတက်ရောက် (၅-၇-၁၉၆၀)
၅။ ဖရင်းရှစ် (၇) အာကာသယာဉ် ရန်ကုန်မြို့၌ ပြသမည် (၁-၇-၁၉၆၂)
၆။ မနန်းစိုး၊ မနန်းစံ အမွှာညီအစ်မအား ခွဲစိတ်ကုသ (၇-၇-၁၉၇၁)
၇။ အစိုးရဆေးရုံများ၌ အခမဲ့ဆေးကုသခွင့်ပြုပြီ (၁၆-၇-၁၉၅၅)
၈။ 'လေရူးသုန်သုန်' ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ မူပိုင်ခွင့်ကိစ္စဖြစ်ပွား (၄-၇-၁၉၅၈)
၉။ လေယာဉ်ကွင်းထဲ၌ လေယာဉ်ပျံနှင့် စက်ဘီးတိုက်မှုဖြစ်ပွား (၂၂-၇-၁၉၆၀)
၁၀။ မြန်မာဇာတ်မင်းသားများ ရုပ်ရှင်ရိုက်ကူးမှုများပြားလာ (၁၆-၇-၁၉၆၂)




www.burmeseclassic.com

www.burmeseclassic.com



၁၂။ ပုဂံ၌ ငလျင်ပြင်းထန်စွာလှုပ်မှုကြောင့် ဘုရား၊ ပုထိုးများပြိုပျက် (၈-၇-၁၉၇၅)

၁၃။ နိုင်ငံတော်လုပ်ကြံမှုဖြစ်ပွားစဉ်အတွင်း လွတ်မြောက်သွားသူ အချို့ရှိခဲ့ (၁၉-၇-၁၉၄၇)

၁၄။ ‘တို့ဗမာ’ သီချင်းကို တေးရေးစပ်သူကိုယ်တိုင် ပရိသတ်နှင့် အတူ ပထမဆုံးအကြိမ်သီဆို (၂၀-၇-၁၉၃၀)

၁၅။ ဘီအေအေကွင်း၌ ပထမဆုံးအကြိမ် အမျိုးသမီးဘောလုံးပွဲ ကျင်းပပြုလုပ် (၁၆-၇-၁၉၅၅)

၁၆။ မန္တလေးမြို့၌ ပရိယတ္တိသာသနဟိတ သာသနဗိမာန်တော်ကြီး ဖွင့်လှစ် (၁၇-၇-၁၉၅၈)

၁၇။ ငလျင်ပြင်းထန်စွာ လှုပ်စဉ်အတွင်း မိခင်နှစ်ဦးမှ ကလေးများ ဖွားမြင် (၁၆-၇-၁၉၅၆)

၁၈။ တရုတ်နိုင်ငံသို့ပေးပို့မည့် တိရစ္ဆာန်လေးများ လေယာဉ်စောင့်ရင်း ရန်ကုန်၌ ခေတ္တနားခို (၈-၇-၁၉၅၉)

၁၉။ မြန်မာပြည်ကုန်သည်ကြီးများ အသင်းနာမည်ပြောင်းလဲခေါ်ဝေါ် (၆-၇-၁၉၆၂)

၂၀။ မြန်မာအမျိုးသမီးတစ်ဦးက ပထမဆုံး စက်မဲ့လေယာဉ်စီးနင်းပြ (၂၉-၇-၁၉၅၆)

၂၁။ ရှေးမြန်မာအမြောက်သေနတ်ခြောက်လက်အား အခမ်းအနား ဖြင့် လွှဲပြောင်းပေးအပ် (၂၄-၇-၁၉၅၈)

၂၂။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးသောနေ့အခမ်းအနား မြန်မာနိုင်ငံမြို့ကြီး များ၌ တစ်ပြိုင်နက်ကျင်းပ (၂၇-၇-၁၉၅၉)

၂၃။ ကျိုက်ဒေးယျုံစေတီဟောင်းနေရာမှ ဆင်းတုတော်တူးဖော်ရရှိ (၂၄-၇-၁၉၆၀)

၂၄။ စုန်း၊ ကဝေနှင့် သရဲရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ပြသခွင့် မပြုတော့ (၂၇-၇-၁၉၆၂)





၂၅။ မြန်မာဆပ်ကပ်အဖွဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ် (၂၉-၇-၁၉၆၂)

၂၆။ ရာဇဝင်နောက်ခံ ဝတ္ထုရေးဆရာကြီး ရွှေစကြာဦးစိုးမြင့် ကွယ်လွန် (၇-၇-၁၉၇၈)



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာသတင်းစာပါ မင်းလက်ဝဲသတင်း

(၅-၉-၁၈၇၂)

ရတနာပုံခေတ်တွင် ထင်ရှားကျော်ကြားခဲ့သည့် မင်းကြီးမဟာသမိန်ဘရမ်းဘွဲ့ခံ မင်းလက်ဝဲကြီးအကြောင်း သတင်းတစ်ပုဒ်ကို ၁၈၇၂ ခုနှစ် မြန်မာသတင်းစာ၌ဖော်ပြထားသည်ကို တွေ့ရှိရ၏။ သမိုင်းဝင်သတင်းမှတ်တမ်းတစ်ပုဒ်ဖြစ်သဖြင့် မူရင်းသတင်းပါစာသားများအတိုင်း ဖော်ပြလိုက်ပါသည်။

"မြန်မာရွှေနန်းရှင်ဘုရား အပါးတော်မှာ မဟာသမိန်ဘရမ်း အမည်ရှိသော စစ်ဗိုလ်ကြီးတစ်ယောက်သည် အလွန်ရဲရင့်ကြမ်းတမ်းလှသည်။ စစ်ရေးစစ်ရာ၌လည်း နားလည်ကျွမ်းကျင်လှသည်။ ထိုစစ်ဗိုလ်ကြီးသည်ကား သူ၏ထိန်းအုပ်စုအမှုထမ်းတို့အပေါ်မှာ ဒဏ်ပေးစီရင်စရာရှိသော် အခြားသူများကဲ့သို့ဓား၊ တုတ်နှင့်မဟုတ်။ သူ၏လက်ဝဲကြီးဖြင့်သာရိုက်သည်။ တုတ်နှင့်ရိုက်သောထက်ပြင်းထန်သည်။ သေအောင်ရိုက်သော တစ်ချက်ခြင်းနှင့်ပင် စင်းစင်းသေလေတော့သည်။ ထို့ကြောင့် မင်းလက်ဝဲဟူသော အမည်တွင်လေသည်ဟု ကြားသိရသည်။ ယခုအခါ မြန်မာစစ်ဗိုလ်များတွင် ထိုမင်းလက်ဝဲသည် အလွန်ကျော်ဇော် ထင်ရှားလေသည်။"ဟူ၍ ဖြစ်ပါသည်။

မင်းလက်ဝဲ၏ အမည်ရင်းမှာ ဦးလတ်ဖြစ်ပြီး ပုသိမ်မြို့ဝန်၊ သမိန်ထောရာဇာဘွဲ့ခံ ဦးမြတ်နုင်းနှင့် ဝန်ထောက်ကတော် ဒေါ်မမကြီးတို့က ၁၈၂၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဦးလတ်သည် မင်းတုန်းမင်းလက်





ထက်တွင် အမြင့်ငါးမြို့ဝန်၊ အလုံမြို့ဝန်ရာထူးများ ရရှိခဲ့၏။ သီပေါမင်းလက်ထက်တွင် မင်းကြီးမဟာသမိန်ဘရမ်းဘွဲ့ခံ အောက်မြစ်စဉ် ခရိုင်ဝန်ဖြစ်လာကာ ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း မင်းလှခံတပ်မှ တာဝန်ယူစစ်မှုထမ်းခဲ့ရသူဖြစ်၏။ လက်ဝဲဖြင့် တစ်ချက်ရိုက်ရုံမျှဖြင့် သေစေနိုင်လောက်သည့် မင်းလက်ဝဲအကြောင်းကို ပါးစပ်ရာဇဝင်အဖြစ် မှတ်ယူခဲ့ကြသော်လည်း မြန်မာသတင်းစာပါ သတင်းကဤအချက်ကို အတည်ပြုပေးခဲ့၏။

## တစ်နာရီ ရေဂါလန်တစ်ထောင်ကျော်ထွက်သော အဝီစိတွင်း ရန်ကုန်၌ တူးဖော်အောင်မြင်

(၂-၇-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် တစ်နာရီလျှင် ရေဂါလန်ပေါင်း ၁၆၀၀ ထွက်သည့် အဝီစိတွင်းတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့၌ တူးဖော်အောင်မြင်ပြီဖြစ်ကြောင်း သတင်းဖော်ပြပါရှိပါသည်။ ယင်းအဝီစိတွင်းမှာ ဗိုလ်ချုပ်လမ်း ရုပ်ရှင်ရုံများရှေ့ရှိ မီးရထားဝင်းအတွင်း၌တည်ရှိပြီး နိုင်ငံတော်အစိုးရ ကျေးရွာသန့်ရှင်းရေးနှင့် ရေရရှိရေးအဖွဲ့မှ အုပ်ချုပ်ရေးမှူး ဦးဝင်း၊ အင်ဂျင်နီယာ ဦးစောသိန်းမောင်နှင့် ဘူမိဗေဒအရာရှိ ဦးကျော်စိုးတို့က သတင်းထောက်များအား ခေါ်ယူပြသခဲ့၏။

အဝီစိတွင်းမှာ အချင်းရှစ်လက်မ၊ အနက် ၁၇၄ ပေရှိပြီး ရေပန်းများမှာ ကြောက်မက်ဖွယ်ပန်းထွက်နေခဲ့သည်ဆိုပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု ရေလုံလောက်စွာရရှိရေးအတွက် ရန်ကုန်မြို့နေရာ အနှံ့အပြား၌ ယင်းကဲ့သို့သော အဝီစိတွင်း ၂၀၀၊ မြန်မာတစ်နိုင်ငံလုံး၌ ၆၀၄၈ တွင်းတူးဖော်ရန် လျာထားထားပြီးဖြစ်သည်ဟု သတင်း၌ ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## သီပေါမင်းနှင့် ကျောင်းနေဖက် ဆရာတော်ကြီးအပါအဝင် သက်ကြီး ရွယ်အိုများအား ပူဇော်ကန်တော့ (၂၇-၇-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မောရဂီဝါရပ်ရှိ ရွှေနန်းသိင်္ဂီဆေးတိုက်၌ သက်ကြီးဝါကြီးဆရာတော်၊ သံဃာတော်များနှင့် သက်ကြီးရွယ်အို၊ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ တစ်ရပ်ကျင်းပခဲ့ကြောင်း ဇူလိုင်လ ၂၉ ရက်နေ့ထုတ် လူထုသတင်းစာ၌ ဖော်ပြပါရှိပါသည်။ သက်ကြီးပူဇော်ပွဲ၌ သံဃာတော်များအားဆွမ်း၊ ဘောဇဉ်ခဲဖွယ်နှင့်တကွ ဝါဆိုသင်္ကန်းကပ်လှူရာတွင် သီပေါမင်းနှင့် စာသင်ဖက်ဆရာတော်ဖြစ်သော အသက် ၁၀၇ နှစ်အရွယ်ရှိ ဝါခင်းကုန်း ဆရာတော်ကြီးလည်း ပါဝင်ခဲ့သည်ဆို၏။

ဆရာတော်၊ သံဃာတော် ၁၀ ပါးအား ဆွမ်းကပ်လှူကြပြီးနောက် သက်ကြီးရွယ်အိုများကို ဆက်လက်ပူဇော်ကန်တော့ခဲ့ကြ၏။ အသက် ၈၀ နှင့် ၉၀ ကျော်ဘိုးဘွားများအား တစ်ဦးလျှင် ငွေ ၂၅ ကျပ်စီဖြင့် ကန်တော့ခဲ့ကြခြင်းဖြစ်ပြီး ရွှေနန်းသိင်္ဂီဆေးတိုက်မှ ဆရာခင်နှင့် ဇနီး ဒေါ်မြရင်တို့က ဆေးကုသခရရှိငွေ၏ ၁၀ ရာခိုင်နှုန်းကို နုတ်ယူစုဆောင်းကာ ယခုကဲ့သို့ ပူဇော်ကန်တော့ပွဲတစ်ရပ် ကျင်းပခဲ့သည်ဟုဆိုပါသည်။

## နှစ် ၅၀ အတွင်း ရဲအုပ်သင်တန်းသို့ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများတက်ရောက် (၅-၇-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့ထုတ်၊ ပြည်ထောင်စု သတင်းစာတွင် မန္တလေးမြို့၊ ရဲပိုလ်သိပ္ပံကျောင်းကြီး၌ ဇူလိုင်လ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်လျက်ရှိသော ရဲအုပ်ပညာသင်တန်းသို့ ပထမဆုံး





အကြိမ်အဖြစ် အမျိုးသမီးရဲအုပ်လောင်းများ တက်ရောက်သင်ကြားကြကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ရဲအုပ်သင်တန်းသို့ တက်ရောက်ကြသော အမျိုးသမီးများမှာ ရန်ကုန်မြို့မှ မခင်လှရီ၊ မခင်သိန်းညွန့်၊ မတင်တင်အေး၊ မနော်နတ်တီဘင်နှင့် မန္တလေးမြို့မှ မစုစုဝင်းတို့ ဖြစ်ကြသည် ဆိုပါသည်။

ရဲအုပ်သင်တန်းမှာ ခြောက်လမှ ကိုးလအထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက အမျိုးသမီးများအနေဖြင့် ရန်ကုန်မြို့၌တာဝန် ထမ်းဆောင်ကြရမည်ဖြစ်သည်ဆို၏။ ထူးခြားချက်တစ်ရပ်မှာ မန္တလေးရဲသိပ္ပံကျောင်းတွင် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးရဲအုပ်လောင်းများ သင်တန်းတက်ရောက်လာခြင်းပင်ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားပါသည်။

## ဖရင်းရှစ် (၇) အာကာသယာဉ် ရန်ကုန်မြို့၌ ပြသမည် (၁-၇-၁၉၆၂)

လွန်ခဲ့သည့် ဖေဖော်ဝါရီလ အမေရိကန် အာကာသယာဉ်မှူး ဂျွန်ဂလင်း စီးနင်းလျက် ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှ ကမ္ဘာကို သုံးကြိမ်ပတ်ခဲ့သည့် ဖရင်းရှစ် (၇) (Friendship 7) အမည်ရှိ အာကာသယာဉ်ကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ပြသထားမည်ဖြစ်ကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ အလေးချိန် တစ်တန်ရှိသော ယင်းအာကာသယာဉ်သည် ဇူလိုင်လ ၁ ရက်နေ့ ညနေပိုင်းတွင် မင်္ဂလာဒုံလေဆိပ်သို့ ချောမောစွာရောက်ရှိလာခဲ့သည်။ ၎င်းအာကာသယာဉ်ကို သယ်ဆောင်လာသော ဂလုပ်မာစတာ အမည်ရှိ သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးသည် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာပြီးနောက် လေယာဉ်ကြီးဦးပိုင်းမှ ပွင့်လာကာ အပေါက်အတွင်းမှ ထရောလာတစ်ခုကို ချိတ်ဆွဲထားသော ထရပ်ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီး မောင်းထွက်လာပြီး ကားပေါ်တွင် အာကာသယာဉ်ကြီးပါသည် ဆို၏။

အာကာသယာဉ်ကြီးကို မြို့တော်ခန်းမသို့ မော်တော်ဆိုင်ကယ်စီးရဲများ ကြပ်မတ်ကာ သယ်ယူခဲ့ကြပြီး ဇူလိုင်လ ၂ ရက်နေ့ မွန်းလွဲ ၁ နာရီမှစ၍ နေ့စဉ် ည ၈ နာရီထိ သုံးရက်တိုင်တိုင်ပြသသွားရန် စီစဉ်လျက်ရှိသည်ဟု သတင်း၌ဖော်ပြထား၏။

## မနန်းစိုး၊ မနန်းစံ အမြွှာညီအစ်မအား ခွဲစိတ်ကုသ
## (၇-၇-၁၉၇၁)



မနန်းစိုး၊ မနန်းစံ အမြွှာညီအစ်မအား ခွဲစိတ်မှုပြုလုပ်စဉ်

၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ ဆေးပညာသမိုင်း၌ ပထမဆုံးအကြိမ်အဖြစ် ရင်ချင်းဆက်အမြွှာ မနန်းစိုး၊ မနန်းစံ ညီအစ်မနှစ်ဦးတို့အား အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ် တွေ့ရှိရပါသည်။ မနန်းစိုး၊ မနန်းစံ အမြွှာညီအစ်မကို





၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်အရှေ့ပိုင်းခရိုင်၊ ဘီလူးကျွန်းရွာ၌ ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်းသား မိဘနှစ်ပါးက ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ အမြွှာကလေးနှစ်ဦးအား အရပ်လက်သည် ဦးသာရင်နှင့် ဒေါ်ပိန်းဘုံတို့က ရိုးရိုးမွေးဖွားပေးခဲ့သည် ဆိုပါသည်။

ကလေးငယ်များသည် မွေးဖွားပြီး နှစ်ရက်အကြာ၌ ရန်ကုန်ကလေးဆေးရုံကြီးသို့ ရောက်ရှိလာခဲ့ကြပြီး လေးလနှင့် ၁၇ ရက်သမီးအရွယ်၊ ကိုယ်အလေးချိန် ၁၈ ပေါင်၊ ၂ အောင်စရှိချိန် ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်၏။ ခွဲစိတ်ကုသမှုမှာ ငါးနာရီနှင့် မိနစ် ၃၀ ကြာမြင့်ခဲ့သည်။ ခွဲစိတ်ကုသမားတော်ကြီး ဦးဖေညွန့်နှင့် ဦးထွဋ်ဆိုင်တို့ ခေါင်းဆောင်သော ဆေးပညာရှင်များအဖွဲ့က တာဝန်ယူ ခွဲစိတ်ခဲ့ကြခြင်းဖြစ်သည်။

ခွဲစိတ်ကုသမားတော်ကြီးများက ပြောကြားရာတွင် ကလေးငယ်များမှာ ရင်ချင်းဆက်အမြွှာဆိုသော်လည်း ရင်ညွန့်၊ အသည်း၊ နှလုံးကာအမြှေး၊ အသက်ရှုကြွက်သားများ အချင်းချင်းပူးနေကြပြီး ဤသို့ပူးနေမှုမှာ ကမ္ဘာပေါ်တွင် ငါးဦးခန့်သာရှိကြောင်း၊ မခွဲစိတ်မီ ကမ္ဘာ့ဆေးပညာသမိုင်းဆိုင်ရာ၊ ခွဲစိတ်ကုသမှုဆိုင်ရာ စာအုပ်စာတမ်း အများအပြားကို ရှာဖွေဖတ်ရှုခဲ့ရကြောင်း၊ ပြည်ပနိုင်ငံတစ်ခုတွင် အမြွှာခွဲစိတ်မှတ်တမ်းကို ရုပ်ရှင်ရိုက်ကူးထားသည်ဆို၍ ငှားရမ်းကြည့်ရာ မပေးအပ်ဘဲ အမြွှာများကိုသာ သူတို့ထံလွှဲပြောင်းပေးအပ်ရန်ဆိုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သော စက်ကိရိယာမျိုးစုံကိုလည်း ပြည်တွင်းရှိဆေးရုံများမှ ရှာဖွေစုဆောင်းကာ ကြိုးစားခွဲစိတ်ခဲ့ရကြောင်းများကို ရှင်းလင်းပြောကြားခဲ့၏။

ပထမဆုံးအကြိမ် ခွဲစိတ်ကုသခဲ့ကြသည့် ဆေးပညာရှင်များမှာ သမားတော်ကြီး ဦးဖေညွန့်နှင့် သမားတော် ဦးထွဋ်ဆိုင်တို့ ဦးဆောင်လျက် ဦးတင်ဦး၊ ဦးလှမြင့်၊ ဦးလှထွန်း၊ ဦးအောင်သိန်းလူ၊ ဦးဆိုင်းမင်း၊ ဦးတင်မောင်၊ မစ္စ အီးတာဘရီး၊ ဆရာမ မနန်းရင်၊ မသိန်းသန်း၊ မထား



www.burmeseclassic.com

www.burmeseclassic.com



ကြည်၊ မကြင်မြ၊ မကူးဖော၊ ရိုစီခင်သန်းဌေး၊ မိလ်ဒါသောင်းတို့ ဖြစ်ကြသည်။ နောက်ဆက်တွဲ သတင်းတစ်ရပ်အနေဖြင့် ခွဲစိတ်ကုသပြီး တစ်လနှင့် ခုနစ်ရက်အကြာတွင် မနန်းစံကွယ်လွန်ခဲ့ကြောင်း သိရှိရ၏။

## အစိုးရဆေးရုံများ၌ အခမဲ့ဆေးကုသခွင့်ပြုပြီ
## (၁၆-၇-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် ယခင်က နိုင်ငံတော်တစ်ဝန်းလုံးရှိ အစိုးရဆေးရုံများသို့ တက်ရောက်ဆေးကုသရာ၌ အခကြေးငွေပေးဆောင်ရသော်လည်း ဇူလိုင် ၁ ရက်နေ့မှစတင်ကာ အခမဲ့ဆေးကုသနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အမိန့်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းအမိန့် ထုတ်ပြန်ချက်အရ အစိုးရဆေးရုံများ၌ ဆေးဝါးစရိတ်အခမဲ့၊ အစားအသောက်နှင့် သူနာပြုဆရာမများ၏ ပြုစုစောင့်ရှောက်ခနှင့် ခွဲစိတ်ကုသမှုများအတွက် အခမဲ့အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း ဆိုပါသည်။ သို့သော် လူနာရှင်များအနေဖြင့် အခန်းခကိုမူ ပေးဆောင်ကြရမည်ဆို၏။

အခမဲ့ဆေးဝါးကုသခွင့် မထုတ်ပြန်မီကဆိုလျှင် အစိုးရဆေးရုံများ၌ လူနာရှင်များထံမှ အခကြေးငွေယူ၍ ဆေးဝါးကုသပေးကြပြီး ရရှိငွေ၏တစ်ဝက်ကို နိုင်ငံတော်ကလည်းကောင်း၊ ကျန်တစ်ဝက်ကို ခွဲစိတ်ကုသသူ ဆရာဝန်ကလည်းကောင်း ရရှိခံစားခဲ့ကြသည်။ နောက်ပိုင်းကာလမှစ၍ ခွဲစိတ်ကုသသူ အစိုးရခန့်ဆရာဝန်များအနေဖြင့် လူနာရှင်များထံမှ အခကြေးငွေရရှိတော့မည်မဟုတ်ကြောင်းကို သတင်းဖော်ပြထားပါသည်။





## "လေရှူးသုန်သုန်" ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ မူပိုင်ခွင့်ကိစ္စဖြစ်ပွား
## (၄-၇-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ထုတ် လူထုသတင်းစာတွင် စာရေးဆရာနန္ဒက ရန်ကုန်ရုပ်ရှင်ကရိုက်ကူးမည့် 'လေရှူးသုန်သုန်'ရုပ်ရှင်ကားနှင့်ပတ်သက်၍ ရန်ကုန်ရုပ်ရှင်ကုမ္ပဏီသို့ စာပေးပို့ အကြောင်းကြားခဲ့ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယင်းစာတွင် စာရေးဆရာနန္ဒက 'လေရှူးသုန်သုန်'အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ကို ၁၉၄၁ ခုနှစ်က မြန်မာ့အလင်းသတင်းစာတွင် ရက်ရှည်ဝတ္ထုရှည်အဖြစ် ရေးသားခဲ့ဖူးကြောင်း၊ ၁၉၅၁-၁၉၅၂ ခုနှစ်ကာလအတွင်း ယင်းဝတ္ထုရှည်အတွက် မူပိုင်အဖြစ် စာရေးဆရာနန္ဒက ရရှိထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝတ္ထုနာမည်ကိုဖြစ်စေ၊ ဇာတ်လမ်း၊ ဇာတ်ကွက်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အသုံးမပြုကြရန်ဖော်ပြထား၏။

လွန်ခဲ့သည့် ဇွန်လ ၂၈ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ရန်ကုန်ရုပ်ရှင်က 'လေရှူးသုန်သုန်'အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးတော့မည်ဖြစ်ကြောင်း သတင်းဖော်ပြထားရာမှ စာရေးဆရာနန္ဒက ဇွန်လ ၃၀ ရက်နေ့တွင် အကြောင်းကြားစာကို ရန်ကုန်ရုပ်ရှင်ကုမ္ပဏီသို့ တရားဝင်ပေးပို့ခဲ့ခြင်းဖြစ်ပေသည်။ စာရေးဆရာနန္ဒသည် ၁၉၃၄ ခုနှစ်တွင်၊ စိန့်ဂျွန်းကျောင်းမှ ဆယ်တန်းစာမေးပွဲအောင်မြင်ခဲ့ပြီး ၁၉၄၂ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ဘီအက်(စ်)စီ (အင်ဂျင်နီယာ)ဘွဲ့ ရရှိခဲ့သူဖြစ်သည်။ ပြည်သူ့လုပ်ငန်းဌာနတွင် အင်ဂျင်နီယာဝန်ထောက်အဖြစ်လည်းကောင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)တွင် ဒုတိယဗိုလ်အဖြစ်လည်းကောင်း၊ အမှုထမ်းခဲ့၏။ ထို့နောက် ဗမာ့တပ်မတော်တွင် ဆက်လက်အမှုထမ်းခဲ့ရာ ဗိုလ်မှူးအဆင့်တိုင် ရောက်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## လေယာဉ်ကွင်းထဲ၌ လေယာဉ်ပျံနှင့် စက်ဘီးတိုက်မှုဖြစ်ပွား
## (၂၂-၇-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့၊ ညနေ ၃ နာရီ၊ ၄၅ မိနစ် အချိန်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်လေယာဉ်ကွင်း၌ လေယာဉ်ပျံနှင့် စက်ဘီးတိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ဇူလိုင်လ ၂၄ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းထူးစ်ပုဒ်ဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ လေယာဉ်ပျံကွင်းအတွင်း၌ လေယာဉ်အမောင်းသင်နေသော ပေါလ်တန်ဆိုသူ မောင်းနှင်သည့် ယူဘီ ၁၇၆ စစ်လေယာဉ်သည် လေယာဉ်ကွင်းအတွင်းသို့ ကွင်းစောင့်အလစ်၌ ၀င်ရောက်စက်ဘီးစီးသူအား တိုက်မိခဲ့ခြင်း ဖြစ်သည်ဆို၏။ လေယာဉ်တိုက်မှုကြောင့် စက်ဘီးမှာ ကြေမွပျက်စီးသွားသည့်နည်းတူ လေယာဉ်ပျံမှာလည်း ဓာတ်ဆီတိုင်ကီနှင့် ဘီးအနည်းငယ် ချို့ယွင်းပျက်စီးသွားသည် ဆိုပါသည်။ လေယာဉ်မောင်း ပေါလ်တန်က မိမိပျံသန်းလေ့ကျင့်နေရာတွင် လေယာဉ်ကွင်းအတွင်း၌ စက်ဘီးတစ်စီးတွေ့ရသဖြင့် ရုတ်တရက် မဆင်းသေးဘဲ ဝေ့ဝိုက်ပျံသန်းနေခဲ့ကြောင်း၊ သို့သော် မဆင်းမဖြစ် အခြေအနေသို့ ရောက်ရှိလာသဖြင့် ဆင်းသက်လိုက်ရရာမှ ယခုကဲ့သို့ စက်ဘီးနှင့် တိုက်မိသွားခြင်း ဖြစ်ကြောင်း ဆို၏။





## မြန်မာဇာတ်မင်းသားများ ရုပ်ရှင်ရိုက်ကူးမှု များပြားလာ
## (၁၆-၇-၁၉၆၂)

အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်၏ 'ဝိမာန'ရုပ်ရှင်ဇာတ်ကား ဝင်ငွေစံချိန်ချိုးခဲ့ပြီးနောက် မြန်မာဇာတ်မင်းသားများ ရုပ်ရှင်ရိုက်ကူးမှု ပိုမိုများပြားလာကြောင်း ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် သတင်းဖော်ပြထားပါသည်။ ဇာတ်သဘင်လောကမှ ရုပ်ရှင်လောကသို့ ဝင်ရောက်ရိုက်ကူးလာကြသူများမှာ စိန်အောင်မင်း၊ ကက်နက်စိန်နှင့် ကျော်ဝင်းစိန်တို့ ဖြစ်ကြသည်ဆို၏။ ရွှေမန်းဦးတင်မောင်သည် ဒုတိယခြေလှမ်းအနေဖြင့် 'နက္ခတ်စန္ဒီ' ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးမည်ဖြစ်ကြောင်း၊ မူလက မန္တလေးရုပ်ရှင်က 'လက်ဝဲသုန္ဒရ'ဇာတ်ကား ရိုက်ကူးရန်စီစဉ်ခဲ့သော်လည်း အဆင်မပြေသဖြင့် ရတနာရုပ်ရှင်မှ 'နက္ခတ်စန္ဒီ'ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးမည်ဖြစ်ကြောင်း၊ ရတနာရုပ်ရှင်က 'နက္ခတ်စန္ဒီ'ကို ဒုတိယဇာတ်ကားအဖြစ် ရိုက်ကူးရကြောင်းဆိုပါသည်။

ဇာတ်မင်းသား ဦးစိန်အောင်မင်း၏ 'ဝိဇယကုမ္မာ' ဇာတ်ကားမှာ လာမည့် ဩဂုတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း၊ အောင်မင်္ဂလာမှ 'အလောင်းတော်ရာမ'မှာ အောက်တိုဘာလတွင်လည်းကောင်း၊ ရွှေမန်းဦးတင်မောင်၏ 'နက္ခတ်စန္ဒီ'နှင့် ကက်နက်စိန်၏ 'သူရောနန္ဒီ'ဇာတ်ကားများမှာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့၌လည်းကောင်း အသီးသီး ရုံတင်ပြသကြရန် ညှိနှိုင်းစီစဉ်ထားပြီးဖြစ်ကြောင်း သတင်း၌ဖော်ပြပါရှိပါသည်။ ရွှေမန်းဦးတင်မောင် ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားအချို့မှာ 'ဝိမာန'၊ 'နက္ခတ်စန္ဒီ'၊ 'မနော်ဟရီ' နှင့် 'အိရွှေစင်' ဇာတ်ကားတို့ဖြစ်ကြောင်း သိရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com





"မနော်ဟာရီ" ရုပ်ရှင်ဇာတ်ကားမှ ရွှမ်းတင်မောင်နှင့် အကယ်ဒမီ ကြည်ကြည်ဌေးတို့၏ သရုပ်ဆောင်ဟန်

## ပုဂံ၌ လျှောင်ပြင်းထန်စွာလှုပ်မှုကြောင့် ဘုရား၊ ပုထိုးပြိုပျက် (၈-၇-၁၉၇၅)

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့၊ ညနေ ၆ နာရီ၊ ၃၅ မိနစ်အချိန်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့၏အနောက်တောင်ဘက် ကီလိုမီတာတစ်ရာခန့်အကွာကိုဗဟိုပြု၍ အင်အားပြင်းထန်သောငလျင်ကြီးတစ်ခုလှုပ်ခဲ့ရာ ပုဂံညောင်ဦးတစ်ဝိုက်ရှိ ရှေးဟောင်းစေတီ၊ ပုထိုး အမြောက်အမြား ပြိုကျပျက်စီးခဲ့ရသည်။ မာဂနီကျုလီစကေး ၈ ကျော်ရှိသည့် မြေငလျင်မှာ ပုဂံဒေသတစ်ဝိုက်တွင် အစ်ကြိမ်တစ်ခါမျှ လှုပ်ခဲ့ဖူးခြင်းမရှိသည့်အလျောက် ရှေးဟောင်းစေတီပုထိုးများ ပြိုကျပျက်စီးခဲ့ရ၏။





ပုဂံမြို့ ဧရာဝတီမြစ်ကမ်းရှိ ဗူးဘုရားမှာ ဖိနပ်တော်မှလွဲ၍ စေတီတစ်ဆူလုံး ဧရာဝတီမြစ်ကမ်းအတွင်းသို့ ပြိုကျခဲ့ရပြီး မြင်းကပါရွာအနီးရှိ မနူဟာဘုရားကြီးမှာလည်း ဂန္ဓကုဋီတိုက်ကြီး၏ ပေါင်းကူးအမိုးပြိုကျပျက်စီးခဲ့ရသည်။ မြေငလျင်လှုပ်မှုကြောင့် ထီးတော်ကျိုးပြတ်၍ အထွတ်စေတီ ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများမှာ အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ မဟာပိန္နဲ၊ လောကနန္ဒာ၊ မင်္ဂလာစေတီ၊ မဟာဗောဓိ၊ နဂါးရုံဘုရား၊ ရွှေဂူကြီး၊ မြစေတီ၊ လေးမျက်နှာဘုရားတို့ ဖြစ်ကြသည်။

ငကျွဲနားရှောင်းစေတီမှာမူ နှစ်ခြမ်းကွဲထွက်သွားပြီး ရွှေစည်းခုံစေတီ၊ ဆပဒဘုရား၊ စိန်းညက်ညီအစ်မဘုရား၊ နတ်လှောင်ကျောင်း၊ ဥပါလိသိမ် စသည်တို့၌လည်း ဆိုးရွားစွာ ပြိုကျပျက်စီးမှုများရှိခဲ့သည်ဟု ဆိုပါသည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း အထူးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာဂေါပကအဖွဲ့တို့က ကြီးမှူး၍ ၁၉၇၅ ခုနှစ်၊ ဩဂုတ်လမှ စတင်ကာ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ရှေးဟောင်းသုတေသနက ပြုပြင်မွမ်းမံပြီးသော စေတီပေါင်းမှာ စုစုပေါင်း ၄၇ ဆူရှိကြောင်း သိရှိရ၏။ အလားတူ ဆောက်လုပ်ရေးကော်ပိုရေးရှင်းက အထူးလုပ်ငန်းအဖွဲ့ကို ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းကာ စေတီအဆူ ၂၀ ကို တာဝန်ယူပြုပြင်ခဲ့သည်။ ဂေါပကအဖွဲ့များကလည်း ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် စေတီ၊ ပုထိုး ၂၄ ဆူကို ထိန်းသိမ်းပြုပြင်ခဲ့ကြောင်း သတင်းမှတ်တမ်း၌ ဖော်ပြပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်လုပ်ကြံမှု ဖြစ်ပွားစဉ်အတွင်း လွတ်မြောက်သွားသူ အချို့ရှိခဲ့

(၁၉-၇-၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က နိုင်ငံတော်လုပ်ကြံမှုကြီး ဖြစ်ပွားစဉ် လွတ်မြောက်သွားသူအချို့ရှိခဲ့ကြောင်း သတင်းမှတ်တမ်း တစ်ပုဒ်ကို တွေ့ရှိရပါသည်။ အခင်းဖြစ်ပွားစဉ်အတွင်း အစည်းအဝေး စားပွဲ၌ အတူရှိနေခဲ့ကြသော်လည်း လွတ်မြောက်သွားကြသူများမှာ ဝန်ကြီး ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်းနှင့် အတွင်းဝန် ဦးရွှေ ဘော်တို့ ဖြစ်ကြသည်။ လက်ဝဲဘက်စားပွဲ၌ နေရာယူထားကြသူ ဝန်ကြီး ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့မှာ အခင်းဖြစ်ပွားစဉ်စားပွဲ အောက်ကြမ်း ပြင်ပေါ်သို့ လှဲအိပ်ချလိုက်ကြရာ အသက်ဘေးမှလွတ် မြောက်ခဲ့ကြရ သည် ဆိုပါသည်။ ဝန်ကြီးဦးဘဂျမ်းမှာ လက်ယာဘက် လက်သူကြွယ် တွင်သာ အနည်းငယ်ဒဏ်ရာရရှိခဲ့၏။

ဝန်ကြီး ပျော်ဘွယ်ဦးမြနှင့် အတွင်းဝန် ဦးရွှေဘော်တို့နှစ်ဦးမှာမူ အစည်းအဝေးခန်း၏ နောက်ကျောရှိ ပြတင်းပေါက် သုံးပေါက်အနက်မှ တောင်ဘက်အစွန်း ပြတင်းပေါက်သို့ အပြေးအလွှားသွားရောက်ကာ ကျော်တက်ခဲ့ကြ၏။ ထို့နောက်တိုက်နံရံစွန်းမှ တွယ်ကပ်ဝပ်သွားကာ ကပ်လျက်တည်ရှိသည့် အတွင်းဝန်ဦးရွှေဘော်၏ အခန်းအတွင်းသို့ ဝင် ရောက် ကူးပြေးလွတ်မြောက်ခဲ့ကြခြင်းဖြစ်သည် ဆိုပါသည်။





## "တို့ဗမာ"သီချင်းကို တေးရေးစပ်သူကိုယ်တိုင် ပရိသတ်နှင့်အတူ ပထမဆုံးအကြိမ် သီဆို

(၂၀-၇-၁၉၃၀)

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားလှသော 'တို့ဗမာ' သီချင်းကို ဝိုင်အမ်ဘီသခင်တင်က ရေးစပ်သီကုံးခဲ့ပြီး ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော်၊ ရာဟုထောင့်၌ တေးရေးဆရာကိုယ်တိုင် ပရိသတ်နှင့်အတူ ပထမဆုံးအကြိမ်အဖြစ် ပါဝင်သီဆိုခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ ဝိုင်အမ် ဘီသခင်တင်သည် သခင်ဘသောင်းအပါအဝင် သခင်ခေါင်းဆောင် အချို့၏ ဖြည့်စွက်အကြံပေးချက်များနှင့် 'တကောင်း အဘိရာဇာ'အစချီ 'တို့ဗမာ'သီချင်းကို ရေးဖွဲ့ခဲ့ခြင်းဖြစ်၏။

'တို့ဗမာ'သီချင်းကို ရေးဖွဲ့ခဲ့ပြီးနောက် ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင် လဆန်းတွင် အင်္ဂလန်နိုင်ငံသို့ ပုံနှိပ်လုပ်ငန်းပညာသင်ယူရန်သွားရောက် မည့် မီးတုတ်သိန်းမောင်ကြီးအား မိတ်ဆွေအပေါင်းအသင်းများက နှုတ် ဆက်ပွဲတွင် ပထမဆုံးအကြိမ်သီဆိုခဲ့ကြ၏။ ယင်းပွဲသို့ သခင်ဘသောင်း၊ ဒီးဒုတ်ဦးဘချို၊ လူငယ်ကြီးပွားရေးအသင်း အတွင်းရေးမှူး ဦးသိန်းနှင့် သခင်လူငယ်များ တက်ရောက်ခဲ့ကြသည်ဆိုပါသည်။ 'တို့ဗမာ'သီချင်းကို ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် သဟာယနှင့် စာဖတ်ခန်းတွင် သခင်ဘသောင်းနှင့်အဖွဲ့က ဒုတိယအကြိမ်အဖြစ် သီဆိုခဲ့ကြ၏။ နောက် တစ်နေ့ဖြစ်သော ဇူလိုင်လ ၂၀ ရက်နေ့တွင် တေးရေးဖွဲ့သူ ဝိုင်အမ်ဘီ သခင်တင်ကိုယ်တိုင် ရွှေတိဂုံစေတီတော်၊ ရာဟုထောင့်ရှိ ဦးစံထွန်း၊ ဒေါ်နှစ်တန်ဆောင်းတွင် ပရိသတ်များရှေ့မှောက်၌ ပထမဆုံးအကြိမ် အဖြစ် အတူတကွသီဆိုခဲ့သည် ဆိုပါသည်။

ထို့နောက် သခင်ဘသောင်းက တို့ဗမာအစည်းအရုံးနှင့် 'တို့ဗမာ' သီချင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်ဆို၏။ ပြည်ထောင်စု



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတော်သီချင်းမှာ 'တို့ဗမာ'သီချင်းကို အခြေခံ၍ ရေးသားထားသည့် သီချင်းဖြစ်သည်။



"တို့ဗမာသီချင်း" ရေးစပ်ခဲ့သူ ဝိုင်အမ်ဘီသခင်တင်

## ဘီအေအေကွင်း၌ ပထမဆုံးအကြိမ် အမျိုးသမီးဘောလုံးပွဲကျင်းပပြုလုပ် (၁၆-၇-၁၉၅၅)

ရန်ကုန်မြို့ ဘီအေအေအားကစားပြိုင်ကွင်း၏ ပထမဆုံးအကြိမ် အမျိုးသမီးဘောလုံးပွဲကို ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ညနေပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် ထွန်းနေ့စဉ် သတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယင်းပြိုင်ပွဲတွင် အထက်မြန်မာပြည် အမျိုးသမီးအသင်းနှင့် အောက်မြန်မာပြည်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အထက်မြန်မာပြည်အမျိုးသမီးအသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့၏။ ဒိုင်လူကြီးအဖြစ် ခင်မကြီး (တောင်ကြီး)က ဆောင်ရွက်ပြီး အထက်မြန်မာပြည်အသင်း၏ ပထမဂိုးကို မတင်ရီက သွင်းယူခဲ့သည်။ ဘောလုံးပွဲသို့ လာရောက်ကြည့်ရှုကြသူ ပရိသတ်မှာ အထူးများပြားလှပြီး ရဲတပ်ဖွဲ့ဝင်များကပင် ဝင်ရောက်ထိန်းသိမ်းကြရသည်ဆိုပါသည်။





## မန္တလေးမြို့၌ ပရိယတ္တိသာသနဟိတ သာသနဗိမာန်တော်ကြီးဖွင့်လှစ် (၁၇-၇-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မန္တလေးမြို့ မလွန်ရပ် ၈၅ လမ်းနှင့် ၃၅ လမ်းထောင့်ရှိ သာသနဗိမာန်တော်ကြီးကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း ဇူလိုင်လ ၁၉ ရက်နေ့ထုတ် လူထုသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သာသနဗိမာန်တော်ကြီး ဖွင့်လှစ်စဉ် မန္တလေးမြို့ပေါ်ရှိ လေးပြင်လေးရပ်ဘုန်းတော်ကြီးကျောင်းများမှ ကြေးစည်၊ ခေါင်းလောင်းများ ရိုက်တီးလျက် စက်ရုံအသီးသီးမှလည်း ဥဩဆွဲမှုတ်ကာ သာဓုအနုမောဒနာပြုကြကြောင်း ဆိုပါသည်။ သာသနဗိမာန်တော်ကြီး မဖွင့်လှစ်မီညကပင် မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားခဲ့ပြီး အခမ်းအနားဖွင့်လှစ်မည့်နေ့ နံနက် ၉ နာရီအချိန်၌လည်း လေးပြင်လေးရပ်မှ သံဃာတော်အပါးနှစ်ရာကျော်တို့ကို မော်တော်ကားများဖြင့် ပင့်ဆောင်ခဲ့ကြ၏။

နံနက် ၁၀ နာရီအချိန်တွင် မစိုးရိမ်ဆရာတော်ကြီး ကြီးမှူးသော သံဃာတော်အပါး နှစ်ရာကျော်တို့က ဗိမာန်တော်ထက်သို့ ကြွရောက်ခဲ့ကြသည်။ ဗိမာန်တော်ပထမတံခါးဝတွင် ပရိယတ္တိသာသနဟိတအသင်းကြီး၏နာယက ဗိသုကာဆရာဆိုင်က တံခါးဖွင့်လှစ်ပေးခဲ့ပြီးနောက် သံဃာတော်တို့အား ဆွမ်းကပ်လှူခဲ့ကြ၏။ သာသနဗိမာန်ကြီးမှာ အလျား ၁၃၆ ပေ၊ အနံ ၅၆ ပေရှိပြီး အထပ်သုံးထပ်ဖြင့် မြန်မာ့ဗိသုကာလက်ရာပြောင်မြောက်စွာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကုန်ကျစရိတ်မှာမူ ကျပ်ခုနစ်သိန်းခန့်ရှိခဲ့သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## လျှပ်ပြင်းထန်စွာလှုပ်စဉ်အတွင်း မိခင်နှစ်ဦးက ကလေးများဖွားမြင်

(၁၆-၇-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၊ ည ၉ နာရီ၊ မိနစ် ၄၀ အချိန်တွင်အထက်မြန်မာနိုင်ငံမြို့ကြီးများတွင် လျှင်ပြင်းထန်စွာလှုပ်ခဲ့ရာ ကျောက်ဆည်မြို့၌ လျှင်လှုပ်နေစဉ်အတွင်း မိခင်နှစ်ဦးက ကလေးငယ်နှစ်ဦးကိုဖွားမြင်ခဲ့ကြောင်း မဏ္ဍိုင်သတင်းစာ၌ သတင်းဖော်ပြထားသည်ကိုတွေ့ရ၏။ ရှေးဦးစွာ ပြင်းထန်သော ပေါက်ကွဲသံကြီးကဲ့သို့ ကြောက်မက်ဖွယ် အသံကြီးပေါ်ထွက်လာပြီး နှစ်မိနစ်ကျော်ကြာ လျှင်သုံးကြိမ်လှုပ်ခဲ့သည်ဟုဆိုသည်။

ယင်းသို့ လျှင်မလှုပ်မီ မိနစ် ၂၀ ၌ ကျောက်ဆည်မြို့၊ မြို့မရဲဌာနမှ ရဲအမှုထမ်းမောင်လှဘော်၏ ဇနီးမခင်ပိုက သမီးမိန်းကလေးတစ်ဦးဖွားမြင်ခဲ့ပြီး လျှင်လှုပ်ပြီးစ၌ ကျောက်ဆည်မြို့ စိုက်ပျိုးရေး ဝန်ထောက် ဦးသန်းဆွေ၏ဇနီး (ရွှေဆည်မယ်)ဒေါ်လှရင်က သမီးမိန်းကလေးတစ်ဦးကို ဖွားမြင်ခဲ့ပြန်သည်။ ဇူလိုင်လ ၁၆ ရက်နေ့ ည ၁၀ နာရီ၊ ၅ မိနစ်အချိန်တွင် ၁၄ စက္ကန့်ကြာ ဒုတိယအကြိမ် လျှင်ပြင်းထန်စွာလှုပ်ခဲ့ပြီး ဆက်တိုက်ဆိုသလို လျှင်ထပ်မံလှုပ်ခဲ့ပြန်သည်ဆို၏။ စုစုပေါင်း လျှင်ငါးကြိမ်လှုပ်မှုကြောင့် အပျက်အစီးအများအပြားရှိခဲ့သော်လည်း မိခင်နှင့် ကလေးများမှာမူ ကျန်းမာစွာပင်ရှိနေကြသည်ဆိုပါသည်။

## တရုတ်နိုင်ငံသို့ပေးပို့မည့် တိရစ္ဆာန်ကလေးများ လေယာဉ်စောင့်ရင်း ရန်ကုန်၌ခေတ္တနားခို

(၈-၇-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ





တွင် နီပေါနိုင်ငံမှ တရုတ်နိုင်ငံသို့ လက်ဆောင်အဖြစ်ပေးပို့လိုက်သော တိရစ္ဆာန်များ လေယာဉ်စောင့်ရင်း ရန်ကုန်မြို့တွင် ခေတ္တနားခိုမည့်အကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိသည်။ တိရစ္ဆာန်များကို အိုင်အေစီအထူးလေယာဉ်ဖြင့် ဇူလိုင်လ ၇ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာကြရာ တရုတ်နိုင်ငံသို့ ဆက်လက်ပေးပို့ခြင်းမပြုမီ ရန်ကုန်တိရစ္ဆာန်ရုံ၌ ခေတ္တထားရှိရန် သက်ဆိုင်ရာသံရုံးမှ ကားဖြင့် လာရောက်ယူဆောင်ခဲ့သည်ဆို၏။ လေယာဉ်ဖြင့် ရောက်ရှိလာသော တိရစ္ဆာန်များမှာ ကြံ့တစ်ကောင်၊ မျောက်လွှဲကျော်တစ်ကောင်၊ ခွေးအတစ်ကောင်၊ အောက်ချင်းငှက် အဖို၊ အမတစ်စုံနှင့် စာကလေးမျိုးစုံတို့ ဖြစ်ကြသည်ဆိုပါသည်။ တိရစ္ဆာန်များအား ဇူလိုင်လ ၉ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ဆက်လက်ပေးပို့ရမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြထားပါသည်။

## မြန်မာပြည်ကုန်သည်ကြီးများအသင်း နာမည်ပြောင်းလဲခေါ်ဝေါ်

(၆-၇-၁၉၆၂)

မြန်မာပြည်ကုန်သည်ကြီးများအသင်းအား မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းဟု အမည်ပြောင်းလဲခေါ်လိုက်ပြီဖြစ်ကြောင်း ဟံသာဝတီသတင်းစာ၌ သတင်းဖော်ပြထားပါသည်။ မြန်မာပြည်ကုန်သည်ကြီးများအသင်းသည် ကိုလိုနီခေတ်ကာလ ၁၈၇၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး စတင်တည်ထောင်စဉ်က ရန်ကုန်မြို့မှကုန်သည်ကြီးမှန်သမျှအသင်းဝင်ခွင့်ရရှိခဲ့၏။ သို့သော် ပထမကမ္ဘာစစ် ဖြစ်ပွားလာသောအခါအသင်း၏စည်းမျဉ်းဥပဒေများကို ပြင်ဆင်လိုက်သဖြင့် ဗြိတိသျှပိုင် (သို့မဟုတ်) ဗြိတိသျှနှင့်အများစုပိုင်သော ကုန်သည်လုပ်ငန်းများသာ အချိန်ပြည့်အသင်းသားအဖြစ် ဝင်ရောက်နိုင်သည်ဟု ဆိုပါသည်။

၁၉၅၇ ခုနှစ်တွင်၊ အသင်း၏ ဥပဒေကို ထပ်မံပြင်ဆင်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ လူမျိုးမရွေး ကုန်သည်ကြီးများအသင်းသို့ ဝင်ရောက်နိုင်ကြပြီဖြစ်၏။ သို့သော် အသင်းဝင်လိုသူများအနေဖြင့် အခြားကုန်သည်အသင်းသို့ ဝင်ရောက်ခြင်းကိုမူ ခွင့်မပြုခဲ့ပေ။ ၁၉၆၁ ခုနှစ်တွင် ဤခြွင်းချက်ကို ထပ်မံပယ်ဖျက်လိုက်သဖြင့် ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင် မည်သူမဆို အသင်းသို့ ဝင်ရောက်ခွင့်ရရှိကြပြီဖြစ်သည်။ လက်ရှိအသင်းဝင်များ အနေဖြင့် မြန်မာ၊ ဒိန်းမတ်၊ ဟော်လန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေး၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကုန်သည်ကြီးများဖြစ်ကြသည်ဟု ဆိုပါသည်။

## မြန်မာအမျိုးသမီးတစ်ဦးက ပထမဆုံး စက်မဲ့လေယာဉ်စီးနင်းပြ
## (၂၉-၇-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် မှော်ဘီမြို့၊ မြန်မာ့တပ်မတော် (လေတပ်)စခန်းမှ အမျိုးသမီးစစ်ဗိုလ် ဗိုလ်လှသန်းက စက်မဲ့လေယာဉ် (ဂလိုက်ဒါ)ကို အမြင့်ပေ ၁၂၀၀ ကျော်မှ စီးနင်းပြသခဲ့ကြောင်း နောက်တစ်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ဗိုလ်လှသန်းသည် အင်္ဂလန်နိုင်ငံတွင် လေတပ်ပညာကို တစ်နှစ်ကြာ သင်ယူဆည်းပူးခဲ့ပြီး အစ္စရေးနိုင်ငံ၌လည်း လေတပ်ဆိုင်ရာလုပ်ငန်းများကို နှစ်လကြာလေ့လာခဲ့သည်ဆို၏။ ဂလိုက်ဒါကို စီနင်းပြသစဉ် မြန်မာ့တပ်မတော် (လေတပ်)မှ ဗိုလ်ကြီးဝင်းမြင့်၊ ဗိုလ်ကြီးခင်မြင့်နှင့် အရာရှိများ သတင်းစာဆရာများ တက်ရောက်ခဲ့ကြသည်ဆို၏။

ဂလိုက်ဒါစီးနင်းပြသပွဲကို မြို့မကျောင်း မြေကွက်လပ်တွင် ပြသရန်ကိုလည်းစီစဉ်ထားပြီး ရန်ကုန်တက္ကသိုလ်၌လည်း စက်မဲ့လေယာဉ် သင်တန်း တစ်ရပ်ကို ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်လျက်ရှိသည်ဆိုပါသည်။





## ရှေးမြန်မာ အမြောက်သေနတ်ခြောက်လက်အား
## အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်
## (၂၄-၇-၁၉၅၈)

မြန်မာနိုင်ငံမှ ဗြိတိသျှနယ်ချဲ့တို့ သိမ်းယူသွားကြသော ရှေးခေတ်မြန်မာ့တပ်မတော်သုံး အမြောက်သေနတ်ခြောက်လက်ကို အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတော်အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးအပ်သော အခမ်းအနားတစ်ရပ်အား ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့၌ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း ဇူလိုင်လ ၂၆ ရက်နေ့ထုတ် လူထုသတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ယင်းအမြောက်ကြီးခြောက်လက်မှာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး၌ အင်္ဂလိပ်တို့က သိမ်းယူသွားခဲ့ကြခြင်းဖြစ်ပြီး ကြေးအမြောက်နှစ်လက်၊ ကြေးသေနတ်နှစ်လက်နှင့် သံသေနတ် နှစ်လက်တို့ဖြစ်ကြ၏။ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ အိန္ဒိယနိုင်ငံသွားခရီးစဉ်တွင် ကာလကတ္တားမြို့၊ ဝီလျံခံတပ်အတွင်း၌ တွေ့ရှိခဲ့ရာမှ အိန္ဒိယသမ္မတ ဒေါက်တာရာဂျင်ဒရာပရာဆတ်ထံ မေတ္တာရပ်ခံတောင်းဆိုခဲ့ခြင်းဖြစ်၏။

အိန္ဒိယနိုင်ငံအစိုးရက မြန်မာဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ ဇူလိုင်လ ၁၀ ရက်နေ့တွင် အမြောက်သေနတ်များကို ရန်ကုန်မြို့သို့ အရောက်ပေးပို့ခဲ့ပြီး ဇူလိုင်လ ၂၄ ရက်နေ့၌ အိန္ဒိယသံအမတ်ကြီးက ဒုတိယဝန်ကြီးချုပ် သခင်တင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့သစ်ပင်စိုက်ပျိုးသောနေ့ အခမ်းအနား မြန်မာနိုင်ငံမြို့ကြီးများ၌ တစ်ပြိုင်နက်ကျင်းပ (၂၇-၇-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့သစ်ပင်စိုက်ပျိုးသောနေ့အခမ်းအနားအဖြစ် မြန်မာနိုင်ငံမြို့ကြီးများ၌ တစ်ပြိုင်နက် သစ်ပင်စိုက်ပျိုးကြကြောင်းသတင်းကို နောက်တစ်နေ့ထုတ် မဏ္ဍိုင်သတင်းစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ယင်းနေ့ နံနက် ၉ နာရီတွင် အောင်ပန်းမြို့ အထက်တန်းကျောင်းခန်းမဆောင်၌ နိုင်ငံတော်ကြံ့ခိုင်ရေးအသင်းက ကြီးမှူး၍ အခမ်းအနားကျင်းပခဲ့ပြီးနောက် အောင်ပန်း၊ ကလော၊ ကျုံ၊ ပွေးလှ၊ ပင်းတယနှင့် ရွာငံမြို့များတွင် သစ်ပင်ပေါင်း ၁၅၀၀၀ ကျော်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြ၏။

အလားတူ မေမြို့ (ယခုပြင်ဦးလွင်) ဖလန်တောင်ထက်တွင်လည်း တပ်မတော်တပ်ပေါင်းစုံနှင့် မြို့နယ်ကြံ့ခိုင်ရေးအသင်းတို့ကကြီးမှူးလျက် သစ်ပင်စိုက်ပျိုးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ဗိုလ်မှူးကြီး ခွန်နောင်က သစ်ပင်စိုက်ပျိုးရခြင်းအကြောင်းကိုဟောပြောရာတွင် သဲကန္တာရဘေး၊ ရေအခက်အခဲဘေး၊ မိုးခေါင်ခြင်းဘေးတို့မှကင်းဝေးပြီး မြေဩဇာဓာတ်ထိန်းသိမ်းရေးနှင့် ရာသီဥတုကောင်းမွန်ရေးတို့အတွက် ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့၏။ ထို့နောက်သစ်ပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း ဖော်ပြထားပါသည်။

## ကျိုက်ဒေးယျံစေတီဟောင်းနေရာမှ ဆင်းတုတော်များတူးဖော်ရရှိ (၂၄-၇-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာတွင် တောင်ဥက္ကလာပမြို့သစ်၊ ကျိုက္ကစံစေတီ၏ အရှေ့တောင်





ဘက်ရှိ ၁၃ ရပ်ကွက်၊ သုမနလမ်းသစ်ကြီး ဖောက်လုပ်ရာ၌ ကျိုက်ဒေးယျံရှေးဟောင်းစေတီပျက်နေရာကို တွေ့ရှိတူးဖော်ကြရာ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော် အများအပြားရရှိကြကြောင်း သတင်းဖော်ပြပါရှိပါသည်။ ယင်းကျိုက်ဒေးယျံစေတီတော်ဟောင်းနေရာမှ ရရှိသော ဌာပနာများနှင့် ဆင်းတုတော်များအား ယာယီကျောင်းတစ်ဆောင်ဆောက်လုပ်ကာ အပူဇော်ခံထားပေးရာ ရပ်နီး၊ ရပ်ဝေးမှ လာရောက်ဖူးမြော်သူများဖြင့် အထူးများပြားလျက်ရှိသည်ဆိုပါသည်။

ရှေးဟောင်း စေတီတော်ကြီးနေရာ တူးဖော်ရေးလုပ်ငန်းများကို တောင်ဥက္ကလာပ၊ ၁၃ ရပ်ကွက်နှင့် ၉ ရပ်ကွက်တို့မှ လူထုအသင်းအဖွဲ့များက လုပ်အားပေးကူညီကြကြောင်း၊ ဘုရားတူးဖော်ရာနေရာအတွင်းသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်မပြုဘဲ ရှုန့်ရင်းကြမ်းတမ်းသော စကားများပြောဆိုခြင်း မပြုကြရန်ကိုလည်း တားမြစ်ချက်ထုတ်ပြန်ထားကြောင်း သတင်း၌ ဖော်ပြပါရှိ၏။

## စုန်း၊ ကဝေနှင့် သရဲရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ပြသခွင့်မပြုတော့ (၂၇-၇-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရအနေဖြင့် ရုပ်ရှင်ကုမ္ပဏီနှင့် ထုတ်လုပ်သူများအား စုန်း၊ ကဝေနှင့် သရဲတစ္ဆေဇာတ်ကားများအား ထုတ်လုပ်ပြသခွင့်ပြုတော့မည်မဟုတ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည့်သတင်းကို ဖော်ပြထားပါသည်။ ရိုက်ကူးထုတ်လုပ်ခြင်းမပြုကြရန် ဖော်ပြထားသောဇာတ်ကားများမှာ စိတ်နေသဘောထားနှင့် အတွေးအခေါ်ပြောင်းလဲရေးတွင် ကြီးမားစွာ အနှောင့်အယှက်ဖြစ်စေသည့် နှစ်ဆောင်ပြိုင်ကဲ့သို့သော စုန်း၊ ကဝေ၊ သိုက်၊ နတ်စိမ်း၊ ဇာတ်ကားများ၊ တိုင်းရင်းသားလူမျိုးစုအားလုံး၏ သွေးစည်းညီ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ရေး ပြန်လည်တည်ဆောက်မှုတွင် ထိခိုက်စေသည့် 'ရွှေစာရံသမိုင်း'၊ 'ချင်းဖဝေး'၊ 'ရွှေနန်းကျင်'ကဲ့သို့သော ဇာတ်ကားများပါဝင်ပါသည်။

မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ အစိုးရအနေဖြင့် ဖော်ပြပါ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများအား ဖလင်ကော်ပြားထုတ် မရောင်းချရန်ကိုလည်း ရုပ်ရှင်မြှင့်တင်ရေးအဖွဲ့သို့ ညွှန်ကြားထားပြီးဖြစ်သည်ဆိုပါသည်။ ထို့ပြင် ရုပ်ရှင်ဆင်ဆာအဖွဲ့သို့လည်း ဖော်ပြပါအချက်များနှင့် ငြိစွန်းနေသည့် ဇာတ်လမ်းမျိုးပါဝင်နေသော မြန်မာဇာတ်ကားများ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို လက်ခံစစ်ဆေးခြင်းမပြုရန်လည်း ညွှန်ကြားခဲ့သည်ဆို၏။

## မြန်မာဆပ်ကပ်အဖွဲ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်
## (၂၉-၇-၁၉၆၂)

ဆိုဗီယက်ယူနီယံနှင့် မြန်မာနိုင်ငံတို့၏ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဆိုဗီယက်နိုင်ငံ၊ မော်စကိုမြို့တော်သို့ ဆပ်ကပ်ပညာ သင်ကြားရန် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့က သွားရောက်ခဲ့သော 'ဗမာ့မောင်မယ်'ဆပ်ကပ်အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်က ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့၊ ဆန်းကဖီး၌ နံနက် ၉ နာရီ မိနစ် ၃၀ အချိန်တွင်ပြုလုပ်ခဲ့ရာ ဦးမောင်မောင်က မိမိသည် ဆိုဗီယက်သို့ ရောက်ရှိစဉ်က တစ်လကြာ ရုရှားဘာသာစကားကို ဦးစွာသင်ယူခဲ့ရပြီး ဆပ်ကပ်ကျောင်း၌ ဆက်လက်ပညာ သင်ယူခဲ့ရကြောင်း သင်တန်းကျောင်းတွင် တိရစ္ဆာန်များကိုယဉ်ပါးအောင် သင်ပုံသင်နည်းများ၊ တိရစ္ဆာန်များ၏ သဘောတရားများကို အခြေခံမှစ အသေးစိတ်ဂရုတစိုက် သင်ကြားပေးခဲ့ကြောင်း သတင်းစာဆရာများအား





ရှင်းလင်းပြောကြားခဲ့သည်။

ဦးမောင်မောင်က မိမိအဖွဲ့အား ခြောက်လကြာမျှ နေ့စဉ်လေ့ကျင့်ခဲ့ရပြီးနောက် ၁၉၆၃ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ ဆပ်ကပ်ပြပွဲကို တင်ဆက်တော့မည်ဖြစ်ကြောင်း ဆိုပါသည်။ မိမိအနေဖြင့် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့မှ ကျားနှင့် ခြင်္သေ့များကိုဝယ်ယူရန် အစီအစဉ်ရှိကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့၏။

## ရာဇဝင်နောက်ခံ ဝတ္ထုရေးဆရာကြီး ရွှေစကြာဦးစိုးမြင့်ကွယ်လွန်
## (၇-၇-၁၉၇၈)

၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့၊ ညနေ ၆ နာရီအချိန်တွင် ရာဇဝင်နောက်ခံ ဝတ္ထုရေးဆရာကြီးအဖြစ်ထင်ရှားခဲ့သူ ရွှေစကြာ ဦးစိုးမြင့် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ် တွေ့ရှိရပါသည်။ ရွှေစကြာဦးစိုးမြင့်ကို ၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ဟင်္သာတခရိုင်၊ ဒေါင့်ကြီးအရှေ့ဘက်၊ ငါးအိမ်တန်းရွာ၌ ဦးထွန်းဦးနှင့် ဒေါ်ပိုးမှုန်တို့က ဖွားမြင်ခဲ့၏။ ဦးစိုးမြင့်သည် အသက်ခြောက်နှစ်အရွယ်တွင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သို့ ရောက်ရှိလာခဲ့ပြီး သာမဏေဘဝ၊ ရဟန်းဘဝနှင့် နှစ်နှစ်ဆယ်ခန့် ပညာဆည်းပူးခဲ့သည်။ ရှင်ဝရဏဘွဲ့ခံ ရဟန်းဘဝတွင် သကျသီဟစာချတန်း အောင်မြင်ခဲ့၏။ သကျသီဟတန်းအတွက် စာပေလေ့လာဆည်းပူးရင်း 'ပုစကော'၊ 'နာခံတော်'စသော ဝတ္ထုများ ရေးသားခဲ့သည်။ ယင်းဝတ္ထုများမှာ ပုဂံဝန်ထောက်မင်း ဦးတင်၏ သမိုင်းမှတ်တမ်းများအပေါ် အခြေပြုရေးသားခဲ့သည်ဆိုပါသည်။

ရွှေစကြာ ဦးစိုးမြင့်သည် ရဟန်းဘဝဖြင့် ခုနစ်ဝါရရှိခဲ့ပါသည်။ ယင်းနောက်ပိုင်းတွင် ထွန်းနေ့စဉ်သတင်းစာ၌ လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၄၀ ပြည့်နှစ်၌ ပထမဆုံးဖွဲ့စည်းသော အစိုးရပါဠိဘာသာ ပညာရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ၁၉၄၁



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၌ တွဲဖက်ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ဦးစိုးမြင့်သည် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ပါဝင်ခဲ့ကာ ၁၉၄၇ ခုနှစ်တွင် နဂါးနီဂျာနယ်၏ အယ်ဒီတာချုပ်ဖြစ်လာခဲ့ပြီး ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမာလာလာ ဆေကရ မြန်မာနိုင်ငံသို့ရောက်ရှိလာစဉ် မိနစ် ၄၀ ကျော်ကြာ ပါဠိဘာသာဖြင့် မိန့်ခွန်းပြောခဲ့ဖူးသည်ဆိုပါသည်။ ဆရာကြီးသည် ဝတ္ထုရှည် ၂၀ ကျော်နှင့် ဝတ္ထုတိုအမြောက်အမြားရေးဖွဲ့ခဲ့ရာ 'နာခံတော်'ဝတ္ထုကို တက္ကသိုလ် ဥပစာတန်း၌ ပြဋ္ဌာန်းခံခဲ့ရသည့်အပြင် ၁၉၆၇ ခုနှစ်တွင် အောင်မင်္ဂလာရုပ်ရှင်က 'ဇာတိမာန်' အမည်ဖြင့်လည်း ရုပ်ရှင်ရိုက်ကူးခဲ့ကြောင်း သိရှိရ၏။ ဦးစိုးမြင့် ကွယ်လွန်ချိန်၌ အသက် ၆၆ နှစ်ရှိပြီဖြစ်သည်။



စာရေးဆရာကြီး ရွှေစကြာဦးစိုးမြင့် (၁၉၁၂-၁၉၇၈)



# အခန်း (၈)

## ခေတ်ဟောင်းသတင်းစာများကပြောသော ဩဂုတ်လ

၁။ ဂျပန်ခေတ်တွင် ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာ (၁-၈-၁၉၄၃)

၂။ စာရေးဆရာကြီး မဟာဆွေကွယ်လွန် (၅-၈-၁၉၅၃)

၃။ ရှရှားပရာဗဒါသတင်းထောက် ထားဝယ်မြို့ မောင်းမကန်သို့ ရောက်ရှိလာ (၁၂-၈-၁၉၅၆)

၄။ ခနေပြူမြို့၌စိုက်ထူရန် မဟာဗန္ဓုလကြေးသွန်းရုပ်ရွှေးချယ် (၂-၈-၁၉၆၁)

၅။ အော်တိုမစ်တစ်အချက်ပြ မီးပွိုင့်စတင်ဖွင့်လှစ် (၁၁-၈-၁၉၅၅)

၆။ ဗိုလ်မှူးကြီးဟာရန်သီယို တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွား (၈-၈-၁၉၄၉)

၇။ ဧရာဝတီမြစ်ရေကြီးမှုကြောင့် သာရဝေါ်ရေကာတာကျိုးပေါက် (၆-၈-၁၉၅၅)

၈။ မြန်မာလူမျိုးများထဲမှ ပထမဆုံးသင်္ဘောကပ္ပတိန်ခန့်အပ်ခံရ (၇-၈-၁၉၅၉)

၉။ သုံးနှစ်ကျော်ကြာ အစာရေစာမစားဘဲ အာဟာရသိဒ္ဓိပြီးမြောက်နေသူတစ်ဦးတွေ့ရှိရ (၃-၈-၁၉၆၀)

၁၀။ ပန်းကန်ပြားပျံဟုယူဆရသည့်အရာတစ်ခု ဖြတ်သန်းသွားသည်ကို မြို့ကြီးအချို့မှ မြင်တွေ့ရ (၁၃-၈-၁၉၆၀)



www.burmeseclassic.com

www.burmeseclassic.com



၁၁။ မဟာမြိုင်တောနက်ကြီးအတွင်း၌ ရှေးဟောင်းကျောက်တိုင်များ တွေ့ရှိရ (၂၂-၈-၁၉၅၈)
၁၂။ သိကြားမင်း၏ရွှေပေလွှာကြောင့် မုဒုံမြို့မှ ပုံနှိပ်တိုက်များဝင်ငွေကောင်း (၂၀-၈-၁၉၅၅)
၁၃။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း စတင်ဖွဲ့စည်း (၂၆-၈-၁၉၄၇)
၁၄။ 'မာယာကြာခြည်' ရုပ်ရှင်ဇာတ်ကား ကမ္ဘောဒီးယားက ဝယ်ယူမည် (၂၁-၈-၁၉၅၉)
၁၅။ ဟီရိုရှီးမားနေ့အခမ်းအနား ဦးဘရီဇရပ်၌ ကျင်းပမည် (၂-၈-၁၉၆၀)
၁၆။ ထူးဆန်းသောနွားကလေးအား တိရစ္ဆာန်ရုံသို့ ပေးပို့လှူဒါန်း (၂၈-၈-၁၉၆၂)
၁၇။ ဆရာကြီးရွှေဥဒေါင်းကွယ်လွန်ရှာပြီ (၁၀-၈-၁၉၇၃)
၁၈။ အသက် ၁၃၀ နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးအား မြန်မာနိုင်ငံ၌ တွေ့ရှိရ (၂၃-၈-၁၉၅၃)
၁၉။ လန်ဒန်ပြတိုက်မှ အဖိုးတန်ရွှေပေလွှာများ မိုက္ကရိုဖလင် ရိုက်ကူးပေးပို့ (၃၀-၈-၁၉၅၅)
၂၀။ မန္တလေးဈေးချိုတော် နာရီစင်ကြီး လေးမျက်နှာမှ အချိန်သုံးမျိုးပြနေ (၃၁-၈-၁၉၅၈)
၂၁။ တောင်ပေါ်ဒေသ၌ မကြုံစဖူးရေကြီးမှုဖြစ်ပွား (၂၇-၈-၁၉၆၁)
၂၂။ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများအား ပထမဆုံးအကြိမ်အဖြစ် စတင်အရေးယူ (၂၈-၈-၁၉၆၂)
၂၃။ မီရထားကြေးနန်းဌာနမှ မြန်မာစာကို အသုံးပြုတော့မည် (၁၅-၈-၁၉၆၀)



## ဂျပန်ခေတ်အတွင်း ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာ (၁-၈-၁၉၄၃)

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာခဲ့ကြောင်း သတင်းမှတ်တမ်း တစ်ပုဒ်ကို ယင်းနေ့ထုတ် ဗမာ့ခေတ်သတင်းစာ၌ တွေ့ရှိရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမိုင်းတွင် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် အထိကာလကို ဂျပန်ခေတ်ဟု သတ်မှတ်ဖော်ပြကြ၏။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလကုန်သည်အထိ ဘီအိုင်အေ အုပ်ချုပ်ရေးခေတ်ဖြစ်ပြီး ၁၉၄၂ ခုနှစ်၊ ဇွန်လမှ ၁၉၄၃ ခုနှစ်၊ ဇူလိုင်လ အထိသည် ဂျပန်စစ်အုပ်ချုပ်ရေးကာလဖြစ်သည်။ ဂျပန်စစ်အုပ်ချုပ်ရေးကာလအတွင်း ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ မြန်မာအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ၌ ဒေါက်တာဘမော်က ဝန်ကြီးချုပ်ဖြစ်ခဲ့၏။

ဂျပန်အုပ်ချုပ်ရေး လက်အောက်ခံအဖွဲ့သည် လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ၁၉၄၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင်လည်း ဒေါက်တာဘမော် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဗမာ့လွတ်လပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ကြသည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးအပ်ခဲ့ကြ၏။ လွတ်လပ်ရေးကြေညာသောနေ့၌ပင် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ နိုင်ငံတော်အဓိပတိနှင့် ဝန်ကြီးချုပ် ဒေါက်တာဘမော် အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ် ၁၆ ဦးပါဝင်ခဲ့ကြသည်။ ယင်းအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် သခင်မြ၊ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်ထဲရေးဝန်ကြီးအဖြစ် ဦးဘဝင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် သခင်နု စသူတို့ပါဝင်ခဲ့ကြ၏။

စစ်အတွင်း ဖက်ဆစ်ဂျပန်တို့ပေးအပ်ခဲ့သည့် လွတ်လပ်ရေးကို ဂျာမနီ၊ ထိုင်းလင်း၊ နန်ကင်း၊ ဘူလ်ဂေးရီးယား၊ မန်ချူးကိုး စသည့်နိုင်ငံများက အသိအမှတ်ပြုခဲ့ကြသည်။ သို့သော် ဂျပန်ခေတ် လွတ်လပ်ရေးမှာ အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေးမျှသာဖြစ်ပြီး ဖက်ဆစ်ဂျပန်တို့ကသာ လွှမ်းမိုးထားခဲ့ကြ၏။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်မှ စစ်မှန်သောလွတ်လပ်ရေးကို ရရှိခဲ့ကြသည်။



ဂျပန်ခေတ်စစ်အုပ်ချုပ်ရေးအဖွဲ့ (ဌနံ၊ ၁၉၄၂)





## စာရေးဆရာကြီး မဟာဆွေကွယ်လွန်
## (၅-၈-၁၉၅၃)

၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် စာရေးဆရာကြီး မဟာဆွေ ကွယ်လွန်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ မဟာဆွေ၏ အမည်ရင်းမှာ ဦးဘရှိန်ဖြစ်၏။ မိဘများမှာ စစ်ကိုင်းမြို့မှ ကုန်သည် ဦးအောင်ငြိမ်းနှင့် ဒေါ်မြင့်တို့ ဖြစ်ကြသည်။ ဖခင် ဦးအောင်ငြိမ်း၏မိခင် (ဖခင်ဘက်မှ အဘွား) ဒေါ်အိုကြီးမှာ ဝေါဟာရလီနတ္ထဒီပနီကျမ်းပြု လေ့သင်းအတွင်းဝန်မင်း ဦးချိန်၏နှမဖြစ်သကဲ့သို့ မိခင်ဒေါ်မြင့်၏ဖခင် (မိခင်ဘက်မှအဘိုး) ဦးပေတိုးမှာလည်း တိုင်တားမင်းကြီး ဦးဖိုး၏ ညီအရင်း ကြို့မကျီထောင်မှူးတစ်ဦးဖြစ်ပါသည်။ ဤသို့နှစ်ဖက်ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသည်ကို အကြောင်းပြု၍ 'မဟာဆွေ'ဟူသော ကလောင်အမည်ကို ခံယူခဲ့ခြင်းဖြစ်သည်ဆိုပါသည်။

မဟာဆွေသည် စစ်ကိုင်းမြို့မှ ရှစ်တန်းအောင်မြင်ခဲ့ပြီးနောက် မန္တလေးမြို့ အစိုးရနော်မန်ကျောင်းမှ ကိုးတန်းနှင့် ဆရာဖြစ်လက်မှတ် ရရှိခဲ့၏။ ထို့နောက် ရွှေဘိုခရိုင်၊ ဝက်လက်မြို့တွင် ကျောင်းဆရာလုပ်ရင်း စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သည်။ ဝက်လက်တွင် လေးနှစ်ခန့်နေပြီး မြစ်ကြီးနားသို့ ပြောင်းရွှေ့စဉ် ပညာအုပ်နှင့် ပဋိပက္ခဖြစ်ကာ ဟိုပင်မြို့သို့ ပြောင်းရွှေ့နေထိုင်၏။ ထို့နောက် ဝက်လက်၌ ပြန်လည်အမှုထမ်းစဉ် ဒိစတြိတ်ကောင်စီ ချယ်ရာမင် ဦးဘစိန်နှင့် မပြေမလည်ဖြစ်ကာ အလုပ်ပြုတ်ခဲ့ရသည်။ နောက်ပိုင်း စာပေလောကသို့ လုံးလုံးလျားလျားဝင်ရောက်ခဲ့ပြီး ၁၉၂၉ ခုနှစ်၊ ဇူလိုင်လထုတ် သူရိယသတင်းစာမှစ၍ မဟာဆွေ ကလောင်အမည်ကို ခံယူခဲ့၏။ ထင်ရှားသော စာပေလက်ရာအချို့မှာ သူပုန်ကြီး၊ ဈေးချိုသူ၊ မယ်တို့ပြည်၊ မောင်တို့ပြည်၊ ဒို့မေမေ စသည့်ဝတ္ထုများဖြစ်ကြ၏။ ဆရာကြီး၏ ဝတ္ထုအမြောက်အမြားမှာ အမျိုးသားလွတ်မြောက်ရေးလှုံ့ဆော်ချက် ဝတ္ထုများဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရုရှားပရာဗဒါသတင်းထောက် ထားဝယ်မြို့မောင်းမကန်သို့ ရောက်ရှိလာ (၁၂-၈-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ရုရှားနိုင်ငံ၊ မော်စကိုမြို့တော်တွင်ထုတ်ဝေသော နာမည်ကျော် ပရာဗဒါသတင်းစာမှ သတင်းထောက် မစ္စတာအိုလက်အော်ရက်စ်တော့ဖ်နှင့် အခြားရုရှားလူမျိုးနှစ်ဦး ထားဝယ်မြို့၊ မောင်းမကန်ပင်လယ်ရေချိုးဆိပ်သို့ ရောက်ရှိလာကြောင်း ထွန်းနေ့စဉ်သတင်းစာတွင် ဖော်ပြထားပါသည်။ ရုရှားနိုင်ငံမှ သတင်းထောက်သည် ပရာဗဒါသတင်းစာမှ အိန္ဒိယပြည်ဆိုင်ရာ တာဝန်ခံဖြစ်ပြီး ထားဝယ်မြို့သို့ ရန်ကုန်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ထားဝယ်သို့ရောက်ရှိပြီး နာရီအနည်းငယ်အတွင်း၌ပင် မောင်းမကန်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ခြင်းဖြစ်သည်။

ရုရှားသတင်းထောက်က မောင်းမကန်ကို အထူးအံ့ဩပြီး စွဲလန်းနှစ်ခြိုက်မိပါသည်ဟု ပြောဆိုခဲ့သည်ဆိုပါသည်။ ထို့နောက် နောက်တစ်နေ့တွင် ထားဝယ်မြို့မြောက်ဘက် ၅၂ မိုင်အကွာ ကန်ပေါက်သတ္တုတွင်းသို့သွားရောက်ကာ နှစ်နာရီကြာလေ့လာခဲ့သည်။ ညနေပိုင်းတွင် ထားဝယ်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဖဆပလအမတ် ဦးဆင်ကွင်တည်ခင်းဧည့်ခံသော ညစာစားပွဲကို မြန်မာရုပ်အကျီ၊ လုံချည်များနှင့် မြန်မာအသွင် ဝတ်ဆင်တက်ရောက်ခဲ့ကြ၏။ ဩဂုတ်လ ၁၄ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ပရာပဒါသတင်းထောက်သည် ထားဝယ်မြို့မှဒေသခံ သတင်းထောက်များနှင့်တွေ့ဆုံကာ ထားဝယ်ခရိုင်၏ အခြေအနေများကို မေးမြန်းခဲ့၏။ ရုရှားသတင်းထောက်သည် ဩဂုတ်လ ၁၆ ရက်နေ့တွင် ထားဝယ်မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားပြီးနောက် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်း၌ဖော်ပြပါရှိပါသည်။





## ခနေဖြူမြို့၌ စိုက်ထူရန် မဟာဗန္ဓုလကြေးသွန်းရုပ်ရွေးချယ် (၂-၈-၁၉၆၁)

၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် စစ်သူကြီးမဟာဗန္ဓုလကျဆုံးခဲ့ရာ ခနေဖြူမြို့၌စိုက်ထူမည့် ဗန္ဓုလကြေးသွန်းရုပ်တုအတွက် နမူနာရုပ်တုငါးခုအနက် ပန်းပုဆရာ ဦးမြသောင်း၏လက်ရာကို ရွေးချယ်လိုက်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ မဟာဗန္ဓုလကြေးရုပ် နမူနာရုပ်တုငယ်ကို ပန်းပုဆရာကြီး ဦးစံဖေ (တောင်ကြီး)၊ မန်စုကီး (ရန်ကုန်)၊ ဦးလွင် (ရန်ကုန်)၊ ဦးဟန်တင် (ရန်ကုန်) နှင့် ဦးမြသောင်း (မန္တလေး)တို့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်သွင်းခဲ့ကြရာ ဦးမြသောင်း၏လက်ရာမှာ သက်ဆိုင်ရာက သတ်မှတ်ထားသောမူနှင့် ကိုက်ညီသည့်အပြင် စျေးနှုန်းလည်းနည်းနေသောကြောင့် ဦးမြဖ်သာင်း၏လက်ရာမှာ ရွေးချယ်ခံခဲ့ရကြောင်းဆိုသည်။

ဦးမြသောင်းသည် ငွေကျပ်သုံးသောင်းတန် ကြေးရုပ်နမူနာဖယောင်းရုပ်ကို သုံးလအတွင်း ဆိုင်ရာသို့တင်သွင်းရမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြပါရှိပါသည်။

## အော်တိုမစ်တစ်အချက်ပြမီးပွိုင့် စတင်ဖွင့်လှစ် (၁၁-၈-၁၉၅၅)

အော်တိုမစ်တစ် အချက်ပြမီးပွိုင့်သစ်တစ်ခုကို ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့၊ နံနက် ၈ နာရီအချိန်တွင် ရန်ကုန်ရဲမင်းကြီး ဦးခင်မောင်မောင်က ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်း (အနော်ရထာလမ်း) လမ်းဆုံ၌ ဖွင့်လှစ်ပေးခဲ့ကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ယာဉ်ထိန်းမီးအချက်ပြတိုင်မှာ အော်တိုမစ်တစ် ခေါ် အလိုအလျောက်မီးအချက်ပြစနစ်ဖြင့် တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်စိုက်ထူထားခြင်းဖြစ်သဖြင့် စိတ်ပါဝင်စားသူ၊ လေ့လာလိုသူ လူအများက လမ်းဆုံတစ်ဝိုက်တွင် လာရောက်ကြည့်ရှုခဲ့ကြကြောင်း ဆိုပါသည်။

ထိုနေ့နံနက်တွင် လမ်းပန်းရှင်းလင်းရေးဌာနမှ ရဲအဖွဲ့ဝင် အရာရှိအမှုထမ်းများကလည်းကူညီ၍ ယာဉ်မောင်းသူများနှင့် လမ်းသွားလမ်းလာများအား လက်တွေ့ညွှန်ကြားပြသခဲ့ကြသည်ဆို၏။ လက်ရှိနေရာမှ မီးအချက်ပြတိုင်မှာ ၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က စိုက်ထူခဲ့ပြီး နှစ်နှစ်နှင့် ကိုးလအကြာ၌ ယခုကဲ့သို့ ပြောင်းလဲစိုက်ထူနိုင်ခဲ့ကြောင်း သက်ဆိုင်ရာကဆိုပါသည်။

## ဗိုလ်မှူးကြီးဟရန်သီယို တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွား
(၈-၈-၁၉၄၉)

၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာ့တပ်မတော် ချင်းသေနတ်ကိုင်တပ်ရင်း (၁)မှ ဗိုလ်မှူးကြီးဟရန်သီယိုသည် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကိုနှိမ်နင်းစဉ် ဒဏ်ရာရရှိ ကွယ်လွန်သွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ် တွေ့ရှိရပါသည်။ ဟရန်သီယိုသည် ချင်းတိုင်းရင်းသားတစ်ဦးဖြစ်ပြီး ၁၉၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဖလမ်းနယ်၊ လယ်ဇိုး၌ဖွားမြင်ခဲ့သူဖြစ်၏။ ဖလမ်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ပြီး အသက် ၂၀ အရွယ်၌ ဘားမားရိုင်ဖယ်တပ်ရင်း (၂) သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ဟရန်သီယိုသည် စစ်မှုထမ်းစဉ်ကာလအတွင်း တိုက်ပွဲပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ရ၏။ ဒုတိယကမ္ဘာစစ်အတွင်း၌လည်း ပါဝင်စစ်မှုထမ်းခဲ့ရသည်။

လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉ ခုနှစ်၊ မေလမှစ၍ အင်းစိန်တွင် တာဝန်ထမ်းဆောင်ခဲ့ရပြီး မှော်ဘီ၊ ထန်းတစ်ပင်တိုက်ပွဲ၌ ဒဏ်ရာရကျဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ဟရန်သီယိုသည် ၁၉၄၃ ခုနှစ်ကပင် ဘုရင်ခံ





အမိန့်တော်ခန့် စစ်ဗိုလ်ရာထူးကိုရရှိခဲ့ပြီး အင်္ဂလန်နိုင်ငံသို့လည်း သွားရောက်စစ်ပညာသင်ခွင့်ရရှိခဲ့၏။ သူသည် သဘောထားကြီးပြီး ရိုးသားဖြောင့်မတ်သူဖြစ်သည့်အပြင် အားကစားဘက်၌လည်း ထူးချွန်သူတစ်ဦးဖြစ်ပါသည်။

## ဧရာဝတီမြစ်ရေကြီးမှုကြောင့် သာရဝေါ်ရေကာတာကျိုးပေါက်
(၆-၈-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဟင်္သာတမြို့ တစ်ဖက်ကမ်း၌ သာရဝေါ်မီးရထားဘူတာရုံအနီးမှ ရေကာတာကျိုးပေါက်မှုကြောင့် သာရဝေါ်ကျေးရွာတစ်ရွာလုံး ရေလွှမ်းမိုးခံခဲ့ရကြောင်း ဩဂုတ်လ ၁၃ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ ဩဂုတ်လ ၆ ရက်နေ့ ည ၁၀ နာရီခန့်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေမတက်မီကတည်းက မျောတိုင်များဖြင့် စနစ်တကျပြုလုပ်ထားသော ပန်းတာမှာ ၁၅ ပေခန့် ကျိုးပေါက်သွားခဲ့ရာ ရေများအရှိန်ပြင်းစွာ စီးကျလာခဲ့၏။

တာကျိုးပေါက်မှုကြောင့် တာကျိုးသည့်နေရာအနီးရှိ အိမ်နှစ်လုံးမှာ လွင့်စင်သွားခဲ့ပြီး နေထိုင်ကြသူ မိသားစုတို့မှာလည်း အသက်ဘေးမှ လွတ်မြောက်ရန် အလျင်အမြန်ပြေးလွှားခဲ့ရသည်ဆို၏။ အချိန်အနည်းငယ်အတွင်း ကျေးရွာအတွင်း ရေလွှမ်းမိုးသွားရာ နေထိုင်သူများမှာ အိမ်ခေါင်မိုးကို အပေါက်ဖောက်လျက် ရေကူးထွက်ပြေးခဲ့ကြရ၏။ ဩဂုတ်လ ၇ ရက်နေ့၊ နံနက် ၇ နာရီခန့်တွင် နောက်ထပ်ပေ ၂၀ ခန့် ထပ်မံ ကျိုးပေါက်ပြန်ရာ အထက်တန်းကျောင်းကြီး၏အောက်ထပ်မှာ ရေမြုပ်သွားခဲ့ရ၏။ မြစ်ရေကြောင့် လက်ပံတန်း-သာရဝေါ်သွား မီးရထားမှာ လမ်းခုလတ်၌ ရပ်တန့်ထားခဲ့ရသည်ဆို၏။

ထို့ပြင် မြစ်ရေကြီးလျက် ရေလွှမ်းမိုးမှုကြောင့် လယ်ယာမြေ




www.burmeseclassic.com

www.burmeseclassic.com



အများအပြား ပျက်စီးခဲ့သည့်အပြင် ကျွဲ၊ နွားများထားရှိရန်လည်း အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်ဆို၏။ ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်မှာ ၄၂ ဒသမ ၅ ဖြစ်သော်လည်း ဩဂုတ်လ ၈ ရက်နေ့တွင် မြစ်ရေမှာ ၅၄ ဒသမ ၁ သို့ ရောက်ရှိလာသဖြင့် အနိမ့်ပိုင်းတွင် နေထိုင်သူများအားလုံး ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရ၏။ ဟင်္သာတမြို့ မြူနီစပါယ်အဖွဲ့ကကြီးမှူး၍ ရေဘေးကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရကြောင်း သတင်းတွင်ဖော်ပြပါရှိပါသည်။



၁၉၅၅ ခုနှစ် ဟင်္သာတမြို့၌ ရေလွှမ်းမိုးခဲ့စဉ်

မြန်မာလူမျိုးများထဲမှ ပထမဆုံး သင်္ဘောကပ္ပတိန် ခန့်အပ်ခံရ
(၇-၈-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် နိုင်ငံခြားသို့ ခုတ်မောင်းသွားလာနေသော မြန်မာနိုင်ငံပိုင် အစိုးရ





ပင်လယ်ကူးသင်္ဘောများတွင် လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားကပ္ပတိန်များနေရာ၌ မြန်မာလူမျိုးများထဲမှ ပထမဆုံးကပ္ပတိန်အဖြစ် ကပ္ပတိန်ညွှန့်ဝေကို ဩဂုတ်လ ၆ ရက်နေ့မှ စတင်ခန့်အပ်လိုက်ခြင်းဖြစ်ပြီး သူသည် ယခင်က သင်္ဘောအရာရှိ၊ မာလိန်မှူး စသည်ဖြင့် လုပ်ကိုင်ခဲ့ဖူးကြောင်း ဆိုပါသည်။

မြန်မာလူမျိုးများထဲမှ ပထမဆုံးခန့်အပ်ခံရသော ကပ္ပတိန် ညွှန့်ဝေသည် မြန်မာနိုင်ငံအစိုးရပိုင် အောင်မေတ္တာပင်လယ်ကူးသင်္ဘောကို ဦးစီးကာ ကာလကတ္တားသို့ သွားရောက်ရမည်ဖြစ်သည်။ အောင်မေတ္တာသင်္ဘော ကာလကတ္တားသို့ သွားရောက်ရခြင်းမှာ နှစ်စဉ်လွှန်းတင်နေကျအချိန်ဖြစ်၍ သွားရောက်ရခြင်းမျှသာဖြစ်ပြီး လွှန်းတင်ပြီးစီးပါက မြန်မာနိုင်ငံသို့ ကျောက်မီးသွေးများတင်ဆောင်လျက် ပြန်လည်ခုတ်မောင်းလာရမည်ဖြစ်သည်။ ပထမဆုံးခန့်အပ်ခံရသော ကပ္ပတိန် ညွှန့်ဝေအတွက် ဝမ်းမြောက်ဂုဏ်ယူကြကြောင်း သတင်းတွင်ဖော်ပြထားပါသည်။

သုံးနှစ်ကျော်ကြာ အစာရေစာမစားဘဲ အာဟာရသိဒ္ဓိ
ပြီးမြောက်နေသူတစ်ဦးတွေ့ရှိရ
(၃-၈-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သုံးနှစ်ကျော်ကြာ အစာရေစာမစားဘဲ အာဟာရသိဒ္ဓိပြီးမြောက်နေသူ အမျိုးသမီးတစ်ဦးအား ဝါးခယ်မမြို့နှင့် သုံးမိုင်အကွာထီးပနန်းကျောင်းစုကျေးရွာ၌ တွေ့ရှိရသော သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ၎င်းအမျိုးသမီးမှာ အသက် ၃၅ နှစ်အရွယ်ရှိ မသန်းရင်ဆိုသူဖြစ်ပြီး အစားအသောက်လုံးဝစားသုံးခြင်းမရှိဘဲ အသက်ရှင်နေသူတစ်ဦးဖြစ်သည်ဆိုပါသည်။ မသန်းရင်သည် အိမ်မဲမြို့အပိုင် ကန်နီရွာမှ ဦးမောင်ဟန်၊ ဒေါ်စောတို့၏သမီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ၁၃ နှစ်ခန့်က ထီးပနန်းကျေးရွာနေ ကိုသန်းမောင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး အောင်ကျော်မြင့် ၁၀ နှစ်၊ သမီး မသန်းမြင့် ခြောက်နှစ်တို့ကို ဖွားမြင်ခဲ့သည်။ လွန်ခဲ့သည့်သုံးနှစ်ခန့်က သားယောက်ျားကလေးတစ်ဦး ဖွားမြင်ပြန်သော်လည်း အဖတ်မတင်ဘဲ မသန်းရင်မှာ မီးယပ်ရောဂါဖြင့် အိပ်ရာထဲလဲနေခဲ့သည်ဆို၏။ ထိုစဉ်ကာလမှစ၍ ထမင်းမစား၊ ရေမသောက်တော့ကြောင်း ဆိုပါသည်။ ထို့နောက် တစ်စစ ပြန်လည်နေကောင်းလာခဲ့သော်လည်း အစာရေစာ လုံးဝစားသောက်ခြင်း မပြုတော့ပေ။ ခင်ပွန်းဖြစ်သူမှာ ဇနီးမသန်းရင်အတွက် တစ်စုံတစ်ခု ဖြစ်တော့မည်ဟု စိုးရိမ်သည့်အလျောက် ဆေးဆရာမျိုးစုံနှင့် ကုသခဲ့သည်။ ဆရာတစ်ဦးကမူ ဆေးကုသရန်မလိုဘဲ ကျန်းမာရေးကောင်းနေကြောင်း ပြောကြားခဲ့၏။

မကြာမီ မသန်းရင်တွင် ပဋိသန္ဓေရှိလာပြန်ကာ သားငယ်လေးတစ်ဦးကို ဖွားမြင်ခဲ့ပြန်သည်။ ကလေးရော မိခင်ပါ ကျန်းမာရေးကောင်းမွန်လျက်ရှိသော်လည်း အားလုံးက ကလေးအတွက်စိုးရိမ်ကြသဖြင့် မသန်းရင်အား ရေသောက်စေရာ တစ်နေ့တစ်ကြိမ် အနည်းငယ်မျှသာ သောက်ခဲ့သည်ဆိုပါသည်။ မသန်းရင်အနေဖြင့် မုန့်ပဲသရေစာလည်း စားသုံးခြင်းမရှိဘဲ ဆာလောင်မွတ်သိပ်ခြင်းနှင့် ဝမ်းနည်းခြင်းများကိုလည်း မခံစားရကြောင်း သတင်း၌ဖော်ပြပါရှိပါသည်။

## ပန်းကန်ပြားပျံဟု ယူဆရသည့်အရာတစ်ခု ဖြတ်သန်းသွားသည်ကို မြို့ကြီးအချို့မှ မြင်တွေ့ရ (၁၃-၈-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ပန်းကန်ပြားပျံဟု ယူဆရသည့် အရာတစ်ခု ဖြတ်သန်းသွားသည်ကို မြို့ကြီးအချို့မှ မြင်တွေ့လိုက်ရကြောင်း ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ထုတ်





အိုးဝေသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ ရွှေဘိုမြို့ပေါ်တွင် ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ နေ့စဉ် ၇ နာရီခွဲခန့်မှစတင်ပြီး နှစ်နာရီ တစ်ကြိမ်မျှ အနောက်တောင်ထောင့်အရပ်မှ အရှေ့မြောက်ထောင့်အရပ်သို့ ဖြတ်သန်းပျံသန်းသွားသည်ကို တွေ့ကြရသည်ဆို၏။ အမျိုးအမည်ကို မဖော်ပြနိုင်သော ယင်းအရာမှာ သောကြာကြယ်မျှ ကြီးမားသည်ဆိုပါသည်။

အလားတူ အဖြစ်အပျက်မျိုးကို ပုဂံမြို့ပေါ်တွင် ဩဂုတ်လ ၁၂ ရက်နေ့ ည ၉ နာရီ၊ ၄၅ မိနစ်၌ မြို့သူ၊ မြို့သားအများက တွေ့မြင်ကြရသည်ဆို၏။ မြို့၏အနောက်တောင်ထောင့်မှ အရှေ့မြောက်အရပ်သို့ ဖြတ်ကျော်ပျံသန်းသွားသည့်အရာမှာ ပန်းကန်ပြားပျံဖြစ်သည်ဟုဆိုကြပြီး ထင်ရှားလျှင်မြန်စွာ ဖြတ်ကျော်သွားသည်ဆို၏။

## မဟာမြိုင်တောနက်ကြီးအတွင်း၌ ရှေးဟောင်းကျောက်တိုင်များတွေ့ရှိရ (၂၂-၈-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ထုတ် လူထုသတင်းစာတွင် ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ မဟာမြိုင်တောနက်အတွင်း၌ ရှေးဟောင်းကျောက်တိုင်ကြီးခြောက်တိုင်ကို တွေ့ရှိရကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ မဟာမြိုင်တောသည် ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ ခဒိပ်၊ ခေါင်းတုံးကျေးရွာနှင့် ငါးမိုင်ခန့်အကွာ၌ရှိပြီး လူသူအရောက်အပေါက်နည်းသော ဒေသဖြစ်သည်ဆို၏။ မဟာမြိုင်တောနက်အတွင်း တွေ့ရှိရသော ကျောက်တိုင်ကြီးများမှာ တစ်လုံးလျှင် အောက်ခြေလုံးပတ် ၄ ပေ၊ ၆ လက်မ၊ အရှည် ၂၅ ပေ၊ ၆ လက်မရှိသည်ဆိုပါသည်။ ကျောက်တိုင်ကြီးများတွင် ကမ္ပည်းကျောက်စာများကိုမူ ရေးထိုးထားခြင်းမရှိဟု ဆို၏။

မဟာမြိုင်တောကြီးသည် အနီးဆုံးဖြစ်သော ကျွန်းလှမြို့မှပင် မိုင်



www.burmeseclassic.com

www.burmeseclassic.com



၂၀ အကွာ၌တည်ရှိပြီး သွားလမ်းလာလမ်းမရှိပေ။ နောက်ပိုင်း တစ်စစ အသွားအလာရှိရာမှ ယခုကဲ့သို့ ကျောက်တိုင်ကြီးများကို တွေ့ရှိကြရခြင်း ဖြစ်သည်။

## သိကြားမင်း၏ရွှေပေလွှာကြောင့် မုဒုံမြို့မှ ပုံနှိပ်တိုက်များဝင်ငွေကောင်း
## (၂၀-၈-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မုဒုံမြို့နယ်အတွင်းရှိ အိမ်တိုင်းလိုလိုပင် သိကြားမင်း၏ ရွှေပေလွှာခေါင်းစဉ်ဖြင့် ကြေညာစာတမ်းများ နေ့စဉ်နှင့်အမျှ ရောက်ရှိနေကြရာ မည်သူက မည်သို့မည်ပုံစတင်ခဲ့သည်ကို စုံစမ်း၍မရနိုင်ခဲ့ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ သိကြားမင်း၏ ရွှေပေလွှာ ခေါင်းစဉ်ဖြင့် ကြေညာစာတမ်းတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရိုသေကြရန်၊ လွှတ် ၄ ရက်နေ့ ညသန်းခေါင်တွင်တော်လဲပြီး တန်ခိုးကြီးဘုရားများ ရောင်ခြည်တော်လွှတ်မည်။ လွှတ် ၇ ရက်တွင် ဝရဇိန်မိုးကြိုးပစ်မည်။

ရွှေပေလွှာကို ငွေကြေးမတတ်နိုင်သူတို့က စာပါညွှန်ကြားချက်အတိုင်း ခုနစ်စောင်ကူးယူဝေငှကြပြီး ငွေကြေးတတ်နိုင်သူတို့ကပုံနှိပ်တိုက်များတွင် ရှက်ရေငါးရာ၊ တစ်ထောင်စသဖြင့် ရိုက်နှိပ်နေကြရာ ယခင်ပုံနှိပ်စက်ရိုက်နှုန်း တစ်ထောင်လျှင် ၇ ကျပ်မှ ၂၀ အထိ တိုးတက်သွားကြောင်း သတင်း၌ဖော်ပြထားပါသည်။





## မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း စတင်ဖွဲ့စည်း
## (၂၆-၈-၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရ၏။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို ပြည်ထောင်စုသားတိုင်း အသိပညာတိုးပွားစေမည့် ဘာသာခြားဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများအား ဘာသာပြန်ဆိုရန်၊ ပြည်ထောင်စု တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများအား နိုင်ငံခြားဘာသာသို့ပြန်ဆိုရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အဆောက်အအုံတစ်ခု၌ ယာယီဖွင့်လှစ်ခဲ့သည်။

လုပ်ငန်းစတင်ချိန်၌ ဒုတိယစာတည်းမှူးတစ်ဦး၊ လက်ထောက်စာတည်းမှူးခြောက်ဦးနှင့် စာပြု ၂၄ ဦးကို ခန့်အပ်ခဲ့၏။ ထို့နောက် ၁၉၄၈ ခုနှစ်၊ မေလတွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၃၆၁ ရှိ ဆိုရန်တိုဗီလာ အဆောက်အအုံသို့ ပြောင်းရွှေ့ခဲ့၏။ ထိုစဉ်ကာလမှစ၍ ဆိုရန်တိုဗီလာ အဆောက်အအုံကို စာပေဗိမာန်ဟု အမည်ပြောင်းလိုက်ရာ ဘာသာပြန်စာပေအသင်းသည်လည်း စာပေဗိမာန်ဟူ၍ပင် အမည်တွင်ခဲ့သည်။ စာပေဗိမာန်သည် ၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း လုံးချင်းစာအုပ်အမျိုးပေါင်း ၂၉၂ မျိုး၊ မဂ္ဂဇင်း ၆၁ မျိုး၊ လူထုသိပ္ပံကျမ်းခြောက်တွဲ၊ နှစ်ငါးဆယ်ကျမ်းရှစ်တွဲ၊ မြန်မာ့စွယ်စုံကျမ်းသုံးတွဲနှင့် ပြည်သူ့လက်စွဲစာစဉ်များအပါအဝင် စောင်ရေ သိန်း ၁၄၀ ကျော် ထုတ်ဝေခဲ့၏။ စာပေဗိမာန်မဂ္ဂဇင်းကိုမူ ၁၉၅၂ ခုနှစ်မှ စတင်ထုတ်ဝေပြီး ၁၉၅၈ ခုနှစ်၌ ရပ်နားခဲ့သည်။

၁၉၅၆ ခုနှစ်တွင် စာပေဗိမာန်ကို လက်ရှိကုန်သည်လမ်းနေရာသို့ ပြောင်းရွှေ့ခဲ့၏။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်အဖွဲ့) က ၁၉၄၈ ခုနှစ်တွင် ပထမဆုံးစာပေဆုကို ပေးအပ်ချီးမြှင့်ခဲ့ရာ




www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မင်းအောင် (ဦးသိန်းမောင်)က 'မိုးအောက်မြေပြင်'ဝတ္ထုဖြင့် ရရှိခဲ့သည်။



မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း အုပ်ချုပ်ရေးကောင်စီ (၁၉၅၄)

"မာယာကြာခြည်"ရုပ်ရှင်ဇာတ်ကား ကမ္ဘောဒီးယားက ဝယ်ယူမည်
(၂၁-၈-၁၉၅၉)

၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် ပဒေသာဖလင်းမှ ဒါရိုက်တာဦးဉာဏရိုက်ကူးသော 'မာယာကြာခြည်'ရုပ်ရှင်ဇာတ်ကားကို ကမ္ဘောဒီးယားနိုင်ငံက ဝယ်ယူမည့်အကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ မြန်မာ့ရုပ်ရှင်ဇာတ်ကားများမှာ အားရကျေနပ်လောက်အောင် နိုင်ငံခြားတိုင်းပြည်များသို့ ဖြန့်ချိပြသမှု မပြုနိုင်သေးသော်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ယိုးဒယား၊ ကမ္ဘောဒီးယားနိုင်ငံများက စိတ်ဝင်စားမှုရှိကာ တစ်စစဝယ်ယူမှုများပြားလာကြောင်း ဆိုပါသည်။





များမကြာမီက ရန်ကုန်ရုပ်ရှင်က ရိုက်ကူးထုတ်လုပ်သော 'နံ့သာနီတောင်'ရုပ်ရှင်ဇာတ်ကားနှင့် 'ချစ်ခဲ့တာအမှန်ပဲ'ဇာတ်ကားများကို ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ဒေါ်လာဖြင့်ဝယ်ယူခဲ့ပြီးနောက် ယခုအခါ 'မာယာကြာခြည်'ဇာတ်ကားကို ဝယ်ယူရန်စကားကမ်းလှမ်းလျက်ရှိသည်ဆို၏။ ပဒေသာရုပ်ရှင်က ကမ္ဘောဒီးယား၏ 'မာယာကြာခြည်'ဇာတ်ကား ဝယ်ယူရေးကမ်းလှမ်းမှုအတွက် ဇာတ်လမ်းအကျဉ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားပြီးဖြစ်သည့်အပြင် အဖိုးငွေ မြန်မာကျပ်တစ်သောင်းနှင့် ပြောဆိုထားပြီးဖြစ်ကြောင်း သိရှိရ၏။

ဟီရိုရှီးမားနေ့အခမ်းအနား ဦးဘရီဇရပ်၌ကျင်းပမည်
(၂-၈-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် ၁၅ နှစ်မြောက် ဟီရိုရှီးမားနေ့အခမ်းအနားကို လာမည့်ဩဂုတ်လ ၆ ရက်နေ့၊ နံနက် ၇ နာရီခွဲအချိန်၌ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ခြေရင်းရှိ ဦးဘရီဇရပ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ဒုတိယကမ္ဘာစစ်ပြီးလုနီး ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ အမေရိကန်သည် ပထမဆုံးအနုမြူဗုံးကို ဟီရိုရှီးမားမြို့ပေါ်သို့ ကြဲချခဲ့ရာ ဗုံးဒဏ်ကြောင့် အသက်အိုးအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရ၏။ ထို့ပြင် အနာဂတ် လူမျိုးဆက်တစ်ရပ်လုံး အညွန့်တုံးစေမည့် ရောဂါအန္တရာယ်ဆိုးလည်း ကျရောက်ခဲ့ရ၏။

နောင်တွင် ယင်းကဲ့သို့သော အန္တရာယ်မျိုး ထပ်မံမကျရောက်စေရန် အနုမြူစစ်အန္တရာယ်တားဆီးရေး၊ ငြိမ်းချမ်းရေးတို့အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံက ကြီးမှူး၍ ဟီရိုရှီးမားနေ့ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောနွားကလေးအား တိရစ္ဆာန်ရုံသို့ ပေးပို့လှူဒါန်း
(၂၈-၈-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အသက်ခြောက်နှစ်အရွယ်၊ အမြင့်နှစ်ပေခွဲ၊ အလျားလေးပေခွဲသာရှိသော နွားကလေးတစ်ကောင်အား ဦးဆာမိဆိုသူက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လှူဒါန်းသွားကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ နွားပိုင်ရှင်ဦးဆာမိမှာ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးရွာတွင် နေထိုင်သူဖြစ်ပြီး နွားကလေးအား ကရင်ပြည်နယ်၊ ကျိုက်ဒုံရွာမှ တစ်နှစ်သားအရွယ်က ဝယ်ယူခဲ့ခြင်းဖြစ်သည်ဆို၏။ နွားကလေးသည် ခြေဝင်၊ ခြေထွက်များတွင် တွန်လေ့ရှိသဖြင့် နွားလားဥသဘဟုခေါ်ဆိုကြကြောင်း၊ နွားကလေး ဝယ်ယူမွေးမြူသည့်နေ့မှစ၍ ပိုင်ရှင်ဦးဆာမိမှာ စီးပွားတက်ခဲ့ရကြောင်း၊ သို့သော် ယခုအခါကျန်းမာရေးမကောင်းသဖြင့် နွားကလေးကို မပြုစုနိုင်တော့သည့်အတွက် လှူဒါန်းခဲ့ရကြောင်း သတင်း၌ဖော်ပြထားပါသည်။

ထူးဆန်းသော နွားကလေးကို ဩဂုတ်လ ၂၆ ရက်နေ့တွင် မော်လမြိုင်သို့ သယ်ဆောင်လာခဲ့ပြီး ရန်ကုန်သို့ မီးရထားဖြင့်ဆက်လက်ပေးပို့ခဲ့ခြင်းဖြစ်၏။

## ဆရာကြီးရွှေဥဒေါင်း ကွယ်လွန်ရှာပြီ
(၁၀-၈-၁၉၇၃)

၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့၊ ည ၇ နာရီခန့်တွင် နိုင်ငံကျော်စာရေးဆရာကြီး ရွှေဥဒေါင်းကွယ်လွန်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ဆရာကြီးရွှေဥဒေါင်း၏ အမည်ရင်းမှာ ဦးဖေသိန်းဖြစ်ပြီး ဆရာကြီးကို ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်





နေ့တွင် အဘ ဦးဇရော၊ အမိ ဒေါ်ရွှေတို့မှ မန္တလေးမြို့ မားတန်းရပ်တွင် ဖွားမြင်ပါသည်။ ဖခင်မှာ သီပေါမင်းလက်ထက်က လွှတ်တော်စာရေးကြီးဖြစ်ပြီး မိခင်မှာ ဘုရင်မင်းမြတ်၏ စာတော်ဖတ်တစ်ဦးအဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။

ဆရာကြီးသည် ငယ်စဉ်က အေဘီအမ်အမေရိကန် သာသနာပြုကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၁၉၀၈ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သော ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့၏။ ထို့နောက်တွင် အေဘီအမ်ကျောင်းဆရာ၊ အရေးပိုင်ရုံးအကူစာရေး၊ သစ်တောရုံးစာရေး၊ သမဝါယမရုံးစာရေးများအဖြစ် အမှုထမ်းခဲ့၏။ ထိုစဉ်ကပင် အင်္ဂလိပ်ဝတ္ထုအများအပြားကို ဖတ်ရှုခဲ့သည်။

အသက် ၂၆ နှစ်အရွယ် ၁၉၁၅ ခုနှစ်တွင် ပထမဆုံးဝတ္ထုဖြစ်သော 'ရန်ကြီးအောင်'ဝတ္ထုကို ရေးသားခဲ့၏။ ထို့နောက် ၁၉၆၁ ခုနှစ်တွင် မစ္စက်ဟင်နရီဝုဒ်၏ ဝတ္ထုကို မှီငြမ်းပြုလျက် 'ရတနာပုံ'ဝတ္ထုကို ရေးသားခဲ့သည်။ ၁၉၁၇ ခုနှစ် သူရိယမဂ္ဂဇင်းအယ်ဒီတာဖြစ်လာပြီးနောက်၊ ရွှေဥဒေါင်းဟူသော ကလောင်အမည်ကို ခံယူခဲ့သည်။ သူရိယမဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်စဉ် မြန်မာ့ဗျူဟာဂျာနယ်ကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။ ထို့ပြင် နယူးဘားမား အင်္ဂလိပ်သတင်းစာတိုက်၌လည်း ဝင်ရောက်လုပ်ကိုင်ခဲ့၏။ မန္တလေးမြို့ လူထုသတင်းစာအယ်ဒီတာချုပ်လည်းဖြစ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံသို့လိုက်ပါခဲ့ပါသည်။ ဆရာကြီးရွှေဥဒေါင်းသည် ၁၉၆၃ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ဆရာကြီး၏ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်မှာ ထင်ရှားသောလက်ရာတစ်ခုဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အသက် ၁၃၀ နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးအား မြန်မာနိုင်ငံ၌တွေ့ရှိရ
(၂၃-၈-၁၉၅၃)

၁၉၅၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် အသက် ၁၃၀ နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးအား ပဲခူးတိုင်း၊ အုတ်ဖိုမြို့အရှေ့ဘက် နှစ်မိုင်အကွာ လွတ်ကင်ကျေးရွာ၌ သတင်းထောက်များက သွားရောက်တွေ့ဆုံခဲ့သည့် သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ၎င်းအသက် ၁၃၀ နှစ်ရှိ အဘွားအိုမှာ ဒေါ်နန်းကြာဆိုသူဖြစ်ပြီး ရှမ်းပြည်နယ်၊ သီပေါမြို့ဇာတိဖြစ်သည်ဆိုပါသည်။ ဒေါ်နန်းကြာသည် အဘဦးစောဖိုးခွေး၊ အမိ ဒေါ်နန်းတို့၏သမီးဖြစ်ကြောင်း သားသမီး ၁၁ ဦးအနက် အငယ်ဆုံးဖြစ်ကြောင်းသိရှိရ၏။

ဒေါ်နန်းကြာသည် သီပေါမင်း ပါတော်မူခါနီးအချိန်က ကောင်းကင်ထက်မှ ကြယ်များကြွေကျခဲ့ပုံ၊ ထို့နောက် သီပေါဘုရင်အား ဖမ်းဆီးခေါ်ဆောင်သွားပုံများကိုပြောပြလျက် မျက်ရည်ကျခဲ့သည်ဆို၏။ ထို့နောက် အောက်မြန်မာပြည်သို့ ရွှေတိဂုံဘုရားဖူးမြော်ရင်းရောက်ရှိခဲ့ရာမှ သာယာဝတီခရိုင်အတွင်းသို့ လာရောက်ကာ အသက် ၅၇ နှစ်အရွယ်ရှိ သမီးအငယ်ဆုံးနှင့်အတူ နေထိုင်ကြောင်း၊ ဆံပင်ဖြူ၍ သွားကျိုးနေပြီး လမ်းမလျှောက်နိုင်သည်မှာ နှစ်နှစ်ခန့်သာရှိသေးကြောင်း၊ မြေး၊ မြစ်များနှင့်အတူ ဆင်းဆင်းရဲရဲ နေထိုင်နေရသဖြင့် လူ့လောကကို ငြီးငွေ့နေပြီဖြစ်ကြောင်းများကို ပြောပြခဲ့သည်ဟုဆိုပါသည်။

## လန်ဒန်ပြတိုက်မှ အဖိုးတန်ရွှေပေလွှာများ မိုက္ကရိုဖလင်ရိုက်ကူးပေးပို့
(၃၀-၈-၁၉၅၅)

လန်ဒန်မြို့ပြတိုက်တွင် ရောက်ရှိနေသော အဖိုးတန်ရွှေပေလွှာများအား သက်ဆိုင်ရာအာဏာပိုင်တို့က မိုက္ကရိုဖလင် (Microfilm) ရိုက်ကူးလျက် မြန်မာနိုင်ငံသို့ပေးပို့ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ထုတ် သတင်းစာ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ မောင်ကန်ရွှေပေလွှာခေါ် အဖိုးတန်ပေစာများကို မူလအရွယ်အတိုင်း မိုက္ကရိုဖလင်ရိုက်ကူးလျက် ပေးပို့ခဲ့ခြင်းဖြစ်ပြီး အခြားယဉ်ကျေးမှုနှင့်စပ်လျဉ်းသော ရှေးဟောင်းပစ္စည်းများကိုလည်း ဆက်လက်ရရှိနိုင်ရန် ဆောင်ရွက်နေဆဲဖြစ်ကြောင်း သတင်း၌ဖော်ပြထား၏။

မိုက္ကရိုဖလင်ဖြင့် ရိုက်ကူးပေးပို့ခဲ့သည့် ရွှေပေလွှာများမှာ ၁၉၂၆-၁၉၂၇ ခုနှစ်အတွင်း ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်ပြီး 'သိဒ္ဓိ၊ အဝိဇ္ဇာ၊ ပစ္စယာ သင်္ခါရာ'အစချီ အဘိဓမ္မာနှင့် ဝိနယပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားသည်ဆို၏။ ခေတ်ကာလအားဖြင့် ခရစ်နှစ် ၄ ရာစုမှ ၅ ရာစုအတွင်းဖြစ်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်း တေလဂူကနဒီအက္ခရာများနှင့် တူညီသည်ဆိုပါသည်။ ထို့အပြင် ၁၈၉၇ ခုနှစ်ကလည်း မှော်ဇာမြို့အပိုင် လယ်ပေါ်ရွာအနီး မောင်ကန်ကုန်းမှ 'ယေဓမ္မာ ဟေတုပ္ပဘဝါ'အစချီ ပိဋကတ်တော်ကောက်နုတ်ချက် ရွှေပေလွှာနှစ်စောင်ကို တူးဖော်ရရှိခဲ့ဖူးကြောင်း၊ ရေးထိုးထားသော အက္ခရာများမှာ အိန္ဒိယပြည်တောင်ပိုင်းမှ ရှေးဟောင်းအက္ခရာများဖြစ်ကြောင်း ဆိုပါသည်။



## မန္တလေးဈေးချိုတော်နာရီစင်ကြီး လေးမျက်နှာမှ အချိန်သုံးမျိုးပြနေ
(၃၁-၈-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် လူထုသတင်းစာတွင် မြန်မာနိုင်ငံ၌ အကျော်ကြားဆုံးဖြစ်သော မန္တလေးမြို့လယ်နာရီစင်ကြီးမှာ လေးမျက်နှာ၌ အချိန်သုံးမျိုးပြသနေကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ သတင်းတွင် နံနက် ၉ နာရီအချိန်ကိုသိလို၍ ကြည့်မည်ဆို





www.burmeseclassic.com

www.burmeseclassic.com



ပါလျှင် အရှေ့ဘက်မျက်နှာ၌ ၉ နာရီ၊ ၅ မိနစ် အနောက်ဘက်မျက်နှာနှင့် တောင်ဘက်မျက်နှာ၌ ၉ နာရီတိတိနှင့် မြောက်ဘက်မျက်နှာ၌ ၉ နာရီ၊ မိနစ် ၂၀ ဖြစ်နေသည်ကို တွေ့ရှိရသည်ဆို၏။ မျက်နှာလေးဘက်ရှိသော နာရီစင်ကြီးတွင် တစ်မျက်နှာနှင့် တစ်မျက်နှာ မတူညီဘဲကွဲပြားနေသဖြင့် သက်ဆိုင်ရာတို့အနေဖြင့် ပြုပြင်ပေးရန်လိုကြောင်း ဖော်ပြထား၏။

ဈေးချိုတော်နာရီစင်ကြီးမှာ များမကြာမီကာလက မီးပျက်သွားရာမှ ရပ်ဆိုင်းသွားပြီးနောက် တစ်ဖန်မီးပြန်လည်တပ်ဆင်ပြီးနောက် ပြင်ဆင်ခဲ့ပြီးသော်လည်း ယခုကဲ့သို့ ကမောက်ကမဖြစ်နေဆဲဖြစ်ကြောင်း ဆိုပါသည်။ ယင်းနာရီစင်ကြီးကို ခရစ်နှစ် ၁၉၀၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဝိတိုရိယဘုရင်မကြီး၏ နှစ် ၆၀ မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ်တည်ဆောက်ခဲ့ကြောင်း သိရှိရ၏။



မန္တလေးမြို့ ဈေးချိုတော်နာရီစင်ကြီး





## တောင်ပေါ်ဒေသ၌ မကြုံစဖူးရေကြီးမှုဖြစ်ပွား
(၂၇-၈-၁၉၆၁)

၁၉၆၁ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ ပဲခူးရိုးမတောင်ပေါ်ဒေသ၌ မကြုံစဖူးရေကြီးမှုဖြစ်ပွားခဲ့ရကြောင်း စက်တင်ဘာလ ၁ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းမှုမှာ ဩဂုတ်လ ၂၂ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့ရာ ညောင်လေးပင်မြို့အနောက်ဘက်၊ ဖဒိုရဲဌာနနှင့် မိုင် ၂၀ အကွာရှိ ရဲနွယ်ချောင်းနှင့် ပိန်းချောင်းများ၌ ရေကြီးမှုဖြစ်ပွားခဲ့ရ၏။

ဩဂုတ်လ ၂၈ ရက်နေ့တွင်မှ ရေပြန်ကျသွားရာ နုန်းထုကြီးနှစ်တောင်ခန့် တင်ကျန်ခဲ့သည်ဆိုပါသည်။ တောင်ပေါ်ကွင်းဒေသတွင် ဤကဲ့သို့ တစ်ကြိမ်၊ တစ်ခါမျှ ရေးကြီးမှုမဖြစ်ပွားခဲ့ဖူးကြောင်း အသက် ၈၀ အရွယ်ရှိ အဘိုးအိုတစ်ဦးက ပြောကြားခဲ့၏။

## စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများအား ပထမဆုံးအကြိမ်အဖြစ်စတင် အရေးယူ
(၂၈-၈-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဩဂုတ်လ ၂၇ ရက်နေ့၊ နံနက် ၇ နာရီခွဲအချိန်မှ စတင်လျက် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများအား ပထမဆုံးအကြိမ်အဖြစ် အရေးယူခဲ့ရကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ ယာဉ်ထိန်းရဲအဖွဲ့အနေဖြင့် မြို့လယ်ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ ဗိုလ်ချုပ်ဈေးရှေ့ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်လမ်းထောင့် မီးပွိုင့်များတွင် စည်းကမ်းမဲ့လမ်းဖြတ်ကူးသူပေါင်း ၆၀၀ ကျော်ကိုဖမ်းဆီးကာ နီးစပ်ရာ ပန်းဆိုးတန်း၊ ရွှေဘုံသာ၊ ကျောက်တံတားရဲဌာနနှင့် ရဲရိပ်သာတို့၌ လမ်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးနည်း သင်တန်းပေးပြီး ပြန်လွှတ်ခဲ့ရသည်ဆို၏။

ယာဉ်ထိန်းရဲအဖွဲ့သည် လွန်ခဲ့သည့် ဩဂုတ်လ ၄ ရက်နေ့မှ စတင်ကာ ယာဉ်တိုက်မှုများ လျော့နည်းသွားစေရေးအတွက် မြို့လယ်လူစည်ကားရာနေရာများ၊ ရပ်ကွက်များတွင် လမ်းကူးရန်သင်တန်းများ ပေးထားခဲ့ပြီးဖြစ်သည်ဆိုပါသည်။ ဩဂုတ်လ ၂၇ ရက်နေ့တွင် စတင်ဖမ်းဆီးအရေးယူတော့မည်ဖြစ်ကြောင်း ကြိုတင်သတိပေးထားပြီးဖြစ်သည့်အားလျော်စွာ ဖမ်းဆီးခဲ့ခြင်းဖြစ်၏။ သို့သော် ပထမဆုံးအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သဖြင့် ဒဏ်ငွေတပ်ခြင်းမပြုဘဲ သင်တန်းပေး၍ ပြန်လည်လွှတ်ပေးခဲ့သည်။ ဖမ်းဆီးခံကြရသူများထဲတွင် ရုံးစာရေးမများ၊ စာရေးများ၊ အလုပ်သမကလေးများပါရှိသဖြင့် လွန်စွာရုံးတက်နောက်ကျခဲ့ရသည်ဆိုပါသည်။

## မီးရထားကြေးနန်းဌာနက မြန်မာစာကို အသုံးပြုတော့မည်
(၁၅-၈-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ မီးရထားသွားလာမှု အချက်ပေးကြေးနန်းစနစ်ကို မြန်မာစာ၊ မြန်မာအက္ခရာဖြင့်သာ အသုံးပြုတော့မည်ဖြစ်ကြောင်း နောက်တစ်နေ့ထုတ် ဟံသာဝတီသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။

ယခင်က ဗြိတိသျှအစိုးရလက်ထက်မှစ၍ မြန်မာပြည်မီးရထားသွားလာမှု အချက်ပေးကြေးနန်းများကို ရိုက်ကြားပေးပို့ရာ၌ အင်္ဂလိပ်အက္ခရာစာလုံးများကိုသာ သုံးစွဲခဲ့ကြ၏။ သို့ရာတွင် ရုံးသုံးစာများကို တတ်နိုင်သရွေ့ မြန်မာစာဖြင့်သာသုံးစွဲရမည်ဟူသောမူအရ မြန်မာနိုင်ငံ မီးရထားဌာနအနေဖြင့် မြန်မာအက္ခရာများသုံးစွဲသွားရန် စီစဉ်ထားပြီးဖြစ်သည်ဆိုပါသည်။

ဤသို့ဖြင့် မြန်မာတစ်ပြည်လုံးရှိ မီးရထားရုံပိုင်နှင့် ကြေးနန်း





စာရေးများအား မြန်မာအက္ခရာစာလုံးဖြင့် ကြေးနန်းရိုက်နည်းသင်တန်းကို တစ်နှစ်နှင့် သုံးလကြာပို့ချပေးခဲ့ရာ တက်ရောက်လေ့လာသူ ၆၀၀ ခန့်ရှိခဲ့သည်ဆို၏။

မြန်မာအက္ခရာရိုက်ပို့စနစ်ကို လွန်ခဲ့သည့်ရှစ်လခန့်ကပင် ဟသ်ာတ မီရထားခရိုင်၌ တီထွင်စမ်းသပ်ခဲ့ရာ အောင်မြင်နေသည်ကို တွေ့ရှိရာမှ ယခုကဲ့သို့ တစ်နိုင်ငံလုံး၌သုံးစွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည် ဆိုပါသည်။ မြန်မာစာကြေးနန်းကိုအသုံးပြုရာ၌ အခက်အခဲမရှိစေရန် ဆိုင်ရာဒေသဘူတာရုံများသို့ နည်းပြဆရာများက လှည့်လည်သွားရောက်သင်တန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၏။

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၌ မျက်မမြင်ကျောင်းစတင်တည်ထောင်
(၁၄-၈-၁၉၁၄)

၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၌ အင်္ဂလိပ်သာသနာပြုအဖွဲ့တစ်ဖွဲ့ဖြစ်သော The Society for the propagation of the Gospel in Foreign Parts က မျက်မမြင်ကျောင်းတစ်ခုကို မျက်မမြင်ကျောင်းသားအနည်းငယ်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ယင်းကျောင်းကို စတင်တည်ထောင်ပြီး သုံးနှစ်အကြာ ၁၉၁၇ ခုနှစ်၌ အင်္ဂလိပ်မျက်မမြင်ဘုန်းတော်ကြီး Father Jackson က ကျောင်းအုပ်အဖြစ် တာဝန်ယူကာ စာပေနှင့် စက်မှုလက်မှုသင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရ၏။ ၁၉၃၆ ခုနှစ်တွင် အင်္ဂလိပ်စိန့်မိုက်ကယ် သာသနာပြုအဖွဲ့က တာဝန်ယူကာ ဆက်လက်ဖွင့်လှစ်ခဲ့ပြီး ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း၌ ကျောင်းကို ယာယီပိတ်ထားခဲ့ရသည် ဆိုပါသည်။

၁၉၄၆ ခုနှစ်တွင် မျက်မမြင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် နိုင်ငံတော်က လွှဲပြောင်းယူကာ လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းကျောင်းတွင် အသက် ၆ နှစ်မှ ၁၈ နှစ်အထိ မျက်မမြင်များအား ကျောင်းအိပ်၊ ကျောင်းစားအဖြစ်လက်ခံလျက် မျက်မမြင်လက်စမ်းစာ (Braille) ဖြင့် ကျောင်းပညာသင်ကြားပေးခြင်း၊ လက်မှုအသက်မွေးပညာများ သင်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့၏။ မျက်မမြင်များထဲမှ အခြေခံပညာအထက်တန်း အောင်မြင်သူများ၊ တက္ကသိုလ်ဘွဲ့ရများပင် ပေါ်ထွက်ခဲ့ကြောင်း သိရှိရ၏။

## မြန်မာ့ဂီတလောကတွင် ထင်ရှားသည့် အဆိုတော်ဦးမြကြီးကွယ်လွန်
(၉-၈-၁၉၉၈)

မြန်မာ့ဂီတလောကတွင်ထင်ရှားခဲ့သည့် အဆိုတော်ဦးမြကြီးသည် ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ဦးမြကြီး၏ အမည်ရင်းမှာ ဦးမြဟန်ဖြစ်ပြီး ၁၉၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်၊ အိုးဘိုရပ်၌ ဦးဆင်၊ ဒေါ်မွေးတို့က ဖွားမြင်ခဲ့သူဖြစ်သည်။ အလုံမြို့နယ် ကူရှင်ကျောင်း (ယခု-အထက ၄) မှ ၁၀ တန်း အောင်မြင်ခဲ့ပြီး တက္ကသိုလ်၌ ဥပစာအပိုင်း (က) အထိ ပညာဆည်းပူးခဲ့၏။ ထို့နောက် ဂီတလောကသို့ဝင်ရောက်ကာ ဂီတာဦးစိမ်းမောင်၊ ဒေါ်ကြည်အောင်၊ တက္ကသိုလ်စိုးတို့ထံ၌ ဂီတပညာကို ဆည်းပူးခဲ့သည်။ ဦးမြကြီးသည် ကောက်ပဲသီးနှံရုံးတွင် အငယ်တန်းအရာရှိတစ်ဦးအဖြစ် အမှုထမ်းရင်း ဂီတနယ်ပယ်၌လည်း ထင်ပေါ်ကျော်ကြားလာခဲ့၏။

ဂီတလောကတွင် အဆိုတော်ဦးမြကြီးအဖြစ် ထင်ရှားခဲ့သော သီချင်းများမှာ မိုး၊ ခင်နှင်းဆီ၊ မေနွဲ့ဆိုး၊ ချစ်အက္ခရာတင်၊ ဘာပဲလုပ်ရလုပ်ရစသည့် သီချင်းများဖြစ်ကြပြီး တေးရေးဆရာအဖြစ်လည်းကောင်း၊





ပြဇာတ်မင်းသားအဖြစ်လည်းကောင်း ထင်ရှားခဲ့သူလည်းဖြစ်၏။ ဦးမြကြီးသည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂီတစိစစ်ရေးမှူးအဖြစ် ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မြန်မာ့အသံ သီချင်းစိစစ်ရေးဘုတ်အဖွဲ့၏ အကြံပေးအရာရှိ ဂီတအစည်းအရုံး၏ နာယကတို့အဖြစ် တာဝန်ယူခဲ့၏။ ကွယ်လွန်စဉ် ဇနီးဒေါ်ခင်မြနှင့် သားသမီးလေးဦး ကျန်ရစ်ပါသည်။



တေးသံရှင် ဦးမြကြီး

## အလောင်းမင်းတရားကြီး စခန်းချခဲ့သောနေရာ၌ ကြေးမောင်းကြီး တွေ့ရှိ
(၂၇-၈-၁၉၅၅)

၁၉၅၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြိတ်မြို့မြောက်ဘက် ၁၇ မိုင်အကွာရှိ ရော်ဘာခြံတောအတွင်းမှ ကြေးမောင်းကြီးတစ်လုံးကို တွေ့ရှိရကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ရော်ဘာခြံကြီးသည် ၁၇၅၉ ခုနှစ် အလောင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကြီး ယိုးဒယားသို့စစ်ချီခဲ့စဉ်က စခန်းချခဲ့ရာနေရာဖြစ်ပြီး မကြာမီကမှ လန်ဒန်အေးရှတစ်ရော်ဘာကုမ္ပဏီ (London Asiatic Rubber Co., Ltd) က နိုင်ငံရေးအခြေအနေများကြောင့် ငွေသုံးသိန်းဖြင့် ရောင်းချခဲ့ကြောင်း ဆိုပါသည်။

ရော်ဘာခြံအတွင်း၌ အလောင်းမင်းတရားကြီး တဲနန်းထိုးကာစံနေခဲ့ဖူးပြီး ရော်ဘာခြံအောက်ဘက်တွင်လည်း အလွန်ကြီးမားသော ကြေးမောင်းကြီးတစ်လုံး မြေတွင်း၌နစ်မြုပ်နေသည်ဆို၏။ ယင်းကြေးမောင်းကြီးကို လွန်ခဲ့သည့် နှစ် ၃၀ ကျော်က မျက်နှာဖြူမန်နေဂျာတစ်ဦးက တူးဖော်မိသဖြင့် သွေးအန်သေဆုံးခဲ့ရပြီး ပါဝင်ကူညီခဲ့ကြသူ အိုရီယာနွယ် အိန္ဒိယလူမျိုးများမှာလည်း အကြောင်းအမျိုးမျိုးဖြင့် သေဆုံးခဲ့ရသဖြင့် ထပ်မံတူးဖော်ခြင်းမရှိတော့ကြောင်း သိရှိရ၏။ အလောင်းမင်းတရားကြီး လာရောက်စဉ်က မြိတ်မြို့မှာ မာရိတ်မြို့အဖြစ်သာ ရှိသေးကြောင်း ဆိုပါသည်။

### ပုဂံရှေးဟောင်းဘုရားများ လာရောက်ဖူးမြော်နိုင်ရန် လေယာဉ်ကွင်း တည်ဆောက်မည်
(၂၄-၈-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ထုတ် အိုးဝေသတင်းစာတွင် ပုဂံညောင်ဦးဒေသမှ ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရားပုထိုးများအား ပြည်တွင်းနေလုပ်သားပြည်သူတစ်ရပ်လုံးနှင့် အပြည်ပြည်ဆိုင်ရာမှ ဧည့်သည်တော်များ အလွယ်တကူလာရောက်ဖူးမြော်နိုင်စေရန် လေယာဉ်ကွင်းအသစ်တစ်ကွင်း တည်ဆောက်တော့မည်ဖြစ်ကြောင်း သတင်းဖော်ပြပါရှိပါသည်။ စက်မှုလက်မှုဌာနဝန်ကြီးဦးရာရှစ်က ပြောကြားရာတွင် လေယာဉ်ကွင်းသစ်ကိုလေကြောင်းဌာနက တည်ဆောက်ရန်ရှိပြီး ပြည်တွင်း၌ လူထုတစ်ရပ်လုံး လွယ်လင့်





တကူသွားလာနိုင်ရန်လည်း ဗိုင်းကောင့်အမျိုးအစား လေယာဉ်သုံးစင်းကို ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း ဆိုပါသည်။

လေယာဉ်ကွင်းများတွင်တပ်ဆင်ရန် မီးသတ်ပစ္စည်းများ၊ လေယာဉ်ပစ္စည်းများ၊ ရေဒီယိုပစ္စည်းများနှင့် လိုအပ်သောပစ္စည်းကိရိယာများကို နိုင်ငံခြားတိုင်းပြည်အသီးသီးမှ ၁၉၅၉-၁၉၆၀ ပြည့်နှစ် ဘတ်ဂျက်အတွင်း၌ဝယ်ယူခဲ့ပြီး လေယာဉ်ကွင်းသစ်တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရ၏။ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂံညောင်ဦးဒေသ၌သာမက အခြားအဓိက ရှေးဟောင်းစေတီ၊ ပုထိုးများရှိရာ ဒေသများတွင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

### ရုရှားနိုင်ငံရောက် အယ်လ်စင်ကီလူငယ်ပွဲတော်တက် မြန်မာကိုယ်စားလှယ်အဖွဲ့က အာကာသယာဉ်မှူးသို့ ဂုဏ်ပြုတေးသီဆို အသံလွှင့်
(၂၁-၈-၁၉၆၂)

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ရုရှားနိုင်ငံသို့ ရောက်ရှိနေကြသော ရုပ်ရှင်သရုပ်ဆောင်မြတ်လေးအပါအဝင် အယ်လ်စင်ကီလူငယ်ပွဲတော် တက်ရောက်ကြသည့် မြန်မာလူငယ် ကျောင်းသား ကိုယ်စားလှယ်များက 'ဗော့စတော့ အာကာသယာဉ်မှူး နီကိုလာယက်သို့'ဟူသော တေးသီချင်းကို မော်စကိုအသံလွှင့်ဌာနမှ သီဆိုဂုဏ်ပြုအသံလွှင့်ခဲ့ကြကြောင်း သတင်းတစ်ပုဒ်ကို ဩဂုတ်လ ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားပါသည်။

ဗော့စတော့ အာကာသယာဉ်အမှတ် (၃) ကို ဆိုဗီယက်အာကာသယာဉ်မှူး နီကိုလာယက်နှင့် ဂိုဇစ်တို့လိုက်ပါလျက် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်လိုက်ကြောင်း ကြားသိရချိန်တွင် ရုပ်ရှင်သရုပ်ဆောင်နှင့် ကဗျာဆရာမြတ်လေးက ဂုဏ်ပြုတေးတစ်ပုဒ်ကို ရေးဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



သီကုံးခဲ့သည်ဆို၏။ ယင်းတေးသီချင်းတွင် နီကိုလာယက်သည် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း စသဖြင့် ရေးဖွဲ့ထား၏။ တေးသီချင်းကို မင်းသားမြတ်လေးနှင့်အတူ မြန်မာလူငယ်ကျောင်းသားကိုယ်စားလှယ်အဖွဲ့ မော်စကိုရေဒီယိုမှ သီဆိုအသံလွှင့်ခဲ့ကြောင်း သတင်းတွင်ဖော်ပြထားပါသည်။



ရုရှားနိုင်ငံရောက် မြန်မာကိုယ်စားလှယ်အဖွဲ့





## နယ်ခြားဒေသမြဝတီမြို့၌ မီးသတ်အဖွဲ့စတင်ပေါ်ပေါက်လာ (၂၇-၈-၁၉၅၈)

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ထုတ် လူထုသတင်းစာတွင် ထိုင်း-မြန်မာ နယ်ခြားဒေသရှိ မြဝတီမြို့ကလေး၌ မီးသတ်အစည်းအရုံးတစ်ခုကို ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့က ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။

မြဝတီမြို့ကလေးမှာ အရောင်းအဝယ်ကောင်းလှသဖြင့် တစ်စစတိုးတက်လာခဲ့ရာ ယခုအခါ သောင်ရင်းချောင်းကမ်းနားအထိ ရောက်ရှိလာပြီဖြစ်သည်ဆို၏။ သို့ဖြစ်၍ သခင်အောင်စိန်က လူငယ် ၁၅ ဦးဖြင့် ဦးဆောင်ကာ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်ရည်ရွယ်လျက် မီးသတ်အဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်းဖြစ်သည် ဆိုပါသည်။

မီးသတ်အဖွဲ့အနေဖြင့် ပစ္စည်းကိရိယာများမှာမူ မရှိသေးသဖြင့် ရှာဖွေစုဆောင်းရမည်ဖြစ်ကြောင်း သခင်အောင်စိန်ကဆို၏။ မြဝတီမြို့ကလေးတွင် စစ်တပ်၊ ဆေးပေးရုံ၊ ကျောင်း၊ ရဲဌာန၊ လျှပ်စစ်ဌာနတို့ဖြင့် စည်ကားစပြုလာချိန်တွင် မီးသတ်အဖွဲ့တစ်ဖွဲ့တိုးလာခြင်းမှာ များစွာပန်းရလျက်ရှိသော်လည်း ဂျပန်များဝင်ရောက်လာချိန်မှစ၍ ယခုတိုင်စာတိုက်မရှိသေးသည်မှာမူ ဖြည့်စွက်သင့်သည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း သတင်း၌ဖော်ပြပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## ခေတ်ဟောင်းသတင်းစာများကပြောသော စက်တင်ဘာလ

၁။ ပုသိမ်ရေဘေးရန်ပုံငွေအတွက်ရုပ်ရှင်ပြသ (၁-၉-၁၉၂၃)

၂။ တောင်ပြုန်းမင်းနှစ်ပါး ၁၄ နှစ်ကြာ ချိုးရေတော်သုံးမသွားနိုင် (၂-၉-၁၉၅၅)

၃။ ကျောင်းသူ၊ ကျောင်းသား ၁၆၅ ဦး မြန်မာ့ရိုးရာနာမည်များ ပြောင်းလဲ (၃-၉-၁၉၆၈)

၄။ တမန်တော်မွေးနေ့အခမ်းအနား အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ကျင်းပ ( ၄-၉-၁၉၆၀)

၅။ ရုပ်စုံသဘင်မတိမ်ကောစေရေးအတွက် ပန်တျာကျောင်းများတွင် သင်ကြားပေးရန်ဆွေးနွေး (၇-၉-၁၉၆၁)

၆။ ခါခါဘိုရာဇီတောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ပြီ (၁၅-၉-၁၉၉၆)

၇။ လင်းပင်မင်းသားကြီး၏ သားတော်လုပ်ကြံခံရ (၁၅-၉-၁၉၅၀)

၈။ ရေးမြို့နယ်အတွင်း ထူးဆန်းသော ပါဠိဘာသာစကားပြော အမျိုးသမီးတစ်ဦးပေါ်ပေါက် (၆-၅-၁၉၅၅)

၉။ ဦးဝိစာရအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအတွက် ဆောင်ရွက်ရေးကော်မတီတစ်ရပ်ဖွဲ့စည်း (၆-၉-၁၉၅၇)

၁၀။ မြိတ်ခရိုင်တောနက်အတွင်း၌ ထူးဆန်းသောကျေးရွာတစ်ရွာတွေ့ရှိ (၁၀-၉-၁၉၆၀)





၁၁။ နေ့ချင်းပြီး စာသိမ်း၊ ငွေသိမ်းစနစ် စတင်တော့မည် (၈-၉-၁၉၆၁)

၁၂။ မန္တလေးတက္ကသိုလ်သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းနှင့်အဖွဲ့ ကရင်တိုင်းရင်းသားများသမိုင်းနှင့် ယဉ်ကျေးမှုလေ့လာ (၁၀-၉-၁၉၆၉)

၁၃။ မင်းတုန်းမင်း၏သားတော် မြင်ကွန်းမင်းသားကြီးကွယ်လွန် (၂၀-၉-၁၉၂၁)

၁၄။ သခင်ဘသောင်း၏ပန်းသာမစာဥ ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသတော့မည် (၁၉-၉-၁၉၅၅)

၁၅။ ချင်းတောင်တန်းဒေသ၌ အထက်တန်းကျောင်းတစ်ကျောင်း စတင်ဖွင့်လှစ် (၂၁-၉-၁၉၄၉)

၁၆။ မြန်မာနိုင်ငံမှ အုပ်ကြွပ်အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ (၁၇-၇-၁၉၅၇)

၁၇။ ကုက္ကိုင်းရေလှောင်ကန်တံခါး မီးမောင်းထိုး၍ ရှာဖွေမည် (၂၆-၉-၁၉၆၀)

၁၈။ ရွှေမော်ဓောစေတီတော်၏ ပိန္နဲတိုင်နှင့် ၄ှက်ပျောဖူးကြီး မြေအောက်မှ ပြန်လည်ထွက်ပေါ်လာ (၉-၉-၁၉၆၀)

၁၉။ အမျိုးသားမှတ်ပုံတင်ကတ်ပြားပေါ်၌ ပြင်ဆင်ရေးသားသူနှစ်ဦးအား ပထမဆုံးအကြိမ်အဖြစ် အရေးယူ (၁၀-၉-၁၉၆၉)

၂၀။ သီပေါမင်းလက်ထက် စာဆိုတော် အဝေးရောက်မင်းကွယ်လွန် (၂၆-၉-၁၉၄၂)

၂၁။ ရေဘေးရန်ပုံငွေအတွက် ပါလီမန်အမတ်များ ဘောလုံးပွဲကျင်းပ (၂၄-၉-၁၉၅၅)

၂၂။ 'ရွှေဘုံနိဒါန်း' ကျမ်းစာပေထုပ်ကို ရှာဖွေတွေ့ရှိ (၂၄-၉-၁၉၅၈)



www.burmeseclassic.com

www.burmeseclassic.com



၂၃။ ကျောက်ဖြူမြို့၌ မိုးရွာသွန်းမှုစံချိန်ချိုး (၂၁-၉-၁၉၆၁)
၂၄။ အင်္ဂတေဖျော်စက် ပြည်တွင်းမှ အောင်မြင်စွာ ထုပ်လုပ်နိုင်ပြီ (၂၉-၉-၁၉၆၈)
၂၅။ ရန်ကုန်ပိုစာချုပ် အထိမ်းအမှတ်ကျောက်တိုင်သစ် စိုက်ထူမည် (၁၉-၉-၁၉၆၉)

❧



## ပုသိမ်ရေဘေး ရန်ပုံငွေပွဲအတွက် ရုပ်ရှင်ပြသ
(၁-၉-၁၉၂၃)

ပုသိမ်မြို့တွင် ရေလွှမ်းမိုးမှုကြောင့် အတိဒုက္ခရောက်ကြရသူများအတွက် ရေဘေးရန်ပုံငွေအဖြစ် ရုပ်ရှင်ပြသမည့်အကြောင်း သတင်းကို ၁၉၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ထုတ် ပညာအလင်းသတင်းစာ၌ ဖော်ပြထားသည်ကိုတွေ့ရှိရ၏။ ရှေးခေတ်သတင်းစာအရေးအသားကို လေ့လာနိုင်ရန်အတွက် သတင်းကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

**'ရန်ကုန်မြို့ ရုပ်ရှင်ကုမ္ပဏီများအသင်းက ရေဘေးသင့်သူတို့အတွက် ငွေလှူဒါန်းရန်အကြောင်း'**

မြန်မာပြည် ရုပ်ရှင်ပြပွဲ ကုမ္ပဏီလီမိတက်မှ ကမကထပြုလုပ်၍ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကိုယ်တိုင် ကြွရောက်ချီးမြှင့်မည့် ပုသိမ်နယ် ရေလွှမ်းမိုးခံရသူတို့၏ ရန်ပုံငွေအတွက် အောက်ပါရုပ်ရှင်ရုံများသည် ၁၉၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့၊ ည ၉ နာရီခွဲပွဲများတွင် ကုသိုလ်ဖြစ်ပြသမည်ဖြစ်ကြောင်း
(၁) ဆီနီမာဒီပဲရစ်၊ (၂) အယ်လ်ဖင်စတုံး၊ (၃) အိတ်ဆယ်စီယာ၊ (၄) ဂလုပ်စီနီမာ၊ (၅) ဟစ်ပိုဒရုမ်၊ (၆) အင်ပရီယယ်၊ (၇) မယ်ဂျက်စစ်၊ (၈) ရွှိုင်ရယ်စီနီမာ

ထိုနေ့၊ ထိုအချိန်တွင် ပြသမည့်ပွဲများကို ကြွရောက်ရှုစားခြင်းဖြင့် အတိဒုက္ခရောက်ကြသူတို့အတွက် ရက်ရက်ရောရောလှူဒါန်း ထောက်ပံ့တော်မူကြပါ။



www.burmeseclassic.com

www.burmeseclassic.com



(ရေလွှမ်းမိုးခြင်းခံရသူတို့အတွက် လှူဒါန်းခြင်း)

မြန်မာညွန့်ရုပ်ရှင်ကုမ္ပဏီက ပထမရိုက်ထုတ်သော 'ခင်ခင့်မှန်ပုံတော်'ဇာတ်ထုပ်ကို တစ်ညကပြ၍ ရသမျှသောငွေများကို ပုသိမ်နယ်တွင် ရေဘေးကြောင့် ဒုက္ခရောက်ရှာကြကုန်သောသူတို့အား ထောက်ပံ့လှူဒါန်းမည်ဖြစ်ပါကြောင်း၊ ၎င်းကုမ္ပဏီသည် ယခုအခါ သုဓမ္မစာရီဇာတ်ထုပ်ကို မန္တလေးမြို့တွင် စီစဉ်လျက်ရှိနေကြောင်းဖြင့် သတင်းရောက်ရှိလေသည်။

ဟူ၍ ဖြစ်ပါသည်။ ပုသိမ်မြို့ ရေလွှမ်းမိုးရခြင်းမှာ ဝေနရောကတာ ကျိုးပေါက်မှုကြောင့်ဖြစ်ကြောင်း သိရှိရ၏။

တောင်ပြုန်းမင်းနှစ်ပါး ၁၄ နှစ်ကြာ မြစ်ဆိပ်သို့ ချီးရေတော်သုံးမသွားနိုင်
(၂-၉-၁၉၅၅)

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရှေးယခင်က နှစ်စဉ် ဝါခေါင်လဆန်း ၁၁ ရက်နေ့တိုင်း ကျင်းပမြဲဖြစ်သော တောင်ပြုန်းနတ်ပွဲ ချီးရေတော်သုံးအခမ်းအနားကို ၁၉၄၂ ခုနှစ် ဂျပန်ခေတ်မှစ၍ ယနေ့တိုင် မကျင်းပနိုင်သေးကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။

ဂျပန်ခေတ်ကာလတွင် အမေရိကန်လေယာဉ်များက စက်သေနတ်ဖြင့် လာပစ်ခတ်လေ့ရှိသဖြင့် ချီးရေတော်သုံးရာ ဧရာဝတီမြစ်ဆိပ်သို့ မသွားနိုင်ခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အတွင်း ညောင်ကုန်းရွာအနီး၌ သောင်းကျန်းသူများ ခိုအောင်းနေသဖြင့် မသွားနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နတ်နန်းကြီးအနောက်ဘက် ၂၅ ပေအကွာ ဇရပ်ကြီး၌သာ ချီးရေတော်သုံးကြရကြောင်း သတင်း၌ဖော်ပြထား၏။





ကျောင်းသူ၊ ကျောင်းသား ၁၆၅ ဦး မြန်မာ့ရိုးရာနာမည်များပြောင်းလဲ
(၃-၉-၁၉၆၈)

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မန္တလေးမြို့ အထက ၁၂ (ယခင်က စိန့်ဇေးဗီးယားကျောင်း) မှ ကျောင်းသူ၊ ကျောင်းသား ၁၆၅ ဦးတို့က မြန်မာ့ရိုးရာနာမည်များပြောင်းလဲသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ အခမ်းအနားကို ဩဂုတ်လ ၃၀ ရက်နေ့ကကျင်းပခဲ့ရာ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခင်၊ လူငယ်ရေးရာအုပ်ချုပ်ရေးမှူး ဦးသိန်းနွဲ့၊ မြန်မာစာဆရာ ဦးသိန်းနိုင်တို့က အသီးသီး မိန့်ခွန်းပြောခဲ့ကြသည်ဆို၏။ နဝမတန်းမှ မောင်ဝင်းမောင်က ပြန်လည်ကျေးဇူးတင်စကားပြောကြားခဲ့ရာ၌ သူ့ကျွန်ဘဝတွင် ရပ်တည်နေခဲ့ရာမှ ကိုလိုနီပညာရေးစနစ်ကြောင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ ပျောက်ပြယ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ခေတ်ပြောင်းတော်လှန်ရေးကာလတွင် သမိုင်းပေးအသိစိတ်ဓာတ်ကြောင့် အနောက်တိုင်းဆန်သည့် အမည်များကို အတိတ်တွင်ထားရစ်ကာ မြန်မာ့ရိုးရာအမည်များဖြင့် ပြောင်းလဲခေါ်ဝေါ်ကြရကြောင်း ထည့်သွင်းပြောဆိုခဲ့သည်ဆို၏။

တမန်တော်မွေးနေ့အခမ်းအနား အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပ
(၄-၉-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် တမန်တော်မိုဟာမက်၏ မွေးနေ့အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်း ကျင်းပပြုလုပ်ခဲ့ကြောင်း နောက်တစ်နေ့ထုတ် မဏ္ဍိုင်သတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။

တမန်တော်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီးထံမှ ပေးပို့



www.burmeseclassic.com

www.burmeseclassic.com



သော သဝဏ်လွှာကိုဖတ်ကြားရာတွင် အစ္စလာမ်ဘာသာဝင်များသည် ကမ္ဘာတွင် ထင်ရှားကျော်စောလျက် ဘာသာရေးတရားများကို များစွာ လေးစားလျက် ကုရ်အာန်ကျမ်းမြတ်တွင်ပါရှိသော ပညတ်တော်များကို ရိုသေစွာလိုက်နာသော ပုဂ္ဂိုလ်များဖြစ်ကြောင်းကို သိရှိရသောကြောင့် အထူးပင်ဂုဏ်ယူသင့်လှကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကလည်း အုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း လွတ်လပ်စွာယုံကြည်မှု၊ ကိုးကွယ်မှုတို့ကို ခွင့်ပြုခဲ့ရုံမျှမက တိုင်းသူပြည်သားများ ကိုးကွယ်ကြသော ဘာသာမှန်သမျှ ဘာသာမရွေး အား ပေးကူညီခဲ့သည့် ထုံးတမ်းစဉ်လာအရ ဆက်လက်၍ ချီးမြှင့်ထောက်ပံ့ သွားမည်ဖြစ်ကြောင်း ပါရှိပါသည်။

## ရုပ်စုံသဘင်မတိမ်ကောစေရေးအတွက် ပန်တျာကျောင်းများတွင် သင်ကြားပေးရန်ဆွေးနွေး (၇-၉-၁၉၆၁)

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသည့် လူမျိုးစုလွှတ်တော်အစည်းအဝေး၌ ပဲခူးတောင်ပိုင်းအမတ်ဦးမောင်မောင် က ရုပ်စုံသဘင်ပညာ မတိမ်ကောစေရေးအတွက် ပန်တျာကျောင်းများ တွင် သီးခြားဘာသာရပ်အနေဖြင့် သင်ကြားပေးပါရန် အဆိုတစ်ရပ် တင် သွင်းခဲ့ကြောင်း နောက်တစ်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ သတင်း ဖော်ပြပါရှိပါသည်။ ရုပ်စုံသဘင်ပညာသည် ရှေးရိုးမြန်မာ့ယဉ်ကျေးမှု တစ်ရပ်ဖြစ်ပြီး ယခုအခါ တစ်စစတိမ်ကောပပျောက်လုဖြစ်လာပြီဖြစ် ကြောင်း ပဲခူးတောင်ပိုင်းအမတ်ကဆိုပါသည်။ သို့ဖြစ်၍ ပန်တျာကျောင်း များ၌ သီးခြားသင်ကြားပေးရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်က တိုက်တွန်းပါကြောင်းတင်ပြခဲ့၏။





ပဲခူးတိုင်းတောင်ပိုင်းအမတ်၏အဆိုကို အစည်းအဝေးတက် ရောက်လာကြသည့်အမတ်များက ထောက်ခံဆွေးနွေးခဲ့ကြ၏။ သို့သော် ဆွေးနွေးချက်မှာ မပြီးပြတ်ခဲ့သဖြင့် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသည့် လူမျိုးစုလွှတ်တော်အစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ ကြသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးဘစောက ရုပ်သေးပညာ တိမ်ကောလာရခြင်းမှာ နိုင်ငံတော်က အားမပေး၍မဟုတ်ဘဲ ခေတ် အလျောက် တိမ်ကောလာရခြင်းသာဖြစ်ကြောင်း မည်သို့မည်ပုံထိန်းသိမ်း သင့်သည်ကို ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးရမည်ဖြစ်ပြီး တိုင်း ပြည်အတွက် အမှန်တကယ်အကျိုးရှိမည်ဆိုပါက ပန်တျာကျောင်းများ တွင် သင်ကြားစေမည်ဖြစ်ကြောင်း ပြောကြားခဲ့၏။

## ပထမဆုံးအကြိမ် ဘောလုံးဒိုင်လူကြီး အောင်လက်မှတ်ပေးပွဲကျင်းပ (၇-၉-၁၉၆၉)

၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီ၊ ဘောလုံးဒိုင်လူကြီး ဆပ်ကော်မ တီက အောင်လက်မှတ်ပေးပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းကို နောက်တစ်နေ့ထုတ် ရန်ကုန်သတင်းစာ၌ တွေ့ရှိရပါသည်။ ယင်းအခမ်းအနားကို ဒဂုံ အထက (၁) ၌ကျင်းပရာ သဘာပတိအဖြစ် ဦးတင်ထွန်းက ဆောင်ရွက်ခဲ့၏။

ဘောလုံးဒိုင်ချုပ် ဦးဘသိန်းက ယခင်ခေတ် ဘောလုံးပွဲများတွင် ဂေါ်ရာနှင့် အင်္ဂလိပ်များသာ ဒိုင်လူကြီးဖြစ်ခဲ့ကြပြီး ယခုအခါ ကိုယ့်လူ မျိုးနှင့် ကိုယ့်နယ်မြေဒိုင်လူကြီးများဖြစ်လာကြပြီဖြစ်သဖြင့် ဝမ်းမြောက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ပြောကြားခဲ့၏။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီး ဦးကျော် ဟန်က ဘောလုံးဒိုင်လူကြီးသင်တန်းကို နယ်မြေအလိုက်သတ်မှတ်၍



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပို့ချပေးခဲ့ရာ၌ ဦးခင်မောင်အေး၊ ဦးဘသိန်းတို့က ပါဝင်ကူညီခဲ့ကြကြောင်း ပြောကြားခဲ့၏။ ထို့နောက် ဘောလုံးဒိုင်လူကြီးဥက္ကဋ္ဌ ဗိုလ်ကြီးရာဂျာက အောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့လေသည်။

## ခါခါဘိုရာဇီတောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်နိုင်ပြီ
## (၁၅-၉-၁၉၉၆)

၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏ အမြင့်မားဆုံးတောင်အဖြစ် သတ်မှတ်ထားသော ခါခါဘိုရာဇီတောင်ထိပ်သို့ မြန်မာနိုင်ငံမှ တောင်တက်သမားများအောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြပြီဖြစ်ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ ခါခါဘိုရာဇီတောင်သည် မြန်မာနိုင်ငံမြောက်ပိုင်း၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်အတွင်းတည်ရှိပြီး အမြင့်ပေ ၁၉၃၁၅ ပေ ရှိသည်ဆိုပါသည်။ ခါခါဘိုရာဇီတောင်ထိပ်သို့ တက်ရောက်အောင်မြင်ခဲ့ကြသူများမှာ ရဝမ်တိုင်းရင်းသား ဦးနမားဂျွန်ဆင်နှင့် ဂျပန်အမျိုးသား မစ္စတာတာကာရိုအိုဇာကီတို့ဖြစ်ကြ၏။

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းကို ၁၉၆၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ မည်သူမျှအောင်မြင်စွာ တက်ရောက်နိုင်ခဲ့ခြင်းမရှိသေးဘဲ ယခုကြိမ်မှာ ပထမဆုံးအကြိမ် အောင်မြင်မှုဖြစ်ကြောင်း ဆိုပါသည်။ ခါခါဘိုရာဇီတောင်ထိပ်သို့ ဒုတိယကမ္ဘာစစ်မဖြစ်မီက အင်္ဂလိပ်လူမျိုး ကင်းဒန်းဝပ်ဒ် (F. Kingdom Word) က တက်ရောက်ရန် ကြိုးပမ်းခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ပေ။

အလားတူ ၁၉၅၆ ခုနှစ်ကလည်း ဗိုလ်မှူးကြီးစောမြင့်နှင့် ယိမ်းနွဲ့ပါးစစ်တံဆိပ်အဖွဲ့တို့ နယ်စပ်တိုင်းတာရေးအစီအစဉ်အရ တက်ရောက်ခဲ့ကြသော်လည်း အမြင့်ပေ ၁၂၀၀၀ အရောက်တွင် ရာသီဥတု





ဆိုးဝါးမှုကြောင့် လက်လျှော့ခဲ့ရသည်ဆိုပါသည်။ ခါခါဘိုရာဇီတောင်ထိပ်၌ ရဝမ်တိုင်းရင်းသား ဦးနမားဂျွန်ဆင်က နိုင်ငံတော်အလံစိုက်ထူနိုင်ခဲ့ခြင်းမှာ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာပင်ဖြစ်ပေသည်။



ရေခဲများဖုံးလွှမ်းနေသည့် ခါခါဘိုရာဇီတောင် တောင်တက်ခဲ့သည့် ရဝမ်တိုင်းရင်းသား ဦးနမားဂျွန်ဆင်နှင့် ဂျပန်အမျိုးသား မစ္စတာ တာကာရိုအိုဇာကီ

## လင်းပင်မင်းသားကြီး၏သားတော်လုပ်ကြံခံရ
## (၁၅-၉-၁၉၅၁)

အိမ်ရှေ့စံကနောင်မင်းသားကြီး၏ သားတော်ဖြစ်သော လင်းပင်မင်းသားကြီးနှင့် ရေနံ့သာခင်ခင်ကြီးတို့က ဖွားမြင်သည့် အငယ်ဆုံးသားတော် ခရိုင်ဝန်ထိုင်တင်ဒွေးသည် ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ မြိတ်မြို့တွင် ကေအင်န်ဒီအိုတို့၏ လုပ်ကြံခြင်းကိုခံခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း နောက်တစ်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် သတင်းဖော်ပြပါရှိပါသည်။

လင်းပင်ထိပ်တင်ဒွေးသည် အိန္ဒိယနိုင်ငံ၊ အလ္လဟာဗက်မြို့၌ ၁၉၀၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ဖွားမြင်ခဲ့သူဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ဖူးသူ ဖြစ်ပါသည်။ သူသည် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့အုပ်၊ အခွန်ဝန်၊ အင်းစိန်နယ်ပိုင် ဝန်ထောက်ရာထူးများဖြင့် အမှုထမ်းခဲ့ဖူးပြီး မြိတ်ခရိုင်ဝန်အဖြစ် ခန့်ထားခံခဲ့ရသူဖြစ်၏။ ထို့ပြင် သီဟသူရဘွဲ့ကိုလည်း ချီးမြှင့်ခံခဲ့ရသူဖြစ်သည်။ မြိတ်ခရိုင်ဝန်ထိပ်တင်ဒွေး၏ ဈာပနအခမ်းအနားသို့ တရားဌာနဝန်ကြီး ဦးခင်မောင်လတ်၊ ချင်းရေးရာဝန်ကြီး ဦးဝမ်သူမောင်၊ သာသနာနှင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ငြိမ်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်း၌ ဖော်ပြပါရှိပါသည်။



မြိတ်ခရိုင်ဝန် လင်းပင်ထိပ်တင်ဒွေးနှင့် ဇနီး





## ရေးမြို့နယ်အတွင်း ထူးဆန်းသော ပါဠိဘာသာစကားပြော အမျိုးသမီးတစ်ဦးပေါ်ပေါက်

(၆-၅-၁၉၅၅)

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေးမြို့မှ ၁၂ မိုင်အကွာ တောင်ဘုံကျေးရွာမှ ဦးဆိုင်၊ ဒေါ်မိတို့၏သမီးသည် လွန်ခဲ့သောသုံးနှစ်ခန့်မှစ၍ သုံးစွဲနေကျ မွန်တိုင်းရင်းသားဘာသာစကားကို အသုံးမပြုတော့ဘဲ ပါဠိဘာသာဖြင့်သာ ပြောဆိုတော့ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ အမျိုးသမီးမှာ အသက် ၁၈ နှစ်အရွယ်ရှိပြီး ပါဠိဘာသာကျွမ်းကျင်သူအချို့နှင့် စကားပြောဆိုစေရာ သူ၏အမည်မှာ စန္ဒဝတီဖြစ်ကြောင်း၊ ဘဝဟောင်းမှ မယ်တော်ဖြစ်သူက စောင့်ရှောက်လျက်ရှိကြောင်းများကို ပြောပြခဲ့သည်ဆို၏။

စန္ဒဝတီအမည်ခံ အမျိုးသမီးသည် ရွာတွင်းရှိလူနာများအား ရေမန်းတိုက်၍ ဆေးဝါးကုသပေးရာ ရောဂါများပျောက်ကင်းသည်ဆိုပါသည်။ ရေးမြို့မှ ဖဆပလအမတ် ဦးဖဆိုသူမှာ အူအတက်ပေါက်ရောဂါဖြင့် ခွဲစိတ်ကုသမှုခံယူရန် ဟန်ပြင်နေစဉ် စန္ဒဝတီ၏ ကုသပေးမှုကြောင့် ဝေဒနာပျောက်ကင်း သက်သာသွားခဲ့၏။ စန္ဒဝတီသည် ရတနာသုံးပါးကို အလွန်ကြည်ညိုပြီး သက်သတ်လွတ်စားလေ့ရှိကြောင်း၊ မိဘများမှာ ဆင်းရဲနွမ်းပါးကြသော်လည်း လူနာများပူဇော်သည့်အလှူငွေကို ပြန်ပေးစေတတ်ကြောင်း၊ ယခုအခါ လူနာများနှင့် စန္ဒဝတီတို့အကြား ပြောဆိုဆက်ဆံနိုင်ရန် ပါဠိစကားပြန်တစ်ဦးကိုပင်ထားရှိရကြောင်း သတင်း၌ဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



## ဦးဝိစာရအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအတွက် ဆောင်ရွက်ရေးကော်မတီတစ်ရပ်ဖွဲ့စည်း
(၆-၉-၁၉၅၇)

၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့က ဦးဝိစာရအထိမ်းအမှတ် ကျောက်တိုင်ဖွင့်လှစ်ပွဲအတွက် ဆောင်ရွက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း အိုးဝေသတင်းစာ၌ သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် သခင်ဘအောင်ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် သခင်ဦးလှကလည်းကောင်း ဆောင်ရွက်ပြီး အမှုဆောင် ၁၉ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း ဆိုပါသည်။ ကော်မတီအဖွဲ့သည် ဆရာတော်ဦးဝိစာရအထိမ်းအမှတ် ကျောက်တိုင်ဖွင့်ပွဲအတွက် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ ဖွင့်ပွဲအဖြစ် လာမည့် စက်တင်ဘာလ ၁၀ ရက်နေ့ကိုသတ်မှတ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ဦးဝိစာရကျောက်တိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ယင်းနေ့တွင် ရဟန်းသံဃာများအား ဆွမ်းကပ်လှူမည်ဖြစ်ပြီး လွမ်းသူ့ပန်းခွေများလည်း ချကြမည်ဖြစ်၏။

သို့သော် ကော်မတီအနေဖြင့် ဦးဝိစာရအထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲ ကျင်းပနိုင်ရေးအတွက် ရန်ပုံငွေများကို နေရာအနှံ့အပြား၌ လိုက်လံကောက်ခံပေးရမည့်နည်းတူ ပါလီမန်သို့လည်း ရက်သတ်မှတ်ပေးရန်တင်ပြရဦးမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြထားပါသည်။





## မြိတ်ခရိုင် တောနက်အတွင်း၌ ထူးဆန်းသောကျေးရွာတစ်ရွာတွေ့ရှိ
(၁၀-၉-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ထုတ်၊ မဏ္ဍိုင်သတင်းစာတွင် မြိတ်ခရိုင်သတင်းထောက် ဦးပျိုတင်၏သတင်းကို ကိုးကားလျက် မြိတ်ခရိုင်အတွင်း၌ ထူးဆန်းသောကျေးရွာတစ်ရွာရှိနေကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ တွေ့ရှိပုံမှာ မြိတ်မြို့ကြောင်ငယ်ရပ်နေ သစ်ခုတ်လုပ်ငန်းဖြင့် အသက်မွေးသူ ဒူမန်ဦးစီးသည့် ဟာမွတ်ဇီ၊ မောင်တင်စိန်တို့ပါ သစ်ခုတ်သမားတစ်စုသည် သစ်ခုတ်ရန်အတွက် ဩဂုတ်လအတွင်း၌ ကဟန်းကျေးရွာသို့ သွားရောက်ခဲ့ကြသည်ဆို၏။ ကဟန်းရွာအရောက်တွင် ယင်းရွာမှ လှေငါးစင်းနှင့်ပူးပေါင်းကာ လယ်သစ်ချောင်းပေါက်ဝရှိ သစ်တောကြီးအတွင်းသို့ သစ်များသွားရောက် ခုတ်ခဲ့ကြသည်။

သစ်တောကြီးမှာ မြိတ်မြို့ အနောက်တောင်ဘက်တွင်ရှိပြီး၊ လှေခြောက်စင်း သွားရောက်သစ်ခုတ်ရာမှ ဒူမန်ဦးစီးသည့်လှေမှာ မျက်စိလည်လမ်းမှားသွားခဲ့သည်ဆို၏။ ဩဂုတ်လနောက်ဆုံးပတ်တွင် လှေသည် ချောင်းငယ်ကလေးအတွင်းရောက်ရှိသွားပြီး မှောင်စပျိုးချိန်၌ ကျေးရွာကြီးတစ်ရွာကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ကမ်းသို့ တက်လိုက်ကြသည် ဆိုပါသည်။ ကျေးရွာကမ်းထက်မှ မီးမောင်းဖြင့်ထိုးထားပြီး ယူနီဖောင်းဝတ်ထားသူတို့က လှေကလေးအတွင်း ရှာဖွေကြ၏။ ဒူမန်တို့သုံးဦးက မျက်စိလည်လမ်းမှားလာပြီး စားစရာ ဆန်ပင်မရှိတော့ကြောင်း ပြောပြရာ ကျေးရွာက ထမင်းစီစဉ်ပေးပြီး စားစရာဆန်လည်း ပေးအပ်ခဲ့သည် ဆိုပါသည်။ တောင်ခြေပတ်လည်တွင် အိမ်များဖြင့် စည်စည်ကားကားရှိပြီး တောင်ပေါ်ထက်ရှိ ဘုန်းတော်ကြီးကျောင်းကဲ့သို့သော နေရာမှ အိုးစည်ဗုံမောင်းတီးလျက် ပွဲလမ်းသဘင်ကျင်းပနေသည်ကိုလည်း တွေ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုမန်တို့အဖွဲ့သည် ကမ်းထက်သို့တက်ခွင့်မရခဲ့သည့်အပြင် နံနက်မိုးမလင်းမီ ရွာစောင့်များ၏ ညွှန်ကြားချက်အရ ရွာမှထွက်ခွာခဲ့ကြရသည်ဆိုပါသည်။ မြိတ်မြို့သို့ ဩဂုတ်လကုန်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြပြီး တောနက်အတွင်း ဤမျှစည်ကားပြီး ခေတ်မီလျှပ်စစ်မီးများ ထွန်းညှိထားသော ကျေးရွာကြီးမျိုး တစ်ခါမျှမတွေ့ဖူးသည့်အားလျော်စွာ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် သတင်းထောက် ဦးပျိုတင်အား အတွေ့အကြုံများကို ပြောကြားခဲ့ကြ၏။ ရှေးယခင်ကလည်း သဘောသားအချို့ ဤကဲ့သို့သော ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ရဖူးသည်ဆိုပါသည်။

## နေ့ချင်းပြီး စာသိမ်း၊ ငွေသိမ်းစနစ် စတင်တော့မည်
## (၈-၉-၁၉၆၁)

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှစတင်လျက် ရန်ကုန်မြို့ပေါ်ရှိ မြို့နယ်ငါးမြို့နယ်၌ နေ့ချင်းပြီး စာသိမ်း၊ ငွေသိမ်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တစ်စောင်ကို ယင်းနေ့ထုတ်ပြည်ထောင်စုသတင်းစာ၌ ဖော်ပြထားသည်။ ရန်ကုန်မြို့ပေါ်နှင့်တကွ ဆင်ခြေဖုံးများ၌ နေ့ချင်းပြီး စာသိမ်း၊ ငွေသိမ်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာပို့တိုက်ဌာနက နည်းလမ်းရှာဖွေခဲ့ရာတွင်ဂျပန် စစ်လျော်ကြေးအဖြစ် တိုယိုအော့စ်မော်တော်ကား ၁၁ စီးကို လက်ခံရရှိပြီးဖြစ်သဖြင့် ယခုကဲ့သို့ စီစဉ်လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဆိုပါသည်။

စာပို့တိုက်ဌာနတွင် မော်တော်ကားများမှာ ဩဂုတ်လ ၂၄ ရက်နေ့ကရောက်ရှိခဲ့ပြီး ပထမဆင့်အနေဖြင့် အင်းစိန်၊ အောင်ဆန်း၊ မင်္ဂလာဒုံ၊ ဉက္ကလာနှင့် သာကေတမြို့သစ်များ၌ စာသိမ်း၊ ငွေသိမ်းသွားရန် အသုံးပြုသွားမည်ဖြစ်သည်ဆို၏။ နောက်ထပ်လည်း ငွေကျပ် ၂၇၈၀၀ တန်တိုယိုအော့စ်ကားငါးစီး ဂျပန်နိုင်ငံမှ ထပ်မံရရှိဦးမည်ဖြစ်ရာ နိုင်ငံခြား





ချောစာလုပ်ငန်းအတွက် အသုံးပြုသွားမည်ဟု ပြည်တွင်းချောစာဌာနညွှန်ကြားရေးဝန် ဦးသိန်းတန်က ရှင်းလင်းပြောကြားခဲ့၏။ ယခုအစီအစဉ်အရ နံနက် ၈ နာရီခွဲတွင်ထည့်သောစာတစ်စောင်သည် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့တွင်းသို့ ရောက်ရှိနိုင်မည်ဆိုပါသည်။

## မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းနှင့်အဖွဲ့ ကရင်တိုင်းရင်းသားများသမိုင်းနှင့် ယဉ်ကျေးမှုလေ့လာ
## (၁၀-၉-၁၉၆၉)

မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းနှင့်အဖွဲ့သည် ကရင်တိုင်းရင်းသားများ သမိုင်းနှင့် ယဉ်ကျေးမှုရေးရာတို့ကို လေ့လာရန် ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့က ဘားအံမြို့သို့ ရောက်ရှိလာခဲ့ကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် ရန်ကုန်သတင်းစာ၌ သတင်းဖော်ပြပါရှိသည်။ ဒေါက်တာသန်းထွန်းနှင့်အတူ ရန်ကုန်တက္ကသိုလ် ရာဇဝင်ကထိက ဦးဖုန်းမြင့်၊ စာရေးဆရာနှင့် သတင်းစာဆရာမောင်မဲတို့ လိုက်ပါခဲ့ကြပြီး ဘားအံမြို့မှတစ်ဆင့် အိန္ဒုမြို့နယ်ခွဲသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်ဆို၏။

စက်တင်ဘာလ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် လေ့လာရေးအဖွဲ့သည် ပြည်ထောင်စုမြို့သစ်အနီးရှိ ကမော့ကစင်ရွာသစ်ကျောင်း ကျောင်းထိုင်ဆရာတော်၊ ရှေးဟောင်းကရင်စာပေနှင့် ယဉ်ကျေးမှုဖော်ထုတ်ရေးကော်မတီအတွင်းရေးမှူး ဆရာတော်ဦးစန္ဒနတို့နှင့်တွေ့ဆုံကာ ရေတံခွန်တောရဆရာတော် ဦးတေဇိန္ဒကျောင်းသို့သွားရောက်လျက် ရှေးဟောင်းပေ၊ ပုရပိုက်များကို လေ့လာခဲ့ကြသည်ဆိုပါသည်။ ထို့နောက် စက်တင်ဘာလ ၉ ရက်နေ့တွင် ဘားအံမြို့နယ် ဂျိုင်းရွာ၊ လွန်းညရွာ၊ နှစ်ခြားရွာနှင့် ကော့ဂွန်းဂူတို့ကို သွားရောက်လေ့လာခဲ့ကြ၏။ ထို့ပြင် ဘားအံမြို့မှ ကရင်စာပေဖြစ်မြောက်ရေးကော်မတီဉက္ကဋ္ဌ ဒေါက်တာစောလှထွန်းနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခဲ့ကြောင်း သတင်း၌ဖော်ပြထားပါသည်။

## မင်းတုန်းမင်း၏သားတော် မြင်ကွန်းမင်းသားကြီးကွယ်လွန်
## (၂၀-၉-၁၉၂၁)

၁၉၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် မင်းတုန်းမင်း၏ သားတော် မြင်ကွန်းမင်းသားကြီးသည် ဗီယက်နမ်နိုင်ငံ၊ ဆေဂုံမြို့ (ယခင် ပြင်သစ်ပိုင် ကိုချင်ချိုင်းနားပြည်နယ်) ၌ ကွယ်လွန်သွားကြောင်း စက်တင်ဘာလ ၂၃ ရက်နေ့ထုတ် သူရိယသတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ မြင်ကွန်းမင်းသားကြီးသည် မင်းတုန်းမင်းနှင့် ပထမ ရွှေရေးဆောင်မိဖုရားတို့၏ သားတော်ဖြစ်ပြီး ကွယ်လွန်ချိန်၌ အသက် ၇၉ နှစ် အရွယ်ရှိပြီဖြစ်၏။ ဆေဂုံမြို့မှ သူရိယသတင်းစာတိုက်သို့ ပေးပို့ခဲ့သော ဖိတ်ကြားစာကို သတင်းစာ၌ အောက်ပါအတိုင်းဖော်ပြထားခဲ့၏။

"မင်းသမီးခင်လေးဖုရား၊ သခင်မကလေး၊ ထိပ်တင်မကြီး၊ ရင်နီမြင်ကွန်းမင်းသမီး၊ ဂျင်နီမြင်ကွန်းမင်းသမီး၊ ဆူဇန်မြင်ကွန်းမင်းသမီး၊ ဗျာလပ်တိုင် မြင်ကွန်းမင်းသား၊ ဟယ်လင်မြင်ကွန်းမင်းသမီးတို့က ဖိတ်ကြားလိုက်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ခမည်းတော်နှင့် ဘိုးတော်ဖြစ်သော သက်တော် ၇၉ နှစ် မြင်ကွန်းကိုယ်တော်ကြီးသည် ၁၉၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ (၁၂၈၃ ခုနှစ်၊ တော်သလင်းလဆုတ် ၄ ရက်နေ့) နံနက် ၉ နာရီခွဲအချိန် ကံကုန်တော်မူသဖြင့် ကိုယ်တော်ကြီး၏ အလောင်းတော်ကို ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ (၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့) ညနေ ၄ နာရီခွဲအချိန်၌ ဖုတ်သွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ၎င်းမြင်းကွန်းကိုယ်တော်ကြီး၏ စံအိမ်တော်သို့ အသုဘရှုကြွရောက်ကြပါမည့်အကြောင်း ဖိတ်ကြားလိုက်ပါသည်"ဟူ၍ ဖြစ်ပါသည်။





## သခင်ဘသောင်း၏ ပန်းသာမစာဥရုပ်ရှင်ဇာတ်ကား ရုံတင်ပြတော့မည်
## (၁၉-၉-၁၉၅၅)



သခင်ဘသောင်း၏ ပန်းသာမစာဥ ရုပ်ရှင်ပိုစတာ

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် စာရေးဆရာကြီး သခင်ဘသောင်းရေးသားသည့် ပန်းသာမစာဥ ဝတ္ထုဇာတ်လမ်းကို ပန်းသာဖလင်းမှ ဒါရိုက်တာ ဦးချင်းစိန်က ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ မကြာမီ ရန်ကုန်မြို့ရုပ်ရှင်ရုံကြီးနှစ်ရုံ၌ တစ်ပြိုင်နက်ပြသတော့မည်ဖြစ်ကြောင်း သတင်းဖော်ပြပါရှိပါသည်။ ယင်းဇာတ်ကားတွင် ကိုဒေဝအဖြစ် ဇေယျ၊ ပန်းသာမောင်မောင်အဖြစ် အေးကြူ၊ 'ဥ'အဖြစ် မေသစ်တို့ပါဝင်ကြပြီး မကြာမီက ယာဉ်တိုက်မှုဖြစ်ပွားပြီး ကွယ်လွန်သွားသည့် ဦးသာဂေါင်၏ တစ်ဦးတည်းသောသား မောင်မျိုးဆက်ကိုလည်း 'ဥ'၏မောင်အဖြစ် သရုပ်ဆောင်ထားကြောင်း တွေ့မြင်ကြရမည်ဆိုပါသည်။ ပန်းသာမစာဥမှာ အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အသံကြည်လင်ပြတ်သားမှုရှိစေရန်လည်း အထူးကြိုးပမ်းထားသည်ဆို၏။

သခင်ဘသောင်း၏ ပန်းသာမစာဥဝတ္ထုကို နဂါးနီစာအုပ်တိုက်က ၁၉၃၈ ခုနှစ်တွင် အတွဲနှစ်တွဲခွဲ၍ ထုတ်ဝေခဲ့ပါသည်။ ဝတ္ထု၏ မူလအမည်မှာ 'ပန်းသာမခါဥ'ဖြစ်သော်လည်း ပုံနှိပ်တိုက်က စာစီမှားယွင်းကာ ပန်းသာမစာဥ ဖြစ်လာခဲ့ရခြင်းဖြစ်သည်။ ယင်းဝတ္ထုသည် သောမတ်စ် ဟာဒီ (Thomas Hardy) ၏ Tess of the D'Ubervilles ကို မြန်မာမှုပြုထားခြင်းဖြစ်၏။ ပန်းသာမစာဥဝတ္ထုကို ၁၉၅၁ ခုနှစ်တွင် ပညာရေးဌာနက တက္ကသိုလ်ဝင်တန်း မြန်မာစာအတွက် ပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါသည်။

## ချင်းတောင်တန်းဒေသ၌ အထက်တန်းကျောင်းတစ်ကျောင်း စတင်ဖွင့်လှစ်
## (၂၀-၉-၁၉၄၉)

၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ချင်းတောင်တန်းဒေသ မင်းတပ်မြို့တွင် အထက်တန်းကျောင်းတစ်ကျောင်း စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ တောင်တန်းဒေသတွင် နေထိုင်ကြသည့် ချင်းတိုင်းရင်းသားများအနေဖြင့် အထက်တန်းပညာကို လွယ်လင့်တကူသင်ယူခွင့်မရရှိခဲ့ကြသည့်အလျောက် ယခုကဲ့သို့ အထက်တန်းကျောင်းတစ်ကျောင်းဖြစ်မြောက်အောင် နိုင်ငံတော်အစိုးရနှင့် ဒေသခံရပ်မိရပ်ဖတို့က ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း ဆိုပါသည်။ အထက်တန်းကျောင်းကို ဩဂုတ်လအတွင်းဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူသူမှာ ဦးကျော်မင်းဖြစ်ကြောင်း သိရ၏။

အထက်တန်းကျောင်း၌ လက်ရှိ ကျောင်းသား ၁၇၀ ဦးရှိရာ ကျောင်းသား ၅၀ မှာ မြန်မာအမျိုးသားလူငယ်များဖြစ်ကြပြီး ကျန်





ကျောင်းသားများမှာ ချင်းတိုင်းရင်းသားများဖြစ်ကြသည်ဟု ဆိုပါသည်။ မြန်မာလူငယ်ကျောင်းသားများအနေဖြင့် ချင်းတိုင်ရင်းသားဘာသာစကားကိုကောင်းစွာပြောဆိုတတ်ကြရာ စာသင်ကြားရေးအတွက် အခက်အခဲမရှိကြောင်း သိရှိရ၏။

## မြန်မာနိုင်ငံမှ အုပ်ကြွပ်အောင်မြင်စွာထုတ်လုပ်နိုင်ပြီ
## (၁၇-၉-၁၉၅၇)

၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြန်မာနိုင်ငံတော်အစိုးရ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့မှ အုပ်ကြွပ်ချပ်များကို အောင်မြင်စွာထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ စက်တင်ဘာလ ၁၆ ရက်နေ့၊ နံနက် ၁၀ နာရီခွဲအချိန်တွင် လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့မှ ဒေါက်တာဘလှိုနှင့် အထူးအရာရှိ ဦးကျော်ငြိမ်းတို့က အဖွဲ့တွင်လုပ်ကိုင်အောင်မြင်လျက်ရှိသော အုပ်ကြွပ်ချပ်များကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အဖွဲ့ရုံး၌ သတင်းစာဆရာများအား ခေါ်ယူပြသခဲ့၏။

လက်တွေ့သုတေသန အထူးအရာရှိ ဦးကျော်ငြိမ်းက ပြောကြားရာတွင် မိမိတို့အနေဖြင့် ၁၉၅၄ ခုနှစ်ကတည်းက အုပ်ကြွပ်လုပ်ကိုင်နိုင်ရန် ကြိုးစားခဲ့ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂသို့ အကူအညီတောင်းခံကြည့်ရာ ဒိန်းမတ်နိုင်ငံမှ ပါရဂူဒေါက်တာဟောဆိုသူအား ၁၉၅၄ ခုနှစ်၊ မေလတွင် ရန်ကုန်သို့စေလွှတ်ပေးခဲ့ကြောင်း၊ ၎င်းနှင့်အတူ စက်ကိရိယာပစ္စည်းယူဆောင်လာကြောင်း ဆိုပါသည်။ ယခု အောင်မြင်စွာလုပ်ကိုင်နိုင်ပြီဖြစ်သော အုပ်ကြွပ်ပြားမှာ တစ်ချပ်လျှင် တစ်ပေါင်နီးပါးခန့်သာလေးပြီး လေးပင်သုံးခန်းအိမ်တစ်အိမ်အတွက် ငွေကျပ် ၁၀၀ သာ ကုန်ကျမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဆို၏။ ထို့ပြင် ပြည်တွင်းမှရရှိသော သဘာဝပစ္စည်းဖြစ်သည့် မြေကြီးဖြင့်သာ လွယ်လင့်တကူလုပ်ကိုင်နိုင်သဖြင့် များစွာအဆင်ပြေလှကြောင်း၊ မီးလောင်စာခနီ၊ သက်ကယ်များထက် ငွေအကုန်အကျသက်သာပြီး မီးဘေးရန်ကိုလည်း ကာကွယ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဆိုသည်။

## ကုက္ကိုင်းရေလှောင်ကန်တံခါး မီးမောင်းထိုး၍ရှာဖွေမည်
## (၂၆-၉-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် ရန်ကုန်မြို့၌ သောက်သုံးနေသည့် ရေများမကြာခဏဆိုသကဲ့သို့ အနည်အမှုန်များ ပါဝင်နေခြင်းကြောင့် ကုက္ကိုင်းရေလှောင်ကန်ကြီးအား ဆေးကြောပေးရန် လိုအပ်လာပြီဖြစ်ကြောင်း ဆိုပါသည်။ ရေများအနည်ပါလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ရေလှောင်ကန်အတွင်းရှိ အနည်ထုတ်သည့် ရေတံခါးမှ ဖွင့်ထုတ်ပေးမှုမရှိသောကြောင့်ဖြစ်သည်။ ရေလှောင်ကန်၏ပုံစံမှာ စစ်အတွင်းက ပျောက်ပျက်သွားပြီဖြစ်သဖြင့် အင်ဂျင်နီယာများအနေဖြင့် အနည်ထုတ်သည့်ရေတံခါး မည်သည့်နေရာ၌ရှိကြောင်း မသိရှိကြတော့ဟုဆိုသည်။

ရှေးယခင်က ကုက္ကိုင်းရေလှောင်ကန် ဆေးကြောခဲ့ဖူးသူများကို လိုက်လံရှာဖွေစုံစမ်းရာ၌လည်း ကွယ်လွန်သွားကြပြီဖြစ်သဖြင့် ရေအောက်ရှိ ရေတံခါးရှာဖွေရန်အခက်အခဲ ကြုံတွေ့ရ၏။ သို့ဖြစ်၍ မြူနီစပါယ်အဖွဲ့မှ အင်ဂျင်နီယာများက ရေလှောင်ကန်အတွင်းသို့ လှေဖြင့်ဝင်ရောက်ကာ မီးမောင်းကြီးများထွန်းညှိလျက် ရေတံခါးကို ရှာဖွေမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြပါရှိသည်။





## ရွှေမော်ဓောစေတီတော်၏ ပိန္နဲတိုင်နှင့် ငှက်ပျောဖူးကြီး မြေအောက်မှ ပြန်လည်ပေါ်ထွက်လာ
## (၉-၉-၁၉၆၁)

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ထုတ် ထွန်းနေ့စဉ်သတင်းစာတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်အချိန်က မြေငလျင်လှုပ်ရာမှ ပဲခူးမြို့ ရွှေမော်ဓောစေတီကြီး၏ ပိန္နဲတိုင်နှင့် ငှက်ပျောဖူး အင်္ဂါထောင့်သို့ ပြုတ်ကျခဲ့သည်ကို မြေအောက်မှ ပြန်လည်တွေ့ရှိရပြီဖြစ်ကြောင်း သတင်းဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ ဓမ္မစေတီခေါင်းလောင်းကြီးကို အင်္ဂါထောင့်သို့ပြောင်းရွှေ့ကာ ခေတ်မီအဆောက်အအုံတစ်ခုဆောက်လုပ်ရန်အတွက် ဒါယကာဆရာဝန် ဦးဘသင်နှင့် ဒေါ်ချစ်တို့က မြေများတူးဖော်ကြစဉ် မြေအောက်အနက်ခြောက်ပေအရောက်တွင် ပိန္နဲတိုင်နှင့် ငှက်ပျောဖူးတို့ ပေါ်ထွက်လာခဲ့သည်ဆို၏။

ပိန္နဲတိုင်နှင့် ငှက်ပျောဖူးကြီးမှာ မြေငလျင်လှုပ်စဉ်က ကျိုးကျပျက်စီးကာ မြေခဲ့ရရာ ယခုကဲ့သို့ မြေကြီးထဲမှ ပြန်လည်တူးဖော်ရရှိသောအခါ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် အလွန်စည်ကားလျက်ရှိခဲ့သည်ဆိုပါသည်။

## အမျိုးသားမှတ်ပုံတင်ကတ်ပြားပေါ်၌ ပြင်ဆင်ရေးသားသူနှစ်ဦးအား ပထမဆုံးအကြိမ်အဖြစ် အရေးယူ
## (၁၀-၉-၁၉၆၉)

၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် ရန်ကုန်သတင်းစာတွင် အမျိုးသားမှတ်ကတ်ပြားပေါ်၌ မိမိသဘောအရ မွေးသက္ကရာဇ် ရက်စွဲလျှော့ပေါ့ရေးသားခဲ့သူနှင့် အမည်ပြင်ဆင်ရေးသားခဲ့သူနှစ်ဦးအား လူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနက ပထမဆုံးအကြိမ်အဖြစ် အရေးယူခဲ့ရကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ ဖြစ်ပွားပုံမှာ အလုံရပ်နေ မောင်စောဆိုသူသည် မွေးသက္ကရာဇ် ၁၃၁၃ ခုနှစ်၊ ဝါဆိုလဆုတ် ၆ ရက်နေ့အစား ၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလဆုတ် ၆ ရက်ဟူ၍ ပြင်ဆင်ထားသကဲ့သို့ အမျိုးသားမှတ်ပုံတင်အမှတ် ၀၁၇၁၉၉ ကိုကိုင်ဆောင်သူ မောင်ဖေမြင့်မှာလည်း မောင်ဖေမောင်ကျင်ဟု ပြင်ဆင်ထားသည်ဆိုပါသည်။

ယင်းသို့ အမျိုးသားမှတ်ပုံတင်ကတ်ပြားပေါ်၌ မိမိသဘောအလျောက် ပြင်ဆင်ထားမှုကို ဒေသစိတ်မှူး ဦးခင်မောင်ကြီးက စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် အပြစ်ကျူးလွန်သူနှစ်ဦးအပေါ် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ (၆) ၂ အရ အရေးယူပေးပါရန် ပြည်သူ့ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်၏။ အမျိုးသားမှတ်ပုံတင်ကတ်ပြားပေါ်၌ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အရေးယူခံရခြင်းတို့မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်း၌ဖော်ပြပါရှိပါသည်။

### သီပေါမင်းလက်ထက် စာဆိုတော်အဝေးရောက်မင်းကွယ်လွန်
### (၂၆-၉-၁၉၄၂)

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် သီပေါမင်းလက်ထက်၌ ထင်ရှားခဲ့သည့် စာဆိုတော် အဝေးရောက်မင်း နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ခံ ဦးအောင်ကြီးသည် ရွှေဘိုမြို့၌ ကွယ်လွန်သွားကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ အဝေးရောက်မင်းသည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် စာဆိုတော်အဝေးရောက်မင်းအဖြစ် အမှုထမ်းရွက်ခဲ့ပြီး အင်္ဂလိပ်ခေတ်တွင်လည်းကောင်း၊ ဂျပန်





ခေတ်တွင်လည်းကောင်း မိမိ၏ပညာဂုဏ်ကို ပြသနိုင်ခဲ့သဖြင့် မင်းလေးဆက်ကိုမီသော မြန်မာပညာရှိပုဂ္ဂိုလ်ကျော်ကြီးဖြစ်ကြောင်း သတင်း၌ဖော်ပြထားပါသည်။

အဝေးရောက်မင်းသည် ၁၈၅၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့ပြီး အသက်အရွယ်ကြီးရင့်ချိန်၌ ရွှေဘိုမြို့တွင် နေထိုင်ခဲ့သည်။ စာရေးဆရာကြီး သိပ္ပံမောင်ဝသည် အဝေးရောက်မင်းအား မကြာခဏ သွားရောက်တွေ့ဆုံကာ ပညာဗဟုသုတဆည်းပူးလေ့ရှိသည်ဆိုပါသည်။ အဝေးရောက်မင်းသည် ကွယ်လွန်ချိန်၌ အသက် ၈၉ နှစ်အရွယ်ရှိပြီဖြစ်၏။ စက်တင်ဘာလ ၂၈ ရက်နေ့တွင်ကျင်းပသော အဝေးရောက်မင်း၏ ဈာပနအခမ်းအနားမှာလည်း အထူးစည်းကားလှသည်ဆိုသည်။

### ရေဘေးရန်ပုံငွေအတွက် ပါလီမန်အမတ်များဘောလုံးပွဲကျင်းပ
### (၂၄-၉-၁၉၅၅)

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရေဘေးဒုက္ခသည်များရန်ပုံငွေအတွက် အထက်မြန်မာပြည် ပါလီမန်အမတ်များနှင့် အောက်မြန်မာပြည် ပါလီမန်အမတ် ဘောလုံးအသင်းနှစ်သင်း ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းတွင် ဘောလုံးယှဉ်ပြိုင်ကစားကြကြောင်းကို စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌သတင်းဖော်ပြထား၏။ အထက်မြန်မာပြည်ပါလီမန်အမတ်များအသင်းကို ဦးထွန်းအေး (ရှမ်းပြည်နယ်) ကဦးဆောင်ပြီး အောက်မြန်မာပြည်အသင်းကိုမူ အသက် ၆၈ နှစ်အရွယ်ရှိ ပုသိမ်အမတ် ဦးဘကျန်းက ဦးဆောင်ပါသည်။ ပွဲမစမီတွင်ဝန်ကြီးချုပ်က နှစ်ဖက်ကစားသမားများနှင့် ဒိုင်လူကြီး ဦးဘသိန်း၊ အလံကိုင်နှစ်ဦးတို့အား လာရောက်နှုတ်ဆက်ခဲ့သည်။

ညနေ ၄ နာရီ၊ မိနစ် ၄၀ အချိန်တွင် စတင်ယှဉ်ပြိုင်ကစားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရာ၌ ပွဲစပြီးလေးမိနစ်အကြာတွင်ပင် အောက်မြန်မာပြည် ပါလီမန်အမတ်အသင်းမှ ပဲခူးအမတ်ဦးသန်းက ပထမဆုံးဂိုးကို သွင်းယူနိုင်ခဲ့သည်။ ထို့နောက် ဆက်လက်ကစားကြရာ ပွဲပြီးဆုံးချိန်တွင် အောက်မြန်မာပြည် ပါလီမန်အမတ်များအသင်းက (၇း၁) ဂိုးဖြင့် အနိုင်ရရှိခဲ့၏။ အောက်မြန်မာပြည်အသင်းမှ ပဲခူးအမတ်ဦးသန်း၊ ဗိုလ်စစ်နိုင်၊ စောထွန်းသာ၊ မန်းတင်အောင်သန်း၊ မြောင်းမြဦးဘလှတို့က သွင်းယူခဲ့ကြပြီး အထက်မြန်မာပြည် ပါလီမန်အမတ်အသင်းမှ ချေပဂိုးကို ဦးမောင်မောင်က သွင်းယူခဲ့သည် ဆို၏။

## "ရွှေဘုံနိဒါန်း"ကျမ်းစာ ပေထုပ်ကို ရှာဖွေတွေ့ရှိ
## (၂၄-၉-၁၉၅၈)

၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ထုတ် လူထုသတင်းစာတွင် ရွှေဘိုခရိုင်၊ ဇီးကုန်းမြို့နေ ကိုတင်ဖေဆိုသူက ဘိုးတော်ဘုရားလက်ထက်က ရေးသားထားသော နန်းစဉ်နန်းဆက် နန်းတွင်းအသုံးဆောင်များဆိုင်ရာ ကျမ်းဖြစ်သည့် 'ရွှေဘုံနိဒါန်း'ကျမ်းကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း သတင်းဖော်ပြပါရှိပါသည်။ ယင်းကျမ်းမှာ ၁၀ ကြောင်းရေးပေချပ်များဖြင့် ရေးထားပြီး သုံးအင်္ဂါ (ပေ ၃၆ ချပ်) ကျော် အထူရှိသည် ဆိုပါသည်။

ဇင်းပေစာထုပ်မှာ ပြင်းကော်ရွာ၊ ဝေဠုဝန်ဆရာတော်ထံမှ ရုပ်သေးမင်းသားကြီး ဦးဘိုးသိကတောင်းယူထားသော ပေထုပ်ဖြစ်ပြီး ဦးဘိုးသိကွယ်လွန်သောအခါ သားများလက်သို့ရောက်ရှိခဲ့၏။ တစ်ဖန် ကိုတင်ဖေက ဦးဘိုးသိ၏သားများထံမှ တောင်းယူရရှိခဲ့သည်ဆိုပါသည်။ ပေထုပ်တွင် 'ရွှေဘုံနိဒါန်း'ဟု ရေးသားဖော်ပြထားပြီး ကျမ်းရေးသားသူအမည်ကို 'ဇေယျသင်္ခရာ'ဟူ၍ ဖော်ပြထား၏။ စတင်ရေးသားသောရက်စွဲကို ၁၁၄၅





ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (ခရစ် ၁၇၈၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်) နေ့ဟူ၍ တွေ့ရှိရ၏။ ပေစာထုပ်ကို 'မြင့်မိုရ်ရတနာ၊ တောင်မျက်နှာဝယ်'ဟု အစချီထားပါသည်။

## ပြည်တွင်းဖြစ်ကြက်တောင်များ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ
## (၂၇-၉-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် မြန်မာနိုင်ငံတစ်ဝန်း ကြက်တောင်ရိုက်အသင်းများတွင် အသုံးပြုနိုင်ရန် ပြည်တွင်းဖြစ်ကြက်တောင်များ အောင်မြင်စွာထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ နိုင်ငံခြား အဆင့်အတန်းမီ ကြက်တောင်များ ထုတ်လုပ်နိုင်မှုနှင့်ပတ်သက်၍ စက်တင်ဘာလ ၂၅ ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် မီးရထားဟိုတယ်၌ သတင်းထောက်များအား ဖိတ်ခေါ်ပြသလျက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့၏။

အေဘရားသားကုမ္ပဏီမှ ဒါရိုက်တာလူကြီး ဦးဘကြင်က ပြောကြားရာတွင် ကြက်တောင်လုပ်ငန်းကို မြန်မာနိုင်ငံမှရရှိသည့် ဘဲတောင်များဖြင့် ဖြူဆွတ်သောအခြေအနေသို့ ရောက်ရှိအောင် အဆင့် ၁၄ ဆင့်ဖြင့် ခက်ခဲစွာလုပ်ဆောင်ခဲ့ရကြောင်း ဆိုပါသည်။ ပြည်တွင်းဖြစ်ပစ္စည်းများဖြင့်သာ ထုတ်လုပ်ထားသဖြင့် နိုင်ငံခြားငွေ ကုန်ကျစရိတ်သက်သာသွားသည့်အပြင် ဈေးနှုန်းချိုသာစွာလည်း ဖြန့်ဖြူးရောင်းချသွားနိုင်မည်ဖြစ်ကြောင်း ဆိုပါသည်။ အေဘရားသားကုမ္ပဏီအနေဖြင့် နိုင်ငံခြားမှ မှာယူရသော ကြက်တောင်ဈေးနှုန်းထက် တစ်ဒါဇင်လျှင် ၁၀ ကျပ် လျှော့ချဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ဖြူမြို့၌ မိုးရွာသွန်းမှုစံချိန်ချိုး
## (၂၁-၉-၁၉၆၁)

၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့က ကျောက်ဖြူမြို့တွင် ၂၄ နာရီပတ်လုံး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ၁၉၁၆ ခုနှစ်၏ မိုးရွာသွန်းမှုစံချိန်ကို ချိုးလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာလ ၂၃ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။ မိုးရေချိန်တိုင်းထွာချက်မှတ်တမ်းများအရ ကျောက်ဖြူမြို့တွင် ၁၉၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ (လွန်ခဲ့သော ၄၅ နှစ်) က ၂၄ နာရီလုံး မိုးသည်းထန်စွာရွာသွန်းခဲ့ဖူးရာ မိုးရေချိန် ၈ ဒသမ ၄၈ လက်မ ရှိခဲ့သည် ဆိုပါသည်။

ယခု ၁၉၆၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ရွာသွန်းသောမိုးမှာ မိုးရေချိန်တိုင်းထွာချက်အရ ၂၄ နာရီအတွင်း ၉ ဒသမ ၆၀ လက်မ ရှိခဲ့သည်ဆို၏။ နောက်တစ်နေ့ဖြစ်သော စက်တင်ဘာလ ၂၂ ရက်တွင်လည်း ၂၄ နာရီပတ်လုံး မိုးဆက်လက်ရွာသွန်းခဲ့ပြီး မိုးရေချိန် ၉ ဒသမ ၄၅ လက်မ ရှိခဲ့သည်ဆိုပါသည်။ သို့ဖြစ်၍ ၁၉၆၁ ခုနှစ်၏ မိုးရွာသွန်းမှုစံချိန်မှာ ယခင် ၁၉၁၆ ခုနှစ်ထက် ပိုမိုများပြားမှုရှိကြောင်း သတင်း၌ ဖော်ပြထားပါသည်။

## အင်္ဂတေဖျော်စက် ပြည်တွင်းမှအောင်မြင်စွာထုတ်လုပ်နိုင်ပြီ
## (၂၉-၉-၁၉၆၈)

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း ပင်မအလုပ်ရုံ (တောင်) အင်းစိန်ရွာမမှ ပထမဆုံးအကြိမ်အဖြစ် အင်္ဂတေဖျော်စက်နှစ်လုံးကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါ





သည်။ အဆောက်အဦ၊ တံတားနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းများတွင် မရှိမဖြစ်အသုံးပြုရန်လိုအပ်သော ယင်းအင်္ဂတေဖျော်စက်များမှာ ဘိလပ်မြေ၊ သဲ၊ ကျောက်စသည့်ပစ္စည်းများကို အင်္ဂတေအဖြစ် ဖျော်စပ်ရာတွင် အသုံးပြုသည့်စက်ဖြစ်၏။ ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဌာနတာဝန်ခံ ဗိုလ်မှူးချုပ်စိန်ဝင်း၏ ညွှန်ကြားအားပေးမှုဖြင့် ကာယ၊ ဉာဏ လုပ်သားကြီးများက စမ်းသပ်လုပ်ဆောင်ခဲ့ကြရာ တစ်လကြာကာလအတွင်း ယခုကဲ့သို့ စက်နှစ်လုံးကို ထုတ်လုပ်နိုင်ခဲ့ကြောင်း ဆိုပါသည်။

အင်္ဂတေဖျော်စက်များကို ပြည်တွင်း၌ တီထွင်ထုတ်လုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံခြားငွေသက်သာသည့်အပြင် လုပ်ငန်းလည်း ပိုမိုတွင်ကျယ်လာကြောင်း၊ နိုင်ငံခြားမှမှာယူရာ၌ စက်တစ်လုံးလျှင် ကျပ် ၆၅၀၀ ကျသော်လည်း ယခုပြည်တွင်း၌ ထုတ်လုပ်သောစက်မှာ ကျပ် ၄၅၀၀ သာ ကုန်ကျကြောင်း၊ စက်တစ်လုံးလျှင် အင်္ဂတေငါးကုဗမှ ခုနစ်ကုဗအထိ ဖျော်နိုင်ပြီး လည်ပတ်နှုန်းမှာ မြင်းကောင်ရေ ငါးကောင်အား မော်တာဖြင့် တစ်မိနစ်လျှင် ၂၂ ပတ်ရှိကြောင်းဆို၏။ ၁၉၆၈-၁၉၆၉ ခုနှစ်အတွင်း အင်္ဂတေဖျော်စက်အလုံး ၃၀ ထုတ်လုပ်သွားရန် လျာထားကြောင်း သတင်း၌ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရန္တပိုစာချုပ် အထိမ်းအမှတ်ကျောက်တိုင်သစ်စိုက်ထူမည်
## (၁၉-၉-၁၉၆၉)

၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ထုတ် ရန်ကုန်သတင်းစာတွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို အဆုံးသတ်စေခဲ့သည့် ရန္တပိုစာချုပ်ချုပ်ဆိုရာ မြင်းခြံခရိုင်၊ ရန္တပိုရွာအနီးဝန်းကျင်တွင် အထိမ်းအမှတ် ကျောက်တိုင်သစ်စိုက်ထူမည်ဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပြေငြိမ်းရေးအတွက် အချက် ၁၁ ချက်ပါ ရန္တပိုစာချုပ်ကို ချုပ်ဆိုခဲ့သည့် ရန္တပိုခေါ် ရန်ပြေရွာကလေးမှာ မြင်းခြံမြို့နှင့် ၁၆ မိုင်အကွာ အင်းဝမြို့နှင့် ၄၅ မိုင်အကွာတွင်တည်ရှိပြီး ယခင်က အထိမ်းအမှတ်ကျောက်တိုင်တစ်ခု ရှိခဲ့ဖူးသည်ဆိုပါသည်။ သို့သော် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် အထိမ်းအမှတ်ကျောက်တိုင်သည်လည်းကောင်း၊ စာချုပ်ချုပ်ဆိုရာနေရာမှ ညောင်ပင်နှစ်ပင်သည်လည်းကောင်း လုံးဝကွယ်ပျောက်ခဲ့ရ၏။

ရန္တပိုစာချုပ်မှာ မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်ပါ အရေးပါလှသည့် စာချုပ်တစ်ခုဖြစ်သည့်အားလျော်စွာ ရန္တပိုစာချုပ် ချုပ်ဆိုရာနေရာ အနီးဝန်းကျင်၌ အထိမ်းအမှတ်ကျောက်တိုင်သစ်စိုက်ထူရန် သမိုင်းသုတေသနဌာနက စီစဉ်ဆောင်ရွက်ခဲ့သည်ဆို၏။ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြင်းခြံခရိုင်ဝန် ဦးဝင်းမောင်ခေါင်းဆောင်သည့်အဖွဲ့သည် ရန္တပိုကျေးရွာသို့ရောက်ရှိခဲ့ကြပြီး ကျေးရွာမှ တာဝန်ရှိသူများ၊ မြေစာရင်းအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးကာ မူလကျောက်တိုင်ရှိခဲ့ဖူးရာနေရာမှ လေးဖာလုံအကွာရှိ နေရာနှစ်နေရာကို ပဏာမအနေဖြင့် ရွေးချယ်သတ်မှတ်ခဲ့ကြောင်း သတင်း၌ဖော်ပြပါရှိသည်။







ရန္တပိုစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သူ ကျီဝန်ကြီး ဦးရွှေညို



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

## ခေတ်ဟောင်းသတင်းစာများကပြောသော အောက်တိုဘာလ


၁။ မြစ်ရေကြီးခြင်းသတင်း (၄-၁၀-၁၈၇၂)

၂။ ရွှေတိဂုံစေတီတော် ရောင်ခြည်တော်လွှတ်ခြင်း (၁၉-၈-၁၈၇၂)

၃။ ပထမဆုံး ဇာတ်လမ်းရုပ်ရှင် (၁၃-၁၀-၁၉၂၀)

၄။ မီးရထားတိမ်းမှောက်မှု (၁၅-၁၀-၁၉၂၁)

၅။ နဝမမြောက် ဂျီစီဘီအေကွန်ဖရင့် (၂၁-၁၀-၁၉၂၁)

၆။ ကရဝိက်ဖောင်တော်တိမ်းမှောက်မှု (၁-၁၀-၁၉၆၅)

၇။ ထီးတော်ဆိုက်ရောက်မှုသတင်း (၂၇-၁၀-၁၈၇၁)

၈။ နဂါးတမန်မောင်ရဲသတင်း ( ၄-၁၀-၁၈၇၂)

၉။ ကျွန်းသစ်ဈေးနှုန်းသတင်း (၁၇-၁၀-၁၈၇၄)

၁၀။ စွယ်တော်မြတ်ကြွချီသတင်း (၁၅-၁၀-၁၉၅၅)

၁၁။ အင်းယားလိတ်ဟိုတယ်ဖွင့်လှစ်ခြင်း (၁၅-၁၀-၁၉၆၂)

၁၂။ တရုတ်နိုင်ငံသို့ သံအဖွဲ့စေလွှတ်မည့်သတင်း (၃၁-၁၀-၁၈၇၄)

၁၃။ မဟာဗန္ဓုလပန်းခြံကျောက်တိုင်ဖွင့်ပွဲ (၅-၁၀-၁၉၄၈)

၁၄။ အင်းဝတံတားကြီး ပြန်လည်ဖွင့်လှစ် (၂၇-၁၀-၁၉၅၄)






### မြစ်ရေကြီးခြင်းသတင်း
### (၄-၁၀-၁၈၇၂)

လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်ကာလ ၁၈၇၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ထုတ် မြန်မာဂေဇက်သတင်းစာတွင် မြစ်ရေကြီးမှုသတင်းတစ်ပုဒ် ဖော်ပြပါရှိခဲ့ရာ ထိုခေတ်ကာလသတင်းစာအရေးအသားကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။

**ရေကြီးသည့်အကြောင်း**

"ဧရာဝတီမြစ်ရိုး သရက်မြို့၊ ပြည်မြို့များမှာ ဧရာဝတီမြစ်ညာကစီးဆင်းလာသော ရေမိုးအလွန်ကြီးလှသောကြောင့် မြစ်နားကမ်းဆိပ်မှာ နှစ်စဉ်ရေမရောက်ဖူးသောကုန်းများကို ရေတက်၍ ရှေးကဆောက်လုပ်တင်ထားသော ဂွမ်းရုံများကို ပြောင်းရွှေ့ရသည်ဟု ကြားသိရသည်။

ကြက်၊ ဝမ်းဘဲများကို ထားစရာမရှိသောကြောင့် ငွေတစ်ကျပ် ဝမ်းဘဲ ၄ ကောင်၊ ၅ ကောင်ပေး၍ ရောင်းကြသည်။ ရန်ကုန်အပိုင် လှိုင်မြို့နယ်မှာ ချောင်းညာကစီးကျလာသော ရေမိုးကြီးလှ၍ ရှေးကရေလွတ်မြေအရပ်တွင် စိုက်၍ထားကြသော စပါးပင်များပေါ်ကို ရေ ၄ ပေ တက်၍ နစ်မြုပ်ကြသောကြောင့် စိုက်လုပ်ထားသော စပါးပင်များအနက် တစ်ဝက်ခန့်ပျက်စီးလိမ့်မည်ဟု ကြားသိရသည်။ ရန်ကုန်မြို့အပိုင် သုံးခွနယ်မှာလည်း မြစ်ညာရေအလွန်ကြီး၍ စိုက်လုပ်ထားသည့်စပါးများ နစ်မြုပ်ကြသည်။ သို့သော်လည်း ရေတက်ရေကျရှိသောအရပ်ဖြစ်၍ သုံးပုံတစ်ပုံခန့်မျှလောက်သာ ပျက်စီးလိမ့်မည်ဟု ကြားသိရသည်။

တောင်ငူ၊ ရွှေကျင် မြစ်ရိုးတစ်လျှောက်မှာလည်း ယခုနှစ် ရေအလွန်ကြီးသောကြောင့် လယ်ယာများနစ်မြုပ်ကြသည်ဟု ကြားသိရသည်။ ပဲခူးမြို့နယ်အတွင်းရှိ အချို့သောနေရာတို့၌ ယခုနှစ်မိုးရေအလွန်ကြီး၍ လယ်များနစ်မြုပ်ပျက်စီးကြသူများသောကြောင့် ရှေ့နှစ်ကို




www.burmeseclassic.com

www.burmeseclassic.com



စပါးအထွက် ဆုတ်လျော့နည်းပါးရန် ရှိသော်လည်း သူတို့အစာဖြစ်သော ပြောင်း၊ ပဲ၊ လူး၊ ဆပ်၊ ပိန်းပြောက်တထွေ ကြေး၊ သက်လျှင်စပါးများကိုသာ မှီဝဲရန်သင့်သည်"ဟူ၍ ဖြစ်ပါသည်။

### ရွှေတိဂုံစေတီတော် ရောင်ခြည်တော်လွှတ်ခြင်း
### (၁၉-၁၀-၁၈၇၂)



ရွှေတိဂုံစေတီတော်ကြီးသည် ရန်ကုန်မှ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်ခဲ့သော တန်ခိုးကြီး စေတီတော်တစ်ဆူဖြစ်ပါသည်။ ၁၈၇၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ထုတ် မြန်မာသံတော်ဆင့် သတင်းစာတွင် ရွှေတိဂုံစေတီတော်မှ ရောင်ခြည်တော်လွှတ်ကြောင်းသတင်းကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။





"သဗ္ဗညုမြတ်စွာဘုရား သာသနာတော် ၂၄၁၆ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၄ ခု၊ သီတင်းကျွတ်လပြည့်နေ့ည ကိုးနာရီအချိန်တွင် ရန်ကုန်မြို့တိကုမ္ဘစေတီတော်ကြီးဘုရားသည် ကဏ္ဍပသရက်ဖူးပင်ရင်း၌ တိတ္ထိအပေါင်းကို နှိမ်နင်းတော်မူ၍ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘာဿရတည်းဟူသော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် အနန္တစက္ကဝါ ဇမ္ဗူကောင်းကင်သို့ ဖြန့်လွှတ်တော်မူ၍ ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ထင်ရှားပြတော်မူ၏။

စေတီတော်မြတ်၏ ရွှေထီးတော်စိန်ဖူးမှ ပြိုးပြိုးပြက်တစ်ခဲနက်သော ရောင်ခြည်တော်တို့သည် သောကြာကြယ်ကဲ့သို့ တောက်ပလျက်ထွက်တော်မူသည်များကို ၅ မိနစ်ခန့် မြင်ရချေသည်"ဟူ၍ ဖြစ်ပါသည်။

### ပထမဆုံး ဇာတ်လမ်းရုပ်ရှင်
### (၁၃-၁၀-၁၉၂၀)

မြန်မာ့ရုပ်ရှင်သမိုင်းကို ၁၉၂၀ ပြည့်နှစ်တွင် ဦးထွန်းရှိန်ဈာပနသတင်းကားဖြင့် စတင်ဖွင့်လှစ်ခဲ့၏။ ဦးထွန်းရှိန်ဆိုသည်မှာ နိုင်ငံလွတ်လပ်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ သွားရောက်အရေးဆိုခဲ့သော (ဖေ-ပု-ရှိန်) ကိုယ်စားလှယ်အဖွဲ့မှ ထင်ရှားကျော်ကြားလှသူပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။

ယင်းသတင်းကားပြသပြီး မရှေးမနှောင်းကာလ၌ပင် ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်သည် ဇာတ်လမ်းရှာဖွေကြည့်သောအခါ ပီမိုးနင်း၏ ဝတ္ထုဇာတ်လမ်းကို သဘောကျနှစ်ခြိုက်ကြသည်နှင့် မြန်မာ့အဆွေ တိုက်ပိုင်ရှင်သူဌေးဦးဘညွန့်၏သား ဦးညီပုနှင့် ဦးအုန်းမောင်တို့ဇာတ်ညွှန်းရေးသားကြတော့သည်။ မင်းသားအဖြစ် မောင်ညီပု၊ ဓာတ်ပုံဆရာနှင့် ဒါရိုက်တာအဖြစ် ဦးအုန်းမောင်က ဆောင်ရွက်မည်။ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မရီဆိုသူအား ရွေးချယ်ကြ၏။ ဤသို့ဖြင့် ပထမဆုံး ဇာတ်လမ်း ရုပ်ရှင်ကား ပေါ်ထွက်လာသည်။

ပထမဆုံး ရုပ်ရှင်ဇာတ်ကားအမည်မှာ မေတ္တာနှင့်သူရာ ဖြစ်ပါသည်။ ကိုလိုနီခေတ်ဦးကာလဖြစ်သဖြင့် အင်္ဂလိပ်ဘာသာနှင့်ပါ (Love & Liquor) ဟူ၍ အမည်ပေးကြသည်။ ပါဝင်သရုပ်ဆောင်သူများက မင်းသားမောင်ညိုပု၊ မင်းသမီးမရီ၊ လူကြမ်းနာမည်ကျော် ဘောလုံးသမား မောင်မောင်ချစ်၊ ဦးပါကြီးနှင့် ဦးပုကြီးတို့ ဖြစ်ကြသည်။ ပထမဆုံးဇာတ်လမ်းရုပ်ရှင်ဇာတ်ကားကို ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့၌ ရွှိုင်ရယ်စီနီမာ (Royal Cinema) ရုပ်ရှင်ရုံ၌ စတင်ပြသတော့မည့် သတင်းမှာ ထိုခေတ်ကာလ၏ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ် ဖြစ်ခဲ့လေသည်။

မေတ္တာနှင့်သူရာ ရုပ်ရှင်ဇာတ်ကားကြီးမှာ ပေအရှည် ၇၅၀၀ ရှိပြီး ကားပိုင်းငါးပိုင်း ပါဝင်ပါသည်။ စတင်ပြသစဉ်က ချာလီချက်ပလင်၏ ဟာသဇာတ်ကားတိုကလေးနှင့် ပူးတွဲပြသခဲ့ခြင်းဖြစ်၏။ ရုပ်ရှင်ဇာတ်ကား အကြောင်းသတင်းဖော်ပြရာတွင် "မြန်မာပြည်ရုပ်ရှင်ကား ကုမ္ပဏီ၏ ဥက္ကဋ္ဌလူကြီး ကိုအုန်းမောင်အမှူးပြု၍ ပြုလုပ်စီမံသော အဦးအစ ပထမမြန်မာဇာတ်ကားကြီးဖြစ်ပါသည်။ ဤကားသည် နိုင်ငံခြားမှလာသောကားများနှင့် ထပ်တူထပ်မျှဖြစ်အောင် ကြိုးစားအားထုတ်၍ အလွန်လှပယဉ်ကျေးသော နေရာများရွေးချယ်ပြီးသကာလ ကောင်းမွန်စွာ ဓာတ်ပုံများကူးခြင်းဖြစ်ပါသည်။ ၎င်းပြင် ဤဇာတ်ကားကြီးမှာ မြန်မာတို့ ရေးသော ဝတ္ထု၊ မြန်မာလူမျိုးများက ကပြ၍၊ မြန်မာလူမျိုးတို့က ပုံရိုက်ခြင်းပြုပါသည်"ဟူ၍ ဖော်ပြကြ၏။





## မီးရထားတိမ်းမှောက်မှု
## (၁၅-၁၀-၁၉၂၁)

မြန်မာဂေဇက်သတင်းစာပါ ရေကြီးခြင်းသတင်းကဲ့သို့ လွန်ခဲ့သည့် အနှစ် ၈၀ ကျော်ကာလ ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ကလည်း မြစ်ရေကြီးမှုကြောင့် မီးရထားတိမ်းမှောက်ခဲ့ရပုံ သတင်းမှတ်တမ်းတစ်ပုဒ်ကိုလည်း ထိုခေတ်သတင်းစာများ၌ တွေ့ရှိရ၏။ ဖြစ်ပျက်ပုံမှာ ယင်းနေ့ ညနေ ၃ နာရီ၊ မိနစ် ၅၀ တွင် ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်ရှိ သဲတောနှင့် စမုန်ဘူတာများအကြား မိုင်တိုင်အမှတ် ၃၂၅/၁၉ သို့ မန္တလေးစာပို့အမြန်ရထား ရောက်ရှိလာစဉ် ရုတ်တရက် ရေကြီးလာကာ မီးရထားစက်ခေါင်းနှင့် တွဲသုံးတွဲလမ်းချော် တိမ်းမှောက်ခဲ့ရသည်။ ထိုသို့မြစ်ရေကြီး၍ မီးရထားတိမ်းမှောက်ရခြင်းမှာ သဲတောဘူတာအနောက်ဘက် နှစ်မိုင်ခန့်အကွာရှိဆည်ကြီး ကျိုးပေါက်ခဲ့သဖြင့်ဖြစ်ကြောင်း သတင်းမှတ်တမ်း၌ ဖော်ပြထား၏။ ဆည်ကျိုးပေါက်မှုကြောင့် ရေများအရှိန်အဟုန်ပြင်းစွာစီးဆင်းလာကာ မီးရထားလမ်းကို ရုတ်တရက် တိုက်စားသွားခဲ့သည်။ ယင်းနေရာသို့ မန္တလေးစာပို့အမြန်ရထားရောက်ရှိစဉ် စက်ဆရာက ဘရိတ်အုပ်ရန်ကြိုးစားရာမှ စက်ခေါင်းတွဲနှင့် လူစီးတွဲသုံးတွဲ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်၏။ သို့သော် ကံအားလျော်စွာ ဒဏ်ရာရရှိသူအနည်းငယ်မှအပ အသေအပျောက်မရှိခဲ့ကြောင်း သတင်းမှတ်တမ်း၌ ဖော်ပြထားပါသည်။

## နဝမမြောက် ဂျီစီဘီအေကွန်ဖရင့်
## (၂၁-၁၀-၁၉၂၁)

နဝမမြောက် ဂျီစီဘီအေကွန်ဖရင့်ကို ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့၌ မန္တလေးမြို့၌ ကျင်းပပြုလုပ်ပါသည်။ ယင်းကွန်ဖ



www.burmeseclassic.com

www.burmeseclassic.com



ရင့်တွင် သဘာပတိကဖတ်ကြားရာ၌ ရဲရဲတောက်မိန့်ခွန်းမှာ "မျိုးချစ်မြန်မာတိုင်း နိုင်ငံခြားမှလာ၍စိုးမိုးအုပ်ချုပ်သောသူကိုကူညီရန် ရှက်ကြောက်သင့်လေသည်။ သူတစ်ပါးတို့အပ၌ မညှာမတာ ဖိနှိပ်အုပ်စိုးလိုသောဆန္ဒနှင့်အစဉ် မပျက်ကြံစည်အားထုတ်လျက်ရှိကြသော မျက်နှာဖြူမျိုးများသည် ကျွန်ုပ်တို့၏အကူအညီကို မရကြစေရန်များစွာ အရေးကြီးသည်"စသဖြင့် ပါရှိပါသည်။ သို့သော် ဤမိန့်ခွန်းကိုပြောကြားခဲ့သည့်သဘာပတိမှာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့ရခြင်းနှင့် သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူရခြင်းအတွက် သံသယရှိခြင်းခံရသူ ဒီပဲယင်းဝန်ထောက် ဦးမြဲဖြစ်နေသည်မှာ မယုံကြည်နိုင်စရာပင်ဖြစ်သည်။ သူက နိုင်ငံခြားပြန်ပညာတော်သင်တစ်ဦးလည်းဖြစ်သည်မို့ အမြင်ကျယ်သည်။ Tennyson Jesse ၏ The Lacquer Lady ဝတ္ထုစာအုပ်ပါ ပြင်သစ်တို့ထံမှ စာချုပ်မူကြမ်းကို အင်္ဂလိပ်လက်သို့ ပေးအပ်ခဲ့သူ ကင်းဝန်မင်းကြီး၏စာရေးမောင်ရိုးမှာ အပြင်လောကတွင် ဒီပဲယင်းဝန်မင်းဦးမြဲဖြစ်ကြောင်း စွပ်စွဲပြောဆိုကြ၏။ မိဖုရားခေါင်ကြီးစုဖုရားလတ် ရတနာဂီရိမှ ရန်ကုန်သို့ ပြန်လည်လာရောက်နေထိုင်စဉ်အတွင်းကပင် ဒီပဲယင်း ဝန်ထောက်ဦးမြဲအပေါ် နာကြည်းစွာဖြင့် မိမိတို့ပါတော်မူရခြင်းမှာ သူ့ကြောင့်ဖြစ်ကြောင်း မိန့်ဆိုခဲ့သေး၏။

ဦးမြဲအပေါ် သံသယရှိမည်ဆိုကလည်း ရှိစရာပင်။ ဦးမြဲသည် ဗြိတိသျှတို့လက်ထက် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ပင်စင်လစာများထုတ်ပေးရာ၌ လစာကျပ် ၆၀၀ ရရှိသည့်အပြင် အင်္ဂလိပ် ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများကဲ့သို့ The Honorable U Mye ဟု သုံးနှုန်းခြင်းခံခဲ့ရ၏။ ထိုစဉ်က သူ့ထက်ရာထူးများစွာမြင့်သော ကင်းဝန်မင်းကြီးပင်လျှင် လစာကျပ် ၂၅၀ သာရရှိပါသည်။ နဝမမြောက် ဂျီစီဘီအေကွန်ဖရင့်သို့ အင်္ဂလန်နိုင်ငံ၊ လေဘာပါတီမှ အမတ်ကာနယ်ဝက်ဝုတို့ ဇနီးမောင်နှံ လေ့လာသူအဖြစ်တက်ရောက်ခဲ့ကြသည်။ ဦးမြဲသည် အင်္ဂလိပ်လူမျိုး ကာနယ်ဝက်ဝုအား အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုရှင်းလင်းပြပြီး





ဇနီးပြင်သစ်သူ့အား ပြင်သစ်ဘာသာဖြင့် ရှင်းလင်းပြောကြားရာများစွာ အံ့အားသင့်ကြရသည်ဆို၏။

## ကရဝိက်ဖောင်တော် တိမ်းမှောက်မှု
## (၁-၁၀-၁၉၆၅)

အောက်တိုဘာလအတွင်း ထူးခြားချက်တစ်ရပ်အနေဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီရာမှ ကရဝိက်ဖောင်တော် တိမ်းမှောက်ခဲ့သည့်သတင်းကိုလည်း လေ့လာတွေ့ရှိရသည်။ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက် ၈ နာရီတွင် ကရဝိက်ဖောင်တော် ဟဲယာရွာမမှ ကြေးစားကုန်းကျောင်းသို့ ကြွချီတော်မူလာစဉ် မြေနီကုန်းကျေးရွာ အရှေ့တောင်ဘက်အရောက်၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ဖောင်တော်တိမ်းမှောက်ခဲ့ရသည်။ ယင်းသို့ တိမ်းမှောက်မှုကြောင့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ရေအောက်သို့ ကျရောက်နစ်မြုပ်ခဲ့ရ၏။ သို့သော် နံနက် ၉နာရီခွဲတွင် ပြန်လည်ဆည်ယူရရှိကာ ဒေသစာရီ ဆက်လက်ကြွချီခဲ့လေသည်။

ယင်းသို့ဖြစ်ပွားခဲ့မှုကြောင့်လည်း ၁၉၆၆ ခုနှစ်တွင် အပူဇော်ခံခရီးစဉ်ကို ပြုပြင်ခဲ့ရ၏။ ကေလာဌာနကို နေ့စဉ်ဆွမ်းကပ်လှူရန် ဖြည့်စွက်ခဲ့ရသကဲ့သို့ ဇရပ်ကြီးဌာနကိုလည်း ညစဉ်ကိန်းဝပ်စံပယ်ရာဌာနအဖြစ် ပြုပြင်သတ်မှတ်ခဲ့ပါသည်။ သို့တိုင်အောင် ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၊ နံနက် ၇ နာရီတွင် ကျောင်းတော်ပြာသာဒ်ဦးပလ္လင်တော်မှ ဖောင်တော်စံကျောင်း ပြာသာဒ်တွင်းသို့ ပင့်ဆောင်စဉ်ရာသီဥတုကင်းစင်နေရာမှ ရုတ်တရက်ညို့မှောင်လာကာ မိုးသက်မုန်တိုင်းကျရောက်မည့်အသွင် ဖြစ်ပေါ်ခဲ့သေး၏။ နံနက် ၈ နာရီခွဲတွင် မိုးလေဝသ ကင်းစင်သွားမှသာ ဒေသစာရီကြွချီခရီးကို စတင်နိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ထီးတော်ဆိုက်ရောက်မှုသတင်း (၂၇-၁၀-၁၈၇၁)

၁၈၇၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ထုတ်၊ မြန်မာဂေဇက်သတင်းစာတွင် ရွှေတိဂုံစေတီတော်၌တင်လှူမည့် မင်းတုန်းမင်းတရားကြီး၏ ထီးတော်သစ် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိပါသည်။ စေတီထီးတော်သစ်ကို ရတနာပုံနေပြည်တော်တွင် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး ပုပ္ပားဝန်ထောက် မဟာမင်းကြီး မင်းကျော်ထင်ဘွဲ့ခံဦးမှုန်နှင့် အရာရှိရှစ်ဦးတို့က ရန်ကုန်သို့ ရေနန်းစကြာသင်္ဘောဖြင့် ပင့်ဆောင်လာခဲ့ကြခြင်းဖြစ်သည်။ သတင်းဖော်ပြရာတွင် အောက်ပါအတိုင်းတွေ့ရှိရသည်။

## ထီးတော်ကို ကြိုဆိုကြကြောင်း

ဇွန်လဆန်း ၁၁ ရက်နေ့ ၁၂ နာရီအချိန်တွင် အရေးတော်ပိုင် မဟာဝန်ရှင်တော်မင်းကြီး အာရှလီဤဒင်သခင်ဖုရား မြစ်ဆိပ်သို့ဆင်း၍ကြိုဆိုတော်မူပြီးလျှင် ဝန်ထောက်တော်ကြီး ပုပ္ပားမြို့စားမင်း မဟာမင်းကျော်ထင် နှင့် ရထားတစ်ဆူစီ စီး၍ သက်တော်မူကြသည်။ သူဌေးမင်း၊ သံချက်မင်း အစရှိသော မြန်မာမင်းများကိုလည်း အင်္ဂလိပ် မင်းများက ‘ခရီးဝေးသည်၊ နေလည်းပူပြင်းလှသည်၊ ရထားစီးပါ’ဟု ပေးကြသည်။

မြန်မာအရာရှိထဲက မင်းလှမင်းထင်ရာဇာဘွဲ့ခံ ရွှေတိုက်စိုးမင်း သိုးဆောင်းလူမျိုး ပြိယယကာမာရတ္တာသခင်တစ်ယောက် အင်္ဂလိပ်ဘာသာစကား ကျမ်းစာသုံးနည်းဥပဒေများကို နားလည်သူ ပါလာ၍ အပြောအဆို လွယ်လာကြောင်း အင်္ဂလိပ်မင်းများလည်း အလွန်နှစ်မြို့ကြသည်ဟူ၍ ဖော်ပြထားပါသည်။ ပုပ္ပားဝန်ထောက် ဦးမှုံနှင့်အတူ လိုက်ပါလာကြသည့် ကျန်အရာရှိ ရှစ်ဦးထဲတွင် ရွှေတိုက်စိုး မင်းလှမင်း





ထင်ရာဇာဆိုသူမှာ အီမေနီယံလူမျိုး P.G Camaratta ဖြစ်ပါသည်။ သူသည် မြန်မာဘာသာစကားကိုလည်း ကျွမ်းကျင်စွာတတ်မြောက် သည့် မြန်မာဘုရင့်မင်းမှုထမ်းတစ်ဦး ဖြစ်၍ ရွှေတိုက်စိုးကာမရတ္တအား ပဲခူးဝန်ထောက်ဦးအုန်းက နေအိမ်သို့ သီးခြားဖိတ်ခေါ်ခဲ့သည်။

## နဂါးတမန်မောင်ရဲသတင်း (၄-၁၀-၁၈၇၂)

၁၈၇၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ထုတ် မြန်မာသတင်းအမည်ရှိ သတင်းစာတွင် နဂါးတမန်မောင်ရဲဆိုသူ ၏သတင်းကို အထူးအဆန်းသဖွယ်တွေ့ရှိရသည်။ သတင်းဆောင်းပါးအရ ထိုခေတ်ကာလလူတို့၏ အထူးအဆန်းကို စိတ်ဝင်စားမှုနှင့် ယုံလွယ်မှုတို့ကိုလည်း သတိပြုမိစေပါသည်။ နဂါးမင်း စေလွှတ်လိုက်သည်ဆိုသော နဂါးတမန် မောင်ရဲသည် ၄၅ နှစ်အရွယ်ရှိပြီး ဇာတိမှာ ကျပင်း မြို့ဖြစ်သည်။ သူသည် မြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာတွင် ဆားချက်လုပ်ငန်း လုပ် ကိုင်နေရာမှ တစ်နေ့တွင် ရေကန်အတွင်းမှ နတ်ကဲ့သို့ဝတ်စားထား သောတင့်တယ်လှသည့် ပုဂ္ဂိုလ်တစ်ဦးပေါ်ထွက်လာကာ ထိုသူကနဂါး မင်းဖြစ်ကြောင်း၊ မောင်ရဲအားနှစ်ပေါင်းများစွာ လိုက်ရှာ နေသော် လည်း ယခုမှတွေ့ရကြောင်းများ ပြောကြားခဲ့သည်ဆို၏။ ထို့နောက် မောင်ရဲကို နဂါးမင်းက တမန်တော်အဖြစ် မင်းတုန်းမင်း၏ နန်းတွင်းသို့ စေလွှတ်လိုက်လေသည်။ သို့ဖြင့် မောင်ရဲသည် လှေကြီး သုံးစင်းထက်တွင် မြန်မာဘုရင်အား ဆက်သရန် ဆား၊ ငါးပိ၊ ငါးခြောက်၊ ရွှေ၊ ငွေ ပစ္စည်းများ တင်ဆောင်လျက် မိသားစုနှင့်တကွ နေပြည်တော်သို့ သွားရောက်ခဲ့သည်။

မောင်ရဲသည် ပုသိမ်မြို့မှကျောင်းဒကာတစ်ဦးအား ရှေ့ပြေး စေလွှတ်ကာ နေပြည်တော်သို့ ဆန်တက်လာပြီဖြစ်ကြောင်း အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့သည်။ နဂါးတမန်မောင်ရဲသတင်းမှာ ဟိုးလေး တကျော်ဖြစ်ခဲ့ပြီး မန္တလေးတစ်မြို့လုံးက မောင်ရဲနှင့်နဂါးတို့ရောက်လာ မည့်ရက်ကိုသာ စောင့်ကြိုနေကြသည် ဆိုပါသည်။ မောင်ရဲ ရွှေတော်ယူတံခါးအနီးသို့ ရောက်သောအခါ တံခါးစောင့်တို့က မယုံကြည်သဖြင့်ဖမ်းဆီးကာ ကင်းစဉ်ဝန်နှင့် ကသည်းမြင်းဝန် ဦးစံငြိမ်း တို့ထံအပ်နှံခဲ့သည်။ မောင်ရဲကို စစ်မေးရာ မရှိမသေ၊ ဘုရားမထူးဘဲ ရဲဝံ့စွာပင် မိမိလာခဲ့ရခြင်း အကြောင်းကို ပြောပြသည်ဆို သည်။ သို့ဖြင့် ပုခန်းမင်းကြီး ဦးရန်ဝေးထံ လွှဲပြောင်းပေးအပ်လိုက်ရသည်။

## သမိုင်းမှတ်တမ်းတွင်

"ထိုနေ့ညတစ်ချက်တီး ခြောက်မောင်းအချိန်တွင် ရွှေနန်းဦးတွင် ရာဇပလ္လင်ပြာသာဒ်ဆောင်၌ လောင်မီးဥပါသကဲ့သို့ စိမ်း၊ ဝါ၊ ဖြူ၊ နီသော တန်ခိုးအရောင်တောက်ပြောင်သည်ကို ပြည်သူတို့ကစ၍ မှူးတော်မတ်တော်တို့ပါ တွေ့မြင်ကြရလေရာ မင်းတရားကြီးအား အမြန်တင်လျှောက်ကြလေသည်။ ရှင်ဘုရင်ကလည်း တောင်နန်းမတော် မိဖုရားကြီးကို ခေါ်ဆောင်တော်မူ၍ အတူရှုစားတော်မူရာ မကြုံစဖူးသော အခိုးအလျှံတို့ကို မြင်တော်မူ၍အားရ နှစ်သက်တော်မူရကား နံနက်ညီလာခံတော်မူရာတွင် မောင်ရဲအား ရှေ့တော်သို့ သွင်းရမည်ဟု အမိန့်တော်ရှိလေသည်။ ပြာသာဒ်တော်မှထွက်သော အခိုးအငွေ့များလည်း နှစ်ချက်တီးကျော် ငါးမောင်းအချိန်တွင် ပျောက်လေ၏" ဟူ၍ ဖော်ပြထားသည်။

နဂါးတမန်မောင်ရဲ၏ နောက်ဆက်တွဲသတင်းနှင့် ပတ်သက်၍ ၁၈၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် မြန်မာသတင်းစာတွင် "အထက် သတင်းစာတွင်ပါသော နဂါးနှင့်ဆန်တက်သည့် ငရဲဆိုသူသည် သားမယားများကို မန္တလေးမြို့တွင်ထား၍ အောက်မြို့ကျေးရွာသို့





စုန်ဆင်းလာရန် ဘုန်းတော်ကြီးဘုရားသို့ ကန်တော့ဝင်ရာ ငွေ ၃၀၀၊ ပုဆိုး ၂ ထည်၊ ခေါင်းပေါင်း ၂ အုပ် သနားတော်မူလိုက်ကြောင်းကြားသိရသည်" ဟူ၍ ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ မောင်ရဲအကြောင်း လေ့လာမှတ်သားထားသူတစ်ဦးက မှတ်တမ်းအရ မောင်ရဲသည် နေပြည်တော်၌ ပဥ္စလက်အတတ်ပညာဖြင့် လိမ်လည်လှည့်ဖြားကာ နောက်ဆုံးသားမယားများကို ထားရစ်ပြီး ထွက်ခွာသွားခဲ့သည်ဆို၏။

## ကျွန်းသစ်ဈေးနှုန်းသတင်း
## (၁၇-၁၀-၁၈၇၄)

၁၈၇၄ ခုနှစ်ထုတ် မြန်မာ့သံတော်ဆင့်သတင်းစာတွင် ကျွန်းသစ်ဈေးနှုန်းနှင့် ပတ်သက်၍ ဖော်ပြထားသောသတင်းတစ်ပုဒ်ကို တွေ့ရှိရ၏။

## ကျွန်းသစ်များအကြောင်း

ရန်ကုန်မြို့တွင် ကျွန်းသစ်ဈေးနှုန်းသည် တစ်နှစ်ထက်တစ်နှစ် ပင်တက်၍ အကဲမြောက်လေသည်။ လွန်ခဲ့သော အင်္ဂါနေ့ နှစ်ပတ်လောက်က အလုံရွာအနောက် သစ်တောရုံးဆိပ်တွင် ကျွန်းသစ် (၂၅၀၀) ကို လေလံတင်ရောင်းချရာ ငွေတစ်သန်းခန့်မျှလောက် အဖိုး ကျလေသည်။ ၎င်းသစ်တောတွင် ရပ်သစ်လည်းများစွာ ပါလေသည်။ အထက်ကာလမှာ သစ်တစ်လုံးလျှင် (၆) ကျပ်နှင့် ဝယ်ယူရသည်။ ယခုမှာမူ ၎င်းလေလံတင် ဘလုပ်ဘရားသားကုမ္ပဏီနှင့် စတီးကုမ္ပဏီတို့က အများအပြား ဝယ်ယူကြလေသည် ဟူ၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## စွယ်တော်မြတ်ကြွချီသတင်း
## (၁၅-၁၀-၁၉၅၅)

ဗုဒ္ဓမြတ်စွယ်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင် သည့် အခမ်းအနားကို ၁၉၅၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ဆဋ္ဌမသင်္ဂါယနာတင်ပွဲ ကျင်းပနေချိန်ဖြစ်ပြီး ပြီးမြောက်ရန် ရှစ်လမျှသာ လိုအပ်ချိန်ဖြစ်သည်။ မြန်မာမင်းအဆက်ဆက်တို့ ပင့်ဆောင်ရန်ကြိုးပမ်းခဲ့သော ဂန္ဓာလရာဇ်မြတ်စွယ်တော် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ကြွရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ ပင့်ဆောင်မှုမှာ ထူးခြားသော ဖြစ်ရပ်တစ်ခုဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် စွယ်တော်ကြွရောက်ချိန်တွင် သာသနာနှစ် (၂၅၀၀) နှင့် တိုက်ဆိုင်နေသကဲ့သို့ ဆဋ္ဌသင်္ဂါယနာ တင်နေချိန်နှင့်လည်း တိုက်ဆိုင်နေ၍ ဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို မြန်မာမင်းအဆက်ဆက်ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ဖူးပါသည်။ အနော်ရထာမင်းသည် နန်းတက်ပြီး နှစ်အနည်း ငယ်အကြာ၌ စွယ်တော်ပင့်ဆောင်ရန် သွားရောက်ခဲ့ဖူးသော်လည်း နယ်စပ်ဒေသအထိသာရောက်ရှိခဲ့ပါသည်။ ထို့အတူ အလောင်းစည်သူမင်းနှင့် နရပတိစည်သူမင်းတို့သည်လည်း စွယ်တော်ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ဖူး ကြ၏။ သို့သော် ၁၉၅၅ ခုနှစ် တွင်မှသာ ပင့်ဆောင်နိုင်ခဲ့ကြ၏။ စွယ်တော်မြတ်ကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တရားဝန်ကြီးချုပ် ဦးသိန်းမောင်က သွားရောက် ပင့်ဆောင်ခဲ့ရခြင်းဖြစ်သည်။

သတင်းစာတွင် သတင်းဖော်ပြရာ၌ ဗုဒ္ဓစွယ်တော်ကို ယူဘီအေ လေယာဉ်အမှတ် XYADD ဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပင့်ဆောင်လာရာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံ





လေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။ စွယ်တော်မြတ်နှင့်အတူ တရုတ်နိုင်ငံမှ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့လည်း အတူလိုက်ပါလာခဲ့ကြသည်။ ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိရာတွင် တရားဝန်ကြီးချုပ် ဦးသိန်းမောင်က နိုင်ငံတော်သမ္မတ ဒေါက်တာဘဦးလက်သို့ လွှဲပြောင်းပေးအပ်ပါသည်။ ထို့နောက် စွယ်တော်မြတ်သမိုင်းကို တရားဝန်ကြီးဖတ်ကြား၍ တရုတ်သံအမတ်ကြီး မစ္စတာ ယိုချုံမင်းကလည်း စွယ်တော်မြတ်ပင့်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မြဲနိုင်ပုံကို ရှင်းလင်းပြောကြား၏။

စွယ်တော်မြတ်အား လေဆိပ်မဏ္ဍပ်မှ ရန်ကုန်မြို့အတွင်း လှည့်လည်အပူဇော်ခံကာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ပင့်ဆောင်ခဲ့ကြ၏။ ရန်ကုန်မြို့တွင်း စွယ်တော်ပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် ရဟန်းရှင်လူအပေါင်းက တံခွန် ကုက္ကား၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။



၁၉၅၅ ခုနှစ် အောက်တိုဘာလက တရုတ်နိုင်ငံမှ
မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်



www.burmeseclassic.com

www.burmeseclassic.com




## အင်းယားလိတ်ဟိုတယ် ဖွင့်လှစ်ခြင်း
(၁၅-၁၀-၁၉၆၂)

အင်းယားလိတ်ဟိုတယ်ကို ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းဟိုတယ်ဖွင့်ပွဲအခမ်း အနားကို အောက်တိုဘာလ ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ "နိုင်ငံခြားအဆင့်အတန်းမီဟိုတယ်၊ ကလိုသူကို ခေါ်လာ၍ တွဲက နိုင်သည်။ ကချေသည်တော့ ထားမည်မဟုတ်ဆိုခြင်း" ဟူသော ခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့၏။ အင်းယားလိတ်ဟိုတယ်သည် ကျပ် ၂၆၅ သိန်း ကုန်ကျခဲ့ပြီး ရုရှနိုင်ငံမှ လက်ဆောင်အဖြစ် ဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဟိုတယ်ဖွင့်ပွဲသို့ ဟိုတယ်မန် နေဂျင်း ဒါရိုက်တာ ဗိုလ်မှူးချုပ်တီကလစ်၊ အင်းယားလိတ်ဟိုတယ် အုပ်ချုပ်ရေးအဖွဲ့ သဘာပတိ၊ အစ္စရေးသံအမတ်ကြီးနှင့် ဟိုတယ်မန်နေဂျာ မစ္စတာ မာတစ်တို့ တက်ရောက်ခဲ့ကြသည်။ ယင်းဟိုတယ်ကြီးကို အစ္စရေးနိုင်ငံမှ ဖင်ဒါမင်အာတာပရိတ်က ဦးစီးဆောက်လုပ်ခဲ့ပြီး တစ်ယောက်ခန်း (၇၅) ခန်း၊ နှစ်ယောက်ခန်း (၁၂၄) ခန်းရှိသည်ဟု ဆို၏။ ဟိုတယ်တည်းခိုခ နှုန်းမှာ တစ်နေ့ (၂၄) နာရီအတွက် တစ်ယောက်ခန်း ၅၂ ကျပ် ၂၅ပြား မှ ၅၉ ကျပ် ၅၀ ပြား၊ နှစ် ယောက်ခန်း ၈၀ ကျပ် ၇၅ ပြားမှ ၉၂ ကျပ် ၇၅ ပြား ဖြစ်ပါသည်။

အင်းယားလိတ်ဟိုတယ်တွင် ခန်းမကျယ်ကြီးများလည်း ရှိပြီး တစ်နေကုန် အသုံးပြုလျှင် ၁၁၈ ကျပ် ၇၅ ပြားမှ ၂၈၅ ကျပ်အထိ ကျသင့်ပါသည်။ အစားအသောက်နှုန်းထားများမှာမူ နံနက်လက်ဖက်ရည် ၂ ကျပ် ၅၀ ပြား၊ နေ့လယ်စာ ၁၁ ကျပ် ၇၅ ပြားနှင့် ညစာ ၁၆ ကျပ် ၅၀ ပြားတို့ အသီးသီး ဖြစ်ကြ၏ဟူ၍ ဖတ်ရှုရပါသည်။







အသစ်ပြန်လည်တည်ဆောက်ထားသော အင်းယားလိတ်ဟိုတယ်

## တရုတ်နိုင်ငံသို့ သံအဖွဲ့စေလွှတ်မည့်သတင်း
(၃၁-၁၀-၁၈၇၄)

၁၈၇၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထုတ် မြန်မာ သံတော်ဆင့်သတင်းစာတွင် ရတနာပုံနေပြည်တော်မှ မင်းတုန်းမင်းက တရုတ်နိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း သတင်း တစ်ပုဒ်အား မူရင်းအတိုင်းဖော်ပြအပ်ပါသည်။

### "တရုတ်ပြည်ကြီးကို သံစေလွှတ်မည့်အကြောင်း"

မြန်မာနေထွက်ဘုရင် မင်းတရားကြီးက တရုတ်ပြည်ကြီးသို့
သံတော်ကြီးခန့်အပ်စေလွှတ်ရန် ရွေးချယ်ခြင်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှေ့ဘက် တိုင်းကြီးပြည်ကြီးထီးဆောင်းမင်းတို့၏သခင် နေထွက်ဘုရင် မင်းတရားကြီးဘုရားသည် အရှေ့ဘက်ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်ကြီးသို့ သံတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးခန့်အပ်စေလွှတ်တော်ဦးမည်ဟု ရွေးချယ်တော်မူလေသည်။

ထို့ကြောင့် ၎င်းဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်ကြီးကို အလျင်အမြန် သံတော်ကြီးခန့်အပ်စေလွှတ်တော်မူလိမ့်မည်"ဟူ၍ ဖြစ်ပါသည်။

မင်းတုန်းမင်းလက်ထက် တရုတ်နိုင်ငံသွား မြန်မာသံအဖွဲ့နှင့် ပတ်သက်၍ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားခြင်းမရှိပေ။ သို့သော် ပုဂံဝန်ထောက်မင်းဦးတင်၏ ကျောက်စာဝန်တော်စိန်ခို့အကြောင်း မှတ်သားချက်အရ မြန်မာသံအဖွဲ့ဝင်များမှာ လွှတ်တော်စာရေးကြီး ဦးအူ၊ စာရေးတော်ကြီး ဦးသာဘူးနှင့် ဗြဲတိုက်သံတော်ဆင့်ဦးတုတ်တို့ ဖြစ်ကြလေသည်။ ယင်း အမှတ်အသားအရ တော်စိန်ခို့၏ ဖခင် တော်စိန်စွန်သည် ထိုစဉ်အတွင်း မြန်မာသံအဖွဲ့အား ဗန်းမော်မြို့မှကြိုဆိုခဲ့ရပြီး၊ တရုတ်နိုင်ငံအတွင်းသို့ အရောက်ပို့ဆောင်ပေးခဲ့ရကြောင်း သိရှိရ၏။ တော်စိန်စွန်မှာ တရုတ်နန်းတွင်းအဆက်အနွယ်မှ ပေါက်ဖွားလာသူ ဖြစ်သည်။ သူသည် မြန်မာသံအဖွဲ့အားဖူကျိုနယ်မှတစ်ဆင့် ပဲ့ကျင်သို့ ပို့ဆောင်ပေးခဲ့ရကြောင်းဆိုပါသည်။

## မဟာဗန္ဓုလပန်းခြံကျောက်တိုင်ဖွင့်ပွဲ
## (၅-၁၀-၁၉၄၈)

ကိုလိုနီခေတ် ဖိုက်စကွဲယားဥယျာဉ်ဟု ထင်ရှားခဲ့သည့် ပန်းခြံအား ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်၌ မဟာဗန္ဓုလပန်းခြံဟူ၍ အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြ၏။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ပင် မဟာဗန္ဓုလပန်းခြံကြီး၏ အလယ်ဗဟို၌ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကြီးကို စိုက်ထူရန် အုတ်မြစ်ချခဲ့ကြသည်။

လွတ်လပ်ရေးကျောက်တိုင်အား ငလျင်ဒဏ်နှင့် မိုးဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်စေရန် အောက်ခြေမြေအနက်





(၁၀) ပေ၊ အချင်းပေ (၅၀) ခန့် ဖောင်ဒေးရှင်းချခဲ့ရသည်။ ထို့နောက် ဓာတ်ရထားသံလမ်းများကို ထီးခရိုင်ကဲ့သို့ စီမံကာ ကွန်ကရစ်ဖြင့် အမာခံအုတ်မြစ်ချကြရ၏။ ကျောက်တိုင်၏အမြင့်ကိုမူ ဆူးလေစေတီ တော်ထက်အနည်းငယ်နိမ့်သော အနေအထားဖြင့် ၁၅၅ ပေ သတ် မှတ်ခဲ့သည်။ ကျောက်တိုင်တည်ဆောက်ရေးလုပ်ငန်းအဝဝကို အေစီမာ တင်ကုမ္ပဏီက တာဝန်ယူခဲ့ကြသည်။

လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ရေးကော်မတီတွင် ကြီးကြပ်ရေးဆိုင်ရာ အင်ဂျင်နီယာများအဖြစ် ဗိသုကာနှင့်အင်ဂျင်နီယာ ဦးအုန်းကြိုင်၊ ဦးကျော်စိန် (အငြိမ်းစား-အင်ဂျင်နီယာချုပ်၊ ပြည်သူ့အိုးအိမ်အဖွဲ့) နှင့် စည်သူဦးတင် (ရန်ကုန်မြူနီစီပါယ်လမ်းနှင့် အဆောက်အအုံ အင်ဂျင်နီယာဟောင်း) တို့ပါဝင်ခဲ့ကြ၏။ ကျောက်တိုင်တွင် အရံကြယ်သဏ္ဌာန် တိုင်များမှာ တိုင်မကြီး၏ ငါးပုံတစ်ပုံခန့်မြင့်ပြီး အောက်ခြေ၌မူ စက်ဝိုင်း ပုံသဏ္ဌာန်တည်ဆောက်ထားပါသည်။ ထို့ပြင် တိုင်ထိပ်၌ မိုးကြိုးလွှဲကိုလည်းတပ်ဆင်ထားပြီး တိုင်ခြေ၌လည်း ခြင်္သေ့ရုပ်ခြောက်ကောင်နှင့် အရန်ခြောက်ကောင်တို့ဖြင့် တန်ဆာဆင်တည်ဆောက်ထား၏။


ကျောက်တိုင်ကြီးအား (၁၀) လကြာ တည်ဆောက်ခဲ့ရပြီး၊ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မဟာဗန္ဓုလပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင် ဖွင့်ပွဲအခမ်းအနား
(၅-၁၀-၁၉၄၈)

## အင်းဝတံတားကြီး ပြန်လည်ဖွင့်လှစ်
(၂၇-၁၀-၁၉၅၄)

အင်းဝတံတားကြီးသည် ဧရာဝတီမြစ်ကိုဖြတ်သန်း ဆောက်လုပ်ထားပြီး၊ အင်းဝမြို့နှင့် စစ်ကိုင်းမြို့တို့ကို ဆက်သွယ်ထားသည့် တံတားကြီးဖြစ်သည်။ အင်းဝမြို့ဟောင်း ရွှေကြက်ယက်ဘုရားအနီးမှ စတင်တည်ဆောက်ထားသဖြင့် အင်းဝတံတားဟူ၍လည်းကောင်း၊ စစ်ကိုင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသဖြင့် စစ်ကိုင်းတံတားဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

အင်းဝတံတားကြီးကို ဗြိတိသျှအစိုးရလက်ထက် ၁၉၂၇ ခုနှစ်





တွင် စတင်တည်ဆောက်ခဲ့၏။ တံတားကြီးမှာ အမြင့် ၁၀၂ ပေဖြစ်ပြီး၊ ၃၉၄၈ ပေ ရှည်လျားပါသည်။ တံတားတွင် အလျားပေ ၃၅၀ ရှိ ရက်မကြီးကိုးခု၊ အလျားပေ ၂၅၀ ရှိ ရက်မလတ် တစ်ခုနှင့် အလျားပေ ၆၀ ရှိ ရက်မငယ် ခြောက်ခု ပါဝင်ပါသည်။ တံတားကြီး တည်ဆောက်ပြီးစီးပြီးနောက် ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံဘုရင်ခံ ဆာဟယူးစတီဗင်ဆင် Sir Hugh Stevenson က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့၏။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံမှ ဆုတ်ခွာသွားကြသော ဗြိတိသျှစစ်တပ်များသည် မြေလှန်စနစ်အရ အင်းဝတံတားကြီး၏ ပေါင်းကူးအမှတ် ၇ နှင့် ၈ တို့အား ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲ ဖျက်ဆီးပစ်ခဲ့သည်။

အင်းဝတံတားကြီးကို နှစ်အတန်ကြာ ပြုပြင်နိုင်မှုမရှိဘဲ ၁၉၅၃ ခုနှစ်၊ မေလတွင်မှ ပြန်လည်တည်ဆောက်နိုင်ခဲ့လေသည်။ ထိုစဉ်က ယင်းတံတားကြီးကို မြန်မာနိုင်ငံမီးရထားဌာနမှ တာဝန်ယူကာ ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာအမျိုးသား အလုပ်သမားများက မီးရထားဌာန အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် ၁၆ လ၊ လုံ့လ၊ ဝီရိယရှိစွာ ပြုပြင်တည်ဆောက်ခဲ့သောကြောင့် ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့၊ နံနက် ၁၀ နာရီခွဲတွင် အင်းဝတံတားကြီးကို နိုင်ငံတော် သမ္မတ ဒေါက်တာဘဦး ကိုယ်တိုင်ဖွင့်လှစ်ပေးလိုက်ပါသည်။ အင်းဝ တံတားကြီးကို တည်ဆောက်ပြီးစီးသွားသဖြင့် ရန်ကုန်မှ မြစ်ကြီးနားသို့ မီးရထားခရီးဖြင့် တောက်လျှောက်သွားနိုင်ခဲ့သည်။ တံတားပြင်ဆင်စရိတ်မှာ ကာလတန်ဖိုး ကျပ် ၇၅ သိန်းကျော် ကုန်ကျခဲ့သည်ဆို၏။

အင်းဝတံတားကြီး ဖွင့်လှစ်ခဲ့ခြင်းမှာ စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ အင်းဝတံတားကြီးကို ထူပါရုံဒါယကာ နရပတိမင်းက ခရစ်နှစ် ၁၄၅၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ထိုစဉ်က လှေများကို ဆက်ကာ ပျဉ်ခင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ခရစ်နှစ် ၁၅၂၀ ပြည့်တွင် ညောင်ရမ်းမင်းဆက်မှ



www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထမြောက်ဘုရင် မင်းရဲနန္ဒမိတ်က အင်းဝမြစ်ကူးတံတားကို ထပ်မံ တည်ဆောက်ခဲ့ပြန်သည်။ မင်းရဲနန္ဒမိတ်သည် အင်းဝထူပါရုံဘုရားသို့ စစ်အင်္ဂါအစုံအလင်ဖြင့် သွားရောက်ဖူးမြော်နိုင်ရန် တံတား တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ဗြိတိသျှအစိုးရလက်ထက် ၁၉၃၄ ခုနှစ်တွင် အင်းဝတံတားကို တတိယအကြိမ်ဖွင့်လှစ်ခဲ့ ပြီး ၁၉၅၄ ခုနှစ်၌ စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။



# အခန်း (၁၁)

## ခေတ်ဟောင်းသတင်းစာများကပြောသော နိဝင်ဘာလ

၁။ စကြာဒေဝီမိဖုရားကြီး နတ်ရွာစံလွန်သတင်း (၁၂-၁၁-၁၈၇၆)
၂။ မြန်မာအမျိုးသမီး ကုမ္မာရီအသင်းစတင်ဖွဲ့စည်း (၁၆-၁၁-၁၉၁၉)
၃။ မီးပုံးပျံ ဦးကျော်ရင်သတင်း (၆-၆-၁၉၂၉)
၄။ မြန်မာနိုင်ငံ၌ ယူရေနီယံသတ္တု အမြောက်အမြားတွေ့ရှိ (၅-၅-၁၉၅၇)
၅။ ရွှေတိဂုံစေတီတော် မိုးကြိုးလွဲတပ်ဆင်ရေး (၆-၁၁-၁၉၇၀)
၆။ ဦးသန့်အား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် (အစမ်းခန့်) ခန့်အပ် (၃-၁၁-၁၉၆၁)
၇။ ငွေစက္ကူအတုလုပ်ဂိုဏ်း ဖမ်းဆီးရမိ (၄-၁၁-၁၉၆၀)
၈။ မန္တလေး နှစ်တစ်ရာပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း ထုတ်ဝေ (၇-၁၁-၁၉၅၉)
၉။ မြန်မာနိုင်ငံ၌ လေယာဉ်ပျံလုပ်နိုင်ပြီ (၇-၁၁-၁၉၆၁)
၁၀။ ယောကျာ်းမိန်းမ မကွဲပြားသူတစ်ဦးသတင်း (၁၉-၁၁-၁၉၅၇)
၁၁။ မေရီမြင့်အုတ်ဂူဖောက်ထွင်းသူ ဖမ်းဆီးရမိ (၂၆-၁၁-၁၉၇၁)
၁၂။ ဥက္ကလာမြို့ ဓားပြတိုက်မှုသတင်း (၂၉-၁၁-၁၈၇၃)
၁၃။ မြန်မာနိုင်ငံ၌ ပထမဆုံးလေကြောင်းခရီးစဉ် (၅-၁၁-၁၉၃၄)
၁၄။ ရန်ကုန်လမ်းအချို့ အမည်ပြောင်းလဲခေါ်ဝေါ် (၆-၁၁-၁၉၅၆)
၁၅။ သုံးသောင်းကျော်တန်ဆေးရုံကားလှူဒါန်း (၁၁-၁၁-၁၉၆၀)



www.burmeseclassic.com

www.burmeseclassic.com



၁၆။ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးမှ ဂျပန်ပုဒ္ဒဝင်ဇာတ်ကားကို ကန့်ကွက် (၁-၁၁-၁၉၆၁)
၁၇။ ရွှေတိဂုံစေတီတော်၌ မာကျူရီမီးလုံးများ စမ်းသပ်ထွန်းညှိ (၂၄-၁၁-၁၉၆၉)
၁၈။ ထိုင်းလေယာဉ်တစ်စင်း ဆီကုန်သွားသဖြင့် မြန်မာနိုင်ငံအတွင်း ထိုးဆင်း (၂-၁၁-၁၉၆၇)
၁၉။ ပျောက်ဆုံးနေသော အမေရိကန်ရေတပ်သားပြန်လည်တွေ့ရှိ (၂-၁၁-၁၉၅၉)
၂၀။ လေချွန်ခရာဖြင့် မော်တော်ကားထိမ်းသိမ်းစနစ်စတင် (၅-၁၁-၁၉၅၉)
၂၁။ ပထမဆုံးစာဆိုတော်နေ့ အခမ်းအနားစတင်ကျင်းပ (၁၅-၁၁-၁၉၄၄)
၂၂။ အလောင်းမင်းတရားကြီး၏ သန်လျက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ (၁၆-၁၁-၁၉၆၄)
၂၃။ အာရုပ်ပဒေသာကပွဲ မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေ (၂၈-၁၁-၁၉၆၄)
၂၄။ ဂျပန်ပြည်၌ ပထမဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားပြသ (၃၀-၁၁-၁၉၃၅)
၂၅။ သေမင်းတမန် မီးရထားသံလမ်းအချို့ သူခိုးခိုးခံရ (၁၀-၁၁-၁၉၆၀)
၂၆။ ရန်ကုန်မြို့လယ်၌ ၁၅ သိန်းတန် ပြန်ပေးဆွဲမှုဖြစ်ပွား (၁၄-၁၁-၁၉၆၀)
၂၇။ ပုသိမ်မြို့၌ ဘိုးဘိုးအောင်နှစ်ဦးပေါ်ပေါက် (၂၅-၁၁-၁၉၆၁)
၂၈။ မြန်မာနိုင်ငံသမ္မတဟောင်းဒေါက်တာဘဦးကွယ်လွန် (၉-၁၁- ၁၉၆၃)
၂၉။ ရှေးဟောင်းငွေဒင်္ဂါးများကို အမျိုးသားပြတိုက်သို့ လှူဒါန်း (၁၂-၁၁-၁၉၆၄)



## စကြာဒေဝီမိဖုရားကြီးနတ်ရွာစံလွန်သတင်း
## (၁၂-၁၁-၁၈၇၆)

၁၈၇၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ထုတ် ရတနာပုံ နေပြည်တော်သတင်းစာတွင် မင်းတုန်းမင်း၏ မိဖုရားခေါင်ဖြစ်သူ စကြာဒေဝီ မိဖုရားကြီး နတ်ရွာစံလွန်ကြောင်း သတင်းဖော်ပြပါရှိပါသည်။ စကြာဒေဝီ အကြောင်း သတင်းကို ထိုခေတ်ကာလထုံးစံအတိုင်း ကဗျာလင်္ကာဖြင့် ရေးဖွဲ့ဖော်ပြထားပြီး၊ နတ်ရွာလား စာတမ်းဟူ၍ အမည်တပ်ထား၏။ သတင်းဆောင်းပါးကိုရေးဖွဲ့သူမှာ အယ်ဒီတာ ဖိုးဝဇီရခေါ် မောင်ထင် ဖြစ်ပါသည်။

စကြာဒေဝီ နတ်ရွာစံသတင်းဖြစ်သော နတ်ရွာလားစာတမ်းကို "ကပ်ဦးအစ၊ မဟာသမတ၊ အသမ္ဘိန္န၊ အာဒိစ္စဗန္ဓုလမှ၊ နွယ်စုမပျက်၊ ဆင်းသက်တော်မူသော" ဟူ၍ အစချီထားပြီး၊ မိဖုရားကြီး၏ မျိုးရိုးစဉ်ဆက်နှင့် အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ သတင်းပါ အကြောင်းအရာများအရ မိဖုရားကြီးကို ၁၈၁၂ ခုနှစ်တွင် သာယာဝတီမင်းနှင့် မိဖုရားခေါင် ကျပင်းမြို့စားမင်းသမီးတို့မှ ဖွားမြင်ခဲ့သည်။ ၁၈၄၇ ခုနှစ်တွင် မင်းတုန်းမင်းသားနှင့် စုံဖက်ကာ ၁၈၅၃ ခုနှစ်၌ မိဖုရားခေါင်ဖြစ်လာခဲ့သည်။ ထို့နောက် အသက်ခြောက်ဆယ့်လေးနှစ်အရွယ်တွင် နတ်ရွာစံလွန်ခဲ့ခြင်း ဖြစ်သည်။ မိဖုရား၏ နတ်ရွာစံသတင်းကို "တအားပျက်ပြယ်၊ စိတ်ညှိုးငယ်သကဲ့သို့ လည်းကောင်း၊ တိမ်းစောင်းမလစ်၊ ဤသို့ဖြစ်၍ စင်စစ်နဂိုရ်၊ တောင်ကမ်း ပြိုသကဲ့သို့၊ ငိုယိုပူဆွေးလျက်၊ မအေးနိုင်အောင်ရှိကြလေသည်"ဟူ၍ အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ရတနာပုံနေပြည်တော်သတင်းစာတွင် ယင်းသတင်းကို ဖတ်ရှုရသော ဆင်ဖြူမရှင်မိဖုရားကြီးက အပျိုတော်တစ်ဦးအား ရတနာပုံသတင်းစာတိုက်သို့ စေလွှတ်ကာသေသူအား ဤမျှအမွှန်းတင်လွန်းလှသည်။ သက်ရှိထင်ရှားရှိနေဆဲဖြစ်သော မိမိအကြောင်းကိုလည်း ရေးပါဦးဆို၍ နောက်တစ်ပတ်ထုတ်သတင်းစာတွင် အာဒိဘူတ၊ မူလကမ္ဘာ၊ အစစ္စာက၊ မဟာသကတ်၊ နေနတ်နေရိုး၊ နေနွယ်မျိုးတို့သည် အစချီထီးဖြူဆောင်းစာတမ်းကို ထည့်သွင်းဖော်ပြခဲ့ရသည် ဆိုပါသည်။




မင်းတုန်းမင်းတရားကြီးလက်ထက် မန္တလေးရွှေမြို့တော်၌
ထုတ်ဝေခဲ့သော ရတနာပုံ နေပြည်တော်သတင်းစာ

## မြန်မာအမျိုးသမီး ကုမ္မာရီအသင်း စတင်ဖွဲ့စည်း
## (၁၆-၁၁-၁၉၁၉)

မြန်မာအမျိုးသမီး ကုမ္မာရီအသင်းကို ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကုမ္မာရီအသင်းဖွဲ့စည်း





ထူထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ မြန်မာအမျိုးသမီးများ၏ အကျိုးကို သည်ပိုးဆောင်ရွက်ရန်၊ အမျိုးသမီးများထိခိုက်နစ်နာမှုများမှ ကာကွယ်စောင့်ရှောက်ရန် ပညာဗဟုသုတတိုးပွားရေးအတွက် အားပေးဆောင်ရွက် ရန်၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အကြောင်းကိစ္စများပေါ်ပေါက်လာလျှင် အသင်းက ကူညီရန်တို့ ဖြစ်ပါသည်။

မြန်မာအမျိုးသမီး ကုမ္မာရီအသင်းများကို ဥက္ကဋ္ဌအဖြစ် ဒေါ်ဒေါ်စု (စည်ပင်သာယာအရေးပိုင် ဦးဘိုးသောင်း၏ဇနီး)၊ ဒုတိယ ဥက္ကဋ္ဌ ဒေါ်ပု၊ အတွင်းရေးမှူး ဒေါ်ဖွားသစ်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်စောခင် (ဝင်စတန်စတိုးဦးကြူ၏ဇနီး)၊ ဒေါ်လှမေ (ဒီးဒုတ် ဦးဘချို ၏ဇနီး) နှင့် အမှုဆောင် ခြောက်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အသင်းသူများ အနေဖြင့် အင်္ဂလိပ်လုပ်ပစ္စည်းနှင့် အသုံးအဆောင်များ ဝယ်ယူအသုံးမပြုရေးနှင့် တိုင်းရင်းဖြစ် အားပေးရေးတို့အတွက် အထူး ဆောင်ရွက်ခဲ့ကြ၏။ ထို့ပြင် မြန်မာအမျိုးသမီး များအနေဖြင့် လူမျိုးခြား၊ ဘာသာခြားများနှင့် လက်ထပ်သည့်အခါ ကိုးကွယ်သည့်ဘာသာကို စွန့်လွှတ်ရုံမျှမကဘဲ အမွေဆက်ခံပိုင်ခွင့်ပါ ဆုံးရှုံးနစ်နာရသဖြင့် မြန်မာအမျိုးသမီးများ လူမျိုးခြားများနှင့် လက်မထပ်ကြရန် တိုက်တွန်း ပြောဆိုကြ၏။

ထိုစဉ်က မြန်မာအမျိုးသမီးကုမ္မာရီအသင်းသည် ပီလောပီနံ (ပီနန်မြို့)သို့ ဆေးပြင်းလိပ် အလုပ်သမအဖြစ် လိုက်ပါသွားခဲ့ကြသော မြန်မာအမျိုးသမီးများအား ကယ်တင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်းလည်းသိရှိရ၏။ မကြာမီ ကုမ္မာရီအသင်းများ မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့ရာ ထင်ရှားသောအသင်းများမှာ သုဓမ္မစာရီ ယုဝတီအသင်း၊ ပုဇွန်တောင်သဟာယကုမ္မာရီအသင်း၊ ဗုဒ္ဓဘာသာ ကလျာဏကုမ္မာရီအသင်း၊ ဗုဒ္ဓဘာသာမြန်မာမိန်းမများအသင်း (ကြည့်မြင်တိုင်)၊ မြန်မာ့ဟိတမိန်းကလေးများအသင်း (သိမ်ကြီးဈေး) စသဖြင့် ဖြစ်ပါသည်။



www.burmeseclassic.com

## မီးပုံးပျံ ဦးကျော်ရင် သတင်း (၆-၁၁-၁၉၂၉)

၁၉၂၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ပထမဆုံးအကြိမ် လူစီးနင်း လိုက်ပါသော မီးပုံးပျံလွှတ်ပွဲကို ထားဝယ်မြို့၌ ကျင်းပခဲ့သည်။ မီးပုံးပျံစီးနင်းလိုက်ပါခဲ့သူမှာ ဦးကျော်ရင်ဆိုသူ ပင်စင်စား ကျောင်းဆရာ တစ်ဦးဖြစ်၏။ အသက် (၅၅) နှစ်အရွယ်ရှိ ဦးကျော်ရင် မီးပုံးပျံစီးနင်းပြသစဉ် ပရိသတ်များ အလုအယက် တိုးဝှေ့ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် ၁၉၃၀ပြည့်နှစ်တွင် ဦးကျော်ရင်၏ သတင်း မြန်မာတစ်နိုင်ငံလုံးပျံ့နှံ့သွား ပြီးနောက် ရန်ကုန်မြို့ နေရှင်နယ် စပို့တင်းကလပ် (National Sporting Club)၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ ကန်တော်ကြီးအလယ်ကျွန်း၌ ဦးကျော်ရင် မီးပုံးပျံစီးနင်းပြသခဲ့သည်။ ယင်းသို့ စီးနင်းပြသစဉ် မီးပုံးပျံ တက်သွားပြီးနောက် သစ်ပင်များနှင့် တိုးမိတိုက်မိကာ သစ်ပင်တစ်ပင်၏အကိုင်းကို ဖက်တွယ်နေခဲ့ရ၏။ ထို့နောက် အပင်ပေါ်မှဆင်းလာစဉ် သစ်ကိုင်းပဲ့ကျကာ ဂဝံကျောက် အောက်ခံတုံးပေါ်သို့ ကျရောက်ပြီး ပွန်းပဲ့ဒဏ်ရာ ရရှိသွား၏။ သစ်ကိုင်းနှင့် ခြစ်မိရာမှ မေးစေ့တွင် သွေးထွက်ကာ ရွဲစိုနေသည်။ ဦးကျော်ရင်က သတင်းထောက်များအား အနာပျောက်လျှင် ထမြောက်အောင် စီးနင်းပြသပါမည်ဟု ကတိပြု၏။

မကြာမီ နေရှင်နယ်စပို့တင်းကလပ် အစီအစဉ်ဖြင့် ဦးကျော်ရင် မီးပုံးပျံ သုံးကြိမ်စီးနင်းပြသခဲ့သည်။ ကလပ်မှ ရရှိသော ဝင်ငွေကို မြို့မကျောင်း ကင်းထောက်ရန်ပုံငွေအဖြစ် လှူဒါန်းခဲ့၏။ သတင်း မှတ်တမ်းများအရ ဦးကျော်ရင်သည် အသက် (၅၅) နှစ်အရွယ် ပင်စင်ယူပြီးချိန်၌ ဇာတိ ပန်းတလဲရွာသို့ပြန်ကာ တပည့်လက်သားများဖြင့် အတောင် (၈၀) ပိတ်အုပ် (၂၄)အုပ်ကို အသုံးပြုလျက် မီးပုံးပျံချုပ် လုပ်ခဲ့သည်ဆို၏။ ထို့နောက်လုံးပတ် (၁၀၁) တောင်၊ အမြင့် အတောင် (၃၀) ရှိ မီးပုံးကြီးကို မီးခိုးမှိုင်းသွင်းကာ စီးနင်းရန် ဟန်ပြင်လေသည်။ ဤသတင်းကို ဗြိတိသျှ





အရေးပိုင်က ကြားသိသွားသဖြင့် မစီးနင်းရန် တားမြစ်ခဲ့သည်။ ဦးကျော်ရင်က ဇွဲမလျှော့ဘဲ တနင်္သာရီတိုင်းမင်းကြီး ထံသို့လည်းကောင်း၊ မြန်မာပြည် ဘုရင်ခံသို့လည်းကောင်း အခွင့်တောင်းခံခဲ့ပြန်သည်။ နောက်ဆုံး ခွင့်ပြုချက်မရသဖြင့် အာဏာဖီဆန်ကာ စီးနင်း ပြတော့မည်ဟုဆိုမှသာ ဘုရင်ခံက ခွင့်ပြုလိုက်၏။ ဦးကျော်ရင်သည် ၁၉၂၉ ခုနှစ်မှ ၁၉၃၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ အရပ်ရပ်၌ မီးပုံးပျံ အကြိမ်ပေါင်း (၅၅) ကြိမ် စီးနင်းပြသခဲ့၏။ အသက်ဘေးမှ ကံကောင်းထောက်မစွာဖြင့် လွတ်မြောက်ခဲ့ရသည်လည်းရှိ၏။ ၁၉၃၄ခုနှစ် မြိတ်မြို့၌ စီးနင်းပြသစဉ်ဆိုလျှင် ပင်လယ်အတွင်းသို့ ကျရောက်ခဲ့၏။ မီးပုံးပျံ ဦးကျော်ရင် အေဝမ်းရှပ်ရှင် ကုမ္ပဏီမှ ရိုက်ကူးသော မြဂနိုင်ဇာတ်ကားတွင် ဇာတ်လိုက်ချစ်ဆွေကြီးနှင့်အတူ ပါဝင်ကူညီခဲ့ရသည်။

ဦးကျော်ရင်ကို (၁၅-၁-၁၈၄၇) တွင် ထားဝယ်ခရိုင်၊ လောင်းလုံမြို့အပိုင်၊ ပန်းတလဲရွာ၌ ဖွားမြင်ပြီး သတ္တမတန်းစာမေးပွဲကို ပျဉ်းမနားမြို့မှ အောင်မြင်ခဲ့သည်။ ၃-၄-၁၉၃၉ ခုနှစ် အသက် (၆၆) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၌ ယူရေနီယံသတ္တုအမြောက်အမြားတွေ့ရှိ (၅-၁၁-၁၉၅၇)

၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြန်မာနိုင်ငံ၌ ယူရေနီယံသတ္တု အမြောက်အမြားတွေ့ရှိနေပြီဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ သတင်းအကြောင်းအရာကို "သည်လိုသာဆို မြန်မာသူဌေးဖြစ်လိမ့်မည်။ ယူရေနီယံ တန်ချိန်များစွာ တွေ့ရှိနေရသည် ဆိုခြင်း" ဟူ၍ ခေါင်းစဉ်တပ်ထား၏။

သတင်းတွင် ဖော်ပြချက်အရ တောင်တွင်းကြီးမြို့နှင့် မိုင် (၃၀) အတွင်း ယူရေနီယံသတ္တုများကို ဆက်တိုက်တွေ့ရှိနေရခြင်းကြောင့် စက်



www.burmeseclassic.com

www.burmeseclassic.com



မှူလက်မှုဝန်ကြီး၏ ညွှန်ကြားချက်အရ အနုမြူသုတေသနအဖွဲ့သွားရောက် လေ့လာခဲ့ကြကြောင်း သိရှိရသည်။ အနုမြူသုတေသန အဖွဲ့သည် မကွေးနယ်၊ အင်းမကန်ရွာမှ ရွာသားဦးသာစိန်နှင့် အပေါင်းပါတို့ လိုက်လံပြသမှုကြောင့် နောက်ထပ်သတ္တုထွက်ရာ (၁၂) နေရာကို တွေ့ရှိခဲ့ကြသည်ဆို၏။ ထို့နောက် တောင်တွင်းကြီးမြို့မှ ဦးရှိန်၊ ဦးဘိုးကောင်းနှင့် ဦးသာစိန်တို့အဖွဲ့သည် သရက်ခရိုင်ဘက်သို့ ခရီးပြင်း ထွက်ခွာရှာဖွေကြရာ သတ္တုများအမြောက်အမြား ထပ်မံတွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။

အချို့နေရာများတွင် အမြင့်ပေ (၁၀၀) ကျော်ခန့်ရှိသည့် လှိုမြောင် ကမ်းပါးများ၌ ယူရေနီယံသတ္တုကြောကို တွေ့ရှိကြရရာ တစ်နေရာတွင် အရှည်နှစ်မိုင်ခန့် သတ္တုကြောကြီးနှစ်ကြောကိုတွေ့ရှိကြ ရ၏။ သတင်းဖော်ပြချက်တွင် ယူရေနီယံသတ္တုများကို စက်ဖြင့် ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်းကိုလည်း အောက်ပါအတိုင်း ဖော်ပြထားပါသည်။

“ယခုနောက်ဆုံးခန့်မှန်းချက်များအရ ယူရေနီယံတန်ထောင်ပေါင်းများစွာ တွေ့ရှိနေရာ ပါရဂူများနှင့် အချောကိုင်စစ်ဆေးပြီး အကောင်အထည်ဖော်ရန်သာ လိုတော့သည်ဆိုကြောင်း” ဟူ၍ ဖြစ်ပါသည်။

### ရွှေတိဂုံစေတီတော် မိုးကြိုးလွှဲ တပ်ဆင်ရေး
### (၆-၁၁-၁၉၇၀)

၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရွှေတိဂုံစေတီတော်၌ မိုးကြိုးလွှဲတပ်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ နိုဝင်ဘာလ ၅ ရက်နေ့က စေတီတော်ဘဏ္ဍာထိန်းရုံး၌ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း ဖော်ပြပါရှိ၏။ မိုးကြိုးလွှဲတပ်





ဆင်ရေးကိစ္စ ညှိနှိုင်းအစည်းအဝေးသို့ ဩဝါဒါစရိယ ဆရာတော်များ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းလူကြီးများ၊ လျှပ်စစ်အင်ဂျင်နီယာများနှင့် ပါရဂူများတက်ရောက်ခဲ့ကြ၏။ အစည်းအဝေးကျင်းပရာ၌ ဩဝါဒါစရိယဆရာတော်များက မိုးကြိုးလွှဲတပ်ဆင် ရေးမှာ စေတနာဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် အပြစ်မရှိ ဆောင်ရွက်နိုင် ကြောင်း မိန့်ကြားခဲ့သည်။ စေတီတော်ကြီး မိုးကြိုးဒဏ်မှ ကင်းလွတ်စေရေးအတွက် လျှပ်စစ်အတတ်ပညာရှင်များ၏ အကြံပေးချက်အရ မိုးကြိုးလွှဲတိုင်များကို စေတီတော်တွင် သံခွငယ်များဖြင့် ရိုက်တွယ်တပ်ဆင်ရန် သဘောတူညီခဲ့ကြသည်။

မိုးကြိုးလွှဲတပ်ဆင်ရေးကိစ္စ ညှိနှိုင်းအစည်းအဝေးသို့ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် ဇေယျဝတီဆရာတော်ကြီး ဦးဥက္ကံသ၊ စလင်း ဆရာတော် ဦးကုမာရ၊ မြိတ်ဆရာတော် ဦးအာလောက၊ ခြောက်ထပ်ကြီး ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏနှင့် ဗားကရာဆရာတော် ဦးနာဂဝံသတို့ အပါအဝင် ဆရာတော်ကြီးများ တက်ရောက်ခဲ့ကြသည်။

### ဦးသန့်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူး
### (အစမ်းခန့်အဖြစ်) ခန့်အပ်
### (၃-၁၁-၁၉၆၁)

၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဦးသန့်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် (အစမ်းခန့်အဖြစ်) စတင် ခန့်အပ်ကာ ၁၉၆၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် အတည်ပြု ခန့်အပ်ခဲ့သည်။ ဦးသန့်သည် ထိုစဉ်က ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ သူသည် တတိယမြောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ပြီးပထမ (၅) နှစ်သက်တမ်း ကုန်ဆုံးသွားပြီးနောက် ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒုတိ



www.burmeseclassic.com

www.burmeseclassic.com



ယ(၅) နှစ်သက်တမ်းအတွက် ထပ်မံခန့်အပ်ခြင်း ခံခဲ့ရ၏။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူခဲ့သည်။

ဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပန်းတနော်မြို့၌ ဦးဘိုးနှစ်၊ ဒေါ်နန်းသောင်တို့မှ ဖွားမြင်ခဲ့၏။ ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ခဲ့ပြီး၊ ၁၉၃၀ ပြည့်နှစ်၌ အထက်တန်းဆရာဖြစ် စာမေးပွဲအောင်မြင်ကာ အထက်တန်းပြဆရာဖြစ်လာခဲ့သည်။ထို့နောက် ပန်းတနော်အထက်တန်းကျောင်းအုပ်၊ ဖဆပလ ပြန်ကြားရေး အရာရှိ၊ မြန်မာနိုင်ငံရုပ်ရှင် အကယ်ဒမီဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ဝန်ကြီးချုပ်ရုံးစီမံကိန်းအတွင်းဝန်၊ မြန်မာ့သမိုင်း ကော်မရှင် အဖွဲ့ဝင် တာဝန်များထမ်းဆောင်ခဲ့၏။ ၁၉၅၇ ခုနှစ်၊ ဩဂုတ် လ ၁ ရက် နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီး ဖြစ်လာခဲ့ပြီးနောက် အထွေထွေအတွင်းရေးမှူးချုပ် ရာထူးအတွက် ရွေးချယ်ခန့်အပ်ခံခဲ့ရခြင်း ဖြစ်သည်။

ဦးသန့်သည် ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့နှင့် မဟာသရေစည်သူဘွဲ့များအပြင် ယူဂိုဆလားဗီးယားသမ္မတ မာရှယ်တီတိုး၏ Yugoslav Banner ဘွဲ့ကို ရရှိခဲ့သည်။ ထို့ပြင် နိုင်ငံအသီးသီးမှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (၁၇) ဘွဲ့ ရရှိခဲ့သည်။

ငွေစက္ကူအတုလုပ်ဂိုဏ်း ဖမ်းဆီးရမိ
(၄-၁၁-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ထုတ် ဒီးဒုတ်သတင်းစာတွင် ငွေပက္ကူအတုလုပ်သော ဂိုဏ်းတစ်ဂိုဏ်းကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၌ ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြပါရှိ၏။ နိုဝင်ဘာ ၄ ရက်နေ့ ည ၁၁ နာရီခွဲခန့်တွင် ရန်ကုန်ရဲမင်းကြီးရုံးမှ ရဲဝန်ထောက် (မှုခင်း) ခေါင်း





ဆောင်သော အဖွဲ့များ ကြည့်မြင်တိုင်၊ မုန့်လုပ်ဆောင်းကုန်း၊ ရန်ကြီးအောင်လမ်းရှိ နေအိမ်သို့ သတင်းအရသွားရောက်ရှာဖွေရာ ငွေစက္ကူတစ်သောင်းဖိုးရိုက်နှိပ်ရန် အသင့်ပြင်ဆင်ထားသည့် ငွေစက္ကူ တစ်ဆယ်ကျပ် တန်များနှင့် ငွေစက္ကူပြုလုပ်သော ကိရိယာများကို တွေ့ရှိခဲ့ရ၏။ ထို့နောက် သတင်းအရ ရန်ကုန်-အိန္ဒိယ အသက်အာမခံကော်ပိုရေးရှင်းမှ အရာရှိ အာအမ်ဆင်း၏ နေအိမ်သို့ ဆက်လက်သွားရောက် ရှာဖွေခဲ့ကြသည်။

အာအမ်ဆင်းနေအိမ်တွင် ငွေစက္ကူအတု တစ်ဆယ်ကျပ်တန်နမူနာတစ်ရွက်ကို တွေ့ရှိရသဖြင့် အာအမ်ဆင်းနှင့် အပေါင်းအပါတို့အား ကြည့်မြင်တိုင်ရဲဌာနသို့ ဖမ်းဆီး ပေးပို့ကာ ပုဒ်မ ၄၈၉ အရ ဆက်လက်အရေးယူခဲ့သည်။

မန္တလေးနှစ်တစ်ရာပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေ
(၇-၁၁-၁၉၅၉)




မန္တလေးနှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ၁၉၅၉ ခုနှစ်က ထုတ်ဝေခဲ့သော တံဆိပ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့တော်ကို မင်းတုန်းမင်းလက်ထက် ၁၈၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တောခုတ်ရှင်းလင်း၍ စတင်တည်ဆောက်ခဲ့ရာ ၁၈၅၉ ခုနှစ်၌ အပြီးသတ်တည်ဆောက်နိုင်ခဲ့၏။ ၁၉၅၉ ခုနှစ်တွင် မန္တလေးမြို့တော် နှစ်တစ်ရာပြည့်မြောက်ခဲ့သည့်အလျောက် ရာပြည့်ပွဲတော်ကိုစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ရာပြည့် အထိမ်းအမှတ် စာအုပ်စာစောင်များ ထုတ်ဝေခဲ့သည့်နည်းတူ အမှတ်တရ တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့ကြ၏။

ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီးမှ မန္တလေးရာပြည့်အထိမ်းအမှတ် တံဆိပ်ခေါင်းအမျိုးအစား သုံးမျိုးထုတ်ဝေခဲ့သည်။ ယင်းတို့မှာ နှစ်ကျပ်၊ တစ်ကျပ်နှင့် ၁၅ ပြားတန် အထူးတံဆိပ်ခေါင်းများဖြစ်ကြပြီး၊ ရန်ကုန်နှင့် မန္တလေး စာတိုက်ရုံးများ၌ နိုဝင်ဘာ ၇ ရက်နေ့မှစတင် ရောင်းချပေးခဲ့၏။ အလားတူ တံဆိပ်ခေါင်းစုဆောင်းလိုသူများအတွက် အထိမ်းအမှတ်အယ်လ်ဘန်များကို တစ်ခုလျှင် ပြား ၂၀ နှုန်းထားဖြင့် ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ၌ လေယာဉ်ပျံလုပ်နိုင်ပြီ
(၇-၁၁-၁၉၆၁)

၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် မြန်မာနိုင်ငံ၌ လေယာဉ်လုပ်နိုင်သူတစ်ဦး ပေါ်ပေါက်လျက်ရှိပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ ဟံသာဝတီသတင်းထောက်အားလေယာဉ်ပျံထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သူမှာ အီးအေအေခေါ် အမေရိကန်လေကြောင်းစမ်းသပ်ရေး အသင်းဝင် စိုင်းမြသာဆိုသူ ဖြစ်သည်။ သူက မြန်မာနိုင်ငံတွင်ထိုင်ခုံတစ်လုံး (သို့မဟုတ်) နှစ်လုံးပါ လေယာဉ်ငယ်များကို ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်နိုင်ကြောင်း ပြောကြားခဲ့၏။





စိုင်းမြသာသည် အသက် ၃၈ နှစ်အရွယ်ရှိပြီး ၁၉၃၈ ခုနှစ် မှ စတင်ကာ စစ်တပ်လေယာဉ်ငယ်များကို ပြုလုပ်လေ့လာခဲ့သည်ဟုဆို၏။ သူသည် ရန်ကုန်တက္ကသိုလ် ဘီအက်စီတန်းတွင် ပညာသင်ကြားလျက်ရှိစဉ် ၁၉၅၁ ခုနှစ်က အခြားဝါသနာရှင်ကျောင်းသားများနှင့်အတူ ရန်ကုန်ယူနီဗာစီတီ အယ်ရိုပိုဒေးလင်းကလပ်ကို တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံခြားမှလေယာဉ်ပုံစံများ၊ ကိုယ်ပိုင်ပုံစံများကို ထီထွင်လျက် ပျံသန်းပြခဲ့၏။ ထိုစဉ်က ရေဒီယိုဖြင့် ထိန်းချုပ်ပေးနိုင်သော လေယာဉ်ငယ်များကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။ စိုင်းမြသာနှင့်အဖွဲ့သည် စက်များကိုနိုင်ငံခြားမှ မှာယူပြီး လေယာဉ်ကိုယ်ထည်အား မြန်မာနိုင်ငံ၌ပင် တည်ဆောက်ခဲ့၏။

သူသည် နောင်မိုင်းလင်းမြို့၌ နယ်ပိုင်ဝန်ထောက်ဖြစ်လာခဲ့ပြီးနောက် လူစီးနင်းလိုက်ပါနိုင်မည့်လေယာဉ်များ တည်ဆောက်ရန်အလွန်စိတ်ပါဝင်စားခဲ့၏။ သို့ဖြင့် နိုင်ငံတော်အစိုးရထံ တင်ပြအကူအညီတောင်းခံခဲ့ပါသည်။ စိုင်းမြသာသည် ၁၉၅၃ ခုနှစ်ကတည်းကပင် အီးအေအေ အသင်းဝင်ဖြစ်ခဲ့သော်လည်း နိုင်ငံခြားငွေ လဲလှယ်ခွင့်မရသဖြင့် ဝင်ကြေးများ မပေးသွင်းနိုင်ခဲ့သေးကြောင်း၊ အသင်းမှ စာအုပ်စာတမ်းနှင့် အကြံဉာဏ်များကိုမူ ရရှိခဲ့ကြောင်း ဟံသာဝတီသတင်းထောက်အား ပြောကြားခဲ့သည်။

## ယောက်ျားမိန်းမ မကွဲပြားသူတစ်ဦးသတင်း
(၁၉-၁၁-၁၉၅၇)

၁၉၅၇ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယောက်ျားမိန်းမ မကွဲပြားသူတစ်ဦးအကြောင်း သတင်းတစ်ပုဒ် ပါဝင်သည်။ သတင်းစာပါ ဖော်ပြချက်အရ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ၃-၁၁-၁၉၅၇ ရက်နေ့က



www.burmeseclassic.com

www.burmeseclassic.com



အသက် ၁၉ နှစ်အရွယ် ကချင်တိုင်းရင်းသား မာနော်ဆိုသူတစ်ဦး ရောက်ရှိလာရာ ဆရာဝန်များက စစ်ဆေးကြည့်ရှုစဉ် ယောကျ်ားမိန်းမအင်္ဂါနှစ်မျိုး စလုံး ပါဝင်နေသည်ဟု ဆိုပါသည်။

နမ့်ခမ်းဆေးရုံဆရာဝန်ကြီး ဒေါက်တာစီးဂရေ့၏အဆိုအရ သူ၏ ဆရာဝန်လုပ်သက် ၃၅ နှစ်တာ ကာလအတွင်း ယခုကဲ့သို့သော အဖြစ်မျိုး တစ်ခါမျှ မကြုံခဲ့ဖူးကြောင်း၊ သူ့အနေနှင့် ရောဂါပေါင်းစုံ စစ်ဆေးခဲ့ဖူးသော်လည်း ယခုကဲ့သို့ တွေ့ရှိရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ပြောကြားခဲ့၏။ ကချင်တိုင်းရင်းသား မာနော်ဆိုသူအား ဆေးရုံဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန် အိုက်လင်းတို့ကိုယ်တိုင် စစ်ဆေးလေ့လာခဲ့ကြသည်။ ၄-၁၁-၁၉၅၇ တွင် ဝမ်းဗိုက်ခွဲစိတ်ကုသရာမှ သားအိမ်နှင့် တကွ သန္ဓေအားပေးရာ အင်္ဂါအစိတ်အပိုင်းအစုံအလင်ကို တွေ့ရှိခဲ့ရသည် ဆို၏။

ဆရာဝန်ကြီးများသည် သားအိမ်တွင် သန္ဓေမတည်စေရန် ခွဲစိတ်ပေးခဲ့ရသည် ဆိုပါသည်။ မာနော်တွင် ဇနီးသည်လည်း ရှိသည်ဆိုပါသည်။ ယင်းလူထူးလူဆန်းအား နမ့်ခမ်းမြို့သူမြို့သားများက စိတ်ဝင်တစားသွားရောက်ကြည့်ရှုကြသည်။ ဆရာဝန်ကြီးများအနေဖြင့်မူ မာနော်၏ ထူးခြားမှုများကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

### မေရီမြင့်အုတ်ဂူဖောက်ထွင်းသူ ဖမ်းဆီးရမိ
### (၂၆-၁၁-၁၉၇၁)

နိုင်ငံကျော် ရုပ်ရှင်မင်းသမီးမေရီမြင့်ကို မြှုပ်နှံသင်္ဂြိုဟ်ထားသည့် အုတ်ဂူအားဖောက်ထွင်းကာ ရွှေဒင်္ဂါးများကို ခိုးယူခဲ့သူတစ်ဦးအား ဖမ်းဆီးရမိပြီ ဖြစ်ကြောင်း ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြပါရှိ၏။ဖမ်းဆီးရမိသူမှာ ကြံတောသုသာန်





အနီးကြခတ်တန်းနေ မောင်စံရွှေဆိုသူဖြစ်ပြီး တရုတ်သုသာန်မှ ဂူတစ်လုံးကို ဖောက်ထွင်းနေစဉ် ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါသည်။ တရားခံအားသက်ဆိုင်ရာမှ နိုဝင်ဘာ ၂၆ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ပြီးနောက် စစ်ဆေးမေးမြန်းရာမှ ရုပ်ရှင်မင်းသမီး မေရီမြင့်၏အုတ်ဂူအား လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဖောက်ထွင်းခဲ့ပြီးနောက် ရွှေဒင်္ဂါးပြားများကိုလည်း ခိုးယူခဲ့သည်ဟု ဆိုပါသည်။

ထို့နောက် မောင်စံရွှေအား ရုပ်ရှင်မင်းသမီး မေရီမြင့်အုတ်ဂူဖောက်ထွင်းခဲ့မှုအတွက် ထောင်ဒဏ်လေးလ၊ တရုတ်အုတ်ဂူဖောက်ထွင်းမှုအတွက် ထောင်ဒဏ်ခြောက်လ အသီးသီးကျခံစေရန် အပြစ်ပေးခဲ့၏။



နိုင်ငံကျော်ရုပ်ရှင်မင်းသမီး မေရီမြင့်



www.burmeseclassic.com

www.burmeseclassic.com



## ဥက္ကလာပမြို့ ဓားပြတိုက်မှုသတင်း
## (၂၉-၁၁-၁၈၇၃)

၁၈၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ထုတ် မြန်မာသံတော်ဆင့် သတင်းစာတွင် ဥက္ကလာပမြို့၌ ဖြစ်ပွားခဲ့သော ဓားပြတိုက်မှုသတင်းကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ ထိုစဉ်က အထက်မြန်မာနိုင်ငံတွင် မင်းတုန်းမင်း အုပ်ချုပ်စိုးစံဆဲဖြစ်ပြီး အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့၌မူ ဗြိတိသျှအစိုးရတို့ အုပ်ချုပ်လျက်ရှိပြီဖြစ်သည်။

သတင်းဖော်ပြချက်အရ နိုဝင်ဘာ ၂၂ ရက်နေ့ နံနက် ၆ နာရီ အချိန်တွင် အညာဒေသမှ ရန်ကုန်သို့ လာရောက်အလုပ်လုပ်ကိုင်သူ အလုပ်သမားလေးဦး အညာသို့ပြန်ရန် ပြင်ဆင်နေစဉ် ဓားပြတိုက်ခံခဲ့ရခြင်းဖြစ်သည်။ သတင်းဖော်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

"၁၂၃၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်နေ့၊ နံနက် ၆ နာရီ အချိန်တွင် အညာကုလီသမားလေးယောက်တို့သည် ရန်ကုန်မြို့သို့ ဥစ္စာရှာလာပြီး၍ ဆယ်လကိုးလကြာမှ ရသမျှစုဆောင်း၍ ၎င်း ရန်ကုန်မြို့မှ အညာသို့ ပြန်သွားရာ ဥက္ကလာပမြို့ မြောက် ပေတစ်ရာ သံကြိုးကွဲတွင် ကြည့်မြင်တိုင်ရပ်က ဓားပြသုံးယောက်တို့ ဓားနှင့်တော့ပြပြီးလျှင် ပါသမျှ ပစ္စည်းဥစ္စာတို့ကို သိမ်းယူလေသည်။

ထိုကုလီလေးယောက်တို့အနက် သွားဖော်သွားဖက်တစ်ယောက်မှာ ထွက်ပြေးလေသည်။ ကျန်လူများအနက် သားအဖ နှစ်ယောက်မှာ ငွေကျပ် ၃၀၊ အဝတ်အစားများ ပါသွားလေသည်။ တစ်ယောက်မှာ ပစ္စည်းဥစ္စာမပါ။ ၎င်းပြင် တစ်ယောက်မှာလည်း ဓားပြတို့ဓားထိလေသဖြင့် ဒဏ်ရာဒဏ်ချက် ရရှိချေသည်။ ၎င်းအညာ ကုလီသမား လေးယောက်တို့လည်း ဆိုင်ရာမဒတ် စာဆင်တို့အား တိုင်ကြားပြောဆိုရာ ၎င်းစာဆင်ပျာတာတို့က မယုံသင်္ကာရှိသူတို့ကို လိုက်လံရှာဖွေ၍ အလုံ





ရွာတွင် ၎င်းဓားပြတို့ကို ရမိလေသည်။ ထိုအခါ အတိုက်ခံရသူတို့ကို ခေါ်ပြရာ ဓားနှင့်တော့ပြသာမှန်ပါကြောင်းနှင့် အစစ်ခံချက်ရှိ၍ ၎င်းတို့အား စစ်ကြောပြီးလျှင် အချုပ်ဆောင်တွင် ထားကြောင်း၊ ၎င်းဓားထိသူ အညာသားတစ်ယောက်ကိုလည်း ယခု သူနာခန်းတွင် ကုသလျက်ရှိကြောင်းကို ကြားသိရလေသည်" ဟူ၍ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၌ ပထမဆုံး လေကြောင်းခရီးစဉ် စတင်
## (၁၅-၁၁-၁၉၃၄)

၁၉၃၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးခရီးစဉ်ကို စတင်ခဲ့၏။ ဧရာဝတီလေယာဉ်ပျံကုမ္ပဏီသည် ထိုနေ့မှစတင်၍ ရန်ကုန် - မန္တလေးခရီးစဉ်ကို တစ်ပတ်လျှင်တစ်ကြိမ်ကျ ပျံသန်းပေးခဲ့သည်။ ထို့ကြောင့် မြန်မာလေကြောင်းသယ်ယူပို့ဆောင်ရေး သမိုင်းတွင် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ပင် ဖြစ်ပါသည်။

ဧရာဝတီလေယာဉ်ပျံကုမ္ပဏီသည် ရန်ကုန်မြို့ ပုဇွန်တောင်ချောင်းကမ်းနံဘေးရှိ သံရည်ကျိုစက်ဟောင်းနေရာကို ဝယ်ယူကာ လေယာဉ်ပျံရုံ တစ်ရုံကို ထူထောင်လျက် လေယာဉ်များကို ထုတ်လုပ်ခဲ့သည်။ ထိုစဉ်ကထုတ်လုပ်ခဲ့သည့် လေယာဉ်ပျံ အမျိုးအစားမှာ ခရီးသည် ရှစ်ယောက်စီး လေယာဉ်ပျံမျှသာ ဖြစ်၏။ လေယာဉ်ပျံကို မြစ်ပြင်ကျယ် အတွင်း ဆင်းသက်နိုင်အောင် စီစဉ်ထားသည့်အလျောက် အချို့ရေယာဉ်ပျံဟုခေါ် ဆိုကြသည်။ ဧရာဝတီ လေယာဉ်ပျံကုမ္ပဏီသည် Fox Moth အမျိုးအစားလေယာဉ်ပျံတစ်စင်း၊ Short Seion အမျိုးအစား ရှစ်ယောက်စီး လေယာဉ်သုံးစင်းအထိ တိုးချဲ့ကာ ခရီးစဉ်သစ်များကို ချဲ့ထွင်ခဲ့၏။

လေယာဉ်ပျံစီးသူ ခရီးသည်များကို မြစ်ပြင်ကျယ်၌ အတက်



www.burmeseclassic.com

www.burmeseclassic.com



အဆင်း ပြုလုပ်ရသည့်အလျောက် လှေသမ္မာန်အသုံးပြုကာ အတင်အချ ပြုလုပ်ကြရသည်။ လေယာဉ် တည်ထောင်ပြေးဆွဲခဲ့သော ဧရာဝတီ လေယာဉ်ပျံကုမ္ပဏီမှာ ကိုလိုနီခေတ်ဦးကာလက ထင်ရှားခဲ့သည့် ဧရာဝတီ သင်္ဘောကုမ္ပဏီမှ ပြောင်းလဲဖွဲ့စည်းလာခဲ့သည့် ကုမ္ပဏီသာ ဖြစ်ပါသည်။

## ရန်ကုန်လမ်းအချို့ အမည်ပြောင်းလဲ ခေါ်ဝေါ်
## (၆-၁၁-၁၉၅၆)

၁၉၅၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ပြီးခဲ့သည့် နိုဝင်ဘာလ ၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်မြို့မြူနီစီပါယ်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ လမ်းအမည်အချို့ကို ပြောင်းလဲခေါ်ဝေါ်ကြရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရှိရ၏။

အမည်ပြောင်းလဲ ခေါ်ဝေါ်မည့်လမ်းများမှာ မဂိုလမ်းကို ရွှေဘုံသာလမ်း၊ အဒန်ဆန်လမ်း (Adomson Road) ကို ၅၅ လမ်း၊ ကင်းဘဲရိပ်သာလမ်းကို ငါးထပ်ကြီးရိပ်သာလမ်း၊ ထရန်စပို့လမ်း (Transport Street) ကို အာဇာနည်ဗိမာန်လမ်း၊ ဟယ်လ်ပင်လမ်း (Helpin Street) ကို ပြည်ထောင်စုရိပ်သာလမ်း၊ ချိပ်လမ်း (Cheap Street) ကို မနော်ဟရီလမ်း၊ ပဏ္ဍိလမ်းကို ပဏ္ဍိတလမ်း၊ ဂုရုလမ်းကို သုခမိန်လမ်း၊ ဖော်ဆိုက်လမ်း (Forsythe Road)ကို ကင်းဝန်မင်းကြီးလမ်း၊ ရဲဒီးယားအဲဗင်းနယူးလမ်း (Reddiar Avenue)ကို ဝက်ဘာရိပ်သာလမ်း ဟူ၍ ဖြစ်ပါသည်။





## သုံးသောင်းကျော်တန် ဆေးရုံကားလှူဒါန်း
## (၁၁-၁၁-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့၊ တိုရိုတာမော်တော်ကား ရောင်းဝယ်ရေးကုမ္ပဏီမှ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုအသင်းသို့ ငွေကျပ်သုံးသောင်းကျော်တန် တိုရိုပက်အမျိုးအစား သူနာတင်ယာဉ်ကို လှူဒါန်းခဲ့၏။ နိုဝင်ဘာလ ၁၂ ရက်နေ့ထုတ် ဒီးဒုတ် သတင်းစာတွင် သတင်းဖော်ပြရာ၌ အခမ်းအနား သို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘစော၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုအသင်းမှ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ဂျပန်သံရုံးမှ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်ဆို၏။ အခမ်းအနားကို ကမ္ဘာအေးစေတီလမ်းရှိ အေးနှင့်သားများလီမိတက်၌ ကျင်းပရာတွင် ကုမ္ပဏီမန်နေဂျာ ဒေါ်ခင်ခင်အေးက ကားလှူဒါန်းသော လက်မှတ်ကို ကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းတင်လက်သို့ ပေးအပ်ခဲ့သည်။ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားရာ၌ မြန်မာနိုင်ငံကြက်ခြေနီသူနာပြု အသင်းသည် နိုင်ငံပေါင်း ၁၅ နိုင်ငံတို့မှ သူနာပြုအသင်းများနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း၊ လူနာတင်ယာဉ်မှာ စစ်ပြီးကာလကတည်းက တစ်စီးသာရှိခဲ့ရာ ယခုကဲ့သို့ လှူဒါန်းသဖြင့် တိုရိုတာကုမ္ပဏီအား ကျေးဇူးတင်ရှိကြောင်း၊ ဤ သုံးသောင်းကျော်တန် လူနာတင် ယာဉ်မှာ ကြက်ခြေနီအသင်းသို့ ရောက်ရှိပါက များစွာအကျိုး သက်ရောက်မှု ရှိမည်ဖြစ်ကြောင်း စသဖြင့်ပြောကြားခဲ့၏။ ဆက်လက်၍ ကျန်းမာရေးဝနကြီး ဦးဘစောကလည်း ကြက်ခြေနီအသင်းအနေဖြင့် လူနာတင်ယာဉ် ရရှိပြီဖြစ်သဖြင့် လူထု၏အကျိုးအတွက် လူမှုဝန်ထမ်း လုပ်ငန်းများကို ဆတက်ထမ်းပိုး လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးမှ ဂျပန်ဗုဒ္ဓဝင်ဇာတ်ကားကို ကန့်ကွက် (၁-၁၁-၁၉၆၁)

မြန်မာနိုင်ငံ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးမှ ၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ ဒေးအိကုမ္ပဏီမှ တင်သွင်းလာသော "သကျ" အမည်ရှိ ဗုဒ္ဓဝင်ဇာတ်ကားကို ပြသခွင့်မပြုရန် ကန့်ကွက်ကြောင်း နိုဝင်ဘာလ ၆ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ ဖော်ပြပါရှိသည်။

ယင်းဇာတ်ကားတွင် ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကြီးမင်းသမီး ချာရီကာဆိုလစ်စ်က ယသော်ဓယာအဖြစ် ပါဝင်ပြီး သိဒ္ဓတ္ထအဖြစ် သရုပ်ဆောင်သူမှာ ဂျပန်မင်းသား ကီရိုဟွန်ဂိုဆိုသူ ဖြစ်သည်။ ဒေဝဒတ် အဖြစ်မူ ရှင်ကာရို ကတ်ဆူက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရ၏။ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရာတွင် ဂျပန်ယန်းဒင်္ဂါး သန်း ၇၀၀ ကျော်ကုန်ကျခဲ့သည်ဆို၏။ ဒေးအိ ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ မိဆေချိနုဂါတာ အနေဖြင့် **Ben Hur** နှင့် ပညတ်တော်ဆယ်ပါး ဟောလိဝုဒ်ရုပ်ရှင်ကို အားကျရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရ၏။

## ရွှေတိဂုံစေတီတော်၌ မာကျူရီမီးလုံးများ စမ်းသပ် ထွန်းညှိ (၂၄-၁၁-၁၉၆၉)

၁၉၆၉ ခုနှစ် နိုဝင်ဘာ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် နိုဝင်ဘာလ ၂၂ ရက်နေ့မှ စတင်ကာ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်၌ မာကျူရီမီးလုံးများ စမ်းသပ်ထွန်းညှိမည့် သတင်းဖော်ပြပါရှိသည်။ ထိုနေ့သည် တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့ ဖြစ်ပြီး၊ တန်ဆောင်တိုင် မီးထွန်းပွဲတော် စတင်သည့်နေ့ဖြစ်သည့် အားလျော်စွာ





ရွှေတိဂုံစေတီတော်ကြီးကို ပိုမိုကြည်ညိုဖွယ် ဖြစ်စေနိုင်ရန်အတွက် စမ်းသပ် ထွန်းညှိပူဇော်ခြင်းဖြစ်သည် ဆိုပါသည်။

တန်ဆောင်တိုင်ပွဲတော်ကာလတွင် ရွှေတိဂုံစေတီတော်ကြီး၏ မီးအရစ်ငါးရစ်စလုံးတွင် မာကျူရီမီးလုံးများဖြင့် ထွန်းညှိပူဇော်မည် ဖြစ်ပြီး၊ လာရောက်ဖူးမြော်ကြသူ ကုသိုလ်ရှင်များအတွက်လည်း အန္တရာယ်မရှိစေရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထား၏။ ရွှေတိဂုံစေတီတော် ဂေါပကအထိန်းအဖွဲ့အနေဖြင့် စေတီတော်ကြီး၏ အထက်ဆုံးအရစ်ကို ဦးစွာစမ်းသပ်ထွန်းညှိပူဇော်မည်ဖြစ်ပြီး၊ အဆင်ပြေပါက မီးအရစ်ငါးရစ်စလုံးကို ဆက်လက်ထွန်းညှိ ပူဇော်သွားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြပါရှိပါသည်။

## ထိုင်းလေယာဉ်တစ်စင်း ဆီကုန်သွားသဖြင့် မြန်မာနိုင်ငံတွင် ထိုးဆင်း (၂-၁၁-၁၉၆၇)

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ထိုင်းလေယာဉ်တစ်စင်း ပျံသန်းနေရာမှ ဆီကုန်သွားသဖြင့် မန္တလေးခရိုင်၊ အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာအနီးသို့ ဆင်းသက် ခဲ့ရကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ နိုဝင်ဘာ ၂ ရက်နေ့ နံနက်က ထိုင်းဘုရင့်လေတပ်မတော် စစ်ဘက်အရာရှိနှစ်ဦးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ပေါ်နှင့် ဗိုလ်မှူးနစ်ဆင်တို့သည် ဘန်ကောက်မြို့ လေယာဉ်ကွင်းမှ ပျံသန်းမောင်းနှင်ခဲ့ကြရာ ချင်းမိုင်သို့အရောက်တွင် တောင်ကုန်းတောင် တန်းများ မြင့်မားလှသည့်အလျောက် လေယာဉ်ကို ပေ ၉၀၀၀ အမြင့်မှ မောင်းနှင်ခဲ့ရသည် ဆို၏။ ထိုသို့ လေယာဉ်မှာ တိမ်ထုအတွင်းရောက်ရှိ သွားပြီး တိမ်ထုအတွင်း၌ ပိတ်မိသွားခဲ့သည်။

လေယာဉ်၏ ရေဒီယိုကွန်ပတ်စ်မှာ ချွတ်ယွင်းသွားပြီးနောက် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာကာ ဆီကုန်သွားသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှမ်းကလေးကျွန်းရွာအနီး ဧရာဝတီမြစ်ကမ်းဘေး အာလူးခင်းအတွင်းသို့ ဝမ်း ပိုက်ဖြင့် ရှပ်၍ ဆင်းခဲ့ရ၏။ လေယာဉ်မှာ ပန်ကာနှစ်လုံးတပ် နှစ်ယောက်စီး ဟာဗာအမျိုးအစားဖြစ်ပြီး လေယာဉ်အမှတ် ၆၃၂၁ဟူ၍ ကိုယ်ထည်ထက်၌ ရေးသားထားသည်။ လေယာဉ်ပန်ကာမှာ လုံးဝပျက်စီးသွားခဲ့ပြီး ထိုင်းအရာရှိ နှစ်ဦးမှာမူ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။ ရှမ်းကလေးကျွန်းကျေးရွာမှ တောင်သူ ဦးကံကောင်းက ရွာသို့ ခေါ်ဆောင်လာကာ သက်ဆိုင်ရာသို့ သတင်းပို့ခဲ့သည်။ ထို့နောက်ထိုင်း အရာရှိ နှစ်ဦးအား နံနက်စာဖြင့်ကျွေးမွေးဧည့်ခံကာ အနောက်မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရ၏။

### ပျောက်ဆုံးနေသော အမေရိကန်ရေတပ်သား ပြန်လည်တွေ့ရှိ (၂-၁၁-၁၉၅၉)

၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် လွှန်ခဲ့သောရက်အနည်းငယ်က ပျောက်ဆုံးသွားခဲ့သော ရန်ကုန်မြို့တွင် ဆိုက်ကပ်ထားသည့် အမေရိကန်သင်္ဘောကြီးမှ ရေတပ်သားအား ယမန်နေ့က ပဲခူးမြို့တွင် ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း သတင်းဖော်ပြပါရှိ၏။

ယူအက်စ်အက်စ်မက်ကိန်း အမည်ရှိ အမေရိကန်တိုက် သင်္ဘောကြီးသည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အောက်တိုဘာလ ၂၈ ရက်နေ့ နေ့လယ်၌ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့၏။ ထို့နောက် မူလအစီအစဉ်အရ သုံးရက်ကြာ ရပ်နားပြီးဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရန်ပြင်ဆင်နေစဉ် ရေတပ်သား ဝီလ်ဆင်ဆိုသူ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် မြန်မာ့ရေတပ်မတော်နှင့် ရန်ကုန်ရဲတပ်ဖွဲ့တို့သို့ တိုင်ကြားခဲ့သည်။ သက်ဆိုင်ရာမှ လိုက်လံရှာဖွေသောအခါ ပန်းဆိုးတန်းရှိ အငှားကား မောင်းသူ ဘူဒါးဆိုသူက နိုင်ငံခြားသားတစ်ဦးကို ကန်တော်ကလေး





ချိန်ခါမီ ဟိုတယ်သို့ ပို့ပေးရကြောင်း ပြောပြခဲ့၏။ ထို့နောက်အဆင့်ဆင့်မေးမြန်းရှာဖွေကြရာ နိုဝင်ဘာလ ၂ ရက်နေ့တွင် အမူးလွန် နေသဖြင့် ပဲခူးဆေးရုံ၌ တက်ရောက်ကုသနေရသည့် ရေတပ်သားဝီလ် ဆင်ကို ပြန်လည်တွေ့ရှိရသည်ဟု ဆိုပါသည်။

ဖြစ်ပျက်ပုံမှာ အောက်တိုဘာလ ၃၁ ရက်နေ့ ည ၉ နာရီခန့်တွင် ပန်းဆိုးတန်းဂရင်းဟိုတယ်ကပွဲမှ ဆင်းလာသော ဝီလ်ဆင်သည် မာမက်ဆိုသူ မောင်းနှင်သော အငှားကား ယ-၁၄၀ ကို ငှားရမ်းကာ ရန်ကုန်- မန္တလေး လမ်းသစ်ဖောက်နေသော မရမ်းကုန်းဘက်သို့ လိုက်ပို့ခိုင်းခဲ့သည် ဆို၏။ သို့ဖြင့် မာမက်က ၉၁ လမ်းနေ စကားပြန်ဘူဒါးကိုခေါ်ယူကာ မရမ်းကုန်းဘက်သို့ ညအချိန်မတော် သွား၍ မရကြောင်း ပြောကြားခဲ့သည်။ သို့ဖြင့် ချိန်ခါမီဟိုတယ်သို့ ပို့ပေးခဲ့ရာ၊ ထိုည၌ အခန်းအမှတ် ၁ တွင် ၂၇ ကျပ် ၅၀ ပြားပေး၍ တစ်ညတာ တည်းခိုခဲ့သည်။

ထို့နောက် နိုဝင်ဘာ ၁ ရက်နေ့ နံနက်တွင် ယင်းကားဖြင့် ပဲခူးဘက်သို့ သွားရောက်ခဲ့သည်။ စကားပြန် ဘူဒါးမှာ ပဲခူးသို့ လိုက်ပါမသွားခဲ့ပေ။ လှည်းကူးသို့ရောက်သောအခါ ဝီလ်ဆင်သည် အရက်သေစာသောက်စားပြီး မောင်းချားကိုထုတ်လျက် ခါတ်ဆီဆိုင်အနီးတွင် ဆင်းကျန်ရစ်သည်ဟု ဆို၏။ ထို့နောက် ပဲခူးမြို့သို့ မည်သို့မည်ပုံ ရောက်သွားသည်ကို မသိတော့ဘဲ အရက်မူးလွန်သဖြင့် တာဝန်သိ ခရီးသွားတစ်ဦးက ဆေးရုံသို့ ပို့ပေးခဲ့ဟန် ရှိလေသည်။ နိုဝင်ဘာ ၄ ရက် နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဝီလ်ဆင် အကြောင်း ဆက်လက်ဖော်ပြထားရာ၌ သူသည် ပဲခူးဆေးရုံထက်၌ သတိလစ်ဟင်းနေသဖြင့် ဆရာဝန်ကြီးဘူသီးက မင်္ဂလာဒုံဆေးရုံအမှုထမ်းများ အကူအညီဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ရဲဝါယာလက်ကားများ ခြံရံကာ ပြန်လည်ပို့ပေးခဲ့သည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## လေချွန်ခရာဖြင့် မော်တော်ယာဉ်ထိန်းသိမ်းစနစ် စတင်
## (၅-၁၁-၁၉၅၉)

မော်တော်ယာဉ်ထိန်းဌာနမှ လမ်းပြရဲသားများအား မော်တော်ယာဉ် များသွားလာမှု လွယ်ကူစေရေးအတွက် နိုဝင်ဘာ ၅ ရက်နေ့ည နေပိုင်းမှ စတင်ကာ လေချွန်ခရာဖြင့် ယာဉ်များ ထိန်းသိမ်းသော စနစ်တစ်ရပ်ကို စတင်တီထွင်လိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာလ ၇ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် ဖော်ပြထား၏။ အချက်ပြမီးမရှိသော နေရာများတွင် လက်ပြရဲသားများက လေချွန်ခရာစနစ်ဖြင့် ယာဉ်များကို ထိန်းသိမ်းပေးသွားမည်ဟု ဆိုပါသည်။ လက်တွေ့သရုပ်ပြလုပ်ဆောင်ရာတွင် လေဟာပြင်ဈေး ရှေ့ရှိ လူသွား မျဉ်းကြားရှိနေရာ၌ လေချွန်ခရာဖြင့် အသံရှည်ရှည်မှုတ်သည့် အခါ လမ်းသွားခရီးသည်များအား လမ်းဖြတ်ကူးစေပြီး၊ နောက်ထပ်တစ် ဖန်လေချွန်ခရာသံရှည်မှုတ်သည့်အခါ ယာဉ်များယာဉ်ကြောအတိုင်း မောင်းနှင်ကြရ၏။ ဤနည်းဖြင့် အလှည့်ကျ တစ်ကြိမ်စီ ထိန်းသိမ်းပေးသွားမည် ဖြစ်ကြောင်း သတင်းစာ၌ အကျယ်တဝင့် ရေးသားဖော်ပြထား၏။

## ပထမဆုံး စာဆိုတော်နေ့ အခမ်းအနားစတင်ကျင်းပ
## (၁၅-၁၁-၁၉၄၄)

မြန်မာနိုင်ငံ စာဆိုတော်နေ့ အခမ်းအနားကို ပထမဆုံးအကြိမ် အဖြစ် ဂျပန်ခေတ်ကာလ ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် (၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) နေ့ ညနေပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ စတင်ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် စာပေပညာရှင်များ၊ ဝါသနာရှင်များနှင့် ပရိသတ်များ အစုံအညီ တက်ရောက်ခဲ့ကြပြီး၊ ရှေးစာဆိုတော်တို့၏ စာများထဲမှ ကောက်နုတ်ချက်များ





ကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ဆရာဦးသုခက ဦးပုည၏ ဝိဇယပြဇာတ်မှ စာသားအချို့ကို ထုတ်နုတ်ရွတ်ဆိုခဲ့၏။

စာဆိုတော်နေ့အဖြစ် ပေါ်ပေါက်လာခဲ့ခြင်းမှာ (၄-၅-၁၉၄၄) တွင် ကွမ်းခြံကုန်းမြို့ အာရှလူငယ်အစည်းအရုံးဌာန၌ ဦးပုညနေ့ ကျင်းပရာမှ စတင်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် ရှိတ်စပီးယားပွဲတော် ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း စလေဦးပုညကို ဂုဏ်ပြုသည့်အနေဖြင့် ဦးပုညနေ့ ကျင်းပခဲ့ကြသည်။ ဦးပုညနေ့ကျင်းပပြီး လေးရက် အကြာ ၈-၅-၁၉၄၄ တွင် ဦးဝိစာရလမ်း၊ နဝရတ်ရိပ်သာ ဝင်းအတွင်းရှိ ပညာ၊ ကျန်းမာနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမင်း ရုံးခန်းတွင် စာဆိုတော်နေ့ဟူ၍ ကျင်းပရန် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြ၏။ ယင်းအစည်းအဝေးတွင် ဆရာကြီး ဦးဖေမောင်တင် အပါအဝင် ၁၁ ဦးတက်ရောက်ခဲ့ကြ၏။

အစည်းအဝေးမှ စာဆိုတော်နေ့အဖြစ် ရက်တစ်ရက်ကို သတ်မှတ်ကြရန် ဆုံးဖြတ်ကြရာ၌ ဂျာနယ်ကျော်ဦးချစ်မောင်က ရှေးမြန်မာမင်းများလက်ထက်က နတ်တော်လတွင် မြန်မာဘုရင်များ ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ကြမြဲဖြစ်ရာ နတ်တော်လအတွင်း နေ့တစ်နေ့ကို သတ်မှတ်ရန်တင်ပြ ဆွေးနွေးခဲ့သည်။ ဤသို့ဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပကြရန် သဘောတူညီခဲ့ကြ၏။

## အလောင်းမင်းတရားကြီး၏ သန်လျက်
## မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီ
## (၁၆-၁၁-၁၉၆၄)

အင်္ဂလန်နိုင်ငံ အယ်လ်ဘာတ်နှင့် ဝိတို ရိယပြတိုက်တွင် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း ကာလကတည်းက ထိန်းသိမ်းပြသထား




www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် အလောင်းမင်းတရားကြီး၏လက်သုံးတော်သန်လျက်ကို နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ပြန်လည်ပေးအပ်ခဲ့ရာ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့၏။

အလောင်းမင်းတရားကြီး၏ သန်လျက်မှာ မင်းမြောက်တန်ဆာ (၅) ပါးအနက် တစ်ပါးအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်မည့် ရှေးဟောင်းနန်းသုံးပစ္စည်း ၁၆၄ မျိုးအနက် ပထမဆုံးလွှဲပြောင်း ပေးအပ်ခဲ့သော ပစ္စည်းဖြစ်သည်။ သန်လျက်သည် အရှည်လက်မ ၃၀၊ အသွား ၉ လက်မ ၃ မတ်၊ အရိုး ၉ လက်မရှိပြီး ပတ္တမြားစီ ရွှေကွင်း ၁၁ ကွင်းကွပ်ထား၏။ သန်လျက်ကို ဓားအိမ်၊ ဓားသား၊ ဓားရိုး အပြည့်အစုံဖြင့် မွမ်းမံထားသည်ဆို၏။ အနီးကပ် သေချာလေ့ လာကြည့်သော အခါ ဓားအိမ်နှင့် ဓားရိုးများတွင် ပိုးကတ္တီပါ အဖြူနုနု ကွပ်၍ ချုပ်လုပ်ထားပြီး၊ ဓားအိမ်နှင့် ဓားရိုးတို့ကိုလည်း ရွှေဖြင့်မွမ်းမံ ခြယ်သထားလေသည်။



၁၉၆၄ ခုနှစ်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော
အလောင်မင်းတရားကြီး၏ သန်လျက်





## အာရပ်ပဒေသာကပွဲ မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေ (၂၈-၁၁-၁၉၆၄)

ပြည်ပနိုင်ငံများသို့ သွားရောက်ဖျော်ဖြေလေ့မရှိသော အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံမှ အကအဖွဲ့တစ်ဖွဲ့ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ ဂေါ်ဒွင်လမ်း (မြို့မကျောင်းလမ်း) ရှိ လဟာပြင် ဇာတ်ရုံ၌ ဖျော်ဖြေကပြခဲ့၏။

အာရပ်ပဒေသာကပွဲတွင် ကပြသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး၊ အဆိုတော်တစ်ဦး၊ တူရိယာသံစုံတီးဝိုင်းမှ ၂၁ ဦးနှင့် ဇာတ်ခုံဘက်ဆိုင်ရာ ငါးဦး စုစုပေါင်း ၅၅ ဦးလိုက်ပါလာခဲ့ကြ၏။ အာရပ်အကအဖွဲ့ကို မာမွတ်ရေဒါဆိုသူက အုပ်ချုပ်ပါသည်။ မာမွတ်ရေဒါသည် ကိုင်ရိုတက္ကသိုလ် ဘွဲ့ရတစ်ဦးဖြစ်ပြီး၊ ၁၉၅၆ ခုနှစ်က သူ၏ အကအဖွဲ့ကို ထူထောင်ခဲ့ခြင်း ဖြစ်၏။ ယင်းအဖွဲ့နှင့် လိုက်ပါလာခဲ့သူ တေးဂီတပညာရှင်မှာ အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံတွင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်နယ်ပယ်၌ ထင်ရှားကျော်ကြားသူ မစ္စတာအစ္စမေးလ်ဆိုသူဖြစ်သည်။

အာရပ်ပဒေသာကပွဲ၌ ကပြဖျော်ဖြေကြရာတွင် နိုင်းမြစ်ကြီးကို အခြေခံသော ကပြသူ ၁၇ ဦးပါ ကကွက်၊ လူပျိုလူရွယ် ၃ ဦးနှင့် မိန်းမပျိုလေးတစ်ဦးပါ ကျေးရွာဓလေ့လူပျိုလှည့်ပုံ ကကွက်၊ ခေါင်းမြီးခြုံ မျက်နှာဖုံးအုပ်ထားသော မိန်းမပျိုကလေးများ၏ ခြုံအက စသဖြင့် ကကွက် စုံလင်လှ၏။ မြန်မာပွဲကြည့်ပရိသတ်တို့က ဇာတ်ရုံပြည့်လျှံသည့် အထိ တစ်ခဲနက်အားပေး ကြည့်ရှုခဲ့ကြသဖြင့် ဒီဇင်ဘာလ ၄ ရက်နေ့အထိ ရက်ဆက်ကပြဖျော်ဖြေခဲ့ကြကြောင်းသိရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com





ပြည်ပနိုင်ငံများ သွားရောက်ဖျော်ဖြေလေ့မရှိသော အာရပ် ပြည်ထောင်စုသမ္မတ နိုင်ငံမှ အကအဖွဲ့တစ်ဖွဲ့ ၁၉၆၄ ခုနှစ်၊ နိဝင်ဘာလ (၂၈)ရက်နေ့တွင် ရန်ကုန်မြို့ဂေါ်ဒွင်လမ်း (မြို့မကျောင်းလမ်း)ရှိ လဟာပြင်ဇာတ်ရုံ၌ ဖျော်ဖြေကပြခဲ့စဉ်

## ဂျပန်ပြည်၌ပထမဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသ (၃၀-၁၁-၁၉၃၅)

ဂျပန်ပြည်၌ ပထမဆုံးရိုက်ကူးခဲ့သည့် ဂျပန့်ရင်သွေးရုပ်ရှင်ဇာတ်ကားကို ၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့လယ်ရှိ အိုလံပီယာနှင့် ဘုရင့်ရုပ်ရှင်ရုံတို့၌ တစ်ပြိုင်နက် ပြသခဲ့၏။ ဂျပန့်ရင်သွေး ဇာတ်ကားတွင် မင်းသားအဖြစ် မောင်ညီပု၊ မောင်မောင်စိုးတို့ကလည်းကောင်း၊ မင်းသမီးအဖြစ် ဂျပန်ရုပ်ရှင်မင်းသမီး တာကိုအိုမိစ်ကိုး (အေးမိစံ) ကလည်းကောင်း၊ စကားပြန်အဖြစ် တြိရတနာ ဦးသိန်းမောင်၏သား မောင်စံညွန့်က လည်းကောင်း ပါဝင်သရုပ် ဆောင်ထားသည်။

ဂျပန့်ရင်သွေးဇာတ်ကားကို ဒါရိုက်တာအဖြစ် မင်းသား ကိုညီပု





နှင့် မောင်မောင်စိုးတို့ ညီအစ်ကိုက ဂျပန်နိုင်ငံသို့ ရုပ်ရှင်ပညာရပ်များ လေ့လာဆည်းပူးရန် သွားရောက်ခဲ့ကြစဉ်အတွင်း ရိုက်ကူးခဲ့ကြခြင်း ဖြစ်ပြီး၊ လေးလရာသီ ဂျပန်ပြည် ရုပ်ရှင်ဇာတ်ကားနှင့် ပူးတွဲပြသခဲ့ခြင်း ဖြစ်ပါသည်။

ရုပ်ရှင်မပြသမီ တစ်ရက်အလို၌ သတင်းစာဆရာများအား ပင့်ဖိတ်ကာ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပရာတွင် ဂျပန့်ရင်သွေးဇာတ်ကားကို ၁၉၃၄ ခုနှစ် မေလအတွင်း၌ ဂျပန်ပြည်တွင် ရိုက်ကူးခဲ့ကြောင်းနှင့် မည်သည့်နိုင်ငံကမျှ ယင်းသို့လာရောက် ရုပ်ရှင်ရိုက်ကူးခဲ့ဖူးခြင်းမရှိသဖြင့် ဂျပန်အစိုးရအနေဖြင့် မည်သည့်အကူအညီမဆိုပေးရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည် ဆိုပါသည်။

ဂျပန့်ရင်သွေးဇာတ်ကားသည် ဂျပန်ပြည်၌ ပထမဆုံး ရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်သကဲ့သို့ ပထမဆုံးနိုင်ငံရပ်ခြားတွင် ရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြသချိန်နှင့် တစ်ပြိုင်တည်းတွင် ဂျပန်နှင့်ထိုင်းနိုင်ငံတို့၌ ပြသခဲ့သည်။ ဂျပန့်ရင်သွေးဇာတ်ကားကို ဂျပန်ပရိသတ်များက စိတ်ဝင်တစား အားပေးကြည့်ရှုခဲ့ကြရုံမက ဂျပန်သတင်းစာများမှလည်း ချီးကျူးဂုဏ်ပြုကာ တခမ်းတနား ဖော်ပြကြ၏။ ထူးခြားချက်တစ်ရပ်မှာ မောင်ညီပုသည် ဂျပန်နိုင်ငံ၌ရုပ်ရှင်ပညာရပ်များ ဆည်းပူးနေစဉ်ကာလအတွင်း ၁၂-၈-၁၉၃၅ ရက်နေ့တွင် ဂျပန်မင်းသမီး တာကာကိုဆူဇူကီး(Takako Suzuki)နှင့် တိုကျိုမြို့၌ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ မောင်ညီပု၏ဇနီး ဂျပန်အမျိုးသမီး (မြန်မာအမည် မစန်းရင်) ကို ဂျပန့်ရင်သွေး ဇာတ်ကားမှ မင်းသမီးအေးမိစံဟု ထင်မှတ်ကာ ဇနီးမောင်နှံမြန်မာပြည်ရောက်စက လာရောက်ကြည့်ရှုသူများဖြင့် ပြည့်နှက်နေသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com





ဂျပန်ရှင်သွေးဇာတ်ကားမှ သရုပ်ဆောင် တာကိုအိုမိစ်ကိုး (အေးမိစ်)

သေမင်းတမန်မီးရထားသံလမ်းအချို့ သူခိုးခိုးခံရ
(၁၁-၁၁-၁၉၆၀)

၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် သံဖြူဇရပ်မြို့မှ ယိုးဒယားနိုင်ငံသို့သွားသော သေမင်းတမန်မီးရထားလမ်းမှ လမ်းပိုင်းအချို့ သူခိုးခိုးခံရကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သေမင်းတမန် မီးရထားလမ်းကို ဂျပန်ခေတ်ကာလက လူပေါင်းမြောက်မြားစွာ အသက်စတေးခံကာ တည်ဆောက်ခဲ့ကြ ခြင်းဖြစ်ပြီး၊ မသမာသူများက မကြာခဏ ခိုးယူဖျက်ဆီး ရောင်းစားခဲ့ကြသည်ဆို၏။

သေမင်းတမန်မီးရထားလမ်းရှိ မီးရထားသံလမ်းများကို နိုင်ငံတော်အစိုးရက ကန်ထရိုက်စနစ်ဖြင့် သိမ်းဆည်းတင်သွင်းရန် အမိန့်တစ်ရပ်ထုတ် ပြန်ထားသော်လည်း မသမာသူများ ယင်းကဲ့သို့ ဖြုတ်ယူ





ရောင်းစားလျက်ရှိသောကြောင့် ကန်ထရိုက်တာတို့အနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဆိုပါသည်။ နိုဝင်ဘာလ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့သော ရထားသံလမ်းများ ဖြုတ်ခိုးခံရမှုကို မီးရထားသံလမ်းများဖြုတ်သိမ်းတင်သွင်းခွင့် ရရှိထားသူ မုဒုံ ပ-ထ-စ အမတ် ဦးအောင်မြင့်နှင့် ဦးသောင်းဇံတို့ လိုက်လံစစ်ဆေးကြည့်ရာ သံဖြူဇရပ်နှင့်အနမ်းရွာအကြား လမ်းပိုင်း၌ တော်တော်များများ ပျောက်ဆုံးနေသည်ကို တွေ့ရှိရ၏။ လိုက်လံစုံစမ်းရှာဖွေရာ မီးရထားသံလမ်းများကို ကျိုက္ခမီမြို့နယ် ကရုပ္ပိ၊ ပင၊ ချောင်းကမ်းအနီး၌ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြ၏။ ရထားသံလမ်းများမှာ တစ်ချောင်းလျှင် ပေါက်ဈေး ကျပ်သုံးရာမှ လေးရာအထိရှိကြောင်း ဆိုပါသည်။

ရန်ကုန်မြို့လယ်၌ ကျပ် ၁၅ သိန်းတန် ပြန်ပေးဆွဲမှု ဖြစ်ပွား
(၁၄-၁၁-၁၉၆၀)

ရန်ကုန်မြို့လယ်၊ ၂၆ လမ်း၊ အမှတ် (. . )တွင် နေထိုင်သော ထီး နှင့် ဆပ်ပြာလုပ်ငန်းကုမ္ပဏီသူဌေး အီးစီမဒါး၏သား အသက် ၃၀ အရွယ် ရှိ မူဆာမဒါးဆိုသူအား နိုဝင်ဘာ ၁၄ ရက်နေ့ ညနေပိုင်းက ပြန်ပေးဆွဲခံခဲ့ရကြောင်း နောက်တစ်နေ့ထုတ် ကြေးမုံသတင်းစာ၌ ဖော်ပြပါရှိ၏။

အမှုဖြစ်ပွားပုံမှာ နိုဝင်ဘာလ ၁၄ ရက်နေ့ ည ၉ နာရီပွဲ ရုပ်ရှင်ကြည့်ရန် ဂလုပ်ရုံသို့ တစ်ဦးတည်း မာစီဒီးကား (ယ-၉၁၉၀) ဖြင့် ထွက်ခွာသွားသော မူဆာမဒါး အိမ်ပြန်ရောက်မလာသဖြင့် လိုက်လံရှာဖွေရာကားကို မင်္ဂလာဒုံလမ်း အင်းလျားဂါးဒင်းအနီးမှ ပြန်လည်တွေ့ရှိခဲ့ရသည်ဆို၏။ ကားအတွင်း၌ စာတစ်စောင်ထားရှိရာ စာတွင် ငွေ ၁၅ သိန်း ပေးအပ်ရန် နှင့် မပေးပါက အသက်အန္တရာယ် ရှိကြောင်း ရေးသားဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုကို ရန်ကုန်ရဲမင်းကြီးထံ တိုင်ကြားထားသဖြင့် စုံထောက်အဖွဲ့ မှ မူဆာမဒါးကို အပူတပြင်းလိုက်လံရှာဖွေနေကြောင်း ဆိုပါသည်။ မူဆာမဒါးသည် ၁၉-၂-၁၉၅၇ ရက်နေ့ကလည်း ပြန်ပေးဆွဲခံခဲ့ရဖူးပြီး ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ်ဖြစ်သည် ဆို၏။ အမှုကို စစ်ဆေးစုံစမ်းစဉ်အတွင်း နိုဝင်ဘာ ၁၅ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် မူဆာမဒါးနေထိုင်ရာ နေအိမ်အတွင်းသို့ ကိုယ်ပိုင်ကားတစ်စင်းဖြင့် လူနှစ်ယောက်လာရောက်ကာ အစောင့်အား စာတစ်စောင်ပေးအပ် ခဲ့သည်။ စာအရ နိုဝင်ဘာလ ၁၅ ရက် နေ့ ညနေ ၆ နာရီနှင့် ၈ နာရီ အကြားတွင် အိန္ဒိယတိုင်းသူ ဆာရီဝတ်အမျိုး သမီးတစ်ဦးက ငွေ ၁၅ သိန်း ယူလာရမည်ဖြစ်ပြီး သမိုင်းချည်စက်ဘေး လမ်းအတွင်းသို့ တစ်ဦးတည်းလာရောက်ရမည်ဖြစ်၏။ ငွေယူမည့်သူအနီး သို့ ကပ်လာလျှင် ငွေထုပ်ကို ပေးလိုက်ရန် ညွှန်ကြားထားသည်။

ပြန်ပေးလူဆိုးများ၏ ချိန်းဆိုထားချက်အရ ရန်ကုန်ရဲအဖွဲ့နှင့် မြို့မ စုံထောက်အဖွဲ့တို့ သမိုင်းချည်စက်အနီး မြေနီလမ်းဘေးချုံတွင်း၌ ကြိုတင်ရောက်ရှိခဲ့ကြသော်လည်း မဒါးအိမ်မှ ငွေလာပို့သည်လူကို မတွေ့ရပါဟု ဆိုပါသည်။ ဆက်လက် စုံစမ်းစစ်ဆေးကြရာ ဒီဇင်ဘာလ ၂၇ ရက်နေ့ ပြန်ပေးတရားခံတစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရ၏။ အောင်ကြိုင်ဆိုသူ တရားခံတစ်ဦး၏ ပြောကြားချက်အရ ပြန်ပေးအမှုတွင် လူ ၅ ဦးပါဝင်ပြီး သူ့အနေဖြင့် ငွေငါးထောင်သာ ရရှိခဲ့ကြောင်း ဆိုပါသည်။ သူ၏အဆိုအရ နိုဝင်ဘာ ၁၇ ရက်နေ့ ညနေ ၆ နာရီခွဲတွင် မြို့မရုပ်ရှင်ရုံအနီးသို့ ငွေလာပို့ရန်ထပ်မံချိန်းဆိုခဲ့ရပြီး လာပို့သူမှာ ငွေငါးထောင်သာပေးကြောင်း၊ သို့ဖြစ်၍ ကျေးမွေးစရိတ်မတတ်နိုင်သဖြင့် မူဆာမဒါးကို ဒညင်းကုန်းဂေါက်ကလပ်ထိ လိုက်ပို့ကာ ပြန်လွှတ်ပေးခဲ့ရကြောင်း ဆို၏။





## ပုသိမ်မြို့၌ ဘိုးဘိုးအောင်နှစ်ဦး ပေါ်ပေါက်
## (၂၅-၁၁-၁၉၆၁)

၁၉၆၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ် ပြည်ထောင်စုသတင်းစာ၌ ပုသိမ်မြို့တွင် ဘိုးဘိုးအောင်နှစ်ဦး တစ်ပြိုင်နက်ပေါ်ပေါက်လျက်ရှိကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။ ပုသိမ်မြို့ရွှေမုဋ္ဌောဘုရား ရင်ပြင်တော်ရှိ တန်ဆောင်းနှစ်ခုအတွင်း၌ ထွက်ရပ်ပေါက် ဘိုးဘိုးအောင်နှစ်ဦး စင်ပြိုင်ပေါ်ပေါက်လျက်ရှိရာ ယုံကြည်သူများက သူထက်ငါတိုးဝှေ့လျက် ဖူးမြော်နေကြကြောင်း သိရှိရသည်။

ဘိုးဘိုးအောင်နှစ်ဦးအနက် ပထမတစ်ဦးမှာ အသက် ၂၅ နှစ်အရွယ် ငါးသိုင်းချောင်းသား မောင်ကျော်ရှိန်ဆိုသူဖြစ်၏။ သူသည် ကလေးနှစ်ယောက်နှင့် အိမ်ထောင်သည်တစ်ဦးဖြစ်သော်လည်း တပည့်ဖြစ်သူ အဘိုးအိုများကိုပင် သူ့ကို ‘အဘ’ ဟူ၍ခေါ်စေပြီး၊ မင်းနှင့် ငါနှင့် သုံးစွဲပြောဆိုခဲ့သည် ဆို၏။ နောက်လိုက်တပည့်များက သူ့အား ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်သည်ဟု ယုံကြည်ကာ ၄က်ပျောပွဲ၊ အုန်းပွဲများ ပြင်ဆင်ကိုးကွယ်ကြသည် ဆိုပါသည်။

အခြား ဘိုးဘိုးအောင်တစ်ဦးမှာ အသက် ၄၅ နှစ်အရွယ်ရှိ ဦးမောင်ခန့် ဆိုသူဖြစ်၏။ သူသည် ပုပ္ပားမှပြန်လာပြီးနောက် ထွက်ရပ်ပေါက်သွားသည်ဆိုကာ တပည့်များအား ၄က်ပျောပွဲ၊ အုန်းပွဲများနှင့် ဂိုဏ်းဝင်စေသည်ဆို၏။ ယုံကြည်ကြသူ ပရိသတ်အများစုမှာ အမျိုးသမီးပျိုများဖြစ်ကြသည်ဆိုပါသည်။ ထို့ပြင် ဘိုးဘိုးအောင် နှစ်ဦးမှာလည်း တစ်ဦးနှင့်တစ်ဦး ပညာပြိုင်လျက် ရှိကြသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံသမ္မတဟောင်း ဒေါက်တာဘဦး ကွယ်လွန်
(၉-၁၁-၁၉၆၃)



မြန်မာနိုင်ငံသမ္မတဟောင်း ဒေါက်တာဘဦး (၁၈၈၇-၁၉၆၃)

ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမ္မတဟောင်း ဒေါက်တာဘဦး သည် ကျန်းမာရေးအခြေအနေအရ ဆေးဝါးကုသ မှုခံယူနေရာမှ ရန်ကုန်မြို့ရွှေတောင်ကြားလမ်း အမှတ် ၅၄ နေအိမ်၌ နိုဝင်ဘာလ ၉ ရက်နေ့ နံနက် ၃ နာရီအချိန်က ကွယ်လွန်သွားကြောင်း နောက် တစ်နေ့တွင် ရန်ကုန်သတင်း စာ၌ ဖော်ပြပါရှိ၏။

ဒေါက်တာဘဦးကို ၁၈၈၇ ခုနှစ်တွင် အရေးပိုင်ဦးဘိုးသာ နှင့်ဒေါ်ညွန့်တို့မှ ပုသိမ်မြို့တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က အမေရိကန် ဘက်ပတစ်မစ်ရှင် ဟိုက်စကူးကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး၊ ရန်ကုန် ကောလိပ်၊ ကင်းဗရစ်ယူနီဗာစတီတို့၌ ဆက်လက်ပညာ ဆည်းပူးခဲ့၏။ ၁၉၁၂ ခုနှစ်တွင် ဘီအေအောင်မြင်ကာ ၁၉၁၃ ခုနှစ်တွင် ဝတ်လုံတွဲ့ရရှိ သည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာခဲ့ပြီး စက်ရှင်မင်းကြီး၊ ဟိုက်ကုတ်တရား ဝန်ကြီးရာထူး





များဖြင့် အမှုထမ်းခဲ့သည်။ ၁၉၅၂တွင် နိုင်ငံတော်သမ္မတရာထူး ရရှိခဲ့ သည်။

ဒေါက်တာဘဦးသည် အသက် ၇၆ နှစ်အရွယ်တွင် ကွယ်လွန် ခဲ့ရာ သား ဦးကျော်ဦး (ဝတ်လုံတော်ရ)၊ ဦးမြဦး (ဘီအိုစီ ကုမ္ပဏီ)၊ ဦးမြင့်ဦး (မက္ကနွမ်မက္ကင်ဇီ) နှင့် သမီး ဒေါ်ခင်စောဦးတို့ ကျန်ရစ်ခဲ့၏။

## ရှေးဟောင်းဒင်္ဂါးများကို အမျိုးသားပြတိုက်သို့ လှူဒါန်း
(၁၂-၁၁-၁၉၆၄)

၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က ရှေးဟောင်းငွေဒင်္ဂါး ပြား ၁၁ ပြားအား သန်လျင်မြို့ ကျိုက်ခေါက်ဆံတော်ရှင်ဘုရား ဂေါပက အဖွဲ့ကိုယ်စားဥက္ကဋ္ဌ နယ်ပိုင် ဦးကြည်ထူးက မြန်မာနိုင်ငံယဉ်ကျေး မှုဌာန၊ အမျိုးသားပြတိုက်သို့ လှူဒါန်းခဲ့၏။ ယင်းငွေဒင်္ဂါး ၁၁ ပြား အနက်၊ ၆ ပြား မှာ အာရေးဗီးယားဘာသာဖြင့် ခတ်နှိပ်ရေးထိုးထားသည်ဟု ဆိုပါ သည်။

နိုင်ငံသမိုင်းကော်မရှင်မှ ဗိုလ်မှူးဘရှင်၏ စစ်ဆေးလေ့လာချက် များအရ အာရေးဗီးယားဘာသာ ငွေဒင်္ဂါးတွင် အစ္စလာမ်သာသနာ ၁၁၇၂ ခုနှစ်၊ (ခရစ်နှစ် ၁၇၅၈) ၌ သွန်းလုပ်ကြောင်း ရေးထိုးထားသည် ဆို၏။ ထိုနှစ်တွင် အစ္စလာမ်သာသနာရေးစစ်၌ ပါဝင်ဆင်နွှဲခဲ့သည့် သာသနာ့အာဇာနည် အာလမ်ဂီရ်ဘွဲ့ရဘုရင် အဇီဇုဒ်ဒိန်မှုအဇ္ဇဒ် ကိုယ် တိုင်မင်္ဂလာရှိသော နန်းတက်နှစ်ခြောက်နှစ်ပြည့်သောနေ့တွင် အိန္ဒိယ ပြည် အာရ်ကာတ်မြို့တွင် သွန်းလုပ်သော ငွေဒင်္ဂါးများဖြစ်သည်ဟု အဓိပ္ပာယ်ရှိကြောင်း ဗိုလ်မှူးဘရှင်က ဆို၏။ ငွေဒင်္ဂါး ၁၁ ပြားအနက် အခြား ဒင်္ဂါး ၅ ပြားမှာမူ စတုတ္ထဝီလျံ ဘုရင် ၁၈၃၅ ခုနှစ်က ရိုက်နှိပ်ခဲ့ သည့် ဒင်္ဂါးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ခေတ်ဟောင်းသတင်းစာများကပြောသော ဒီဇင်ဘာလ

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံး လက်ျာကပ်မောင်းစနစ်စတင် (၆-၁၂-၁၉၇၀)

၂။ ဆပ်ကပ်ပညာတော်သင်များ ရုရှားနိုင်ငံသို့ထွက်ခွာ (၆-၁၂-၁၉၆၁)

၃။ ဆိုဗီယက်အာကာသယာဉ်မှူးများ မြန်မာနိုင်ငံသို့ ရောက်ရှိ (၈-၁၂-၁၉၆၃)

၄။ ကရင်ပြည်နယ် တောအတွင်း၌ လူပုကလေးများတွေ့ရှိ (၁၁-၁၂-၁၉၆၂)

၅။ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ နောက်ဆုံးသားတော် ကွယ်လွန် (၁၆-၁၂-၁၉၃၃)

၆။ မြန်မာရုပ်ရှင်ကားမပြသည့် ရုပ်ရှင်ရုံသုံးရုံ တရားစွဲဆိုခံရ (၁၀-၁၂-၁၉၅၇)

၇။ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပ (၁၁-၁၂-၁၉၆၁)

၈။ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲ အထိမ်းအမှတ် တံဆိပ်ခေါင်းသစ်ထုတ်ဝေ (၁၁-၁၂-၁၉၆၁)

၉။ ရန်ကုန်မြို့တော်အတွင်းသို့ ဝင်ရောက်မည့် ယာဉ်များ ဝင်ကြေးကောက်ခံမည် (၁၄-၁၂-၁၉၅၆)





၁၀။ ဆရာဦးသုခ၏ ဘဝသံသရာဇာတ်ကား ဝင်ငွေအများဆုံးရရှိ (၁၄-၁၂-၁၉၅၆)

၁၁။ ကလေးတစ်ယောက်နှင့်တစ်ပိုင်းမွေးဖွားခြင်း (၁၆-၁၂-၁၉၆၃)

၁၂။ ဇေယျဝတီသကြားစက်ကြီး စတင်ဖွင့်လှစ် (၉-၁၂-၁၉၅၆)

၁၃။ ရထားစီးလက်မှတ်မဲ့ ဥပုသ်သည်အချို့ဒဏ်ရိုက်ခံရ (၁၀-၁၂- ၁၉၅၆)

၂၃။ အလွန်ရှားပါးလှသည့် ဘောက်ဆိုဒ်ခေါ် သတ္တုတစ်မျိုး မြန်မာနိုင်ငံ၌ တွေ့ရှိပြီ (၁၄-၁၂-၁၉၅၆)

၂၄။ ၁၉၅၇ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ မီး ၆၀၁ ကြိမ်လောင်ကျွမ်း (၁၅-၁၂-၁၉၅၇)

၂၅။ မိဖုရားခေါင်ကြီး ဈာပနအခမ်းအနား (၁၇-၁၂-၁၉၂၅)



www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံတစ်ဝန်းလုံး လက်ျာကပ်မောင်းစနစ်စတင်
## (၆-၁၂-၁၉၇၀)


ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ယာဉ်များအား လက်ဝဲကပ်မောင်းသည့် စနစ်ဟောင်းမှ လက်ျာကပ်မောင်းသည့်စနစ်သို့ (၆-၁၂-၁၉၇၀) ပြည့်နှစ်၊ နံနက် ၆ နာရီတိတိတွင် စတင်လိုက်ပြီဖြစ်ကြောင်း နောက်တစ်နေ့ထုတ်သတင်းစာများ၌ ဖော်ပြပါရှိပါသည်။ မြန်မာ့အလင်း သတင်းစာ၌ သတင်းဖော်ပြရာတွင် ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှု၊ လမ်းသွားလမ်းလာတို့နှင့်တကွ လုပ်သားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းကူညီဆောင်ရွက်မှုတို့ကြောင့် အခက်အခဲ တစ်စုံတစ်ရာ မရှိအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ကြောင်း ဆိုပါသည်။

နိုဝင်ဘာလ ၆ ရက်နေ့၊ နံနက် ၆ နာရီအချိန်တွင် လက်ျာကပ်မောင်း ညှိနှိုင်းစီစဉ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးကြီးမောင်ကျော်က ရန်ကုန်မြူနီစပါယ်အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ မြို့တော်ခြည့်ခန်းမမှ လက်ျာကပ်မောင်းစနစ်တင်ရန် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရေဒီယိုမှတစ်ဆင့် အသံလွှင့်ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့အသီးသီးမှ ယာဉ်များအား လက်ျာကပ်မောင်းစနစ်သို့ ပြောင်းလဲကျင့်သုံးရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကသတင်းထုတ်ပြန်ရာတွင် ကမ္ဘာ့နိုင်ငံအများစု၌ မော်တော်ယာဉ်များ လက်ျာကပ်မောင်းစနစ်ကိုသာ အသုံးပြုကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း





နောင်တစ်ချိန်တွင် အခြားနိုင်ငံများနှင့် ကုန်းလမ်းအဆက်အသွယ်ရှိလာမည် ဖြစ်သဖြင့် ယခုကပင် လက်ျာကပ်မောင်းစနစ်ကို ကျင့်သုံးရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့၏။



၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့ နံနက် ၆ နာရီမှစ၍
လက်ျာကပ်မောင်းစနစ်စတင်စဉ်

## ဆပ်ကပ်ပညာတော်သင်များ ရုရှားနိုင်ငံသို့ထွက်ခွာ
## (၆-၁၂-၁၉၆၁)

နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ဆပ်ကပ်ပညာရပ်များ သင်ယူလေ့လာရန် ဆပ်ကပ်ပညာတော်သင်လေးဦး ရုရှားနိုင်ငံသို့ ဒီဇင်ဘာလ ၆ ရက်နေ့၊ ညနေ ၅ နာရီအချိန်တွင် ဘီအိုအေစီ လေယာဉ်ဖြင့် ထွက်ခွာသွားကြကြောင်း မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ကပ်ပညာတော်သင် လေးဦးမှာ ဗမာ့မောင်မယ်ဆပ်ကပ် အဖွဲ့ဝင် ဦးမောင်မောင်(အသက် ၃၀နှစ်)၊ အာဇာနည် မခင်စောမြင့် (၁၂နှစ်)နှင့် မခင်စန်းဝင်း(၉နှစ်) တို့ဖြစ်ကြပြီး ရုရှားနိုင်ငံ၌ နှစ်နှစ်ကြာ ဆပ်ကပ်ပညာရပ်များကို သင်ယူလေ့လာကြမည်ဖြစ်သည်။

ဆပ်ကပ်ပညာတော်သင် လေးဦးသည် ရန်ကုန်မှ တစ်ဆင့် အိန္ဒိယနိုင်ငံ နယူးဒေလီ၊ ထိုမှတစ်ဆင့် ဆိုဗီယက်ရုရှား အယ်ရိုဖလုတ် လေယာဉ်ပျံဖြင့် ရုရှားနိုင်ငံမော်စကိုမြို့သို့ ဆက်လက်ထွက်ခွာသွားကြမည် ဖြစ်ပြီး ရုရှားနိုင်ငံ၌နေထိုင်စဉ်အတွင်း စရိတ်စကဟူသမျှကို ရုရှားနိုင်ငံမှ ကုန်ကျခံမည်ဖြစ်ကြောင်း သိရှိရ၏။

## ရဟန္တာဟုတ်မဟုတ်စစ်ဆေးနိုင်မည့် ပညာရှင်များဖိတ်ခေါ်
## (၇-၁၂-၁၉၆၂)

၁၉၆၂ ခု၊ ဒီဇင်ဘာ ၇ ရက်နေ့ရက်စွဲပါ ရန်ကုန်သတင်းစာတွင် ရန်ကုန်မြို့ကျိုက္ကဆံလမ်း၊ အမှတ် ၁၅၂ ရှိ ဗုဒ္ဓ၏တရားစစ်များ ပြန့်ပွားရေးအဖွဲ့မှ ပေးပို့သောသတင်းကို အောက်ပါအတိုင်း တွေ့ရှိရ၏။

"ဗုဒ္ဓ၏သာသနာတော်သုံးရပ်လုံးသည် မှန်ကန်စင်ကြယ်စွာဖြင့် သာတာရှည်တည်တံ့သွားနိုင်ရန် အထူးလိုလားကြပါ၍ သာသနာတော် အရေး၌ စီးပွားရေး၊ နိုင်ငံရေး၊ ကျော်ကြားရေး၊ အသားယူလိုရေးများ မဖက် သဒ္ဓါသက်သက်ဖြင့် ထက်သန်စွာ လိုလားလျက်ရှိနေကြပါသော ဗုဒ္ဓဘာသာဝင်များထဲမှ (ရဟန္တာဟုတ်-မဟုတ်) လက်တွေ့စစ်ဆေးနိုင်သော ပညာခံရှိသူ စွယ်စုံပညာရှင်များသည် မဆိုင်းမတွ ကြွရောက်၍ စစ်ဆေးတော်မူကြပါရန် လေးစားစွာဖိတ်ကြား ကြိုဆိုလျက်ရှိပါသည်" ဟူ၍ဖြစ်၏။

အလားတူ သန်လျင်တွင် ရဟန္တာပေါ်ပေါက်နေ၍ ဂုဏ်ပြု ပူဇော်ပွဲကျင်းပနေခြင်းနှင့် ပတ်သက်၍ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်





ကျင်းပပြုလုပ်သည့် ရန်ကုန်မြို့လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ်အစည်းအဝေးက ဆရာတော်တို့အနေဖြင့် အတုတစ်ထောင်၊ အယောင်တစ်သောင်းဟူ၍ ရှိသည့်အလျောက် အဆုံးအဖြတ်ပေးသွားလိမ့်မည်ဖြစ်ကြောင်းမိန့်ကြားခဲ့သည်။

## ဆိုဗီယက်အာကာသယာဉ်မှူးများ မြန်မာနိုင်ငံသို့ရောက်ရှိ
## (၈-၁၂-၁၉၆၃)

၁၉၆၃ ခုနှစ်၊ဒီဇင်ဘာ ၉ ရက်နေ့ထုတ် ရန်ကုန်သတင်းစာတွင် မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၈ရက်နေ့တွင် ဆိုဗီယက်အာကာသယာဉ်မှူး ဗလင်တီနာထရစ်ရှ်ကိုဗာ ဇနီးမောင်နှံနှင့် ဗာလရီဘိုင်ကော့စကီးတို့ ရန်ကုန်မြို့သို့ ရောက်ရှိလာကြကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ အာကာသယာဉ်မှူးများသည် မွန်းလွဲ ၁၂း၄၅ နာရီတွင် ဆိုဗီယက်အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံမှတစ်ဆင့် ရောက်ရှိလာကြခြင်းဖြစ်၏။

အာကာသယာဉ်မှူးများအား တပ်မတော်အရာရှိကြီးများနှင့် ဆိုဗီယက်သံအမတ်ကြီး မစ္စတာအင်ဒရိုလီဒေါ့(ဗ)စီးတို့က မင်္ဂလာဒုံလေဆိပ်မှ ကြိုဆိုခဲ့ကြ၏။ လေယာဉ်ဆိုက်လာသောအခါ အမျိုးသမီး အာကာသယာဉ်မှူး ဗလင်တီနာထရစ်ရှ်ကိုဗာက ဦးဆောင်၍ ဆင်းသက်လာရာ ပညာရေးနှင့်ကျန်းမာရေးဌာန တာဝန်ခံဗိုလ်မှူးကြီး လှဟန်က ဆီးကြိုနှုတ်ဆက်ခဲ့သည်။ထို့နောက် အာကာသယာဉ်မှူး သုံးဦးတို့သည် လေဆိပ်အကောက်ရုံးပြင်ပ၌ ကြိုဆိုနေကြသော ဆိုဗီယက်-မြန်မာချစ်ကြည်ရေးအသင်းဝင်များနှင့် တွေ့ဆုံနှုတ်ဆက်၏။ဒီဇင်ဘာလ ၉ရက်နေ့ နံနက်တွင် ခေတ္တတည်းခိုရာအစိုးရ ဧည့်ဂေဟာ(၂)မှ ရွှေတိဂုံစေတီသို့ သွားရောက် ဖူးမြော်ခဲ့ကြသည်။

အာကာသယာဉ်မှူးများသည် ဒီဇင်ဘာလ ၁၀ရက်နေ့ နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဌာန အရာရှိများနှင့်တွေ့ဆုံကာ သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပွဲ တစ်ရပ်ကိုကျင်းပခဲ့၏။ထို့နောက် ယင်းနေ့ညပိုင်းတွင် အထူးလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြသည်။ အမျိုးသမီးအာကာသယာဉ်မှူး ဗလင်တီနာထရစ်ရှ်ကိုဗာသည် ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၃ရက်နေ့တွင်မှ အာကာသယာဉ်မှူး နီကိုလာယက် (ဗ်) နှင့်မော်စကိုမြို့၌ လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ယခုမြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြခြင်းမှာ ပျားရည်ဆမ်းခရီး၏ တစ်စိတ်တစ်ဒေသဖြစ်သည် ဆိုပါသည်။

✽

## ကရင်ပြည်နယ်တောအတွင်း၌ လူပုကလေးများတွေ့ရှိ
## (၁၁-၁၂-၁၉၆၂)

၁၉၆၂ ခု၊ ဒီဇင်ဘာလ ၁၁ရက်နေ့ထုတ် ရန်ကုန်သတင်းစာတွင် ကရင်ပြည်နယ်၊ ကြာအင်းမြို့နယ်၊ မဲတလားနှင့်ဘီစခပ်ကျေးရွာအကြား တောအတွင်း၌ အရပ်နှစ်တောင်ခန့် လူပုကလေးများကို တွေ့ရှိရကြောင်း သတင်းတစ်ပုဒ်ဖော်ပြပါရှိ၏။

သတင်းအပြည့်အစုံမှာ လွန်ခဲ့သည့် ငါးရက်ခန့်က ချင်းသေနတ်ကိုင်တပ်မှ အငြိမ်းစားယူပြီး ကြာအင်းမြို့နယ်၊ မဲတလားရွာ၌ လာရောက်နေထိုင်လျက်ရှိသူ 'ဆာဟဲ့' ဆိုသူသည်ရွာနှင့် နှစ်မိုင်ခန့် ကွာဝေးသည့် ဘီစခပ်ရွာသို့ သွားရောက်လည်ပတ်ရာ အပြန်ခရီးတွင် အရပ်နှစ်တောင်ခန့်ရှိသော လူပုကလေးကို တွေ့ရှိခဲ့ရသည်ဆို၏။ဆာဟဲ့သည် ယင်းလူပုကလေးအား လိုက်လံဖမ်းဆီးခဲ့သေးသော်လည်း ဖမ်းဆီး မရရှိခဲ့ပေ။ သို့ဖြင့် နေအိမ်သို့ပြန်လာကာ ရပ်ရွာထဲတွင် မေးမြန်းစုံစမ်းကြည့်ရာ ရပ်သူရွာသားများက လူပုကလေးများအား တောထဲတွင် မကြာခဏ တွေ့ဖူးကြကြောင်းပြောပြသည်ဆိုပါသည်။ ဒေသခံတို့၏ အဆိုအရ ကြာအင်းမြို့နယ်တောတွင်း၌ လူပုကလေး ငါးဦးထက်မနည်း ရှိနေကြောင်း သိရှိရ၏။





## အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ နောက်ဆုံးသားတော်ကွယ်လွန်
## (၁၆-၁၂-၁၉၃၃)

အိမ်ရှေ့စံကနောင်မင်းသားကြီး၏ သားတော်၊ သမီးတော်များ အနက်နောက်ဆုံးကျန်ရစ်သူ လင်းပင်မင်းသားကြီးသည် ၁၉၃၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၂နာရီ အချိန်တွင် ကန်ဘဲ့ပတ်ခ်လိန်းလမ်း နေအိမ်၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒီဇင်ဘာလ ၁၈ ရက်နေ့ထုတ် သူရိယသတင်းစာ၌ သတင်းဖော်ပြပါရှိပါသည်။

လင်းပင်မင်းသားကို ကနောင်မင်းသားကြီးနှင့် ကြင်ရာတော် ခင်ဖော့တို့မှ ၁၈၅၆ ခုနှစ်တွင် ဖွားမြင်ခဲ့ခြင်းဖြစ်၏။ အသက် ၇၇ နှစ် အရွယ်ရှိပြီဖြစ်သော လင်းပင်မင်းသားကြီးသည် ကုက္ကိုင်းရပ်၊ ကန်ဘဲ့ပတ်ခ်လိန်းလမ်း၊နံပါတ် ၁၂၊ ရတနာသိဒ်ဒ် အိမ်တော်၌ ကွယ်လွန်သွားရာ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်ကို ဒီဇင်ဘာ ၁၈ရက်နေ့၊ ညနေ ၃နာရီ အချိန်တွင်ဝက်ပါလမ်း၊ ငါးထပ်ကြီးဘုရားကုန်းတော်ရှိ ဘုရင့်ဆွေတော် မျိုးတော်များ သင်္ချိုင်း၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်းသတင်းစာ၌ ဖော်ပြထား၏။လင်းပင်မင်းသားသည် သီပေါမင်းပါတော်မူပြီးနောက် အိန္ဒိယနိုင်ငံ အလာဟာဘတ်မြို့သို့ ပို့ထားခြင်းခံခဲ့ရသည်။ ၁၉၁၂ ခုနှစ် တွင်မှ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ခွင့်ရရှိကာ ယခု လက်ရှိ စံအိမ်တော်၌ စံနေခဲ့ကြောင်း သိရှိရ၏။

လင်းပင်မင်းသားကြီးကို ဗြိတိသျှအစိုးရက ပင်စင်လစာ ၇၀၀ ကျပ် အိမ်လခ ၃၀၀ ကျပ်၊စုစုပေါင်း ၁၀၀၀ ကျပ် လစဉ်ထောက်ပံ့လျက်ရှိပြီး ကွယ်လွန်စဉ် သားသမီးခုနစ်ဦး ကျန်ရစ်ခဲ့ကြောင်း သူရိယ သတင်းစာ၌ ဖော်ပြပါရှိပါသည်။ လင်းပင်မင်းသားကြီးသည် ရေနံ့သာမင်းသား၏ သမီးတော် ရေနံ့သာခင်ခင်ကြီးနှင့် လက်ဆက်ခဲ့သူ ဖြစ်ပြီး သားသမီးခုနစ်ဦး အနက် (၂၇-၁-၁၉၇၃) ရက်နေ့၌ နောက်ဆုံး ကွယ်လွန်ခဲ့သူသမီး လင်းပင်ထိပ်တင်မကြီးမှာ John Rose ခေါ် ရတနာ



www.burmeseclassic.com

www.burmeseclassic.com



နတ်မယ်၏ မိခင်ဖြစ်ပါသည်။

## မြန်မာရုပ်ရှင်ဇာတ်ကားမပြသည့် ရုပ်ရှင်ရုံသုံးရုံ တရားစွဲဆိုခံရ (၁၀-၁၂-၁၉၈၇)

၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၁၀ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် မြန်မာရုပ်ရှင်ဇာတ်ကားပြသရန် ပျက်ကွက်ခဲ့သည့် ရန်ကုန်မြို့ ပန်းဆိုးတန်းမှ ရောက်စီရုံ၊ ဂေတီရုံနှင့် အသောကရုပ်ရှင်ရုံပိုင်ရှင်သုံးဦးတို့အပေါ် ကျောက်တံတားရဲဌာနမှ ဖမ်းဆီးတရားစွဲဆိုခဲ့ကြောင်း သတင်းဖော်ပြပါရှိ၏။ ပြန်ကြားရေးဝန်ကြီးဌာန ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ တစ်နှစ်လျှင် ရက်ပေါင်း ၆၀ ထက်မနည်း မြန်မာရုပ်ရှင်ရုံပိုင်ရှင် သုံးဦးအား ရုပ်ရှင်ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၅(၅)အရ ဖမ်းဆီး တရားစွဲဆိုခဲ့ခြင်းဖြစ်၏။

အမှုကို ရန်ကုန်အနောက်ပိုင်းနယ်ပိုင်ရာဇဝတ်တရားသူကြီး ဦးစိန်ဖေ၏ ရုံးတော်၌ကြားနာစစ်ဆေးရာတွင် တရားခံများအား ဒဏ်ငွေ ၅၀၀ ကျပ်စီပေးဆောင်စေရန်နှင့် မပေးဆောင်နိုင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လစီ အသီးသီးကျခံကြစေရန် ဒီဇင် ဘာ ၉ ရက် နေ့၌ အမိန့်ချမှတ်လိုက်ကြောင်းသိရှိရ၏။

## အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပ (၁၁-၁၂-၁၉၆၁)


အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အဖြစ် ကျင်းပပြုလုပ်ခဲ့ရာဖွင့်ပွဲသို့ နိုင်ငံတော် သမ္မတဦးဝင်းမောင် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ထူးခြားချက်တစ်ရပ်မှာ ကျွန်းဆွယ်





အားကစား ပြိုင်ပွဲဖွင့်ပွဲသို့ မြန်မာနိုင်ငံတွင် ခေတ္တရောက်ရှိ နေသော အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂူလီယန်လည်း တက်ရောက်ခဲ့ ခြင်းဖြစ်သည်။ ယခုမြန်မာနိုင်ငံ၌ လက်ခံကျင်းပခြင်းမှာ ဒုတိယအကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲဖြစ်ပြီး ပထမအကြိမ်မှာမူ ၁၉၅၉ ခုနှစ်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရ၏။

ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တော်တွင် ကျင်းပခဲ့ရာ၌ နိုင်ငံပေါင်းခုနစ်နိုင်ငံမှ အားကစားသမား ၈၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်၊ အိမ်ရှင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်၃၅ ဆု ဆွတ်ခူးရရှိခဲ့၏။ အလားတူ ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့တွင်လည်း အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခဲ့ပြန်၏။ မူလက တောင်ဗီယက်နမ်နိုင်ငံတွင် ကျင်းပရန် စီစဉ်ခဲ့ကြသော်လည်း အဆင်မပြေသဖြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ရခြင်းဖြစ်သည်။



ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစား ပွဲတော်ဖွင့်ပွဲ၌ ကာယဗလဦးဇော်ဝိတ် မီးရှူးတိုင်သယ်ယူလာစဉ်




www.burmeseclassic.com

www.burmeseclassic.com



## အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပွဲ အထိမ်းအမှတ် တံဆိပ်ခေါင်းသစ် ထုတ်ဝေ (၁၁-၁၂-၁၉၆၁)




မြန်မာကလေးသူငယ်များ၏ ရိုးရာအားကစားနည်းကိုသရုပ်ဖော်သည့် တံဆိပ်ခေါင်းပုံနှင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှမိသားစု ကျွန်းဆွယ် ပြေးခုန်ပစ်အားကစားပွဲကြီးအတွက် အမှတ်တရ ထုတ်ဝေသော တံဆိပ်ခေါင်း

၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက်အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပွဲကို ဂုဏ်ပြုသော အထိမ်းအမှတ် အဖြစ် တံဆိပ်ခေါင်း သစ်လေးမျိုး ထုတ်ဝေခဲ့သည်။ယင်းတံဆိပ်ခေါင်းများ မှာ ၁၅ပြားတန်၊ ၂၅ပြားတန်၊ ပြား၅၀တန်နှင့် တစ်ကျပ်တန် တံဆိပ်ခေါင်းများဖြစ်ကြသည်။ထိုရက်၌ပင် မြန်မာကလေးသူငယ်များ၏ ရိုးရာကစားပွဲ သရုပ်ဖော် ၁၅ပြားတန် တံဆိပ်ခေါင်းသစ်တစ်ခုကို လည်းပူးတွဲထုတ်ဝေခဲ့ကြောင်း သိရှိရ၏။





## ရန်ကုန်မြို့တော်တွင်းသို့ ဝင်ရောက်မည် ယာဉ်များ ဝင်ကြေးကောက်ခံမည် (၁၄-၁၂-၁၉၅၆)

ရန်ကုန်မြို့တော်တွင်းသို့ ဝင်ရောက်မည့် ယာဉ်များအား ၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ စတင်ကာ မြို့ဝင်ကြေးကောက်ခံတော့မည်ဖြစ်ကြောင်း ရန်ကုန်မြူနီစီပါယ်အဖွဲ့၏ သတင်းကြေညာချက်ကို ၁၄-၁၂-၁၉၅၆ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာ၌ ဖော်ပြထား၏။ ယင်းကြေညာချက်အရ မြို့ဝင်ကြေးကောက်ခံရန် အင်းစိန်လမ်း၊ မင်္ဂလာဒုံလမ်းနှင့် ကုက္ကိုင်းလမ်း စခန်းသုံးခုကို ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ပုဂ္ဂိုလ် ၁၁ ဦးကိုလည်း နေ့ညခွဲ၍ တာဝန်ချထားပေးမည်ဖြစ်သည် ဆို၏။

မြို့ဝင်ကြေးနှုန်းများမှာ လူအားနှင့်ဆွဲသောယာဉ်၊ လှည်းများအတွက် တစ်နေ့ ၁၅ပြား၊မြင်း၊နွား စသည့် တိရစ္ဆာန်ဆွဲယာဉ်များ ၂၅ ပြား၊ကိုယ်ပိုင် မော်တော်ယာဉ် ပြား၅၀၊ အငှားယာဉ် ပြား ၅၀၊ မော်တော်ဆိုင်ကယ် ၂၅ပြား၊ ရှစ်ယောက်အထက်စီးသူပါ မော်တော်ယာဉ် ပြား၅၀၊ ၁၆ ယောက်အထိ စီးသူပါယာဉ် တစ်ကျပ်၊ ၁၆ ယောက် ကျော်လျှင် တစ်ကျပ် ပြား ၅၀၊ သုံးတန်လေးတန် လော်လီတစ်ကျပ်၊ ငါးတန်လော်လီ မော်တော်ယာဉ် ငါးကျပ် အသီးသီး ဖြစ်ကြ၏။ ကင်း လွတ်ခွင့်ပြုသော ယာဉ်အချို့မှာ မြူနီစီပါယ်အဖွဲ့၌ ဘီးခွန်ဆောင်ထားသောယာဉ်များ၊ နိုင်ငံခြားသံတမန်တို့၏ ကားများ၊ အစိုးရတာဝန်အတွက် အသုံးပြုသော ကားများဖြစ်ကြောင်း သိရှိရ၏။

ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင်မူ မြို့ဝင်ကြေးကောက်ခံမည့် အစီအစဉ်အား ၆လရွှေ့ဆိုင်းပေးစေလိုကြောင်း မော်တော်ယာဉ် ဗဟိုကောင်စီနယ်အသင်းများအဖွဲ့ချုပ် အသင်းဝင်များက ကန့်ကွက်တင်ပြကြကြောင်း သတင်းပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆရာဦးသုခ၏ဘဝသံသရာ ရုပ်ရှင်ဇာတ်ကားဝင်ငွေအများဆုံးရရှိ
(၁၄-၁၂-၁၉၅၆)



၁၉၅၆ ခုနှစ်က ဝင်ငွေအများဆုံးရရှိခဲ့သည့် ဘဝသံသရာ ရုပ်ရှင်ဇာတ်ကား

ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ ရိုက်ကူးခဲ့သည့် မန္တလေး ရုပ်ရှင် ကုမ္ပဏီလီမိတက်၏ ပွဲဦးထွက်ဇာတ်ကားဖြစ်သော ဘဝသံသရာ ရုပ်ရှင် ဇာတ်ကားကို ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုန်၊ ဂလုပ်နှင့်ကာလ်တန်ရုပ်ရှင်ရုံတို့၌ တစ်ပြိုင်နက်တင် ဆက်ပြသခဲ့ရာ အသံထွက် ဇာတ်ကားများအနက် ပထမဆုံးဝင်ငွေ စံချိန်ချိုးခဲ့ကြောင်း သတင်းမှတ်တမ်းတစ်ပုဒ်ကဆိုပါသည်။ ယင်းဇာတ် ကားတွင် ဇေယျ၊ မေသစ်၊ သုခ၊ အေးကြူ၊ ဒေါ်ဂျမ်းစိန်တို့က အဓိက ဇာတ်ဆောင်များအဖြစ်ပါဝင်ပြီး တစ်နှစ်နီးပါးကြာ ရိုက်ကူးခဲ့ရသည် ဟုဆို၏။





ဘဝသံသရာရုပ်ရှင်ဇာတ်ကားရုံတင်ပြသရာ၌ ဝင်ငွေ ၅၀၂၅၆၇ ကျပ်ရရှိခဲ့ရာ ထိုခေတ်ကာလ၏ အမြင့်ဆုံးဝင်ငွေစံချိန်ပင် ဖြစ်ပါသည်။ ထို့အပြင် ယင်းဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ပြသ ခဲ့ရာ စတာလင်ပေါင် (၃၀၀၀) ရရှိခဲ့ကြောင်း သိရှိရ၏။

## ကလေးတစ်ယောက်နှင့် တစ်ပိုင်းမွေးဖွားခြင်း
(၁၆-၁၂-၁၉၆၃)

၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် ရန်ကုန်သတင်းစာ တွင် ဒီဇင်ဘာ ၁၆ ရက်နေ့ ညနေ ၆ နာရီအချိန်က သထုံခရိုင်၊ ပေါင်မြို့၊ ကဒါဝါးကျောင်းလမ်းနေ ကိုသိန်းဖေ၏ ဇနီးမစောရင်ဆိုသူ ကိုယ်ဝန် ဆောင် အမျိုးသမီးက ကလေးတစ်ယောက်နှင့်တစ်ပိုင်း မွေးဖွားခဲ့ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။

သတင်းတွင် ဖော်ပြချက်အရ အသက် ၂၂ နှစ်အရွယ်ရှိ မစောရင် ဆိုသူသည် ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်သည့်အတိုင်း ညနေ ၆ နာရီ အချိန် တွင် ၎င်း၏ နေအိမ်၌ အစိုးရ သားဖွားဆရာမ၏ အကူအညီဖြင့် သား ယောက်ျားကလေးတစ်ဦးကို ဖွားမြင်ခဲ့သည်ဆို၏။ ထို့နောက် ငါးမိနစ် အကြာတွင် နောက်ထပ်ကလေးတစ်ဦး ထပ်မံဖွားမြင်ပြန်ရာ ကလေးမှာ ခါးတစ်ပိုင်းနှင့် ခြေနှစ်ချောင်းသာပါဝင်ခဲ့ကြောင်း၊ အောက်ပိုင်းမှာ ယောက်ျားကလေး အင်္ဂါအပြည့်အစုံရှိခဲ့ကြောင်း သိရှိရ၏။ ပထမ ကလေးနှင့် မိခင်မှာ ကျန်းမာစွာရှိနေကြပြီး သတင်းထောက်များအနေဖြင့် နောက်တစ်နေ့တွင်မှ သတင်းအပြည့်အစုံရရှိကြသဖြင့် ဒုတိယကိုယ် တစ်ပိုင်းပြတ် ဖွားမြင်သောကလေးအား ဓာတ်ပုံရိုက်ခွင့်မရလိုက်ကြောင်း ဖော်ပြပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဧေယျဝတီသကြားစက်ကြီးစတင်ဖွင့်လှစ်
(၉-၁၂-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့တွင် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့ရှိ နိုင်ငံပိုင်သကြားစက်ကြီးကို ဖွင့်လှစ် လိုက်ကြောင်း ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ် ထွန်းနေ့စဉ်သတင်းစာ တွင် သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ စက်ရုံသစ်ကြီးကို ၃ နာရီ အချိန် တွင် စက်မှုလက်မှုတိုးချဲ့ရေး ကော်ပိုရေးရှင်းမှ အုပ်ချုပ်ရေးမှူး ဦးဘ ဆိုင်က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံပိုင်ဇေယျဝတီသကြားစက်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးကျော်ဒင်က မိန့်ခွန်းပြောကြားရာ၌ ကြံစိုက်ပျိုးပေးသွင်းသူများအား ကြံဖိုးငွေကို ၁၀ ရက်မှ ၅ ရက်အတွင်း အလျင်အမြန်ပေးချေနိုင်စေရန် စီစဉ်ထားကြောင်း ၊ကြံအမတော်ကြေးငွေကိုလည်း လယ်ယာစိုက်ပျိုးရေးဘဏ်မှတစ်ဆင့် နှစ်စဉ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊၁၉၅၆-၁၉၅၇ ခုနှစ်တွင် သကြားတန်ချိန်နှစ်သောင်း ထွက်ရှိရန် လျာထားကြောင်း စသဖြင့်ပြောကြားခဲ့၏။

သို့သော် နောက်တစ်နှစ်အကြာ( ၇-၁၂-၁၉၅၇) ခုနှစ်ထုတ် မဏ္ဍိုင်သတင်းစာ၌မူ သကြားစက်ကြီး စက်ချွတ်ယွင်းသဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရကြောင်းနှင့် ဒီဇင်ဘာလ၁ ရက်နေ့တွင် သကြားစက်တည်ပေးသည့် ဂျပန်ပညာရှင်တို့သည် ၎င်းတို့ သက်ဆိုင်ရာနတ်များကို ပူဇော်ပသကာ စက်စမ်းသပ်လည်ပတ်စေခဲ့ကြကြောင်း ဖော်ပြပါရှိပါသည်။ ဂျပန်ပညာရှင်များသည် စက်မလည်ပတ်ပုံနှင့် အလုပ်သမားများ သွားလာလှုပ်ရှား နေပုံတို့အား ရုပ်ရှင်ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြသည်ဆို၏။ သကြားစက် ပြန်လည်ကောင်းမွန်လာသဖြင့် ကြံသမား လူထုကြီးမှာ ဝမ်းမြောက်ဝမ်းသာရှိကြကြောင်း ဆိုပါသည်။





## ရထားစီးလက်မှတ်မဲ့ ဥပုသ်သည်အချို့ ဒဏ်ရိုက်ခံရ
(၁၀-၁၂-၁၉၅၆)

၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်နေ့ နံနက် ၇ နာရီကျော်အချိန်တွင် မန္တလေးမြို့ ဘူတာရုံမှ နှစ်မိုင်ခရီးကွာ၊ သူရဲဈေးဘူတာသို့ သွားရောက်ခဲ့ကြသည့် ဥပုသ်သည်အမျိုးသမီး တစ်စု ကို လက်မှတ်မဲ့ မီးရထားစီးမှုကြောင့် ဒဏ်ရိုက်ရသည့် အကြောင်း ဒီဇင်ဘာလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ သတင်းဖော်ပြပါရှိ၏။

ဖြစ်ပွားပုံမှာ ဒေါ်အေးကြည်ခေါင်းဆောင်သော အမျိုးသမီး ၁၆ ဦးပါ ဥပုသ်သည်အဖွဲ့သည် မန္တလေးဘူတာကြီးမှ သူရဲဈေး သာသနာ့ရိပ်သာသို့ မီးရထားဖြင့်စီးနင်းလိုက်ပါသွားရောက်စဉ် လက်မှတ်စစ် ကိုစံသိန်း ဆိုသူက လက်မှတ်စစ်ဆေးသောအခါ လက်မှတ်ဝယ်ယူခဲ့ခြင်း မရှိသဖြင့် မီးရထားဌာနသို့ လျှော်ကြေးပေးအပ်ခဲ့ရသည်ဆို၏။ ဥပုသ်သည်အမျိုးသမီးများ၏အဆိုအရ သူတို့သည် မန္တလေးဘူတာရုံ၌ လက်မှတ်ဝယ်ယူမည်ပြုစဉ် လက်မှတ်စစ်က ကိစ္စမရှိဟုဆိုသဖြင့် မဝယ်ခဲ့ကြကြောင်း၊ သူရဲတန်းဘူတာမှအဆင်း နဂါးဆေးလိပ်ခုံပိုင်ရှင် ဆောက်လုပ်လှူဒါန်းထားသည့် သာသနာ့ရိပ်သာသို့အသွား ယခုကဲ့သို့ ယင်းလက်မှတ်စစ်ကပင် ဌာနသို့ ခေါ်ယူလာကြောင်းဆို၏။

ဥပုသ်သည်များ အနေဖြင့် လက်မှတ်စစ်က ကိစ္စမရှိကြောင်း ပြောသဖြင့်သာ လက်မှတ်မဝယ်ဘဲ မီးရထားစီးမိကြခြင်းဖြစ်ကြောင်း ကျမ်းကိုင်၍အစစ်ခံမည်ဟု ပြောဆိုကြကြောင်း သတင်းစာ၌ ဖော်ပြပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အလွန်ရှားပါးလှသည့်ဘောက်ဆိုဒ်ခေါ် သတ္တုတစ်မျိုး မြန်မာနိုင်ငံ၌တွေ့ရှိပြီ (၁၄-၁၂-၁၉၅၆)

၁၉၅၆ ခုနှစ်၊ဒီဇင်ဘာလ ၁၄ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် အလွန်ရှားပါးသည့် ဘောက်ဆိုဒ်(Bauxite)ခေါ် သတ္တုတစ်မျိုးကို မုံရွာခရိုင်၊ဘုတလင်မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကမ်းဒေသအချို့ နေရာများ၌ ရှာဖွေတွေ့ရှိရပြီဖြစ်ကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိ၏။ သတင်းဖော်ပြချက်အရ ၁၉၅၁ ခုနှစ်ကပင် မုံရွာမြို့နေ ဦးမြနှင့် သားများ ကုမ္ပဏီမှ သတ္တုရှာဖွေရေး ကိုယ်စားလှယ် ဦးသောင်းဖေက စတင် ခြေရာခံခဲ့ပြီး (၆-၁၂-၁၉၅၆) ရက်နေ့တွင် နိုင်ငံတော်အစိုးရ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ ဓာတ်သတ္တုရှာဖွေရေး အရာရှိ ဦးအေးရှိန်နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

မုံရွာခရိုင်အတွင်းတွေ့ရှိသော ဘောက်ဆိုဒ်သတ္တုကို ရန်ကုန်မြို့ ဓာတ်ခွဲခန်းသို့ ပေးပို့ဓာတ်ခွဲကြည့်သောအခါ အယ်လ်ယူနီယန် အောက်ဆိုဒ် ၆၁. ၃၈%၊ အိုင်းရင်းအောက်ဆိုဒ် ၂၃. ၅၂%နှင့် ကယ်လ်စီယမ်ကာဘွန်နိတ် ၁၅. ၁၀%ပါဝင်ကြောင်း တွေ့ရှိရသည် ဆို၏။ ယင်းသတ္တုအမျိုးအစားမှာ ၁၉၅၈ ခုနှစ်၊ မတ်လအတွင်း မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ဝေတော့မည့် လျှပ်စစ်ဓာတ်အားစီမံကိန်းအတွက် အထူးလိုအပ်လျက်ရှိသော သတ္တုတစ်မျိုးဖြစ်ကြောင်းသိရှိရ၏။

## ကိုးနှစ်ကြာပိတ်ထားရသည့် ကျိုက်ထီးရိုးဘုရားပွဲတော်ပြန်စပြီ (၁၅-၁၂-၁၉၅၇)

သောင်းကျန်းသူတို့၏ သောင်းကျန်းမှုဒဏ်ကြောင့် ကိုးနှစ် ကြာမျှ ကျင်းပခြင်းမပြုနိုင်ခဲ့သည့် ကျိုက်ထီးရိုးဘုရားပွဲတော်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ဇန်နဝါရီလကုန်အထိ ကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း





ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာ၌ သတင်းတစ်ပုဒ် ဖော်ပြပါရှိပါသည်။ သထုံခရိုင်၊ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုး ဘုရားပွဲသို့ ဘုရားဖူးခရီးသည်များ စိတ်ချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ကြပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ ကြေညာခဲ့၏။

ဘုရားပွဲတော်စတင်ကျင်းပမည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် ကျိုက်ထိုဘူတာ အနောက်ဘက်ရှိ ကျိုက်ထိုကင်မွန်းစခန်း မော်တော်ကားလမ်းကို တပ်မဟာ(၃)၊ တပ်မင်းသီဟသူရ သီရိပျံချီ ဗိုလ်မှူးကြီးလှမော်ကိုယ်တိုင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး တောင်ခြေမှ ရင်ပြင်ပေါ် အရောက် စခန်းတိုင်း၌လည်း အပန်းဖြေနိုင်ရန် တဲစခန်းများကို ထားရှိပေးမည်ဖြစ်၏။ထို့အပြင် ရင်ပြင်တော်၌ ရွှေဆိုင်းဆိုင်၊ ရေထမ်းဆိုင်များကိုလည်း လုံလောက်စွာထားရှိပေးမည် ဆိုပါသည်။ ဂေါပကအဖွဲ့က ဘုရားဖူးများတည်းခိုနိုင်ရန် ယာယီတဲများ၊ ဈေးဆိုင်များကို စီစဉ်လျက်ရှိပြီ ဆို၏။

ထို့အပြင် ပွဲတော်ကာလအတွင်း အစိုးရတပ်ပေါင်းစုကို တပ်စွဲကာ ကာကွယ်စောင့်ရှောက်စေမည်ဖြစ်ပြီး ညအခါများတွင် အစိုးရရုပ်ရှင်ပါ ပြသပေးမည်ဖြစ်ကြောင်း သတင်းတစ်ရပ်ကဆိုပါသည်။ ဘုရားဖူးလာရောက်မည့်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အောင်မော်စစ်ဆင်ရေးတစ်ရပ်အနေဖြင့် အနီးဝန်းကျင် တောင်ကုန်း၊ တောင်တန်းများ အားလုံးကို မြန်မာ့တပ်မတော်မှ ပြန်လည်သိမ်းပိုက်ခဲ့ကြ၏။ ထို့အပြင် ခြေမြန်တပ်ရင်း(၁၀၈)မှ တပ်မတော်သားများက ကင်မွန်းစခန်းမှ ရင်ပြင်တော်အရောက် လူသွားလမ်းကို ခုတ်ထွင် ရှင်းလင်းခဲ့ကြပြီး ဂေါပကအဖွဲ့ကမူ လိုအပ်သည့် တံတားငယ်များ ပြင်ဆင်ဆောက် လုပ်ရေးအတွက် တာဝန်ယူခဲ့ကြ၏။ ဘုရာဖူးများအနေဖြင့် မုဆိုးတောင်စေတီသို့မူ ခရီးလမ်း မပေါက်သေးသဖြင့် အဝေးမှပင် ဖူးမြော်ကြရလိမ့်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြပါရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၅၇ ခုနှစ်အတွင်းမြန်မာတစ်နိုင်ငံလုံး၌ မီး ၆၀၁ ကြိမ် လောင်ကျွမ်းကြောင်းဆို

(၁၅-၁၂-၁၉၅၇)

၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် သတင်းထောက်များက မီးသတ်ညွှန်ကြားရေးဝန်ရုံးသို့ သွားရောက်၍ဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း သတင်းတစ်ရပ် ဖော်ပြပါရှိ၏။ ညွှန်ကြားရေးဝန် ဦးခင်မောင်လွင် က သတင်းထောက်များအား ထုတ်ဖော်ပြောကြားရာတွင် ၁၉၅၇ ခုနှစ် အတွင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ မီး ၆၀၁ ကြိမ်လောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေ ၉၂,၁၆၈,၅၆၃ (ကိုးကုဋေကျော်) ဆုံးရှုံးခဲ့ရကြောင်း ဆိုပါသည်။

မီးသတ်ညွှန်ကြားရေးဝန်က ဆက်လက်ပြောကြားရာတွင် ၁၉၅၅ ခုနှစ်က မီးအကြိမ်ပေါင်း ၁၀၄၇ကြိမ် လောင်ကျွမ်းခဲ့ရာ ငွေကြေး ၃၁,၆၀၄,၃၇၂ ကျပ်(သုံးကုဋေကျော်) ဆုံးရှုံးခဲ့ရ ကြောင်း၊ ၁၉၆၅ ခုနှစ်၌ မီးလောင်ကျွမ်းမှု ၈၁၅ကြိမ် ဖြစ်ပွားခဲ့ရပြီး ငွေကြေး ၂၅,၆၀၄,၃၇၂ ကျပ် (နှစ်ကုဋေကျော်) ဆုံးရှုံးခဲ့ရကြောင်း ဆိုခဲ့ပါသည်။မီးသတ်ဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းသွားအောင် ကြိုးပမ်းခဲ့သော်လည်း ၁၉၅၇ ခုနှစ်တွင် ဆုံးရှုံးမှု ပိုမိုများပြားခဲ့ရခြင်းမှာ မုံရွာ၊ ရေနံချောင်းနှင့် မကွေးမြို့ကြီးများ၌ မီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်ကြောင်းဆို၏။

မုံရွာမြို့တစ်မြို့တည်း၌ပင် မီးလောင်ကျွမ်း၍ သိန်း ၅၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့ရသည် ။ရန်ကုန်မြို့တွင်လည်း ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေရသဖြင့် တစ်အိမ်တက်ဆင်း လိုက်လံနှိုးဆော်နေသည်မှာ ယခု အိမ်ခြေတစ်သောင်း ခန့်ရှိသွားပြီဖြစ်ကြောင်း ညွှန်ကြားရေးဝန်က သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။





## မိဖုရားခေါင်ကြီး ဈာပနအခမ်းအနား

(၁၇-၁၂-၁၉၂၅)



မိဖုရားခေါင်ကြီး ဈာပနအခမ်းအနားမြင်ကွင်း

အိန္ဒိယနိုင်ငံရတနာဂီရိတွင် စံနေလျက်ရှိသည့် သီပေါဘုရင်၏ မိဖုရားခေါင်(စုဖုရားလတ်)သည် သီပေါမင်းနတ်ရွာစံလွန်ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်လာရောက်နေထိုင်ခဲ့၏။ ယင်းသို့ နေထိုင်စဉ်အတွင်း ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၌ နှလုံးရောဂါဖြင့် ကံကုန်ခဲ့သည်။ မိဖုရားကြီးဈာပနအခမ်းအနားကို ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ မွန်းလွဲ ၁ နာရီတွင် သေနတ်ပစ်ဖောက်ကာ ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) စံအိမ်တော်မှ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဂူသွင်းသဂြိုဟ်မည့်နေရာသို့ ပို့ဆောင်ခဲ့ကြ၏။ ရှေ့ဆုံးမှမြင်းစီးပုလိပ်များက ကြိုးကြပ်လမ်းပြကြပြီး နောက်မှ မိဖုရားကြီးသက်စေ့အလျှုတော်ပစ္စည်းများတင်ထားသည့် လှည်း ၆၆ စီး လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် စည်တော်အဖွဲ့၊ သိုင်း၊ ယမားကိုင်အဖွဲ့များ လိုက်ပါကြ၏။

မိဖုရားကြီး၏အလောင်းတော်ကို ထီးဖြူရှစ်လက်မိုးလျက် ယမားကြီးကို ဆွေတော်မျိုးတော်တို့က ဆွဲကြရ၏။ ကန်တော်မင်ဥယျာဉ်အတွင်း ဂူသွင်းသင်္ဂြိုဟ်စဉ် အမြောက် ၂၁ ချက် ပစ်ဖောက်အရိုအသေပြုကြသည်။ အခမ်းအနားသို့ ဘုရင်ခံဆာဟာကုတ်ဘတ္တလာ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး ဗြိတိသျှဘားမား ရုပ်ရှင်နှင့် လန်ဒန်အတ်ရုပ်ရှင်ကုမ္ပဏီတို့က ရုပ်ရှင်ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြ၏။

တင်နိုင်တိုး

■



BURMESE CLASSIC .com
www.burmeseclassic.com